# မြန်မာ့ ငြိမ်းချမ်းရေး

## လုပ်ငန်းစဉ်ကို ပုံဖော်ခြင်း

### လမ်းညွှန်အကိုးအကား

၂၀၁၃

www.mmpeacemonitor.org

# မြန်မာ့ ငြိမ်းချမ်းရေး
# လုပ်ငန်းစဉ်ကို
# ပုံဖော်ခြင်း

## လမ်းညွှန်အကိုးအကား

၂၀၁၃

www.bnionline.net
www.mmpeacemonitor.org

မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ပုံဖော်ခြင်း လမ်းညွှန်အကိုးအကား
နိုင်ငံတကာ မြန်မာ့သတင်းမှ ရေးသား တည်းဖြတ်သည်။
စာမျက်နှာ ဒီဇိုင်း၊ ကျော်ဝင်း (Open Tech MM)

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေ - ဧပြီလ၊ ၂၀၁၃

ပုံနှိပ် - ဝါနီဒါပုံနှိပ်စက်

နိုင်ငံတကာ မြန်မာ့သတင်းဌာနမှ မူပိုင်ဖြစ်သည်။

နိုင်ငံတကာ မြန်မာ့သတင်းမှ ထုတ်ဝေဖြန့်ချီသည်။
စာတိုက်သေတ္တာ အမှတ် (၇၆)၊ ချင်းမိုင် တက္ကသိုလ်စာတိုက်
ချင်းမိုင်မြို့၊ ၅၀၂၀၂၊ ထိုင်းနိုင်ငံ။
တယ်လီဖုန်း - ၆၆(၀)၈၄ ၇၂၂ ၅၉၈၈
အီးမေးလ် - secretary.bni@gmail.com
Website – www.mmpeacemonitor.org

http://bnionline.net
http://www.mmpeacemonitor.blogspot.com

ISBN – 978-616-321-664-9

# မာတိကာ


ကျေးဇူးတင်လွှာ ............ ii
အတိုကောက် အက္ခရာများ ............ iv
မြေပုံနှင့် စာရင်းဇယားများ ............ vi
မှတ်တမ်းအနှစ်ချုပ် ............ vii
နိုင်ငံတကာ မြန်မာ့သတင်း အဖွဲ့ဝင်များ၏ ဝဘ်ဆိုက်များ............ x

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မိတ်ဆက်............ ၁
(က) ပြဿနာ ............ ၆
- ၂၀၁၂ ကို တစေ့တစောင်း............ ၆
- အနုတ်သဘောဆောင်သော လက္ခဏာများ (ပြည်တွင်းနှင့် ဒေသတွင်း) ............ ၁၆
(ခ) အရင်းခံအကြောင်းများ............ ၂၀
- နိုင်ငံရေးသမိုင်းနောက်ခံ ............ ၂၀
- တိုင်းရင်းသားတို့၏ နစ်နာချက်များ ............ ၂၀
- စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ဒေါက်တိုင်များ............ ၂၃
- ဖွဲ့စည်းပုံဆိုင်ရာ ကိစ္စရပ်များ............ ၂၆
- မလုံလောက်သော ယုံကြည်မှုတည်ဆောက်ရေးလုပ်ဆောင်ချက်များ ............ ၃၃
(ဂ) ငြိမ်းချမ်းရေး အစီအစဉ် ............ ၃၅
- သုံးပွင့်ဆိုင်ဆွေးနွေးရေး............ ၃၅
- အစိုးရ၏ ငြိမ်းချမ်းရေး အစီအစဉ် (တရားဝင်)............ ၃၇
  - ✦ မြန်မာငြိမ်းချမ်းရေး စင်တာ ............ ၄၀
- တိုင်းရင်းသားများ၏ ငြိမ်းချမ်းရေး အစီအစဉ် ............ ၅၅
  - ✦ ညီညွတ်သောတိုင်းရင်းသား လူမျိုးများ ဖယ်ဒရယ်ကောင်စီ ............ ၅၆
- ဥရောပမြန်မာရုံးနှင့် တိုင်းရင်းသားများ ပူးတွဲလုပ်ဆောင်ရေး လုပ်ငန်းအုပ်စု ............ ၅၈
- နိုင်ငံတကာ အထောက်အပံ့............ ၆၁
- နိုင်ငံတကာ ဖြန့်ဖြေခြင်း............ ၇၄
- စီးပွားရေးသမား ငြိမ်းချမ်းရေး အကျိုးဆောင်များ ............ ၇၄
(ဃ) ငြိမ်းချမ်းရေး အလားအလာများ ............ ၈၁
(င) လှုပ်ရှားနေဆဲ တိုင်းရင်းသား လက်နက်ကိုင်များ ............ ၈၅


နောက်ဆက်တွဲ (၁) - အပစ်အခတ်ရပ်စဲရေး အခေါ်အဝေါ်များ
နောက်ဆက်တွဲ(၂) - နှိုင်းယှဉ်ချက်
နောက်ဆက်တွဲ(၃) - လက်နက်ကိုင် ခုခံစစ်ဆင်နွှဲနေသော အုပ်စုများ

# ကျေးဇူးတင်လွှာ

နိုင်ငံတကာ မြန်မာ့သတင်း BNI ၏ အဖွဲ့ဝင် အဖွဲ့အစည်းများနှင့် အခြားသော အုပ်စုများမှ တင်ပြထားသည့် မြန်မာ ပြည်တွင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုင်ရာ နောက်ဆုံးရ သတင်း အချက်အလက်များကို စုစည်း၍ မြန်မာ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ပုံဖော်ခြင်း၊ လမ်းညွှန် အကိုးအကား၊ ၂၀၁၃ အနေဖြင့် တင်ပြခွင့်ရသည့် အတွက် လွန်စွာမှ ဝမ်းမြောက် မိပါသည်။ ဤစာအုပ်တွင် ပါဝင်သည့် အချက်အလက်များသည် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ ပြီးသည့်နောက်ပိုင်း အခြေအနေများမှ လူတွေ့ မေးမြန်းခြင်းများ၊ သုတေသနနှင့် လေ့လာရေး စာစဉ်များကို အခြေခံ၍ တင်ပြထားပါသည်။

နိုင်ငံတကာမြန်မာ့သတင်း (BNI) မှ ဝန်ထမ်းများဖြစ်ကြသည့် ကိုစိုင်းလိတ်၊ ကိုခူးအိုင်ပလိုင်စီယိုနှင့် မစ္စဒွန်နာအောင် တို့က သုတေသနပြု ရေးသားတင်ပြပြီး ဦးခွန်ဆိုင်း ဂျိုင်ယန်၊ ဦးခင်မောင်ရွှေ၊ မစ္စတာ ဘရက်ဒေါက်ကလပ် တို့မှ တည်းဖြတ်ပေးသည့် အတွက် အထူး ကျေးဇူးတင်ရှိပါသည်။ ကျွန်ုပ်တို့ အနေဖြင့် ဒေါ်နန်းဖောဂေ၊ ဒေါ်သူထိုက်စံ တို့အား ၎င်းတို့၏ ဝန်ဆောင်မှုဆိုင်ရာ အကူအညီများနှင့် ပတ်သက်၍ လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ အကူအညီများနှင့် အခြားလိုအပ်သော အကူအညီများကို ပေးအပ်ခဲ့ကြသော BNI အဖွဲ့ဝင် အယ်ဒီတာများ အားလုံးနှင့် BNI ငြိမ်းချမ်းရေး ဖြစ်စဉ် စောင့်ကြည့်လေ့လာရေး အသင်းတို့အား လည်းကောင်း အထူး ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

BNI အနေဖြင့် မြန်မာ့ဒီမိုကရေစီ ဖြစ်စဉ်နှင့် မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအတွက် အစဉ်တစိုက် အကူအညီ ပေးခဲ့သော ပွင့်လင်း လူ့အဖွဲ့အစည်း ဖောင်ဒေးရှင်းများ (Open Society Foundations) နှင့် မြန်မာ့ ကူညီထောက်ပံ့ရေး စင်တာ (Burma Relief Center) တို့အား အထူး ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြ အပ်ပါသည်။ ကျွန်ုပ်တို့ အနေဖြင့် မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များကို လုပ်ဆောင်နေစဉ်အတွင်း ကူညီထောက်ပံ့မှု ပေးခဲ့သူများ အားလုံးကို လေးစား အသိအမှတ် ပြုပါကြောင်းကိုလည်း လှိုက်လှဲစွာ ပြောကြားလိုပါသည်။ ထို့အပြင် ဤစီမံကိန်းအတွက် ထောက်ပံ့ ကူညီမှုပေးခဲ့သော အလှူရှင်များ၊ BNI ၏ ဆက်လက် ဆောင်ရွက်သွားမည့် လေ့လာ စောင့်ကြည့်ရေး လုပ်ငန်းများအတွက် ထောက်ပံ့ကူညီပေးနေသော အလှူရှင်များ အားလုံးကို ကျွန်ုပ်တို့အနေဖြင့် အထူးပင် ကျေးဇူးတင်ရှိကြောင်း ထပ်လောင်းပြောကြားလိုပါသည်။

နိဂုံးချုပ်အားဖြင့် သတင်းမီဒီယာ အဖွဲ့အစည်းများ၊ နိုင်ငံရေး ပါတီများ၊ လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ မြန်မာအဖွဲ့အစည်း အသီးသီးနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအား ၎င်းတို့၏ ဝန်ဆောင်မှု၊ အချိန်၊ စွမ်းအားနှင့် အရင်းအမြစ်များ ပံ့ပိုးပေးခဲ့မှု အပေါ် ကျွန်ုပ်တို့အနေဖြင့် အထူး ကျေးဇူးတင်ရှိပါကြောင်း လေးနက်စွာ ပြောကြားလိုပါသည်။ BNI ၏ ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်များအတွက် သတင်း အချက်အလက်များ၊ ဖြစ်စဉ် မှတ်တမ်းများကို မျှဝေပေးခဲ့သည့် မီဒီယာအဖွဲ့အစည်းများ၊ လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ခွင့် ရရှိခဲ့သည့်အပေါ် လွန်စွာ ကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း ရေးသား လိုက်ရပေသည်။

## စာဖတ်သူသို့ အမှာစာ

ဤစာအုပ် ဖြန့်ဝေသည့် အချိန်တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း၌ ကြီးမားသော အပြောင်းအလဲများ၊ ဆက်တိုက် ဆိုသလို ဖြစ်ပေါ်နေနိုင်ပါသည်။ ဤစာအုပ်တွင်ပါဝင်သော အချက်အလက်များသည် ဇန်နဝါရီလ (၃၁) ရက်၊ ၂၀၁၃ ခုနှစ် အထိသာ ပြုစုထားခြင်းဖြစ်ပါသည်၊ သို့သော်လည်း ဤလမ်းညွှန် အကိုးအကားသည် တိုင်းပြည် အတွင်းရှိ လတ်တလော ငြိမ်းချမ်းရေး ကြိုးပမ်းအားထုတ်မှုများတွင် ပါဝင်ပတ်သက် ဆက်နွယ်နေသည့် လူပုဂ္ဂိုလ်များ၊ သုတေသန ပြုလုပ်သူများအတွက် တဘက်တလမ်းမှ လိုအပ်သော အချက်အလက်များ ထောက်ပံ့ပေးမည့် စာတမ်း တစ်စောင်သာ ဖြစ်ပါသည်။ ဤစာတမ်းတွင် ပါဝင်သော အချက်အလက်များမှာ မူလအရင်းအမြစ်နှင့် ဆင့်ပွားရင်းမြစ်များမှ ရရှိသော အချက်အလက်များဖြစ်၍ တတ်နိုင်သမျှ တိကျပြည့်စုံအောင် စုစည်းထားပါသည်။ ပဋိပက္ခနှင့် ငြိမ်းချမ်းရေး

ဆွေးနွေးမှုနှစ်ခု ဝန်းကျင်၌ရှိတတ်သော ရှုပ်ထွေးမှုများ အကဲဆတ်မှုများ၏ သဘာဝကြောင့် ဤစာအုပ်တွင် ကွာဟမှုနှင့် အမှားအယွင်းများ မလွှဲမရှောင်သာ ရှိနိုင်ပါသည်။ ကျွန်ုပ်တို့ အနေဖြင့် ဤသုတေသနစာတမ်း အတွက် တန်ဖိုးကြီးမားသော သတင်းအချက်အလက်များအား ရက်ရောစွာ ပေးအပ်ခဲ့သည့် အဖွဲ့အစည်းများ လူပုဂ္ဂိုလ်များ အားလုံးကို အထူး ကျေးဇူးတင်ရှိကြောင်း ပြောလိုပါသည်။

ဤစာအုပ်တွင် ပါဝင်သော အကြောင်းအရာ အချက်အလက်များကို စုဆောင်းရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ရပါသည်။ သို့သော်လည်း ဤစာအုပ်ပါ အချက်အလက်များကို အသုံးပြု၍ ငြိမ်းချမ်းရေး ဖြစ်စဉ်ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် တဘက်တလမ်းမှ အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ပါသည်။ သတင်းမီဒီယာနှင့် အခြားသော တရားဝင် အရင်းအမြစ်များမှ လိုအပ်သော အချက်အလက်များကို စုဆောင်းရာတွင် ကျွန်ုပ်တို့ အနေဖြင့် မှားယွင်းမှုများ၊ အဓိပ္ပါယ်နှစ်ခွဖြစ်နေမှုများ စသည့်အခြေအနေများကို မကြာခဏ ရင်ဆိုင်ရပါသည်။ တချိန်တည်းတွင်လည်း အချို့သော အချက်အလက်များသည် ဆွေးနွေးညှိနှိုင်းရေး လုပ်ဆောင်နေသော ကာလများအတွင်း အကဲဖြတ်သည့် သဘော ရှိသည်ကိုလည်း စာဖတ်သူများ နားလည်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

ဤဖြစ်စဉ်တွင် ပါဝင်နေသော အဖွဲ့အစည်း အသီးသီးများ ကြားတွင် မှားယွင်းမှုများ၊ အဓိပ္ပါယ် နှစ်ခွဖြစ်နေသော အခြေအနေ များကြောင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ရှေ့သို့ ရောက်ရှိရေး အတွက် တွန်းအားပေးရာတွင် နှောင့်နှေးကြန့်ကြာမှုများနှင့် ရင်ဆိုင် ရတတ်ပါသည်။ ထို့ကြောင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်နေသော သက်ဆိုင်ရာ အဖွဲ့ အစည်းများ အားလုံးကြားတွင် နားလည်မှုရှိရေး လိုအပ်ပါသည်။ ရလဒ်အားဖြင့် အနာဂတ်ငြိမ်းချမ်းရေး လုပ်ဆောင်မှုများအတွက် ပိုမို နီးကြားမှုရှိရေးနှင့် စနစ်ကျနသော သတင်း စုဆောင်းရေးတို့အတွက် ဤစာအုပ်သည် အထောက်အကူ ပြုမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

# အတိုကောက် ဝေါဟာရများ

| | |
|---|---|
| AA | ရခိုင့် တပ်မတော် (ကချင်ပြည်နယ်) |
| AAPP | နိုင်ငံရေး အကျဉ်းသားများ ကူညီထောက်ပံ့ရေး အသင်း (မြန်မာပြည်) |
| ABSDF | မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး |
| ALP/ALA = RSLP | ရခိုင် လွတ်မြောက်ရေးပါတီ/တပ်မတော် = ရခိုင်ပြည် လွတ်မြောက်ရေးပါတီ |
| ASA | ရခိုင်ပြည် တပ်မတော် |
| BGF | နယ်စပ် လုံခြုံရေးတပ် |
| CBOs | ဒေသခံလူထု အခြေပြု အဖွဲ့အစည်းများ |
| CNF | ချင်းအမျိုးသား တပ်ဦး |
| CSOs | လူထုအခြေပြု လူမှုအဖွဲ့အစည်းများ |
| DKBA | တိုးတက်သော ကရင်ဗုဒ္ဓဘာသာ တပ်မတော် |
| DKBA-5 | DKBA တပ်မဟာ (၅)၊ ကလို့ထူးဘော ဗျူဟာ (တိုးတက်သော ဒီမိုကရက်တစ် ကရင်အကျိုးပြု တပ်မတော်) |
| DPNS | လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ |
| EBO | ဥရောပ-မြန်မာရုံး |
| ENC | တိုင်းရင်းသား လူမျိုးများကောင်စီ |
| FDB | မြန်မာနိုင်ငံ ဒီမိုကရက်တစ် အင်အားစု |
| FTUB | အလုပ်သမား သမဂ္ဂများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) |
| IDP | ပြည်တွင်းဒုက္ခသည် |
| IPSG | နိုင်ငံတကာ ငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ |
| KDA | ကချင်ကာကွယ်ရေး တပ်မတော် |
| KIO/KIA | ကချင်ပြည် လွတ်လပ်ရေး အဖွဲ့/ တပ်မတော် |
| KNDP/A | ကရင်နီ အမျိုးသား ဖွံ့ဖြိုး တိုးတက်ရေးပါတီ/တပ်မတော် |
| KNG | ကယန်းအမျိုးသား လုံခြုံရေးတပ် |
| KNLP | ကယန်းပြည်သစ် ပါတီ |
| KNO | ကချင် အမျိုးသား အစည်းအရုံး |
| KNPDP | ကရင်နီ အမျိုးသား ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပါတီ |
| KNPLF | ကရင်နီပြည် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး |
| KNPP | ကရင်နီ အမျိုးသားတိုးတက်ရေး ပါတီ |
| KNU | ကရင် အမျိုးသား အစည်းအရုံး |
| KNU/KNLA (Peace Council) | ကရင်အမျိုးသား အစည်းအရုံး၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) |
| KNUSO | ကရင်နီ အမျိုးသား သွေးစည်းညီညွတ်ရေး အစည်းအရုံး |
| KPF | ကရင် ငြိမ်းချမ်းရေးတပ်ဖွဲ့ |
| KSDDP | ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေး ပါတီ |
| LDU | လားဟူ ဒီမိုကရက်တစ် အစည်းအရုံး |
| MMA | မြိတ်ဒေသ မွန်တပ်မတော် |

| | |
|---|---|
| MNDA | မွန် အမျိုးသား ကာကွယ်ရေး တပ်မတော် |
| MNDAA | မြန်မာ အမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော် |
| MPC | မြန်မာ ငြိမ်းချမ်းရေး စင်တာ |
| MPDF | မွန် ငြိမ်းချမ်းရေးနှင့် ကာကွယ်ရေး တပ်ဦး |
| MPSI | မြန်မာ့ ငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ |
| MTUF | မြိတ်-ထားဝယ် ညီညွတ်ရေး တပ်ဦး |
| NDA-K | ဒီမိုကရေစီသစ် တပ်မတော် - ကချင် |
| NDAA-ESS | အမျိုးသား ဒီမိုကရေတစ် မဟာမိတ်တပ်မတော်၊ ရှမ်းပြည်အရှေ့ပိုင်း |
| NDD | ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကွန်ယက် |
| NDSC | အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ |
| NMSP | မွန်ပြည်သစ် ပါတီ |
| NSCN-K | နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ - ခပ်ပလန် |
| NUPA | ရခိုင် အမျိုးသား ညီညွတ်ရေးပါတီ |
| PDSG | ငြိမ်းချမ်းရေး အထောက်အကူပြု အလှူရှင်များအုပ်စု |
| PMG/PMF | ပြည်သူ့စစ်အုပ်စု၊ ပြည်သူ့စစ်တပ် |
| PNLO | ပအိုဝ်း အမျိုးသား လွတ်မြောက်ရေး အစည်းအရုံး |
| PNO | ပအိုဝ်းအမျိုးသား အစည်းအရုံး |
| PSLF/O | ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး၊ အစည်းအရုံး |
| RRF | သောင်းကျန်းသူ ဆန့်ကျင်ရေးတပ် |
| RCSS/SSA | ရှမ်းပြည် ပြန်လည် ထူထောင်ရေးကောင်စီ၊ ရှမ်းပြည်တပ်မတော် |
| SSPP/SSA | ရှမ်းပြည် တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် |
| SEZ | အထူး စီးပွားရေဇုံ |
| SIZ | အထူး စက်မှုဇုံ |
| TNLA | တအောင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် |
| TNP | တအောင်း (ပလောင်) အမျိုးသားပါတီ |
| UNFC | ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ဖက်ဒရယ် ကောင်စီ |
| UNHCR | ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး |
| UNODC | ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး |
| UPWC | ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကော်မတီ |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| UWSA/P | ဝပြည်သွေးစည်း ညီညွတ်ရေးတပ်မတော်၊ ပါတီ |
| VDI | ဗဟုဖွံ့ဖြိုးရေးအဖွဲ့ |
| WGEC | တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ |
| WLB | မြန်မာ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) |
| WNO/A | ဝအမျိုးသား အစည်းအရုံး၊ တပ်မတော် |
| WRWAB | မြန်မာနိုင်ငံ အမျိုးသမီးရေးရာနှင့် အခွင့်အရေးများဆိုင်ရာ အဖွဲ့ |
| ZRO | ဇိုမီးပြန်လည်ပေါင်းစည်းရေး အစည်းအရုံး |

# မြေပုံနှင့် စာရင်းဇယားများ


ပုံ(၁) - ၂၀၁၀ မတိုင်မီ ပဋိပက္ခဒေသ ........ ၂
ပုံ(၂) - ၂၀၁၀ မတိုင်မီ အပစ်ရပ်ဒေသ ........ ၃
ပုံ(၃) - ၂၀၁၃ နိုင်ငံရေး မျက်နှာစာ ........ ၄
ပုံ(၄) - ၂၀၁၃ ပြည်တွင်း ဒုက္ခသည်များနှင့် စစ်ပြေးဒုက္ခသည်များ........ ၅
ပုံ(၅) - ဘိန်းစိုက်ပျိုး ဧရိယာ........ ၁၂
ပုံ(၆) - ရွှေ သဘာဝဓါတ်ငွေ့ပိုက်လိုင်းနှင့် ပဋိပက္ခဒေသ........ ၁၉
ပုံ(၇) - တိုင်းရင်းသား လူမျိုးများနေထိုင်ရာဒေသ ........ ၂၂
ပုံ(၈) - စီးပွားရေး ဒေါက်တိုင်များ........ ၂၅
ပုံ(၉) - သုံးပွင့်ဆိုင်ဆွေးနွေးရေး ........ ၃၅
ပုံ(၁၀) - မြန်မာ့ငြိမ်းချမ်းရေးစင်တာ ဖွဲ့စည်းပုံ ........ ၄၂
ပုံ(၁၁) - ဆက်ဆံရေးရုံးများ ........ ၄၇
ပုံ(၁၂) - နယ်စပ်လုံခြုံရေးတပ် ........ ၅၀
ပုံ(၁၃) - ပူးပေါင်းဆောင်ရွက်ရေး နည်းနိဿယ (ဇူလိုင်၃ရက် ၂၀၁၂မှ) - ၁ ........ ၆၃
ပုံ(၁၄) - ပူးပေါင်းဆောင်ရွက်ရေး နည်းနိဿယ (ဇူလိုင်၃ရက် ၂၀၁၂မှ) - ၂ ........ ၆၃
ပုံ(၁၅) - ငြိမ်းချမ်းရေး အထောက်အကူပြု အလှူရှင်များအုပ်စု (PDSG) - ၁........ ၆၇
ပုံ(၁၆) - ငြိမ်းချမ်းရေး အထောက်အကူပြု အလှူရှင်များအုပ်စု (PSDG) - ၂........ ၆၈

# မှတ်တမ်းအနှစ်ချုပ်

ပြည်တွင်းစစ် နှစ်ပေါင်း(၆၀)ကျော် ကြာမြင့်ပြီးသည့်နောက် မြန်မာနိုင်ငံတွင် အရပ်သားအစိုးရဟု ခေါ်တွင်နေသော ယခု အစိုးရသစ်သည် ငြိမ်းချမ်းရေး ရရှိရေးအတွက် အထူးကြိုးပမ်း လုပ်ဆောင်နေသည်ကို တွေ့ရသည်။ ငြိမ်းချမ်းရေး ရရှိခြင်းအားဖြင့် လူသားတို့ ခံစားနေရသည့် ပြဿနာများကို အဆုံးသတ်နိုင်သလို ဆင်းရဲမွဲတေမှုများကိုလည်း လျှော့ချနိုင်ပါသည်။ ထို့အပြင် ငြိမ်းချမ်းရေးသည် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးကို သေချာခိုင်မာစေ၍ လူ့အခွင့်အရေး များကိုလည်း အကာအကွယ်ပေးနိုင်သည်။ ထို့ကြောင့် တိုင်းပြည် တည်ငြိမ်မှု ရရှိရေးအတွက် ငြိမ်းချမ်းရေး ရှိဖို့ လိုအပ်သည်။ အထူးအရေးကြီးသည်မှာ တည်ငြိမ်သော ဒီမိုကရေစီကို စတင် အကောင်အထည် ဖော်ဆောင်ရာတွင် ငြိမ်းချမ်းရေးသည် မရှိမဖြစ် လိုအပ်ပေသည်။ လာမည့် ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံသည် ASEAN လူမှုအသိုင်းအဝန်း၏ တင်းပြည့်အဖွဲ့ဝင် ဖြစ်လာတော့မည် ဖြစ်သည်၊ ထို့ကြောင့် ASEAN အဖွဲ့ချုပ်ကြီး၏ ပဋိညာဉ်တွင် ပြဌာန်းထားသည့် အဆင့်အတန်းနှင့် အညီ ပြည့်မီရန်အတွက် ဆောင်ရွက်ဖို့ရန် တာဝန်ရှိသည်။

အားလုံးသော ပဋိပက္ခများ အဆုံးသတ်ရေးကို လိုလားကြသော်လည်း ငြိမ်းချမ်းရေး ရရှိရန်အလုပ်မှာ မလွယ်ကူချေ၊ မြန်မာနိုင်ငံတွင် ပြည်တွင်းစစ် သက်ဆိုးရှည်နေရခြင်းမှာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ များပြားမှု တစ်ခုတည်းကြောင့် မဟုတ်ဘဲ နိုင်ငံတွင်း အကျိုးစီးပွားအရ ပြိုင်ဆိုင်မှုများကလည်း တဖက်တွင် အကျုံးဝင်နေသည်။ ထို့အပြင် ဆက်သွယ်ရေး ခက်ခဲခြင်း၊ ပွင့်လင်းမြင်သာမှု မရှိခြင်းတို့ကြောင့် တဦးနှင့်တဦး တဖွဲ့နှင့်တဖွဲ့တို့ကြား ယုံကြည်မှု ကင်းမဲ့နေကြသည်။ ထို့ကြောင့် ရေရှည် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို တည်ဆောက်ရန်အတွက် တစ်ဦးနှင့် တစ်ဦးကြား ယုံကြည်နားလည်မှု မြင့်မားရေးက မရှိမဖြစ် အရေးကြီးသည်။

ဤစာအုပ်သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပတ်သက်ဆက်နွယ်နေသည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများ အပါအဝင် မီဒီယာလောက အတွက်လည်း လမ်းညွှန် အကိုးအကားတစ်ခု ဖြစ်ပါသည်။ ဤစာအုပ်တွင် ပဋိပက္ခ ဆက်လက် ဖြစ်ပွားနေသော ဒေသများ၏ အခြေခံ အကြောင်းရင်းများ၊ အချက်အလက်များနှင့် အဖွဲ့အစည်း တည်ရှိမှုများကို မြေပုံ ကားချပ်များဖြင့် အတူတကွ ဖော်ပြထားသည်။ အဓိကကျသော လူပုဂ္ဂိုလ်များ၏ ငြိမ်းချမ်းရေးဆိုင်ရာ စိတ်ဝင်စားမှုနှင့် လုပ်ဆောင်မှုများကို အကဲဖြတ်ခြင်းအားဖြင့် ရှုပ်ထွေးခက်ခဲသော အပြန်အလှန် ဆက်ဆံရေးများအပေါ် ခြေရာခံမိနိုင်မည် ဖြစ်သည်။ ဤစာအုပ်တွင်ပါရှိသော သတင်းအချက်အလက်များသည် မည်သည့်လူပုဂ္ဂိုလ် မည်သည့်အဖွဲ့အစည်း စသည်တို့ ငြိမ်းချမ်းရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို စာဖတ်သူများသိရှိ၍ အကိုးအကား လမ်းညွှန်မှု တစ်ခုအနေဖြင့် အသုံးဝင်ပါလိမ့်မည်။

ခွဲခြမ်းစိပ်ဖြာခြင်းနှင့် ပြောင်းလဲတိုးတက်မှုများကို လေ့လာခြင်းအားဖြင့် မည်သည့်အရာများသည် အရေးကြီးသည့် ကိစ္စရပ်များဖြစ်ကြောင်း ဤစာအုပ်တွင် တင်ပြဆွေးနွေးထားသည်။ ပွင့်လင်းမြင်သာမှု မရှိခြင်း၊ ရှုပ်ထွေးသော အခြေအနေများ ဖြစ်ပေါ်ခြင်း၊ ဝိရောဓိဖြစ်စေသော အခြေအနေများ ပေါ်ပေါက်ခြင်း စသည်တို့သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို နှောင့်နှေးစေပါသည်။ ပွင့်လင်းမြင်သာမှုသည် စီမံကိန်းရေးဆွဲရာနှင့် စတင်အကောင် အထည်ဖော်ရာတွင် အဓိက သော့ချက်တစ်ခု ဖြစ်ရုံသာမက၊ မတူကွဲပြားသော လူပုဂ္ဂိုလ်များ၏ ကြား၌ ဖြစ်ပေါ်နေသော မယုံကြည်မှု များကို ကျော်လွှားနိုင်၍ ယုံကြည်မှု တည်ဆောက်ရေးအတွက် အထောက်အကူ ပြုပါသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ပဋိပက္ခများ အလျှင်အမြန် အဆုံးသတ်နိုင်ရေးမှာ နောင်လာမည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် များအပေါ် ကျောရိုးသဖွယ် အထောက်အကူဖြစ်စေသည်။ ယနေ့ကာလတွင် ငြိမ်းချမ်းရေးသို့ ရှေးရှုရာ၌ အစိုးရနှင့် တိုင်းရင်းသားတို့အကြား ထားရှိကျင့်သုံးနေသည့် လမ်းပြမြေပုံသည် ကွဲပြားခြားနားနေသည်။ အာဏာခွဲဝေခြင်း၊ သဘာဝရင်းမြစ်များ မျှတစွာခွဲဝေခြင်းနှင့် တိုင်းရင်းသားတပ်များအား နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းလဲရေး စသည်တို့နှင့် ပတ်သက်၍ နှစ်ဖက်လက်ခံနိုင်သည့် နိုင်ငံရေးဖြေရှင်းမှုတစ်ခု တည်ရှိမှသာ လက်ရှိရင်ဆိုင်နေရသော ကွာဟမှုများကို ပေါင်းစည်းပေးနိုင်မည် ဖြစ်သည်။

နိုင်ငံတကာ မြန်မာ့သတင်း (BNI) သည် လွပ်လပ်သော သတင်းမီဒီယာ (၁၁) ခုဖြင့် ဖွဲ့စည်းထားသော တစ်ခုတည်းသော မဟာမိတ် အဖွဲ့အစည်းတစ်ရပ် ဖြစ်သည်၊ ထိုအထဲတွင် သတင်းမီဒီယာ (၉) ဖွဲ့သည် မြန်မာပြည်မှ မတူကွဲပြားခြားနားသော တိုင်းရင်းသား လူမျိုးများအား ကိုယ်စားပြုသည်။ BNI ၏ လုပ်ငန်းလည်ပတ်မှု အခြေချရာ ဒေသများသည် ရန်ကုန် အပါအဝင် မြန်မာနိုင်ငံ နယ်စပ်ဒေသများတွင် ဖြစ်သည်။ ဤစာအုပ်တွင် ပြုစုတင်ပြထားသည့် မတူကွဲပြားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ အစိုးရနှင့် သက်ဆိုင်သည့် အသေးစိတ် သတင်းအချက်အလက်များ၊ အထောက်အထားများကို ကျွန်ုပ်တို့ အဖွဲ့ဝင် အဖွဲ့အစည်းများ၏ ဆက်သွယ်ရေး ကွန်ယက်များမှ တဆင့် ကူညီ ပံ့ပိုးပေးပါသည်။ မြန်မာပြည်သည် သိသာထင်ရှားသော နိုင်ငံရေး ပြုပြင် ပြောင်းလဲမှုတစ်ခုကို ရင်ဆိုင်ဖြတ်သန်းနေရသည်မှာ သမိုင်းတင်ရမည့် ကိစ္စရပ်တစ်ခုဖြစ်သည်။ အလားတူပင် BNI သည်လည်း ဒီမိုကရေစီ လမ်းကြောင်းပေါ်သို့ ချီတက်ရာတွင် ရေရှည်တည်မြဲသည့် ငြိမ်းချမ်းရေး ပေါ်ပေါက်ရေး၊ သတင်းမီဒီယာ လွပ်လပ်ခွင့် ရရှိရေးတို့အတွက် ဆက်လက်စောင့်ကြည့်လေ့လာခြင်း၊ ပညာပေး လှုပ်ရှားမှု လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

## ကျွန်ုပ်တို့အကြောင်း

မြန်မာနိုင်ငံတွင် လက်ရှိ လုပ်ဆောင်နေကြသော ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး လုပ်ငန်းများကို ပိုမို နားလည်နိုင်စေရန်နှင့် ချိတ်ဆက် လုပ်ဆောင်နိုင်စေရန် ရည်ရွယ်ပြီး နိုင်ငံတကာ မြန်မာသတင်း အဖွဲ့မှ မြန်မာ့ ငြိမ်းချမ်းရေး ဖြစ်စဉ်စောင့်ကြည့်ရေး လုပ်ငန်းများကို လုပ်ဆောင်နေသည်။ ရှုတ်ထွေးပွေလီလှပြီး အဆင့်များစွာပါဝင်နေသည့် ငြိမ်းချမ်းရေး ဖြစ်စဉ်နှင့် တိုက်ရိုက် ပတ်သက်နေသော အကြောင်းအရာများ၊ အဖြစ် အပျက်များ၊ လူပုဂ္ဂိုလ်များ၊ ငြိမ်းချမ်းရေး ဖြစ်စဉ် ဦးတည်ချက်လာရာ စသည်တို့ကို သေချာဂဏာစွာ နားလည် သဘောပေါက်စေရန် ရည်ရွယ်သည်။

မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်စောင့်ကြည့်ရေး ဝဘ်ဆိုက် (www.mmpeacemonitor.org) တွင် ငြိမ်းချမ်းရေ လုပ်ငန်းစဉ်နှင့် ပတ်သက်သော နောက်ဆုံးရ သတင်းများကို ပုံမှန်လွှင့်တင်လျက် ရှိနေပါသည်။ စာဖတ်သူများ အနေဖြင့် နောက်ဆုံးရ သတင်းများနှင့် အချက်အလက်များကို စိတ်ဝင်စားပြီး ရယူလိုပါက www.mmpeacemonitor.org တွင် အဖွဲ့ဝင်ထားပြီး ရယူနိုင်ပါသည်။

သတင်းအချက်အလက်များ ရယူခြင်း၊ အကြံဉာဏ်များပေးခြင်း၊ သတင်းအချက်လက်များကို မျှဝေပေးမည်ဆိုပါက info@mmpeacemonitor.org ကို ဆက်သွယ်နိုင်ပါသည်။




www.mmpeacemonitor.org

# နိုင်ငံတကာ မြန်မာသတင်း အဖွဲ့ဝင်များ၏ ဝက်ဘ်ဆိုဒ်လိပ်စာများ

နိရဥ္ဇရာ လွတ်လပ်သော သတင်းဌာန
www.narinjara.com

လွတ်လပ်သော မွန် သတင်း အေဂျင်စီ
www.monnews.org

ကချင် သတင်းဌာန
www.kachinnews.com

ကုလားတန် သတင်း ကွန်ယက်
www.kaladanpress.org

ကန္တာရဝတီတိုင်း(မ်)
www.ktimes.org

ကရင်သတင်းဌာန
www.karennews.org

ခိုနုမ်းထုန် ချင်းသတင်းဌာန
www.khonumthung.org

မဇ္ဈိမ သတင်းဌာန
www.mizzima.com

သတင်းနှင့်မီဒီယာ ကွန်ယက်
www.nmg-news.com


ရွှေဟင်္သာ သတင်းဌာန
www.phophtawnews.org

ရှမ်းသံတော်ဆင့် သတင်းဌာန
www.panglong.org


# ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို မိတ်ဆက်ခြင်း


၂၀၁၀ ခုနှစ် ရွေးကောက်ပွဲများ အပြီးတွင် အရပ်သားအစိုးရဟု ခေါ်တွင်သည့် အစိုးရတစ်ရပ် ပေါ်ပေါက်ခဲ့သည်။ စီးပွားရေးနှင့် နိုင်ငံရေး လွပ်လပ်မှုဆိုင်ရာ နယ်ပယ် နှစ်ခုလုံးအတွက် ဤအပြောင်းအလဲသည် စိတ်လှုပ်ရှားဖွယ်ပင် ဖြစ်သည်။ သို့ရာတွင် ဤနိုင်ငံရေး အကူးအပြောင်းသည် ကာလရှည်ကြာ ပဋိပက္ခများနှင့် ပြင်းထန်သော ဂိုဏ်းဂဏစွဲ အကြမ်းဖက်မှုများကိုလည်း ပြန်လည် မီးတောက်လောင်စေခဲ့သည်။ တိုင်းရင်းသား လူမျိုးစုများနှင့် သက်ဆိုင်သည့် ပြဿနာများကို အစိုးရမှ ရှေ့ဆက် အပေးအယူလုပ်ကာ ပြုပြင်ပြောင်းလဲနေခြင်း၊ တိုင်းရင်းသား လက်နက်ကိုင်အများ စုနှင့် ငြိမ်းချမ်းရေး အပေးအယူများ ရှိနေသော်လည်း ဤအပစ်အခတ် ရပ်စဲရေးသည် ပြန်လည် ကျိုးပေါက်နိုင်သော အနေအထားတွင် ရှိနေသည်။ တချိန်တည်းမှာပင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ဖြစ်ပွားနေသော ပဋိပက္ခများသည် အဆုံးမသတ်နိုင်ဘဲ ပိုမိုပြင်းထန် လာနေသည်။ ဤအခြေအနေသည် လူသားမျိုးနွယ်တို့ အတွက် အခက်အခဲ အကြပ်အတည်းများ ဖြစ်စေရုံသာမက တိုင်းပြည်၏ တည်ငြိမ်မှုနှင့် စီးပွားရေး တိုးတက်မှု အလားအလာ တို့ကိုလည်း ခြိမ်းခြောက် နေပေသည်။ တိုင်းရင်းသားများနှင့် လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားခဲ့ခြင်းကို အမှီပြု၍ ၁၉၆၂ မှ ၂၀၁၀ ခုနှစ်ကာလအထိ အုပ်စိုးခဲ့သော စစ်တပ်သည် ၎င်း၏ တရားဝင်မှုအား အထက်ပါစစ်ပွဲများကို အကြောင်းပြု၍ တည်ဆောက်ခဲ့သည်။ လက်နက်ကိုင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်းသည် ဒီမိုကရေစီ ဖြစ်ထွန်းမှုကို နှောင့်နှေးစေပြီး နိုင်ငံတော်အား စစ်တပ်အုပ်ချုပ်သည့် နိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိ စေနိုင်သည်။


ငြိမ်းချမ်းရေး ဆောင်ရွက်ချက်များ ရှိနေသော်လည်း ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ်များတွင် ဆက်လက်ဖြစ်ပွားနေသော အကြမ်းဖက်မှုများသည် ငြိမ်းချမ်းစွာ ဖြေရှင်းရေးကို နှောင့်နှေးစေသည်။ မြန်မာပြည်၏ ရှုပ်ထွေးလှသော အဖြစ်အပျက် များကို သိရှိစေနိုင်ရန် အတွက်၊ BNI ၏ အစီရင်ခံစာနှင့် အင်တာနက် ဝက်ဆိုဒ် www.mmpeacemonitor.org များတွင် လေ့လာနိုင်သည်။ BNI ၏ အစီရင်ခံစာနှင့် ဝက်ဆိုဒ်သည် သက်ဆိုင်ရာ လူပုဂ္ဂိုလ်များအကြား ပွင့်လင်းမြင်သာမှုရှိခြင်း၊ နားလည်မှုရှိခြင်း၊ ဆက်သွယ်မှုရှိခြင်းနှင့် ယုံကြည်မှုရရှိရေး စသည်တို့ကို မြှင့်တင်ရန်အတွက် ရည်ရွယ်ပါသည်။ အတိတ်ကာလက နားလည်မှု လွဲမှားခြင်းသည် သံသယကို ကြီးမားစေပြီး အားလုံးအတွက် မယုံကြည်မှုကို ဖန်တီး ပေးခဲ့သည်။ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပါဝင်ပတ်သက်နေသော သက်ဆိုင်ရာ လူပုဂ္ဂိုလ်များနှင့် အစိုးရသစ်တို့သည် ငြိမ်းချမ်းရေး အမြစ်တွယ်စေရန်အတွက် စိတ်ရှည်သည်းခံမှုသည် မရှိမဖြစ် လိုအပ်ပေသည်။ ပဋိပက္ခများ နှစ်ပေါင်း (၆၀) ကျော်ဖြစ်ပွားခဲ့ပြီးနောက် မြန်မာပြည်တွင် အမျိုးသားပြန်လည် သင့်မြတ်ရေး တည်ဆောက်၍ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီသို့ ဦးတည်ရန် ယခုအချိန်သည် အချိန်ကောင်း ဖြစ်ပေသည်။



ဘူတန်
အိန္ဒိယ
ကချင်
တရုတ်
စစ်ကိုင်း
ဘင်္ဂလားဒေ့ရှ်
ချင်း
မန္တလေး
ရှမ်း
လာအို
မကွေး
နေပြည်တော်
ရခိုင်
ကယား
ပဲခူး
ဘင်္ဂလားပင်လယ်အော်
ကရင်
ဧရာဝတီ
ရန်ကုန်
မွန်
ထိုင်း
တနင်္သာရီ
အက်ဒမန်ပင်လယ်
၂၀၁၀ မတိုင်မီ ပဋိပက္ခဧရိယာ
ပဋိပက္ခ
NSCN-K (စစ်ကိုင်း)၊ CNF (ချင်း)
ALP (ရခိုင်)၊ RCSS/SSA (ရှမ်း)၊
KNU (ကရင်) နှင့် ABSDF


အိန္ဒိယ
ကချင်
တရုတ်
စစ်ကိုင်း
ဘင်္ဂလားဒေ့ရှ်
မန္တလေး
ရှမ်း
လာအို
နေပြည်တော်
ကယား
ဘင်္ဂလား ပင်လယ် အော်
ကရင်
ထိုင်း
မွန်
ရန်ကုန်
တနင်္သာရီ
၂၀၁၀ မတိုင်မီ အပစ်ရပ် ဒေသများ
အပစ်အခတ်ရပ်
KIA, KDA, NDA-K, SSPP/SSA, PSLF,
NDAA, PNLO, UWSA, SNPLO
KNLP, KNPLF, DKBA နှင့် NMSP
ပြည်သူ့စစ်
ဂျပီးကွယ်၊ ဂျကူနီ၊ မုံးယောင်း
မက်မန်း နှင့် ကောင်းခါ


အိန္ဒိယ
ကချင်
တရုတ်
စစ်ကိုင်း
ဘင်္ဂလားဒေ့ရှ်
ချင်း
မန္တလေး
ရှမ်း
လာအို
နေပြည်တော်
ရခိုင်
ကယား
ပဲခူး
ဘင်္ဂလားပင်လယ်အော်
ကရင်
ထိုင်း
မွန်
ရန်ကုန်
၂၀၁၃ နိုင်ငံရေး မျက်နှာစာ
အက်ဒမန်ပင်လယ်
တနင်္သာရီ
ပဋိပက္ခဇုံ
အပစ်ရပ်ဧရိယာများ
နယ်ခြားစောင့်တပ်
ပြည်သူ့စစ်




၂၀၁၃ ပြည်တွင်းဒုက္ခသည် စခန်းများနှင့် နယ်စပ် ဒုက္ခသည် စခန်းများ

# (က) ပြဿနာများ

## ၂၀၁၂ တစ္စေ့တစောင်း

### ပဋိပက္ခများ၊ လူမျိုးစုများအတွင်း ဖြစ်ပွားနေသော အကြမ်းဖက်မှုနှင့် ပြည်တွင်း ဒုက္ခသည်များ

မြန်မာ အစိုးရစစ်တပ်နှင့် ကချင်ပြည် လွတ်မြောက်ရေး အစည်းအရုံး (KIO)၊ မဟာမိတ် (AA, ABSDF, TNLA) တို့အကြား ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဒေသခံ ပြည်သူတို့အား အလွန်အမင်း အတိဒုက္ခ ရောက်စေရန် ဖန်တီးခဲ့သည်။ ဤစစ်ပွဲများအတွင်း လက်နက်ကိုင် တပ်ဖွဲ့များ သေကြေပျက်စီးရသလို အရပ်သားများ အနေဖြင့်လည်း ပဋိပက္ခဖြစ်ပွားရာ ဧရိယာအတွင်း၌ အဖမ်းအဆီး ခံကြရသည်။ ထို့အပြင် စစ်ဘေးသင့် အရပ်သားများသည် အိမ်နီးချင်းနိုင်ငံ နယ်စပ်များသို့ ထွက်ပြေး ခိုလှုံကြရသည်။ မြန်မာပြည် တွင်း၌ ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခများသည် အိမ်နီးချင်း နိုင်ငံများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ကိုပါ ထိခိုက်စေခဲ့သည်။ စစ်ပွဲများကြောင့် ဆင်းရဲမွဲတေမှု သက်ဆိုးရှည်လာ၍ တရားဥပဒေ ကင်းမဲ့မှုနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှုတို့ကို ပိုမို ဦးတည်လာစေခဲ့သည်။ လက်နက်ကိုင်စစ်ပွဲများ ရှိနေခြင်းသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို တိုက်ရိုက်ခြိမ်းခြောကနေသည်။ ထို့ကြောင့် ပဋိပက္ခများကို ဖြေရှင်းရန် အလျှင်အမြန် ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်သည်။

ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့တွင် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများမှ လွဲ၍ အခြားသော တိုင်းရင်းသား အပစ်ရပ် ဧရိယာများတွင် လက်နက်ကိုင်တိုက်ပွဲများ လျော့ပါး လာခဲ့သည်။ ထို့အတူ လူ့အခွင့်အရေး ချိုးဖောက်မှု များလည်း လျော့ပါး လာခဲ့သည်။ သို့သော်ငြားလည်း ယခင် ထိုင်းမြန်မာနယ်စပ် အကူအညီ ပေးရေးအဖွဲ့ (TBBC) ယခု နယ်စပ် အကူအညီ ပေးရေးအဖွဲ့ (TBC) ၏ အစီရင်ခံစာအရ မြန်မာ စစ်တပ်များသည် ရှေ့တန်း စခန်းများတွင် ဆက်လက်တပ်စွဲ ထားလျှက်ရှိသည်ဟု သိရသည်။ ကရင်ပြည်နယ် မြောက်ပိုင်းနှင့် ပဲခူးတိုင်း အရှေ့ခြမ်းတို့တွင် အပစ်အခတ်ရပ်စဲ ရေးအတွက် နစ်ဖက် သဘောတူညီ သတ်မှတ်ထားသည့်အတိုင်း KNLA တပ်များက မလိုလားအပ်သည့် နေရာများသို့ သွားလာခြင်း တပ်စွဲခြင်းမရှိပေ။ ဤသည်ကို အခွင့်ကောင်းယူ၍ မြန်မာအစိုးရ စစ်တပ်များမှ ၎င်းတို့ စစ်စခန်းများအတွက် ရိက္ခာလက်နက် ထောက်ပံ့ခြင်းများ ပိုမိုပြုလုပ်လာသည်။

တချိန်တည်းမှာပင် နစ်ဖက်တပ်များ လှုပ်ရှားရာ၌ ဆက်သွယ်ရေးစနစ် အားနည်းညံ့ဖျင်းမှုကြောင့် နားလည်မှုလွဲကာ နစ်ဘက် တိုက်ပွဲငယ်များ ဖြစ်ပွားကြသည်။ ဤသို့ မတော်တဆမှုများသည် ရှမ်းပြည်နယ်တွင်လည်း ဖြစ်ပွားနေသည်။

# အပစ်မရပ်သော အုပ်စုများ

| အုပ်စု | ရင်ဆိုင်တိုက်ပွဲများ | တည်နေရာဒေသများ | ပျက်စီးဆုံးရှုံးမှု |
|---|---|---|---|
| KIA/KIO<br><br>+AA<br><br>+ABSDF | KIO အစီရင်ခံစာ<br><br>၂၀၁၂ ဇွန် (၉) ကတည်းက တိုက်ခိုက်မှုပေါင်း ၂၄၀၀ ကျော်<br><br>အစိုးရ အစီရင်ခံစာ-တိုက်ပွဲ ၁၀၉၅ ပွဲ<br><br>ကချင်ပြည်နယ်မှ တပ်ရင်းများ<br><br>(၉) ဇွန်၂၀၁၁ မတိုင်မီ ခြေစိုက်တပ်ရင်း ၄၆ ခု<br><br>- (၉) ရက်၊ ဇွန်လ၊ ၂၀၁၁ နောက်ပိုင်း၊ တပ်ရင်းပေါင်း ၁၂၈ [၁] သို့မဟုတ် ၁၅၀ အထိရှိ [၂] | ကချင်ပြည်နယ်<br><br>ဗန်းမော်၊ ဖွန်ပြန်ဘွမ်၊ ဖားကန့်-လုံးခင်း နှင့် လုံးဘွန်၊ မန်စီ၊ မိုးညှင်း၊ မိုးကောင်း၊ လာဂျာယမ်၊ မန်ကွို၊ မုန်းကိုး၊ မိုးမောက်၊ ဆင်ဘို၊ ပန်ဝ၊ ပန်ဆိုင်း၊ ပါဂျောင်-လိုင်စင် နှင့် ဝိုင်းမော်<br><br>ရှမ်းပြည်နယ်- နမ့်ဆန်ဘွမ်တောင်၊ ကွတ်ခိုင်၊ မန်တုံ၊ နန့်ဟိုင်း၊ တာမိုးနဲ | KIO အစီရင်ခံစာ[၃] အနည်းဆုံး KIO တပ်သား ၇၀၀ နှင့် (ဇွန် ၂၀၁၁ - အောက်တိုဘာ ၂၀၁၂)၊ အစိုးရတပ်သား ၅၀၀၀ မှ ၁၀၀၀၀ ကြားကျဆုံး<br><br>KWAT အစီရင်ခံစာ- ကချင် ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်း တွင် စစ်ပြေးဒုက္ခသည် ၁၅၀၀၀၀ ကျော်<br><br>အစိုးရ အစီရင်ခံစာ[၄] အစိုးရတပ်သား ၃၅ ဦးကျဆုံး၊ ၁၉၀ ဒဏ်ရာရ၊ မန္တလေး မြစ်ကြီးနား ရထားလမ်း အကြိမ် ၁၅၀ တိုက်ခိုက်ခံရ၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်း ၁၅ ကြိမ် တိုက် ခိုက်ခံရ၊ မြစ်ကြီးနား-ဗန်းမော်လမ်း ၄၂ ကြိမ် တိုက်ခိုက်ခံရ<br><br>အဆောက်အဦများ တိုက်ခိုက်ခံရမှု- လျှပ်စစ် ဓါတ်အားပေး တာဝါတိုင် များ၊ လျှပ်စစ် ဓါတ်အားထိန်းတိုင် ၁ ခု၊ လျှပ်စစ် ဓါတ်အားပေးစက် ၁လုံး |
| TNLA | တိုက်ပွဲပေါင်း ၅၀ ကျော် | နမ့်ခမ်း၊ ကွတ်ခိုင်၊ မန်တုံ၊ နမ့်ဆမ်၊ ကျောက်မဲ၊ မိုးမိတ် | PWO အစီရင်ခံစာ- ၁၅ ရွာမှ ရွာသား ၂၀၀၀ ကျော် ထွက်ပြေး၊ အစိုးရ တပ်သား ၁၀၀ကျော်ကျဆုံး[၅] |
| အမျိုးအမည် မသိ အုပ်စု | ၁ | မောင်တော (မြောက်ပိုင်း) (ရခိုင်ပြည်နယ်) | ၁ဦးသေ၊ နိုဝင်ဘာ (၆) ရက်တွင် အစိုးရတပ်သား (၃) ဦး လက်နက် ကိုင် တစ်စု၏ ပြန်ပေးဆွဲခံရ |

---

၁ http://www.english.panglong.org/index.php?option=com_content&view=article&id=5226:laiza-as-good-as-occupied&catid=86:war&Itemid=284

၂ http://www.kachinwomen.com/images/stories/publication/ongoing_iimpunity%20.pdf, p3

၃ Time for Thein Sein to come clean about Burmese losses in Kachin state, Kachin News, 22 September 2012 By Edward Chung Ho.

http://kachinnews.com/news/2408-time-for-thein-sein-to-come-clean-about-burmese-losses-in-kachin-state.html

၄ http://www.mmtimes.com/index.php/national-news/3857-govt-declares-ceasefire-in-kachin.html

၅ http://www.scribd.com/doc/120929419/Pa-Laung-Statement

## ကချင်ပြည်တွင်း စစ်ပြေး ဒုက္ခသည်များ

ဒေသများ - မိုင်ဂျာယမ်၊ လိုင်ဇာ၊ ကျခါး၊ ပိုင်ခွမ်

ကချင်လွတ်မြောက်ရေး တပ်မတော်နှင့် မြန်မာ စစ်အစိုးရတို့အကြား ဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် လူပေါင်း (၁) သိန်းကျော်သည် မိမိတို့ နေအိမ်များမှ စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ တရုပ်နယ်စပ်တလျှောက် ကချင် ထိန်းချုပ်ရာ ဒေသများတွင် ၅၈၂၈၂ ပြည်တွင်းစစ်ပြေး ဒုက္ခသည်များ ခိုလှုံနေထိုင် နေကြရသည်။ တရုပ်ပြည်တွင်လည်း ထောင်နှင့်ချီသော ဒုက္ခသည်များ ရောက်ရှိနေသည်။ မကြာသေးခင်က ဖားကန့်ဒေသမှ ပြောင်းရွှေ့ထွက်ပြေးလာခဲ့သော လူဦးရေ (၁၀၀၀၀) ခန့်အပါအဝင် အခြားသူများမှာ အစိုးရထိန်းချုပ်ရာ နေရာများတွင် နေထိုင်နေကြသည်။[၆]

ထိုင်းနိုင်ငံ အခြေစိုက် ကချင်အမျိုးသမီးများ အစည်းအရုံး (KWAT) အစီရင်ခံစာအရ ပဋိပက္ခများ စတင် ဖြစ်ပွားခဲ့သည့် ၂၀၁၁ ခုနှစ် ဇွန်လ (၉) ရက်နေ့မှစ၍ ကချင်ထိန်းချုပ်ရာ ဒေသနှင့် တရုပ်ပြည်အတွင်း ခိုလှုံနေသည့် ရွာသူ ရွာသား များသည် နိုင်ငံတကာ အကူအညီ အထောက်အပံ့များ မရရှိသလောက် ဖြစ်နေကြသည်။[၇] ဒေသတွင်း ကယ်ဆယ်ရေး အဖွဲ့များ၏ ပြုစုထားသည့် အချက်အလက်များအရ ပြည်တွင်း စစ်ပြေးဒုက္ခသည် လူဦးရေအတွက် လိုအပ်သော အခြေခံ အစားအသောက် ၄% ကိုသာ UN အပါအဝင် နိုင်ငံတကာ ထောက်ပံ့ကူညီရေး အေဂျင်စီများထံမှ လက်ခံရရှိခဲ့သည်။ ကချင် ထိန်းချုပ်ရာဒေသနှင့် တရုပ်ပြည်ရှိ IDPs များသည် တသီးပုဂ္ဂလ အလှူရှင်များနှင့် နိုင်ငံရပ်ခြားရောက် မြန်မာ ပြည်သားတို့ ကူညီ လှူဒါန်းမှုကိုသာ လုံးလုံးမှီခိုနေခဲ့ရသည်။ IDPs များအတွက် လုံလောက်သော ထောက်ပံ့မှုအဖြစ် လစဉ် အမေရိကန်ဒေါ်လာ ၂ သန်း ကျော်လိုအပ်သည်။ ပြည်တွင်း စစ်ပြေးဒုက္ခသည်များအတွက် နိုင်ငံတကာ အလှူရှင်များမှ လုံလောက်သော အကူအညီများ ဝေငှရာတွင် အစိုးရမှ တားဆီး ပိတ်ဆို့ထားခဲ့သည်။ အစိုးရက ပြောဆိုသည်မှာ အထောက်အပံ့များအား ကချင်လွတ်မြောက်ရေး အစည်းအရုံး (KIO) မှ အသုံးပြုမည်ကို စိုးရိမ်သဖြင့် ပိတ်ဆို့ရ သည်ဟု ဆိုသည်။

ပလောင်ဒေသ IDPs များ - ရွာပေါင်း ၁၅ ရွာမှ ရွာသား ၂၀၀၀ ကျော်သည် တိုက်ပွဲများကြောင့် မိမိတို့ နေအိမ်များမှ ထွက်ပြေးခဲ့ရသည်။[၈] မကြာသေးခင် လများအတွင်း တိုက်ပွဲများ အဆုံးသတ်ပြီးနောက်ပိုင်း ကွတ်ခိုင်နှင့် နန့်ဖက်ခါ ဒေသမှ ရာပေါင်းများစွာသော ရွာသားများ မူလနေရင်းရပ်များသို့ ပြန်သွားခဲ့ကြသည်။

| စဉ် | IDPs များရှိရာဒေသ | | ခန့်မှန်းခြေ IDPs အရေအတွက် | ပလောင် IDPs တို့၏ မူလရွာများ |
|---|---|---|---|---|
| ၁ | မန်တုံမြို့နယ် | သိုးဟုန်းကျေးရွာ | ၅၀၀ နှင့် အထက် | ပန်ခါး၊ မိုင်းခနှင့် ပန်လှုံးကျေးရွာများ |
| ၂ | | မန်တုန် ခရစ်ယာန် ဘုရားကျောင်းဝင်း | ၂၆၀ (ပလောင် ၅၀ အပါအဝင်) | လွေးမောက်နှင့် မန်စမ်ကျေးရွာများ |
| ၃ | နမ့်ခမ်းမြို့နယ် | နမ့်ခမ်းမြို့ (တအောင်း အမျိုးသား ပါတီရုံး) | ၄၃၀ အထက် | မန်လွေး (၁)၊ မန်လွေး (၂)၊ ကြူဆိုင်းနှင့် အူးလန်ပါ ကျေးရွာ |

## အပစ်ရပ်အုပ်စုများ (အပစ်အခတ်ရပ်စဲရေး လက်မှတ်အသစ်ရေးထိုးပြီးနောက်ပိုင်း တိုက်ပွဲများ)

အပစ်ရပ် အဖွဲ့များနှင့် မြန်မာ အစိုးရတပ်တို့အကြား ဆက်သွယ်ရေးစနစ် အားနည်းခြင်းတို့ကြောင့် တပ်များ အပြောင်း အရွှေ့ လုပ်ရာတွင် နားလည်မှုလွဲမှား၍ တိုက်ပွဲငယ်များ ဖြစ်ပွားခဲ့သည်။

---

၆ http://www.kachinwomen.com/images/stories/publication/from_persecution_deprivation.pdf

၇ http://www.kachinwomen.com/images/stories/publication/from_persecution_deprivation.pdf

၈ http://eng.palaungwomen.com/Report/The%20Burden%20of%20War.pdf

| အုပ်စု | တိုက်ပွဲအကြိမ်ရေ | တိုက်ပွဲဖြစ်ပွားရာ နေရာများ | ထိခိုက်ကျဆုံး |
|---|---|---|---|
| RCSS/SSA | ၇၁ ကြိမ်[၉] | ကျောက်မဲ၊ မောက်မယ်၊ မိုင်းကောင်၊ ကွန်ဟိန်း၊ မိုးနဲ၊ မိုင်းပြင်း၊ မန်တုံ၊ မိုင်းယောင်း၊ တာချီလိတ် | RCSS/SSA အစီရင်ခံစာ- လက်နက်မျိုးစုံ ၆၉ လက် သိမ်းဆည်း ရမိ၊ အစိုးရတပ်သား ၁၁၃ ဦးသေဆုံး၊ ၁၂၉[၁၀] ဦး ဒဏ်ရာရ၊ (နိုဝင်ဘာ ၂၀၁၁ - ဇန်နဝါရီ ၂၀၁၃) |
| SSPP/SSA | တိုက်ပွဲ ၄၀ ကျော် | လင်းခေး၊ ကျောက်မဲ၊ သီပေါ၊ မိုးမိတ်၊ မိုင်းရှူး၊ ကျေးသီး၊ တန့်ယန်းနှင့် ရှမ်းပြည်မြောက်ပိုင်း | ထိခိုက်ဒဏ်ရာ ရရှိမှု အတည်ပြုချက်မရ |
| KNPP | တိုက်ပွဲ ၁၀ ပွဲခန့် | မော်ချီးမြို့နယ် | KNPP အစီရင်ခံစာ- အစိုးရတပ်သား ၅ ဦး ဒဏ်ရာရ |
| DKBA-5 | စစ်စခန်း တစ်ခုကို ၁ ကြိမ် ဝင်စီး (၁၉ ဖေဖော်ဝါရီ၊ ၂၀၁၂) | ဘားအံမြို့နယ် | DKBA-5 အစီရင်ခံစာ- အစိုးရ တပ်သား ၃ဦးသေ၊ ၂ ဦးဒဏ်ရာရ၊ ရွာသား ၂ ဦးဒဏ်ရာရပြီး၊ ၁ ဦးသေ[၁၁] |
| KNU | ၆ | ဖာပွန်၊ လှိုင်းဘွဲ့၊ ဘီးလင်း မြို့နယ်များ | ဇန်နဝါရီလ ၂၀၁၂ ခုနှစ် အပစ်ခတ်ရပ်သဘောတူညီအပြီးတွင် အစိုးရတပ်နှင့် ကရင်နယ်ခြားစောင့်တပ် ပူးပေါင်းအင်အားမှ KNU ကို တိုက်ခိုက်သည်။ KNU အစီရင် ခံစာအရ- အစိုးရတပ်သား ၈ ဦး သေဆုံး၊ ၂ ဦး ဒဏ်ရာရ |

## မြန်မာနိုင်ငံ အရှေ့ တောင်ပိုင်း

အစိုးရတပ်များနှင့် RCSS/SSA၊ KNPP၊ KNU နှင့် DKBA တို့အကြား ဆက်လက် ဖြစ်ပွားနေသော တိုက်ပွဲများနှင့် ဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် ထွက်ပြေးရမှု၊ အတင်းအကြပ် ပြောင်းရွှေ့မှုများမှ ရလာဒ်အဖြစ် ၂၀၁၂ ခုနှစ်တွင် IDPs အသစ်များ ပေါ်ထွက်ခဲ့သည်။

| ပြည်နယ်၊ တိုင်းဒေသကြီး နှင့် မြို့နယ်များ | ပြီးခဲ့သည့် ၁၂ လ အတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် လူဦးရေ | ပြီးခဲ့သည့် ၁၂ အိမ်ပြန်လာသူ (သို့) ပြန်လည်အခြေချ နေထိုင်သူ လူဦးရေ | IDPs စုစုပေါင်း |
|---|---|---|---|
| ရှမ်းပြည်နယ် | ၆၇၀၀ | ၅၀၀၀ | ၁၂၅၄၀၀ |
| ကယားပြည်နယ် | ၇၀၀ | ၂၁၀ | ၃၄၆၀၀ |
| ပဲခူးတိုင်းဒေသကြီး | ၂၀၀ | ၀ | ၄၄၂၀၀ |
| ကရင်ပြည်နယ် | ၁၆၀၀ | ၂၉၄၇၀ | ၈၉၁၅၀ |

---

၉ Official statistic for clashes between November 2011-October 2012 was 68, including 3 in January 2013.

၁၀ RCSS/SSA "keeping our side of the bargain", 21 January 2013, S.H.A.N. http://www.shanland.org/index.php?option=com_content&view=article&id=5203:ssa-keeping-our-side-of-the-bargain&catid=85:politics&Itemid=266

၁၁ http://www.khrg.org/khrg2012/khrg12b61.html

| ပြည်နယ်၊ တိုင်းဒေသကြီး နှင့် မြို့နယ်များ | ပြီးခဲ့သည့် ၁၂ လ အတွင်း ရွှေ့ပြောင်းနေထိုင်ရသည့် လူဦးရေ | ပြီးခဲ့သည့် ၁၂ အိမ်ပြန်လာသူ (သို့) ပြန်လည်အခြေချ နေထိုင်သူ လူဦးရေ | IDPs စုစုပေါင်း |
|---|---|---|---|
| မွန်ပြည်နယ် | ၂၀၀ | ၇၀၀ | ၃၅၀၀၀ |
| တနင်္သာရီတိုင်း | ၆၀၀ | ၁၆၂၀ | ၇၁၆၅၀ |

(TBC ၂၀၁၂ အစီရင်ခံစာ၊ စာမျက်နှာ ၆၀)

# လူထုအတွင်း ဖြစ်ပွားသော အကြမ်းဖက်မှုများ

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်တွင် လူဦးရေ (၁၁၀၀၀၀) ကျော်သည် ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များအဖြစ် ပြောင်းရွှေ့နေထိုင်နေကြရသည်ဟု မြန်မာအစိုးရက ထုတ်ဖော်ပြောဆိုချက်ကို ကမ္ဘာ့ကုလသမဂ္ဂ လူသားချင်း စာနာမှုဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးရုံး (UNOCHA) ၏ နိုဝင်ဘာလ (၄) ရက် ၂၀၁၂ ခုနှစ်ထုတ် အစီရင်ခံစာတွင် ရေးသားဖော်ပြထားသည်။ အဆိုပါ အစီရင်ခံစာအရ လူဦးရေ ၇၄၈၀၀ ခန့်သည် ၂၀၁၂ ခုနှစ် ဇွန်လ မတည်မငြိမ်ဖြစ်မှု ကာလတည်းက ရွှေ့ပြောင်းခဲ့ကြရပြီး လူပေါင်း ၃၆၄၀၀ ဦးသည် ၂၀၁၂ ခုနှစ် အောက်တိုဘာလ မတည်မငြိမ်ဖြစ်မှုတွင် ရွှေ့ပြောင်းခဲ့ကြရသည်။[၁၂]

# အကြမ်းဖက်မှု ဖြစ်ပွားရာ ဒေသများ

လတ်တလောတွင် ညမထွက်ရ ကာဖျူးအမိန့် ကို ရခိုင်ပြည်နယ်ရှိ (၁၁) မြို့နယ်- ဘူးသီးတောင်၊ ကျောက်ဖြူ၊ ကျောက်တော်၊ မောင်းတော၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပေါက်တော၊ ရမ်းဗြဲ၊ ရသေ့တောင်နှင့် စစ်တွေ မြို့နယ်တို့တွင် ထုတ်ပြန်ထားသည်။

IDPs များရှိရာ (၉) မြို့နယ်- ကျောက်ဖြူ၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပေါက်တော၊ ရမ်းဗြဲ၊ ရသေ့တောင်နှင့် စစ်တွေမြို့နယ်။

## အစိုးရစာရင်းအင်းများ

| သေဆုံး | ဒဏ်ရာရ | IDPs | ပျက်စီးအဆောက်အဦများ (အိမ်၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ စီးပွားရေး နှင့် အများပိုင် အဆောက် အဦများ) |
|---|---|---|---|
| ၉ | ၂၅၆ | ၁၁၅၀၀၀ | ၁၀၆၀၀ |

# ၂၀၁၀ ရွေးကောက်ပွဲ မတိုင်ခင် UNHCR စာရင်းဇယားအရ နိုင်ငံရပ်ခြားရောက် ဒုက္ခသည်များ

မလေးရှား- (အောက်တိုဘာ (၉) ရက်၊ ၂၀၁၂ မတိုင်မီထိ) စုစုပေါင်း ၉၂၅၆၀ ဦးရှိသည်။ လူမျိုးအရ- ချင်းလူမျိုး ၃၃၂၇၀ ဦး၊ ရိုဟင်ဂျာ ၂၄၈၈၀ ဦး၊ မြန်မာမူဆလင် ၁၀၄၆၀ ဦး၊ ရခိုင်လူမျိုး ၆၇၅၀ ဦး၊ မွန်လူမျိုး ၃၆၃၀ ဦးနှင့် မြန်မာပြည်မှ

၁၂ http://www.searo.who.int/entity/emergencies/crises/MMR_OCHA_12_Rakhine.pdf and http://www.searo.who.int/entity/emergencies/crises/SEARO_ESR_4_2012.pdf

၁၃ http://www.unhcr.org.my/About_Us-@-Figures_At_A_Glance.aspx

အခြားသော တိုင်းရင်းသား လူမျိုးများ ဖြစ်ကြသည်။[၁၃]

ထိုင်းနိုင်ငံ - လတ်တလောအားဖြင့် ခိုလှုံခွင့်လျှောက်ထားသော ဒုက္ခသည်များအနက် အသိအမှတ်ပြု ခံထားရသော ဒုက္ခသည်ဦးရေ ၉၂၀၀၀ ရှိပြီး၊ တပြိုင်တည်းမှာပင် နောက်ထပ် ဒုက္ခသည် ၅၄၀၀၀ ခန့်သည် အသိအမှတ်ပြု မခံရသေးပေ။ ထိုဒုက္ခသည်များ အားလုံးသည် ထိုင်းမြန်မာနယ်စပ် တကျောရှိ စခန်း ၉ ခုတွင် နေထိုင်နေကြသည်။ မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ် နိုဝင်ဘာလ အထွေထွေ ရွေးကောက်ပွဲပြီး နောက်ပိုင်း၊ လူဦးရေအားဖြင့် (၁၆၀၀၀ မှ ၁၈၀၀၀) အထိရှိသော အရပ်သားများသည် လူမျိုးစု လက်နက်ကိုင်များနှင့် မြန်မာအစိုးရတပ်တို့အကြား ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် နယ်စပ်တလျှောက် အစုလိုက်အပြုံလိုက် ရောက်ရှိလာခဲ့ကြသည်။ ဒုက္ခသည်များအား ယာယီ နေထိုင်ခွင့် ပြုထားစဉ်အတွင်း မြန်မာအာဏာပိုင်များမှ တိုက်ပွဲများအပြီး အချိန်တို ကာလအတွင်း နေရပ်ရင်းသို့ ပြန်လည် နေထိုင်စေခဲ့သည်။ အချို့သော ဖြစ်ရပ်များတွင် လက်နက်ကြီး မော်တာကျည်များ ကျရောက်ပေါက်ကွဲပြီး နာရီပိုင်း အကြာအတွင်းတွင်ပင် ဒုက္ခသည်များကို အိမ်ပြန်ရန် ဖိအားပေး စေခိုင်းခြင်းများလည်း ရှိခဲ့သည်။ အဆိုပါ ဒုက္ခသည်များအနက် ခန့်မှန်းခြေ လူဦးရေ (၅၀၀၀) ခန့်သည် ထိုင်းမြန်မာ နယ်စပ်ဒေသများတွင် ဆက်လက် နေထိုင်လျှက် ရှိကြသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ဒေသများတွင် တိုက်ပွဲများ ကြိုကြားကြိုကြား ဆက်လက် ဖြစ်ပွားနေကြောင်း သိရှိရသည်။ မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်မှု ကာလအတွင်းမှာပင် မှတ်ပုံတင် ထားခြင်း မရှိသေးသော စခန်းတွင်းနေထိုင်သူ အရေအတွက်မှာ ဆက်လက် တိုးပွားလာနေသည်။ စခန်းများပြင်ပတွင် နေထိုင်သော ဒုက္ခသည်များနှင့် ခိုလှုံခွင့် တောင်းခံထားသူများသည် တရားမဝင် ဝင်ရောက် နေထိုင်သူများအဖြစ် သတ်မှတ်ခံရပြီး ထိုင်းလူဝင်မှု ကြီးကြပ်ရေး ဥပဒေအရ ထိုင်းရဲတပ်ဖွဲ့နှင့် ထိုင်းစစ်တပ် အပါအဝင် နှစ်ခုစလုံး၏ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် နယ်နှင်ဒဏ်ပေးခြင်းများကို ခံကြရသည်။[၁၄]

ဘင်္ဂလားဒေ့ရှ် - မြန်မာနိုင်ငံ ရခိုင်ပြည်နယ် မြောက်ပိုင်းမှ ဒုက္ခသည်ပေါင်း ၂၉၀၀၀ ကျော် ရှိနေသည်။ ၎င်းတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ဘက်တွင်ရှိသော ကော့စ်ဇက်ဘဇားခရိုင်ရှိ ကုတုပလောင်နှင့် နရာပရ စခန်းနှစ်ခု နေထိုင်နေကြသည်။ ဤလူဦးရေ အများစုသည် ၁၉၉၁ ခုနှစ်မှ စတင်ကာ ရောက်ရှိလာခဲ့သည့် ဦးရေ ၂၅၀၀၀၀ အထဲမှ ကျန်နေရစ်သူများ ဖြစ်ကြပြီး၊ ၎င်းတို့အထဲမှ အများစုမှာ နောက်ပိုင်းတွင် နေရပ်ရင်းသို့ ပြန်သွားကြသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရမှ ခန့်မှန်းသည်မှာ မြန်မာနိုင်ငံမှ လူဦးရေ (၂၀၀၀၀၀) ခန့်ထက်ပိုမိုသော အရပ်သားများသည် တရားဝင် အထောက်အထားများမရှိဘဲ ၎င်းတို့နိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းပြင်ပ ကျေးရွာများ တွင် အများစု နေထိုင်ပြီး၊ အချို့မှာ အခြားနေရာ အနှံ့အပြားတွင် နေထိုင်နေကြသည်ဟု ဆိုသည်။ လူဦးရေ ၄၀၀၀၀ ခန့် အထိရှိသော ဒုက္ခသည်များသည် ကုတုပလောင်နှင့် နရာပရ စခန်းများ အနီးတွင် နေထိုင်ကြသည်။ ထိုနေရာ နှစ်နေရာအား ကုတုပလောင် ယာယီ တဲတန်းနှင့် လီဒါ ယာယီတဲတန်းများဟု လူသိများသည်။[၁၅]

အိန္ဒိယ - နိုဝင်ဘာ(၃၀)၊ ၂၀၁၂ ခုနှစ် တရားဝင် စာရင်းဇယားများအရ အိန္ဒိယတွင် မြန်မာနိုင်ငံမှ ဒုက္ခသည် ၇၄၂၇ ဦးနှင့် ခိုလှုံခွင့် တောင်းခံထားသူ ၂၉၁၂ ဦး ရှိကြသည်။[၁၆] အခြားရင်းမြစ်များအရ အိန္ဒိယရှိ မြန်မာနိုင်ငံနှင့် နယ်စပ်ချင်း ထိစပ်လျှက်ရှိသော မီဇိုရမ်နှင့် မဏိပူရပြည်နယ်များတွင် ချင်းလူမျိုး ဒုက္ခသည်ဦးရေ ၁၁၀၀၀၀ ဝန်းကျင်ခန့် နေထိုင် လျှက်ရှိသည်။[၁၇] ချင်းဒုက္ခသည်များအပြင် မြန်မာနိုင်ငံမှ ကချင်၊ ရခိုင်၊ ဗမာနှင့် ရိုဟင်ဂျာများလည်း အိန္ဒိယတွင် နေထိုင်လျှက် ရှိသည်။ မြို့တော် နယူးဒေလီတွင် ၃၀၀၀ မှ ၄၀၀၀ ဝန်းကျင် အရေအတွက်ရှိသော ဒုက္ခသည်များ UNHCR တွင် မှတ်ပုံတင် ထားကြသည်။[၁၈]

## တိုးပွားလာသော မူးယစ်ဆေးဝါး ကုန်သွယ်မှု

ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) ၏အစီရင်ခံစာအရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ ခန့်မှန်းခြေ မူးယစ်ဆေးဝါး ထုတ်လုပ်မှု၏ ၂၅% ရှိပြီး မူးယစ်ဆေးဝါး ဒုတိယအများဆုံး ထုတ်လုပ်သောနိုင်ငံ ဖြစ်သည်။


၁၄ http://www.unhcr.org/pages/49e489646.html

၁၅ http://www.unhcr.org/pages/49e487546.html

၁၆ http://www.unhcr.org.in/pages/index/62

၁၇ http://crcmalaysia.blogspot.hk/2012/12/chin-christians-in-burma-face.html

၁၈ http://en.wikipedia.org/wiki/Burmese_community_in_India


ဘိန်းစိုက်ပျိုးရာဒေသပြ မြေပုံ
ဘိန်းစိုက်ပျိုးမှု ကင်းရှင်းရာဒေသ
ဘိန်းစိုက်ပျိုးရာဒေသ
အိန္ဒိယ
ကချင်
တရုတ်
စစ်ကိုင်း
ချင်း
ဘင်္ဂလားဒေ့ရှ်
ရှမ်း
လာအို
ရွှေတြိဂံ
မကွေး
နေပြည်တော်
ကယား
ဘင်္ဂလားပင်လယ်အော်
ကရင်
ထိုင်း
မွန်
ရန်ကုန်
တနင်္သာရီ

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ ဒေသတွင် မက်သာဖက်တမင်းနှင့် မူးယစ်ထုံထိုင်း ဆေးဝါးများ အများဆုံး ထုတ်လုပ်ရာ ရင်းမြစ်အဖြစ် ဆက်လက် တည်ရှိနေသည်။[၁၉] အပြုသဘောဆောင်သော နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ရှိနေသော်လည်း အရှေ့တောင်အာရှ ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုဆိုင်ရာ စစ်တမ်း - မြန်မာ၊ လာအို၊ (၂၀၁၁- ၂၀၁၂) အရ မြန်မာအစိုးရက ၂၀၁၁ ခုနှစ်တွင် ဘိန်းစိုက်ပျိုးဧရိယာ ၇၀၅၈ ဟက်တာ နှင့် ၂၀၁၂ ခုနှစ်တွင် ဟက်တာ ၂၃၇၁၇ ကို ဖျက်ဆီးနိုင်ခဲ့သည်ဟု ထုတ်ဖော်ပြောဆိုထားသော်လည်း မြန်မာ့ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုသည် ၂၀၁၂ ခုနှစ်တွင် ၅၁၀၀၀ (၁၇%) ဟက်တာအထိ တိုးလာခဲ့သည် ဟု (UNODC) က ခန့်မှန်းသည်။[၂၀] မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှု ဧရိယာသည် ၂၀၀၆ ခုနှစ်တွင် ၂၁၆၀၀ ဟက်တာရှိရာမှ ၂၀၁၂ ခုနှစ်တွင် ၅၁၀၀၀ ဟက် တာ အထိ တိုးပွားလာခဲ့သည်။ မြန်မာနိုင်ငံသည် ဘိန်းစိုက်ပျိုးမှု ၈၃% ကို လျှော့ချနိုင်ခဲ့သည့် ၁၉၉၈-၂၀၀၆ ကာလ အတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းခဲ့သည့် အခြေအနေနှင့် ယခုလက်ရှိရရှိထားသော အချက်အလက်တို့ မှာ ဆန့်ကျင်ဘက် ဖြစ်နေသည်။

မြန်မာနိုင်ငံတွင်းရှိ တရားမဝင် မူးယစ်ဆေးဝါးများ၏ စီးဆင်းရာ ဗဟိုသည် ရှမ်းပြည်နယ်ပင် ဖြစ်နေသေးသည်။ တိုင်းပြည်တွင်း ဘိန်းစိုက်ပျိုးမှု ၉၀% သည် ရှမ်းပြည်နယ်တွင်ဖြစ်ပြီး ကျန်ရှိသည့် ၁၀% သည် ကချင်ပြည်နယ်တွင် အဓိက စိုက်ပျိုးသည်ဟု UNODC ၏ သုတေသနပြုချက်က ဆိုသည်။ ၂၀၁၂ ခုနှစ်တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်းဒေသများနှင့် ကချင်ပြည်နယ်တို့တွင် ဘိန်းစိုက်ပျိုးမှု ပမာဏ ကြီးကြီးမားမား တိုးပွားလာခဲ့သည်ဟု UNODC အစီရင်ခံစာက ဆိုသည်။ UNODC မှ ခန့်မှန်းသည်မှာ ၂၀၁၁ ခုနှစ်တွင် အိမ်ထောင်စုပေါင်း (၂၅၆၀၀၀) ခန့်က ဘိန်းစိုက်ပျိုးခဲ့ကြပြီး ယခုအခါတွင်မူ ဘိန်းစိုက်ပျိုးမှု ၁၇% ခန့် တိုးပွားလာခဲ့သည့်အတွက် မိသားစုပေါင်း ၃၀၀၀၀၀ ခန့်က ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတွင် ပါဝင်ပတ်သက်နေသည်ဟု ဆိုသည်။

နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ၂၀၁၂ ခုနှစ် ဖွန်လထုတ် SHAN မူးယစ်ဆေးဝါး စောင့်ကြည့်ရေး စာစောင်မှ တွေ့ရှိသည်မှာ အစိုးရ၏ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး ၁၅ နှစ် စီမံကိန်းအောက်တွင် ဘိန်းစိုက်ပျိုးမှု အဆုံးသတ်ရေးကို ဦးတည်ထားခဲ့ကာ ၁၉၉၉-၂၀၁၄ ကာလ အတွင်း ဘိန်းစိုက်ပျိုးမှု ပပျောက်ရမည်ဟု ရည်မှန်းထားခဲ့သော်လည်းပဲ မြို့နယ်ပေါင်း ၂၂ ခုမှ ၂၁ မြို့နယ် (အစိုးရမှ အချို့ မြို့နယ်များကို ပြန်လည်စုစည်းခဲ့ပြီး နောက်ပိုင်း ယနေ့ အနေအထားတွင် ၂၀ မြို့နယ်မှ ၁၈ မြို့နယ်) သည် ဘိန်း ဆက်လက် စိုက်ပျိုးနေဆဲ ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၁-၂၀၁၂ ရာသီအတွင်း သုတေသန ပြုသူများသည် ယခင်ကာလက သွားရောက် လည်ပတ်ခွင့်မရှိခဲ့သော ဒေသများသို့ သွားရောက်နိုင်ခဲ့ပြီးနောက် ရှမ်းပြည်နယ် အတွင်း ၅၅ မြို့နယ်မှ ၄၉ မြို့နယ်သည် ဆက်လက်ပြီး ဘိန်းစိုက်ပျိုးနေသည်ဟု အတည်ပြုနိုင်ခဲ့သည်။[၂၁] ရှမ်းပြည်နယ်အပြင် မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ကချင်၊ ကယား (ကရင်နီ)၊ ချင်းနှင့် ရခိုင်ပြည်နယ်များတွင်လည်း ဘိန်း စိုက်ပျိုးထုတ်လုပ်နေကြောင်း အစီရင်ခံစာ၌ ဖော်ပြပါရှိသည်။ ထိုအထဲမှ ကချင်၊ ကယားနှင့် ချင်းပြည်နယ်များသာ အစိုးရ၏ ဘိန်းပပျောက်ရေး ၁၅ နှစ် စီမံကိန်း ရည်မှန်းချက်အောက်တွင် ပါဝင်သည်။

မူးယစ်ဆေးဝါး အများစုသည် ရွှေတြိဂံဒေသမှတဆင့် တရုတ်၊ လာအိုတို့ကိုဖြတ်ကာ ထိုင်းနှင့် အရှေ့တောင်အာရှ နိုင်ငံ များမှနေ၍ ကျန်သည့် ကမ္ဘာ့ဒေသများသို့ ရောက်ရှိကာ ကမ္ဘာ့ဈေးကွက်အတွင်း ရောင်းဝယ်ဖောက်ကားနေသည်။ မက်သာဖက်တမင်း ဆေးပြားများ ထုတ်လုပ်ရေးအတွက် ကနဦး ဓါတုဗေဒပစ္စည်းများကို အိမ်နီးချင်း နိုင်ငံများမှ တင်သွင်း နေကြသည်။ အိန္ဒိယမှ အစီရင်ခံသည်မှာ မြန်မာနိုင်ငံတွင်း ပြုပြင်ပြောင်းလဲမှုများသည် အိန္ဒိယနိုင်ငံတွင်း တရားမဝင် မူးယစ်ဆေးဝါး ကုန်သွယ်မှုကို ပိုမို တိုးပွားလာစေခဲ့သည် ဟုဆိုသည်။[၂၂] မြန်မာနိုင်ငံသို့ တင်ပို့မည့် ဆူဒို-အက်ဖာဒရင်းဆေးပြား ၁ သန်းကို ၂၀၁၂ ခုနှစ် အတွင်း ဖမ်းဆီးရမိခဲ့ကြောင်း အိန္ဒိယ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး ဗျူရိုမှ ဆိုပါသည်။

---

၁၉ http://www.unodc.org/documents/eastasiaandpacific//2012/12/ats-2012/2012_Regional_ATS_Report_FINAL_HQPDF_3_Dec_2012_low.pdf

၂၀ http://www.unodc.org/documents/crop-monitoring/sea/SouthEastAsia_Report_2012_low.pdf

၂၁ http://www.english.panglong.org/images/stories/independence/shan-drug-watch-2012.pdf

၂၂ http://articles.timesofindia.indiatimes.com/2012-11-18/guwahati/35186424_1_myanmar-president-thein-sein-ephedrine

## နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ အကြားမှ မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှု တိုးပွား လာစေသည့် အကြောင်းရင်းများ

မူးယစ်ဆေးဝါး ထုတ်လုပ်မှု တိုးပွားလာစေခြင်း၏ အဓိကအကြောင်းရင်းမှာ ဆက်လက်ဖြစ်ပွားနေသော မတည်ငြိမ်မှုနှင့် ပဋိပက္ခများနှင့် သက်ဆိုင်နေခဲ့သည်။ UNODC မှ ကောက်ယူသည့် စစ်တမ်းတစ်ခုတွင် အဘယ့်ကြောင့် ဘိန်းစိုက်ပျိုးကြသလဲဟု ဘိန်းစိုက်တောင်သူများကို မေးမြန်းရာတွင် ၇၉% သော လယ်သမားများမှ ဘိန်းစိုက်ပျိုးခြင်းသည် အခြားသော ကောက်ပဲသီးနှံများ စိုက်ပျိုးခြင်းထက်စာလျှင် အသားတင်ဝင်ငွေ ပိုရရှိသည့် အတွက် စိုက်ပျိုးခြင်းဖြစ်ကြောင်းနှင့် ၄၅% သော တောင်သူများမှာ အစားအစာ ဝယ်ယူရေးအတွက် ငွေလိုအပ်သောကြောင့် ဘိန်းစိုက်ပျိုးရခြင်းဖြစ်သည်ဟု ရည်ညွှန်းပြောဆိုကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။ ထပ်မံ၍ ရှမ်းပြည်နယ်ရှိ ကျေးရွာများမှ ၉၅% ကို စစ်တမ်းကောက်ယူရာတွင် ဒေသခံများက သူတို့သည် အစိုးရထံမှ မည်သည့် စိုက်ပျိုးရေးဆိုင်ရာ အထောက်အပံ့မှ မရရှိကြဟု ဆိုသည်။ အခြားသော ကောက်ပဲသီးနှံများ စိုက်ပျိုးရန်ခက်ခဲပြီး စီးပွားရေး အခက်အခဲနှင့် ရင်ဆိုင်နေရသော ကျေးလက် တောင်တန်း ဒေသများတွင် ဒေသခံတို့သည် ဘဝရှင်သန် ရပ်တည်ရေးအတွက် ဘိန်းစိုက်ပျိုးမှုကို အဓိကထား လုပ်ဆောင် နေကြသည်။ အချို့သော နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ်နှင့် အစိုးရတပ်များသည် ဤဒေသများအတွင်း တရားဥပဒေ စိုးမိုးမှု မရှိသည်ကို အခွင့်ကောင်းယူ၍ ဘိန်းစိုက်တောင်သူများထံမှ အခွန်အကောက်များ ဆက်လက် စည်းကြပ်ကောက်ခံ နေကြသည်။

SHAN မူးယစ်ဆေးဝါး စောင့်ကြည့်ရေး အစီရင်ခံစာတွင် ဘိန်းစိုက်ပျိုးရခြင်း၏ အဓိကအချက် (၃) ချက်ကို တင်ပြထားသည်။

(၁) တောင်သူလယ်သမားများသည် အလွန်အမင်း ဆင်းရဲမွဲတေကြ၍ ဘဝရပ်တည်ရေးအတွက် ငွေကြေးလိုအပ်ခြင်း။

(၂) အစိုးရကို ဆန့်ကျင်တော်လှန်နေသော လက်နက်ကိုင်အုပ်စုများ အနေဖြင့် လက်နက်ဝယ်ယူရေးအတွက် ငွေကြေးရန်ပုံငွေ လိုအပ်ခြင်း။

(၃) လက်နက်ကိုင် အုပ်စုများနှင့် တိုက်ခိုက်ရန်အတွက် အစိုးရ၏ လက်ကိုင်တုတ် လက်နက်ကိုင် အဖွဲ့အစည်းများမှ ၎င်းတို့အတွက် လိုအပ်သော စားနပ်ရိက္ခာ၊ အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းများ ဝယ်ယူရန် ဘိန်းကုန်ကူးခြင်း။

ကျွမ်းကျင်သူတချို့၏ အဆိုအရ အစိုးရ၏ နယ်ခြားစောင့်တပ် ပြောင်းလဲဖွဲ့စည်းရေးအမိန့်ကို ဆန့်ကျင်ခဲ့သည့် ဝပြည်သွေးစည်း ညီညွတ်ရေးတပ်မတော် (UWSA) ကဲ့သို့သော အပစ်အခတ် ရပ်စဲထားသော အဖွဲ့များသည် လိုအပ်လာလျှင် အစိုးရကို ပြန်လည်တိုက်နိုင်ရန်အတွက် လက်နက်များဝယ်ယူရန် မူးယစ်ဆေးဝါးများကို ပိုမိုထုတ်လုပ်နေကြ သည်ဟု ကောက်ချက်ချကြသည်။

SHAN မူးယစ်ဆေးဝါး စောင့်ကြည့်ရေး အစီရင်ခံစာက ဘိန်းစိုက်ပျိုးမှု တိုးလာရခြင်းနှင့်ပတ်သက်၍ အခြားသော အကြောင်းရင်း များကိုလည်း စာရင်းပြုစုထားသည်။[၂၃]

၁. မြန်မာစစ်တပ် တပ်မှူးများသည် ပြည်သူ့ စစ်တပ်ဖွဲ့များအား သူတို့ကိုယ်ပိုင် ဘိန်း ချက်စက်ရုံ များကို ထူထောင်ခွင့် ပြုထားပြီး မူးယစ်မှောင်ခို ကွန်ယက်များကို တည်ထောင်ခွင့်ပြုထားသည်။ အပစ်ခတ်ရပ်စဲထားသော လက်နက်ကိုင်အဖွဲ့များ ချုပ်ကိုင်ထားသော ဘိန်းဈေးကွက်ကို ထိန်းချုပ်ရန်ဖြစ်သည်။ တချိန်တည်းမှာပင် အပစ်ရပ်အဖွဲ့များ၏ (အတိအကျဆိုရလျှင် ဝတပ်ဖွဲ့ UWSA) မူးယစ် ဆေးဝါး ရောင်းဝယ်ရေးမှ ရရှိသည့်ဝင်ငွေကို ပိတ်ဆို့ထားရန်ဖြစ်သည်။

၂. ပြည်တွင်းနှင့် နိုင်ငံခြားသား (အများအားဖြင့် ထိုင်းနှင့် တရုတ်) မူးယစ်ဆေးဝါး ထုတ်လုပ်သူများသည် အကျိုးအမြတ်များများရရှိရေးအတွက် ဝနှင့် ၎င်း၏ မဟာမိတ်အဖွဲ့အစည်းများ ထိန်းချုပ်ထားသော ဧရိယာများမှ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုများ ရပ်ဆိုင်းပြီး မြန်မာစစ်တပ်နှင့် ပြည်သူ့စစ်အဖွဲ့များ ထိန်းချုပ်ရာ ဒေသများသို့ ပြောင်းရွှေ့၍ စိုက်ပျိုးထုတ်လုပ်လာခဲ့သည်။ ဘိန်းစိုက်ပျိုးရေး၊ ဘိန်းဖြူနှင့် မက်သာဖက်တမင်းဆေးပြား ထုတ်လုပ်မှုများသည် အပစ်ခတ်ရပ်စဲထားသော လက်နက်ကိုင်အုပ်စုများ ထိန်းချုပ်ရာ ဒေသများထက် ပြည်သူ့စစ်အဖွဲ့များ ထိန်းချုပ်ရာ ဒေသတွင် ပိုမိုတိုးပွားလာနေသည်။

---

၂၃ http://www.english.panglong.org/images/stories/independence/shan-drug-watch-2011.pdf

၃. နယ်စပ်ဒေသများတွင် မြန်မာစစ်တပ်သည် ၎င်းတို့၏လက်ဝေခံ လက်နက်ကိုင်အုပ်စုများကို ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်ရန်အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်ခြင်း၊ တရားမဝင်အခွန်ကောက်ခံခြင်းကို မသိကျိုးကျွံ ပြုနေခဲ့သည်။

SHAN မှ ထုတ်ပြန်ထားသော အစီရင်ခံစာတွင် "မူးယစ်ဆေးဝါး ပြဿနာကို ဖြေရှင်းမည်ဆိုပါက မြန်မာအစိုးရတပ်နှင့် အပစ်ရပ်တပ်ဖွဲ့များ အတူလက်တွဲ၍ ပြည်သူ့စစ် အဖွဲ့များကို တိုက်ခိုက်မှုမျိုးဖြင့် ဖြေရှင်း၍ ရမည်မဟုတ်။ အကယ်၍ တိုက်ခိုက်မှုမျိုး ရှိလာပါကလည်း မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ လည်ပတ်နေသော ငွေကြေး အရင်းအနှီးများသည် နေပြည်တော်အစိုးရနှင့် နီးစပ်သော အခြား လက်နက်ကိုင်အဖွဲ့များ၏ ထိန်းချုပ်ရာ ဒေသသို့သာ ပြောင်းရွှေ့သွားမည် ဖြစ်သည်။ မူးယစ်ဆေးဝါးပြဿနာမှာ ရပ်တန့်သွားမည်မဟုတ်။ သို့ကြောင့် မူးယစ်ဆေးဝါး ပြဿနာကို ဖြေရှင်းမည်ဆိုပါ နိုင်ငံရေးအရ အဖြေရှာမှုသာ ဖြစ်သင့်သည်။ ၎င်းအဖြေမှာ နိုင်ငံ စည်းလုံးညီညွတ်ရေးနှင့် ဗမာမဟုတ်သော တိုင်းရင်းသား ဒေသများတွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ပေးရေးကို အာမခံသော သဘောတူညီချက်သာလျှင် နိုင်ငံအတွင်း ဖြစ်ပေါ်နေသော တရားဥပဒေမဲ့မှုနှင့် ပုန်ကန်မှုများကို အဆုံးသတ်စေမည်ဟု ဆိုသည်။"[၂၄]

မူးယစ်ဆေးဝါး နှိမ်နင်းမှုကို လုပ်ဆောင်မည်ဟု အစိုးရကအလေးအနက် ပြောကြားနေသည့် ကြားထဲမှပင် မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်မှုမှာ ပိုမိုတိုးလာနေသည်။ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့က သမ္မတ တာဝန် စတင်ထမ်းဆောင်စဉ်က ပြောကြားခဲ့သော သမ္မတ ဦးသိန်းစိန်၏ အဖွင့်မိန့်ခွန်းတွင် "ကောင်းမွန်သော အစိုးရတစ်ရပ်" ဖြစ်ပေါ်လာရေးကို အလေးအနက်ထား ပြောကြားခဲ့ပြီး၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်မှုကို ထိန်းချုပ်ရန် (၁၅) နှစ် စီမံကိန်းဖြင့် လုပ်ဆောင်သွားမည်ဟု ပြောကြားခဲ့သည်။

## လူ့အခွင့်အရေး ချိုးဖောက်မှုများ

ပြည်နယ် တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားမှု ရှိသော်လည်း နိုင်ငံတော်အစိုးရနှင့် လက်နက်ကိုင်တပ်ဖွဲ့များ အပစ်ခတ်ရပ်စဲရေး စာချုပ်သစ်များ လက်မှတ်ရေးထိုးခဲ့ပြီးသည့် နောက်တွင် တိုင်းရင်းသား ဒေသများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ အလျှင်အမြန် ကျဆင်းလာနေကြောင်း အစီရင်ခံစာများက ဆိုသည်။ အရပ်သား များအား လက်နက်ကိုင်သူပုန်များအတွက် ထောက်ခံသူများ သို့မဟုတ် အကာအကွယ် ပေးသူများအဖြစ် အစိုးရ တပ်သားများက ဆက်လက်၍ ပစ်မှတ်မထားတော့ပေ။ TBC ၏ အစီရင်ခံစာအရ တနင်္သာရီတိုင်းတွင် အုပ်ချုပ်ရေး အာဏာပိုင်တို့၏ စီမံခန့်ခွဲမှု အမှားအယွင်းများအား တရားဝင်တိုင်တန်း တရားစွဲဆိုရန်အတွက် ဒေသခံလူထုမှ ကြောက်ရွံ့မှု နည်းပါးလာကြသည်ဟု ဆိုသည်။

သို့ရာတွင် တိုင်းရင်းသား ဒေသများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများမှာ ဆက်လက်ဖြစ်ပွားနေသေးသည်။ ၎င်းအထဲမှ အချို့သော အမျိုးအစားများကို အောက်ပါအတိုင်း ကဏ္ဍခွဲနိုင်သည်။

(၁) မြန်မာစစ်တပ်၏ အတင်းအဓမ္မ လုပ်အားပေး စေခိုင်းမှု (စစ်စခန်းများ ဆောက်လုပ်ခိုင်းခြင်း၊ လမ်းပြင်ခိုင်းခြင်း၊ ပေါ်တာ ဆွဲခြင်း)။

(၂) မြေယာသိမ်းယူမှုများ (အထူးသဖြင့် ဖွံ့ဖြိုးရေး စီမံကိန်းဒေသအနီးနှင့် အငြင်းပွားဖွယ်ရာ ဧရိယာများ)။

(၃) အတင်းအကြပ် နေရာပြောင်းရွှေ့ခိုင်းခြင်း။

(၄) မှုမဲ့သော အခွန်ကောက်ခံမှုများ။

(၅) ဘာသာရေးခွဲခြားဖိနှိပ်မှု။

(၆) လူကုန်ကူးမှုများ။

(၇) ကလေးစစ်သား စုဆောင်းမှု။

(၈) လွပ်လပ်စွာ လုပ်ရှားသွားလာမှုကို ကန့်သတ်ထားခြင်း။

အပစ်အခတ်ရပ်စဲရေးကာလဖြစ်သော်လည်း အစိုးရတပ်သားများနှင့် လက်နက်ကိုင် တိုင်းရင်းသား အုပ်စုများအကြား ဖြစ်ပွားသော ပဋိပက္ခများအတွင်း ဖမ်းဆီးခံရမည်ကို အရပ်သားများက ကြောက်ရွံ့နေကြဆဲ ဖြစ်သည်။ ၎င်း အရပ်သားများသည် မြန်မာစစ်တပ်၏ စစ်ဆင်ရေးများပြုလုပ်နေသည့် ဒေသများအနီးရှိ လယ်ကွင်းများနှင့် ဒေသခံ

[၂၄] http://www.english.panglong.org/images/stories/independence/shan-drug-watch-2012.pdf

ဈေးများအတွင်း သွားလာလုပ်ရှားမှုများ ကန့်သတ် ခံထားရဆဲဖြစ်သည်။ လယ်ယာမြေ သိမ်းယူခြင်း၏ ရလဒ်အဖြစ် ဒေသခံများ အတွင်း ဆင်းရဲနွမ်းပါးမှုကို ပိုမိုနက်ရှိုင်းစေပြီး စားနပ်ရိက္ခာ ရှားပါးခြင်းနှင့် ရင်ဆိုင်နေကြရသည်။ ဒေသခံအများစုမှ အပစ်အခတ်ရပ်စဲမှုများကို ကြိုဆိုကြသော်လည်း အစိုးရ သို့မဟုတ် မြန်မာစစ်တပ်ကို ယုံကြည်မှု နည်းပါးနေဆဲ ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးသည် အစိုးရအတွက် နိုင်ငံတကာမှ တရားဝင် အသိအမှတ်ပြုမှု ကုန်သွယ်ရေးတွင် အကျိုးအမြတ်များ ရရှိခြင်းထက် ဘာမျှမပိုဟု လူအများက ထင်မြင်ယူဆ ထားကြသည်။

ပဋိပက္ခဇုန်များတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ပိုမိုဆိုးဝါးလာနေပြီး ထိုအထဲမှ အချို့မှာ အောက်ပါအချက်တို့ ဖြစ်သည်။

(၁) မြန်မာစစ်တပ်၊ ပြည်သူ့စစ်၊ နယ်ခြားစောင့်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများမှ တပ်သားသစ် စုဆောင်းခြင်း။

(၂) လူသတ်မှု၊ မုဒိမ်းမှု၊ ညှဉ်းပမ်းနှိပ်စက်မှု၊ ဖမ်းဆီးစစ်ဆေးခြင်း၊ အတင်းအဓမ္မ ငွေကောက်ခံခြင်း၊ ဂုဏ်သိက္ခာ ညှိုးနွမ်းစေခြင်း၊ ဘာသာရေး နှိပ်ကွပ်ခြင်းနှင့် အခြားသော လူမဆန်သည့် ပြုမူမှုများ။

**တိုင်းရင်းသား ဒေသများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ အသေးစိတ်အစီရင်ခံစာများကို အောက်ဖော်ပြပါ အဖွဲ့အစည်းများ၏ အစီရင်ခံစာများတွင် လေ့လာနိုင်သည်။**

(၁) မြန်မာ့ရေးရာ (BI)

(၂) ချင်းလူ့အခွင့်အရေး အဖွဲ့ (CHRO)

(၃) ပြည်တွင်းရွှေ့ ပြောင်း ကရင်ဒုက္ခသည်များ ရေးရာကော်မတီ (CIDKR)

(၄) ထားဝယ်ဖွံ့ဖြိုးရေး အသင်း (DDA)

(၅) နိုင်ငံတကာ ကမ္ဘာမြေအခွင့်အလမ်း (ERI)

(၆) မြန်မာပြည် လွတ်မြောက်ရေးအဖွဲ့ (FBR)

(၇) လူ့အခွင့်အရေး ပညာပေးဌာန (မြန်မာနိုင်ငံ) (HREIB)

(၈) မွန်ဒေသ လူ့အခွင့်အရေး ဖောင်ဒေးရှင်း (HURFOM)

(၉) လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေး အဖွဲ့ (HRW)

(၁၀) ကချင်ဖွံ့ဖြိုးတိုးတက်ရေး ကွန်ယက်အုပ်စု (KDNG)

(၁၁) ကရင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ လှုပ်ရှားမှု ကွန်ယက် (KESAN)

(၁၂) ကရင်အမျိုးသမီး လှုပ်ရှားမှုအဖွဲ့ (KWAG)

(၁၃) ထိုင်းနိုင်ငံရောက် ကချင်အမျိုးသမီးများ အစည်းအရုံး (KWAT)

(၁၄) ကရင် လူ့အခွင့်အရေး အဖွဲ့ (KHRG)

(၁၅) ကရင်နီ လူထုအခြေပြု ကွန်ယက် (KCSN)

(၁၆) လူ့အခွင့်အရေး မှတ်တမ်းတင် ကွန်ယက် (ND-Burma)

(၁၇) ပလောင်အမျိုးသမီး အစည်းအရုံး (PWO)

(၁၈) ပအိုဝ်းလူငယ် အစည်းအရုံး (PYO)

(၁၉) ရှမ်း လူ့အခွင့်အရေး ဖောင်ဒေးရှင်း (SHRF)

## သွယ်ဝိုက် ထိခိုက်မှုများ – ပြည်တွင်းနှင့် ဒေသဆိုင်ရာ

(၁) နိုင်ငံရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် လုပ်ငန်းစဉ်များအပေါ် ခြိမ်းခြောက်မှုများ။

(၂) စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို နှောင့်နှေးစေခြင်း။

(၃) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို အဟန့်အတား ဖြစ်စေခြင်း။

(၄) ဒေသတွင်း လုံခြုံရေးကို ခြိမ်းခြောက်ခြင်း။

## နိုင်ငံရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် လုပ်ငန်းစဉ်များ အပေါ် ခြိမ်းခြောက်မှုများ

ကချင်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများတွင် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများသည် အပစ်ခတ်ရပ်စဲရေး လက်မှတ်ထိုးထားသော အခြား လက်နက်ကိုင် အုပ်စုများကိုပါ ခြိမ်းခြောက်နေသည်။ ဤကဲ့သို့ ခြိမ်းခြောက်မှုများ ရှိနေခြင်းသည် အစိုးရ၏ အမျိုးသားရေး ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် အစိုးရ အနေဖြင့် ရိုးသားမှု ရှိမရှိ ဆိုသည်ကို သံသယ ဖြစ်စေသည်။ KIA ကို ထိုးစစ်ဆင်နေမှုများကို အစိုးရမှ မရပ်တန့်လျှင် ၎င်းတို့၏ အပစ်ခတ်ရပ်စဲထားမှုကို ဖျက်သိမ်းပစ်မည်ဟု DKBA-5 က ခြိမ်းခြောက်ခဲ့သည်။ (ဇန်နဝါရီ (၄) ရက် ၂၀၁၃) UNFC အဖွဲ့ဝင်များ (KNU, KNPP, SSA-N, CNF, NMSP နှင့် PNLO အပါအဝင်) က ကချင် ပဋိပက္ခ ဖြစ်ပွားမှုအတွက် အစိုးရတွင် တာဝန်ရှိသည်ဟု ကြေညာချက်ထုတ်ပြီး အပြစ်တင်လိုက်သည်။ အစိုးရ ထိုးစစ်များ ချက်ခြင်းရပ်တန့်ရန် တောင်းဆိုခဲ့သည်။ (ဇန်နဝါရီ(၁)ရက် ၂၀၁၃) SSPP/SSA မှ UWSA၊ NDAA တို့နှင့် ပူးတွဲကြေညာချက်တွင်လည်း ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေလျှင် ၎င်းတို့အနေဖြင့် အပစ်ခတ်ရပ်စဲထားမှု သဘောတူညီချက်ကို ပြန်လည်သုံးသပ်မည်ဟု ဆိုသည်။ (ဇန်နဝါရီ(၁၀)ရက် ၂၀၁၃) အပစ်အခတ် ရပ်စဲထားသော လက်နက်ကိုင်အုပ်စုများနှင့် ပဋိပက္ခ ပြန်လည်ဖြစ်ပွားမည်၊ အပစ်အခတ် ရပ်စဲထားမှုများ ကျိုးပျက်သွားမည်ဆိုပါက တိုင်းပြည်သည် စစ်အုပ်စုကြီးစိုးသော အနေအထားသို့ ပြန်လည်ရောက်ရှိသွားမည် ဖြစ် သည်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာလျှင် လက်နက်ကိုင်တပ်များမှ နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူနိုင်သည်ဟု ဆိုထားသည်။ စစ်တပ်သည် အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေး ကောင်စီ (NDSC) ကဲ့သို့ အာဏာအရှိဆုံး အခန်းကဏ္ဍတွင် ဆက်လက်တည်ရှိနေပြီး၊ ကာကွယ်ရေး ဦးစီးချုပ်သည် အစိုးရနှင့် သမ္မတ အထက်တွင် တည်ရှိနေသည်ဟု မြင်နေရသည်။ ဥပမာအားဖြင့် ကချင်နှင့် ရှမ်းပြည်နယ်များတွင် ဖြစ်ပွားနေသော ထိုးစစ်များကိုရပ်စဲရန် သမ္မတက အမိန့် နှစ်ခါထုတ်ခဲ့သော်လည်း မြန်မာစစ်တပ်၏ လစ်လျူရှုခြင်းကို ခံခဲ့ရသည်။

## စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို နှောင့်နှေးစေခြင်း

ကာလ ရှည်ကြာ ဖြစ်တည်နေသော ပဋိပက္ခများသည် တိုင်းပြည်၏ စီးပွားရေးနှင့် နိုင်ငံရေး အခြေအနေ အပေါ်ကို ဆိုးဝါးစွာ ဂယက်ရိုက်ခတ် စေသည်။ စစ်တပ် မအုပ်ချုပ်မီ ၁၉၆၂ မတိုင်မီ ကာလက မြန်မာပြည်သည် အာရှတိုက်တွင် ကြွယ်ဝသော နိုင်ငံတစ်ခု ဖြစ်ခဲ့သည်။ အရှေ့တောင်အာရှတွင် အချမ်းသာဆုံးနိုင်ငံ ဖြစ်ရုံမက အာရှတိုက်အတွင်းတွင်လည်း အချမ်းသာဆုံး နိုင်ငံဟု အချို့က ပြောဆိုကြသည်။[၂၅]

ယနေ့ ကာလတွင် အစိုးရသည် ကာကွယ်ရေး အသုံးစရိတ်ကို အမျိုးသားဝင်ငွေ၏ အချိုးပမာဏ ကြီးကြီးမားမားကို အသုံးပြုနေသည်။ ၂၀၁၁ ခုနှစ်တွင် အစိုးရမှ ထုတ်ပြန်သော ၂၀၁၁ ခုနှစ်၊ မတ်လပြန်တမ်း အစီရင်ခံစာအရ စစ်တပ် အသုံးစရိတ်မှာ မြန်မာကျပ်ငွေ ၁.၈ ထရီလီယံရှိပြီး အမျိုးသား ဘဏ္ဍာရေးနှစ် သုံးစွဲငွေ၏ ၂၃.၆% ကို ကိုယ်စားပြုကာ အစိုးရ ရန်ပုံငွေကို အများဆုံး လက်ခံရရှိသည့် ဌာနအဖြစ် ဆက်လက် တည်ရှိနေသည်။ ဤအသုံးစရိတ်သည် မြန်မာ့ GDP ၏ ၅% မှ ၁၀% အထိ ပမာဏ ရှိသည်ဟု ခန့်မှန်းသည်။[၂၆]

ဇန်နဝါရီလ (၃၁) ရက်၊ ၂၀၁၃ ခုနှစ်က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးလှထွန်းက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် တပ်မတော် အသုံးစရိတ်ကို ၁၄.၄% သို့ လျှော့ချမည်ဟု ကြေညာခဲ့သည်၊ သို့ရာတွင် ပညာရေး ၆.၅% (၂၀၁၁ ခုနှစ်တွင် ၃.၇% မှ တိုးလာသည်) နှင့် ကျန်းမာရေး ၃.၄% (၂၀၁၁ခုနှစ်တွင် ၁.၁% မှ တိုးလာသည်) တို့ထက် သိသာ

---

၂၅ http://www.businessweek.com/news/2012-02-23/investor-rogers-compares-myanmar-reforms-to-china-s-opening.html

၂၆ http://articles.janes.com/articles/Janes-Sentinel-Security-Assessment-Southeast-Asia/Defence-budget-Myanmar.html

ထင်ရှားစွာ မြင့်မားနေသေးသည်။[၂၇] သို့ရာတွင် ဘဏ္ဍာရေး ခွဲဝေသုံးစွဲမှုဆိုင်ရာ သဘောအရ တပ်မတော်အသုံး စရိတ်စုစုပေါင်းသည် ၅၇% မှနေ၍ ၆၃% သို့ ယခုနှစ် အစိုးရ ဘဏ္ဍာရေး အသုံးစရိတ်တွင် တိုးလာခဲ့သည်။ ယခင်နှစ် အသုံးစရိတ်သည် ၇.၉ ထရီလီယံကျပ် ရှိခဲ့ပြီး ယခုနှစ်တွင် ၂၀၁၂-၂၀၁၃ အတွက် အသုံးစရိတ်သည် ၁၃ ထရီလီယံကျပ် ရှိသည်၊ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသည့် မှောင်ခိုဈေးကွက် ငွေလဲလှယ်နှုန်းအရ ၂၀၁၂-၂၀၁၃ တပ်မတော် အသုံးစရိတ် အချိုးသည် ယခုနှစ်မှ စ၍ ၁.၉ ထရီလီယံကျပ် သို့မဟုတ် အမေရိကန်ဒေါ်လာ ၂.၃ ဘီလီယံ ရှိမည် ဖြစ်သည်။

ပြည်တွင်းပြည်ပ ရန်သူ ကာကွယ်ရေးနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ကာကွယ်ရေးဆိုင်ရာတို့ အတွက် သီးခြား ရံပုံငွေများလည်း စစ်တပ်အတွက် ရှိသေးသည်၊ ထို့အပြင် စစ်တပ်အတွက် ရံပုံငွေသည် မြန်မာပြည်၏ ပေါကြွယ်ဝသော ကမ်းလွန် သဘာဝဓါတ်ငွေ့ ဝင်ငွေနှင့် စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်း အရင်းအမြစ်များမှ ရရှိသည်။

## နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများအား အဟန့်အတား ဖြစ်စေခြင်း

မြန်မာနိုင်ငံတွင် သဘာဝ အရင်းအမြစ်များ ပေါကြွယ်ဝသော်လည်း လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေး အခြေအနေများကြောင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြားလာရန်မှာ ခက်ခဲနေသေးသည်။ ထိုသယံဇာတ အများစုသည် တိုင်းရင်းသား ဒေသများတွင် တည်ရှိနေပြီး အမျိုးမျိုးသော ဂက်စ်ပိုက်လိုင်း စီမံကိန်း၊ စက်မှုဇုန် စီမံကိန်း၊ ထားဝယ် အထူး စီးပွားရေးဇုန် စီမံကိန်း အစရှိသည့် ကြီးမားသော  စီမံကိန်းကြီးများသည် ယခုအခါ အဆိုပါဒေသများတွင် စတင်နေပြီ ဖြစ်သည်။ လက်ရှိအချိန်တွင် တိုင်းရင်းသားဒေသများရှိ လက်နက်ကိုင်ပဋိပက္ခများနှင့် လူမျိုးရေးဆိုင်ရာ အကြမ်းဖက်မှုများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းကြီးများကို ထိခိုက်နေစေသည်။ ရွှေဂက်စ်ပိုက်လိုင်း တည်ဆောက်နေသည့် ရှမ်းပြည်မြောက်ပိုင်းဒေသတွင် မြန်မာအစိုးရတပ်များနှင့်  SSPP/SSA၊ KIA နှင့် TNLA သည် ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားနေကြသည်။ အဆိုပါပိုက်လိုင်းသည် တရုပ်ပြည်၊ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံမှ ရခိုင်ပြည်နယ်၊ ကျောက်ဖြူ ကို ဆက်သွယ်ထားသည်။

## ဒေသတွင်း လုံခြုံရေးကို ခြိမ်းခြောက်နေခြင်း


၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာ (၃၀) ရက်နေ့တွင် KIO ၏ လိုင်ဇာဌာနချုပ်အား မြန်မာစစ်တပ်က လေကြောင်းမှ တိုက်ခိုက်မှုအတွင်း တရုပ်နိုင်ငံ အတွင်းသို့ ဗုံး ၃ လုံး ကျရောက်ခဲ့သည့်နောက်ပိုင်း တရုတ်တို့အတွက် ကြီးမားသော စိုးရိမ်ပူပန်မှုကို ဖြစ်ပေါ်စေခဲ့သည်။ နောက်ထပ် ဗုံး ၁ လုံးသည်လည်း တရုပ်ပြည်တွင်းသို့ ဇန်နဝါရီလ (၁၅) ရက် ၂၀၁၃ ခုနှစ်တွင် ထပ်မံကျရောက်ခဲ့သည်။ လုံခြုံရေး အခြေအနေ မြှင့်တင်ရန်အတွက် တရုပ်သည် မြန်မာနယ်စပ်နှင့် ကပ်လျှက်ရှိသော ၎င်း၏ နယ်မြေများသို့ စစ်သားများ စေလွှတ်နေသည်ဟု အစီရင်ခံစာများက ဖော်ပြသည်။ ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများသည် မြန်မာ့နယ်မြေကို ခြေကုပ်ယူပြီး အိန္ဒိယအစိုးရကို တိုက်ခိုက်နေသည့် လက်နက်ကိုင် သူပုန်များကို အခွင့်အရေးရစေ၍ အိန္ဒိယနိုင်ငံ၏ လုံခြုံရေးကိုလည်း ထိခိုက်စေသည်။ အတိတ်ကာလက ထိုင်းနိုင်ငံသည်လည်း ၎င်း၏ နယ်စပ်တလျှောက်တွင် ဖြစ်ပွားနေခဲ့သည့် ပဋိပက္ခများကြောင့် ထိခိုက်ခဲ့ရသည်။ နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသော ဒုက္ခသည်စီးဆင်းမှုကလည်း ထိုင်းနယ်ခြား အာဏာပိုင်များအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်ပေါ်စေသည်။

ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် မွတ်စလင်နှင့် ဗုဒ္ဓဘာသာဝင်တို့အကြား ဘာသာရေးဆိုင်ရာ အကြမ်းဖက်မှုက ဒေသတွင်းနိုင်ငံများသို့ ပျံ့နှံ့စေခဲ့သည်၊ ဥပမာအားဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများ တိုက်ခိုက် မီးရှို့ခံရခြင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့် အိန္ဒိယတို့တွင် ဆန္ဒပြမှုများ။ ပါကစ္စတန်ရှိ တာလီဘန်၊ အာဖဂန်နစ်စတန်ရှိ တာလီဘန်နှင့် ဟစ်ဇဘိုလာအဖွဲ့တို့အပါအဝင် အစ္စလမ်မစ် ဘာသာရေး အစွန်းရောက်အဖွဲ့များကလည်း ရခိုင်ပြည်နယ်အတွင်း မွတ်စလင်များအပေါ် ကျူးလွန်သည့် ပြစ်မှုများအတွက် လက်တုန့်ပြန်ရန် မြန်မာ အစိုးရကို ခြိမ်းခြောက်ခဲ့ကြသည်။

တိုးပွားလာသော မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် ကူးသန်းရောင်းဝယ်ခြင်းသည် အကျိုးဆက်အဖြစ် အမျိုးသားလုံခြုံရေးကို ထိပါးစေပြီး  မြန်မာ့ အိမ်နီးချင်း နိုင်ငံများအတွက် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ ပိုမို မြင့်တက်လာစေခဲ့သည်။ ထိုင်း၊ မြန်မာ၊ တရုပ်၊ လာအိုနယ်စပ်များနှင့် ထိစပ်နေသည့် ရွှေတြိဂံဒေသတွင် ရာဇဝတ် ကျူးလွန်မှုများ တိုးပွားနေခဲ့သည်။ တရုပ်သင်္ဘောသားများအား ဘိန်းဘုရင်နော်ခမ်းမှ သတ်ဖြတ်ခဲ့မှုသည် မကြာသေးခင်က ဖြစ်ပွားခဲ့သော ဥပမာ တစ်ခုဖြစ်သည်။

---

၂၇ Myanmar Finance Ministry http://www.mofr.gov.mm/my?q=node/75


အိန္ဒိယ
ကချင်
ဖားကန့်
မြစ်ကြီးနား
တရုတ်
စစ်ကိုင်း
သီပေါ
မိုင်းရှူး
ဘင်္ဂလားဒေ့ရှ်
မန္တလေး
ရှမ်း
လာအို
ရခိုင်
မကွေး
နေပြည်တော်
ကျောက်ဖြူ
ဘင်္ဂလားပင်လယ်အော်
မြဝတီ
ဘားအံ
ကရင်
ထိုင်း
မွန်
ရန်ကုန်
ရတနာ
ရွှေသဘာဝဓါတ်ငွေ့ ပိုက်လိုင်းမြေပုံ
ထားဝယ်
ရေနံနှင့် သဘာဝဓါတ်ငွေ့ ပိုက်လိုင်း
မြန်မာ စစ်တပ်ရင်း
တနင်္သာရီ
ရဲတံခွန်

# (ခ) အရင်းခံအကြောင်းများ

## နိုင်ငံရေး သမိုင်းနောက်ခံ

မြန်မာနိုင်ငံသည် တရားဝင်အားဖြင့် လူမျိုးနွယ်စု (၈) မျိုးရှိ၍ ၎င်းမှ ဆင်းသက်လာသော လူမျိုးကွဲ (၁၃၅) မျိုး ရှိသည်ဟု အစိုးရက သတ်မှတ်ထားသည်။ ဗမာမဟုတ်သော မျိုးနွယ်စုများ၏ လူဦးရေသည် မြန်မာနိုင်ငံ လူဦးရေ၏ (၃၂%) ရှိသည်။

မြန်မာနိုင်ငံတွင် ကိုလိုနီခေတ်မှစ၍ ပြန်ကြည့်မည်ဆိုလျှင် မတူကွဲပြားသော တိုင်းရင်းသား လူမျိုးပေါင်းစုံတို့အကြား ဖြစ်ပွားလာခဲ့သော ပဋိပက္ခသည် နက်ရှိုင်းစွာ အမြစ်တွယ်နေသည်။ တိုင်းပြည်အတွင်း ကာလရှည်ကြာစွာအခြေချ နေထိုင်နေပြီး အရေအတွက်အားဖြင့်လည်း များပြားသော တရုပ်နှင့် အိန္ဒိယ မျိုးနွယ်စုတို့သည် အမျိုးသားရေး ဝါဒီများအတွက် လူမျိုးရေးမုန်းတီးမှုနှင့် လူမျိုးရေးခွဲခြားရေးအတွက် ပစ်မှတ်များ ဖြစ်နေသည်။ ယနေ့ကာလတွင် အိန္ဒိယနွယ်ဖွားနှင့် တရုပ်နွယ်ဖွားများသည် နိုင်ငံလူဦးရေ စုစုပေါင်း၏ ၂% နှင့် ၃% စီရှိနေကြသည်။[၂၈] တရုပ်နွယ်ဖွားနှင့် အိန္ဒိယ နွယ်ဖွားတို့၏ ချမ်းသာကြွယ်ဝမှုမှာ ပို၍ သိသာ ထင်ရှားလာခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း ရိုဟင်ဂျာများနှင့် ရခိုင်လူမျိုးများအကြား လူမျိုးရေးတင်းမာမှုနှင့် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည်။ လူအများအနေဖြင့် ရိုဟင်ဂျာများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင် ရွှေ့ပြောင်းလာရောက် အခြေချနေထိုင်သည့် လူမျိုးများဖြစ်သည်ဟု သတ်မှတ်ထားကြသည်။ သို့သော်လည်း လူအချို့က ရိုဟင်ဂျာများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်စပ်ခြင်းကပ်လျှက်တည်ရှိသော၊ ရခိုင်ပြည်နယ် မြောက်ပိုင်းမှ မူလဒေသခံ တိုင်းရင်းသား တမျိုးဖြစ်သည်ဟုဆိုသောအချက်မှာ ယခုအချိန်ထိ အငြင်းပွားဖွယ် ဖြစ်နေသည်။

အင်္ဂလိပ် အုပ်ချုပ်ရေးအောက်တွင် တိုင်းရင်းသား လူမျိုးစုများသည် ၎င်းတို့၏ အမိန့်နာခံမှု၊ လိုက်နာမှုများကြောင့် အများစုဖြစ်သော ဗုဒ္ဓဘာသာ ဗမာလူမျိုးများထက် မျက်နှာသာပေး ဆက်ဆံခံခဲ့ရသည်။ အများစုမှာ စစ်တပ်အတွင်း အဆင့်မြင့် ရာထူးတာဝန်များ ပေးအပ်ခြင်းခံရသည်။ ဤအကြောင်းကပင် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများ ပိုင်ဆိုင်ထားသည့် မြင့်မားသော စစ်ရေးစွမ်းရည်၏ ပင်ရင်းအခြေခံဟု ရှင်းပြရမလိုဖြစ်သည်။

၁၉၄၈ ခုနှစ် လွပ်လပ်ရေးရပြီး  အချိန်တို အတွင်းမှာပင် လွပ်လပ်ရေးရအောင် ဦးဆောင်ခဲ့သည့် ဗမာ အများစု ဦးဆောင်သော အစိုးရနှင့် အချို့သော တိုင်းရင်းသား လူမျိုးများအကြား၌ ပြည်တွင်းစစ် စတင်ခဲ့သည်။ ယနေ့ကာလ အတိအကျ ဆိုရလျှင် KNU သည် ကမ္ဘာပေါ်တွင် သက်တမ်းအကြာရှည်ဆုံး ပြည်တွင်းစစ်ကို ဆင်နွှဲနေသည့် အဖွဲ့အစည်း တစ်ခုဖြစ်သည်။ ဦးနုဦးဆောင်သော အရည်အချင်း မပြည့်ဝသည့် အရပ်သား အစိုးရလက်အောက်တွင် တိုင်းပြည်သည် ပြိုကျလုနီးပါး ဖြစ်ခဲ့သည်။ ထိုအချိန်တွင် နေဝင်းဦးဆောင်သည့်စစ်တပ်က ၁၉၆၂ ခုနှစ်၌ အာဏာသိမ်းခဲ့သည်။ ထို့အချိန်မှစ၍ တိုင်းရင်းသား ပြဿနာကို အကြောင်းပြု၍ စစ်တပ်သည် ၎င်း၏တရားဝင်မှုကို ချဲ့ထွင်လာခဲ့သည်။ တိုင်းရင်းသားရေးရာ ပြဿနာများကို ပြေလည်အောင် ဖြေရှင်းခြင်းသည် ရေရှည် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးအတွက် ယခုအချိန်အထိ သော့ချက်ကျသော ကိစ္စရပ်တစ်ခုအဖြစ် ဆက်လက် တည်ရှိနေသည်။

## တိုင်းရင်းသားတို့၏ နစ်နာချက်များ

တိုင်းရင်းသား လူမျိုးများနှင့် ဗဟိုအစိုးရအကြား ရန်လိုမုန်းတီးမှုများသည် ကာလကြာရှည်စွာ တည်ရှိနေခဲ့သည်။ ၎င်းတို့သည် နိုင်ငံတော်၏ရန်သူနှင့် ဒုတိယတန်းစား နိုင်ငံသားများအဖြစ် ရှုမြင်ခံနေရဆဲလည်း ဖြစ်သည်။ ရှည်လျားသော စစ်ပွဲနှင့် ဗဟိုအစိုးရ၏ လစ်လျူရှုခံရခြင်းက တိုင်းရင်းသားဒေသ အများစုကို အလွန်ဆိုးဝါးသော အခြေအနေသို့ တွန်းပို့ခဲ့သည်။ ၁၉၉၆-၉၈ အတွင်း ကျင့်သုံးခဲ့သော မြန်မာအစိုးရ စစ်တပ်၏ ဖြတ် (၄) ဖြတ် ပေါ်လစီ ကြောင့် ပဋိပက္ခဖြစ်ပွားနေသော ဇရိယာများ အတွင်းနှင့် ပြင်ပဇရိယာများပါ စီးပွားရေး ကျဆင်းမှုဒဏ်ကို ခံခဲ့ရသည်။

## ပေါ်လစီတွင် အောက်ပါတို့ပါဝင်သည်-

(၁) လက်နက်ကိုင်သူပုန်များအတွင်း အဆက်အသွယ် လမ်းကြောင်းများကို ဖြတ်တောက်ပိတ်ဆို့ခြင်း။

---

၂၈ https://www.cia.gov/library/publications/the-world-factbook/geos/bm.html

(၂) သူပုန်နယ်မြေများသို့ လူများနှင့် ရောင်းဝယ်သော ကုန်စည်များ မဝင်ရောက်စေရန် ပိတ်ပင်ထားခြင်း။

(၃) ရိက္ခာထောက်ပံ့ခြင်း၊ သတင်းပေးခြင်း၊ ရံပုံငွေကောက်ခံခြင်းနှင့် တပ်သားသစ်စုဆောင်းပေးခြင်း စသော အကြောင်းရင်းများအတွက် တာဝန်ရှိသော အမာခံများကို ရှာဖွေ ရှင်းလင်း သုတ်သင်ခြင်း။

(၄) သူပုန်များ ဝင်ငွေလျော့ပါးစေရန် ကုန်သွယ်မှုကို ဖြတ်တောက်ထားခြင်း။

ယနေ့တိုင်အောင်ပင် တိုင်းရင်းသားလူမျိုး လူဦးရေမြင့်မားသော ဒေသများသည် တိုင်းပြည်တွင်း အဆင်းရဲ အမွဲတေဆုံး ဒေသများအဖြစ် ဆက်လက်တည်ရှိနေသည်။ ဆက်သွယ်ရေး အခက်အခဲနှင့် နားလည်မှုကင်းမဲ့ခြင်းကလည်း တိုင်းရင်းသားနှင့် လူများစု ဗမာများကြား မယုံကြည်မှုကို နက်ရှိုင်းစေသည်။


အောက်ပါဖော်ပြချက်များသည် တိုင်းရင်းသားတို့၏ မကျေနပ်ချက်များဖြစ်သည်

- ဆင်းရဲမွဲတေမှုများသော တိုင်းရင်းသား ပြည်နယ်များမှာ၊ ချင်း (၇၃%)၊ ရခိုင် (၄၄%) နှင့် ရှမ်း (၃၃%)။[၂၉]
- တိုင်းရင်းသား ဒေသများတွင် ဖွံ့ဖြိုးမှု နိမ့်ကျနေသည်၊ ဥပမာ- လျှပ်စစ်မီးမရှိ၊ သင့်တင့်သော လမ်းပန်း ဆက်သွယ်ရေးနှင့် အခြားသော အခြေခံအဆောက်အဦများ မရှိခြင်း။
- မြေယာသိမ်းယူမှုများနှင့် အတင်းအကျပ်ပြောင်းရွှေ့မှုများ။
- သဘာဝ အရင်းအမြစ်များမှ ဝင်ငွေများကို မျှတသော ခွဲဝေမှု မရှိခြင်း။
- ၂၀၁၀ ခုနှစ် စာရင်းဇယားများအရ စာတတ်မြောက်မှု ရာခိုင်နှုန်းသည် တိုင်းရင်းသား ပြည်နယ်များတွင် အနိမ့်ဆုံးဖြစ်သည်။ ရှမ်းပြည်နယ် (၇၅% - ရှမ်းပြည်အရှေ့ပိုင်း ၅၂.၂%)၊ ရခိုင်ပြည်နယ် (၇၅.၁%)၊ ကယားပြည်နယ် (၈၄.၇%)၊ ကချင်ပြည်နယ် (၈၇.၂%)၊ ချင်းပြည်နယ် (၈၇.၄%)နှင့် ကရင်ပြည်နယ် (၈၉%)[၃၀] ။
- မူးယစ်ဆေးဝါး အသုံးပြုမှုများသည် တိုင်းရင်းသားလူငယ်များတွင် အမြင့်မားဆုံး ဖြစ်သည်။ အထူးသဖြင့် ကချင်နှင့် ရှမ်းပြည်နယ်တွင် ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ တိုင်းရင်းသား လူငယ်များအား အားနည်းစေ၍၊ သောင်းကျန်းသူများနှင့် သွားရောက်ပူးပေါင်းခြင်းမှ ကာကွယ်သည့်သဘောဖြင့် အစိုးရမှ ရည်ရွယ်ချက်ရှိရှိပြုလုပ်သော မဟာဗျူဟာဟု အချို့က ဆိုသည်။
- လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများ ကင်းမဲ့ခြင်း - လတ်တလောတွင် တိုင်းရင်းသား အုပ်စုများသည် ၎င်းတို့၏ ကိုယ်ပိုင် ဘာသာစကားများအား လေ့လာခွင့် သို့မဟုတ် သင်ကြားခွင့် အခွင့်အရေး မရှိကြပေ၊ ထို့အပြင် ဓလေ့ထုံးတမ်းစဉ်လာ ယဉ်ကျေးမှု အလေ့အကျင့်များနှင့် ရှေးဟောင်းအမွေအနှစ် နေရာများကို အကာအကွယ်ပေး ထိန်းသိမ်းခံရမှုလည်း မရှိကြပေ။
- ဖွံ့ဖြိုးရေး စီမံကိန်းများကြောင့် သဘာဝဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုများ
  - ◊ စီမံကိန်းများအတွက် မြေယာများသိမ်းယူခြင်း။
  - ◊ စီမံကိန်းများကြောင့် ရေလွှမ်းမိုးခံရခြင်း။
  - ◊ စီမံကိန်းများကြောင့် အတင်းအကျပ်ပြောင်းရွှေ့ခံရခြင်း။
- နိုင်ငံရေးနှင့် သက်ဆိုင်သော အခွင့်အလန်းများ မညီမျှခြင်း။
- လူ့အခွင့်အရေး ချိုးဖောက်မှုများ မြင့်မားခြင်း (အတင်းအဓမ္မ လုပ်အားစေခိုင်းခြင်း၊ ဥပဒေမဲ့ အခွန်ကောက်ခံခြင်း၊ မြေယာများသိမ်းယူခြင်း၊ လူမျိုးနှင့် ဘာသာရေးအရ ခွဲခြားဆက်ဆံ ခံရခြင်း)။

---

၂၉ http://www.elevenmyanmar.com/business/2230-myanmar-unemployment-rate-near-40-percent-study-finds

၃၀ http://www.mm.undp.org/ihlca/01_Poverty_Profile/index.html pg.90


အိန္ဒိယ
ကချင်
တရုတ်
စစ်ကိုင်း
ဘင်္ဂလားဒေ့ရှ်
ချင်း
မန္တလေး
ရှမ်း
လာအို
နေပြည်တော်
ရခိုင်
ကယား
ပဲခူး
ဘင်္ဂလားပင်လယ်အော်
ကရင်
မွန်
ရန်ကုန်
ထိုင်း
တနင်္သာရီ
တိုင်းရင်းသား ဒေသများ
ကချင်
ကယား
ကရင်
ချင်း
မွန်
ပအိုဝ်း
ရှမ်း
ရခိုင်
ဝ
ထားဝယ်
နာဂ
ပလောင်
လားဟူ

# စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ဒေါက်တိုင်များ


အစိုးရနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ ထုတ်ယူသုံးစွဲနေသော သဘာဝအရင်းအမြစ်များ စက်မှုစီမံကိန်းများမှ ရရှိသော အကျိုးအမြတ်များကို မျှတမှုမရှိဘဲ ခွဲဝေသုံးစွဲခြင်းတို့သည် တိုင်းရင်းသားဒေသများတွင် အများဆုံး ဖြစ်ပွားနေသည်ဟု ဝေဘန်ခြင်း ခံရသည်။ ဒေသခံ ပြည်သူများသည် ၎င်းတို့မြေပေါ်တွင် လာရောက်လုပ်ကိုင်နေသည့် ဖွံ့ဖြိုးရေး စီမံကိန်း များမှရရှိသည့် အကျိုးအမြတ်အပေါ် အနည်းငယ်မျှသာ ခံစားကြရသည်။ တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများ၏ အဓိက တောင်းဆိုချက်တစ်ခုမှာ သဘာဝရင်းမြစ်များမှ ရရှိသောဝင်ငွေများကို ခွဲဝေသုံးစွဲရာတွင် တရားမျှတမှုရှိရေးပင် ဖြစ်သည်။

အစိုးရသည် လက်နက်ကိုင် တိုင်းရင်းသား အုပ်စုများအား အချို့သော အကန့်အသတ်ရှိ စီးပွားရေး လုပ်ပိုင်ခွင့်များ ပေးအပ်ခြင်းဖြင့် အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုများတွင် အောင်မြင်မှုများ ရရှိနေသည်။ အထူးသဖြင့် ၁၉၉၀ ရွေးကောက်ပွဲ ပြီးသည့်နောက်ပိုင်း ကချင်ပြည်နယ်မှ KIO၊ ရှမ်းပြည်နယ်နှင့် ကရင်နီပြည်နယ်မှ အချို့သော လက်နက်ကိုင် အဖွဲ့များ ဖြစ်ကြသည်။ ၂၀၁၀ ရွေးကောက်ပွဲ ပြီးသည့်နောက်ပိုင်း အစိုးရသည် အပစ်ရပ်ဒေသများ အတွင်းနှင့် အပြင်ဘက်များရှိ လက်နက်ကိုင် အင်အားစုများအား တရားဥပဒေ ဘောင်အတွင်း ဝင်ရောက်လာရေးအတွက် စီးပွားရေးနှင့် လုပ်ငန်း ကိုင်ငန်း အခွင့်အလမ်းများ ဖြင့်မြူဆွယ်ခဲ့သည်။

တိုင်းရင်းသား ဒေသများ၏ စီးပွားရေး မြေမျက်နှာသွင်ပြင်မြေပုံကို နားလည်စေရန် အောက်ဖော်ပြပါ စာရင်းတွင် လက်ရှိနှင့် ရည်မှန်းထားသော စီမံကိန်းများ၊ သိရှိထားပြီး အမြတ်ထုတ် မခံရသေးသော အရင်းအမြစ်များ ပါဝင်သည်။

| | |
|---|---|
| ချင်းပြည်နယ် | တမူး စီးပွားရေးဇုန် (ရည်ရွယ်ထား)၊ ဖွံ့ဖြိုးရေးစီမံကိန်း (တမူးကလေး လမ်းစသဖြင့်) နှင့် လက်ဘက် စိုက်ပျိုးရေး<br><br>- ရေကာတာ (၆) ခု စီမံကိန်း- ဇလူး၊ တုံဗာ၊ ဧစည်ဗာ၊ နမ့်လှောင်မြစ်လက်တက်၊ လိုင်ဗာ၊ ထွီးဆောင်းနှင့် ချီချောင် (အားလုံး အစိုးရစီမံကိန်း) |
| ကချင်ပြည်နယ် | သစ်ထုတ်လုပ်မှု၊ သတ္တုတွင်းမိုင်း (ရွှေ၊ ကျောက်စိမ်း)၊ စိုက်ပျိုးရေး စီးပွားရေး လုပ်ငန်း (ရော်ဘာ၊ ကျွန်းသစ်၊ ကြံစိုက်ပျိုးရေး၊ ငှက်ပျောပင် စိုက်ပျိုးရေး)၊ လဲန်သနိုက်ဒ် ဒြပ်စင် ရှာဖွေ သိမ်းဆည်းရေး<br><br>- ရေအားလျှပ်စစ် ရေကာတာများ၊ မြစ်ဆုံ၊ တာပိန်၊ ချီဖွေ၊ ပါရှိ၊ လာကင်နှင့် ဖီဇော စသဖြင့် |
| ကရင်ပြည်နယ် | သစ်ထုတ်လုပ်ရေး (ကျွန်း)၊ သတ္တုတွင်း (ရွှေ၊ ကြေး)၊ ရေအားလျှပ်စစ်၊ ထားဝယ်စီမံကိန်းနှင့် ဆက်သွယ်သည့် လမ်းကြောင်းနှင့် ရော်ဘာစိုက်ပျိုးရေး<br><br>- အထူး စက်မှုဇုန် အဖြစ် ရည်ရွယ်ထားသည့် စီမံကိန်း(၃)ခု၊ မြဝတီ၊ ဖားအံ၊ ဘုရားသုံးဆူ |
| ကရင်နီ ပြည်နယ် | တသီးပုဂ္ဂလ ရော်ဘာနှင့် ဆီအုန်း စိုက်ပျိုးရေးများ၊ သစ်ထုတ်လုပ်ရေးနှင့် သတ္တုတူးဖော်ရေး (ကြေး၊ ခနောက်စိမ်း) မြေယာအသုံးပြုခြင်း၊ စကျင်ကျောက် စက်ရုံ၊ လွိုင်ကော် စက်မှုဇုန်<br><br>- ရေကာတာများ၊ လောပီတ၊ ဘီလူးချောင်း၊ ရွာသစ် |

| | |
|---|---|
| မွန် ပြည်နယ် | သီဟိုဠ်၊ ကွမ်းသီးခြံ၊ ရော်ဘာနှင့် ဆီအုန်း စိုက်ပျိုးရေး၊ သစ်ထုတ်လုပ်ရေး၊ ရတနာနှင့် ရဲတံခွန် သဘာဝဓါတ်ငွေ့ ပိုက်လိုင်း စီမံကိန်းများ<br><br>-အီတာလျံ-ထိုင်း(ITD) ဖွံ့ဖြိုးရေး ကုမ္ပဏီရထားလမ်း၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ ပိုက်လိုင်း စီမံကိန်းများနှင့် နယ်စပ်ဖြတ်ကျော် နယ်မြေစွန်းတလျှောက် လျှပ်စစ်စွမ်းအား ဖြန့်ဖြူးရေး<br><br>-ထားဝယ် ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်၊ (ITD) ၏ နယ်စပ်ဖြတ်ကျော် နယ်မြေစွန်းပေါ်ရှိ တီကီး/မင်းသမီး နယ်စပ်အနီးနှင့် မြိတ်သို့သွားသည့် မောတောင်းနယ်စပ် တနင်္သာရီဒေသတွင် စက်မှုစီမံကိန်းဇရိယာ တည်ထောင်ရေး စီမံကိန်းများလည်းရှိသည် |
| ရခိုင် ပြည်နယ် | ရွှေရေနံနှင့် သဘာဝဓါတ်ငွေ့၊ ကျောက်ဖြူ စီးပွားရေးဇုန်၊ ကျောက်ဖြူနှင့် စစ်တွေ ရေနက်ဆိပ်ကမ်း (ရည်ရွယ်ထား)၊ ပုဏ္ဏားကျွန်း စက်မှုဇုန် (ရည်ရွယ်ထား)၊ ငါးဖမ်းနှင့် စိုက်ပျိုးရေးလုပ်ငန်း၊ ကုလားတန်မြစ် စီမံကိန်း<br><br>-ရေကာတာများ၊ လေးမြို့ချောင်း၊ သုဌေးချောင်း၊ အမ်းချောင်းနှင့် စိုင်းဒင် |
| ရှမ်း ပြည်နယ် | သတ္တုတူးဖော်ရေး (ရွှေ၊ ငွေ၊ ကြေး၊ သွပ်၊ ပတ္တမြား၊ ကျောက်မီးသွေး၊ သစ်ထုတ် လုပ်ရေး (ကျွန်း)၊ စိုက်ပျိုးရေး လုပ်ငန်းများ (ရော်ဘာ၊ ဆန်စပါး)၊ လက်ဘက်စိုက်ပျိုးရေး<br><br>-မုံးထ စက်မှုဇုန် (RCSS/SSAမှ ရည်ရွယ်ထား)၊ နမ့်မောဝ် စက်မှုဇုံ (အစိုးရမှရည်ရွယ်ထား)၊ မူဆယ်စီးပွားရေးဇုန်<br><br>-ရေကာတာများ၊ ကျိုင်းတောင်း၊ မိုးပြဲ၊ နောင်ဖား၊ ရွှေလီ၊ ပင်လောင်း၊ တာဆန်း၊ ရဲရွာ၊ ဇော်ဂျီ |


သဘာဝအရင်းအမြစ်များ မြေပုံ
အိန္ဒိယ
တရုတ်
ဘင်္ဂလားဒေ့ရှ်
လာအို
ထိုင်း
ဘင်္ဂလားပင်လယ်အော်
ဖားကန့်
မြစ်ကြီးနား
စစ်ကိုင်း
မိုင်းရှူး
ရှမ်း
တာ့ချီလိတ်
နေပြည်တော်
ကျောက်ဖြူ
ဘားအံ
မြဝတီ
ကရင်
မွန်
ရန်ကုန်
ရတနာ
ထားဝယ်
တနင်္သာရီ
ရဲတံခွန်
ပိုက်လိုင်း
ရေကာတာ
စီးပွားရေး/စက်မှုဇုန်
ရတနာတွင်း
ရွှေတွင်း
လဲန်သနိုက်ဒ် ဒြပ်စင်
ခနောက်စိမ်း
ကျောက်မီးသွေးတွင်း
သစ်ထုတ်လုပ်ရေး
ဂတ်စ် လုပ်ကွက်

## ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးရာများ

၂၀၁၁ ခုနှစ် ဇန်နဝါရီလ (၃၁) ရက်နေ့တွင် အတင်းအကျပ် ပြဋ္ဌာန်းခဲ့သည့်၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ တိုင်းရင်းသားတို့ ရည်မှန်းချက် ပန်းတိုင်ဖြစ်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆီသို့ ဦးတည်သော အပြုသဘောဆောင်သည့် တိုးတက်မှုလက္ခဏာများကို တွေ့ရသည်။ ဖွဲ့စည်းပုံထဲတွင် တိုင်းရင်းသား လူမျိုးစုများ၏ အခွင့်အရေးနှင့် တန်းတူညီမျှမှုကို ဥပဒေအရ ထည့်သွင်းထားပြီး ပို၍အရေးကြီးသည်မှာ ဗဟိုချုပ်ကိုင်မှု အာဏာကို လျော့ချထားပြီး ဒီမိုကရေစီစနစ် ကျင့်သုံးသော ဖက်ဒရယ်ပုံစံ ရယူထားသည်။

တချိန်တည်းမှာပင် ထည့်သွင်း ဖော်ပြထားခြင်းမရှိသေးသည့် အရေးကြီးသော အခြားကိစ္စရပ်များလည်း ရှိနေသည်။ အမည်နာမ တပ်၍ပြောရမည်ဆိုလျှင် ဘဏ္ဍာငွေခွဲဝေရေးနှင့် အာဏာခွဲဝေရေးတို့ဖြစ်သည်။ ၎င်းကဏ္ဍနှစ်ခုကို အသေးစိပ်စတင် အကောင်အထည်ဖော်မည့် အချက်အလက်များ မပါရှိဘဲ ယေဘုယျ သဘောဆောင်သည့် ဝေါဟာရများဖြင့်သာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည်။ အုပ်ချုပ်ရေးမဏ္ဍိုင်သည်ဗဟိုအစိုးရဝန်ကြီးဌာနများနှင့် ဒေသန္တရဆိုင်ရာ အစိုးရများ အကြား အာဏာကို မည်သို့မည်ပုံ ပိုင်းခြားထားမည်၊ ညှိနှိုင်းဆောင်ရွက်သွားမည် ဆိုသည်ကို တိတိကျကျ ဖွင့်ဆို မထားပေ။ အစိုးရအဖွဲ့ အဆင့်ဆင့်တွင် စစ်တပ်အတွက်လျာထားသော လုပ်ပိုင်ခွင့်အာဏာမှာ အလွန်အကျွံ များပြားနေပြီး သမ္မတ အာဏာထက် ကျော်လွန်နေခြင်းကလည်း တိုင်းရင်းသားအုပ်စုများ အတွက် အကြီးမားဆုံး စိုးရိမ် ပူပန်မှုကို ဖြစ်စေသည်။ စစ်တပ်အတွက် ပါလီမန်တွင် ၂၅% နေရာ ပေးထားရခြင်း၏ အဓိပ္ပါယ်မှာလည်း ၎င်းတို့၏ သဘောတူညီမှုမပါဘဲ မည်သည့်ပြင်ဆင်မှုမျိုးကိုမဆို လွယ်လွယ်ကူကူ မလုပ်နိုင်စေရန် ဖြစ်သည်။ ဤသို့ ဖြစ်နေခြင်းကြောင့် တိုင်းပြည်၏ အရေးပေါ် အခြေအနေတွင် လူ့အခွင့်အရေးများနှင့် ဒီမိုကရေစီဆိုင်ရာ ဥပဒေများကို ကပြောင်းကပြန် ဖြစ်စေနိုင်သည်။ ထို့အတွက် လက်နက်ကိုင် အုပ်စုအများစုက ပါလီမန်ပြင်ပတွင် နိုင်ငံရေးအရ စကားပြောရန် အတွက် တောင်းဆိုနေကြခြင်း ဖြစ်သည်။

## ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ

ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်းများတွင် “တိုင်းရင်းသားလူမျိုးများ” အတွက် အခွင့်အရေးများနှင့် အကာအကွယ်ပေးခြင်းများ ပြဋ္ဌာန်းထားသည်။

အခန်း (၁) နိုင်ငံတော် အခြေခံမူများ

၁၅။ လျော်ကန်သင့်မြတ်သော လူဦးရေရှိသည့် တိုင်းရင်းသား လူမျိုးများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရစီရင်စု ဥပဒေပြုရေးတွင် ထိုတိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိသည်။

(ဂ) ပုဒ်မ ၁၅ အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဥပဒေပြုရေးတွင် ကိုယ်စားလှယ် ပါဝင်ခွင့်ရရှိသည့် တိုင်းရင်းသား လူမျိုးဖြစ်လျှင် ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု အုပ်ချုပ်ရေးတွင် အဓိကအားဖြင့် ထိုတိုင်းရင်းသား လူမျိုးများရေးရာကို ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုရမည်။

၂၂။ နိုင်ငံတော်သည် — (က) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။ (ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်း စေရန် ကူညီ ဆောင်ရွက်မည်။ (ဂ) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်း ဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်။

အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်များ

၃၅၄။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါ အခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့်ရှိသည်။

(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

(ဂ) အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့ စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကိုလည်းကောင်း၊ အခြား ဘာသာ သာသနာကို လည်းကောင်း ထိခိုက်နစ်နာမှု မရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့် ဓလေ့ ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။

အခန်း(၉) - ရွေးကောက်တင်မြှောက်ခြင်း

( ဂ ) ထို့ပြင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာ တိုင်းရင်းသားများသည် မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသား လူမျိုးစု လွှတ်တော် ကိုယ်စားလှယ်များ ရွေးကောက် တင်မြှောက်ရာတွင်လည်း ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသည်။

ညီညွတ်သော တိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) ဟုခေါ်သော တိုင်းရင်းသား မဟာမိတ်အဖွဲ့၏ ၁၉၉၀ ခုနှစ် မူဝါဒနှင့် အခြေခံစည်းမျဉ်းမှ ပြဋ္ဌာန်းသော အချက် (၈) ချက်တွင် (၅) ချက်တူညီသည်။

၁ - အချုပ်အခြာအာဏာ - လူမျိုးတစ်မျိုး သို့မဟုတ် ပြည်နယ်တစ်ပြည်နယ်တည်းကို ရည်ရွယ်သည် မဟုတ်ဘဲ ပြည်ထောင်စု မြန်မာနိုင်ငံရှိ ပြည်သူများသည် ပြည်ထောင်စု နိုင်ငံတော်၏ အချုပ်အခြာ အာဏာကို ပိုင်ဆိုင်သည်။

၂ - ပြည်ထောင်စု လွှတ်တော်တွင် ဥပဒေပြု အထက်နှင့်အောက်လွှတ်တော် ၂ ရပ်ရှိရေး။

၃ - တိုင်းရင်းသားရေးရာ အခန်းကဏ္ဍများတွင် ညီတူမျှတူ ကိုယ်စားပြုခွင့်။

၄ - ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ် ဗဟိုတရားရုံး။

၅ - ပါတီစုံ ဒီမိုကရေစီ။

*၆ - ပြည်နယ် အခြေခံဥပဒေများ (ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခွင့်အလမ်းများ)- ပြည်နယ် အခြေခံဥပဒေများ မရှိခြင်း (ပုံမှန် အကူးအပြောင်း ကာလတစ်ခု ရှိရန်လိုအပ်သည်)။

*၇ - ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် ကျားမ တန်းတူညီမျှရေး (ပြည်ထောင်စုနှင့် ပြည်နယ်အဆင့် လွှတ်တော်အဆင့် အားလုံးတွင် အမျိုးသမီးများ ၃၀% ပါဝင်ခွင့်ရှိရေး)- စစ်တပ် အတွက် ပါလီမန်တွင် ၂၅% အဆင်သင့်ရှိသော်လည်း- အမျိုးသမီးများအတွက် လျာထားမှု မရှိခြင်း (ပုံမှန် အကူးအပြောင်းကာလတစ်ခု ရှိရန်လိုအပ်သည်)။

*၈ - ညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုသည်တို့မှာ အဓိပ္ပါယ် နစ်ခွထွက်ခြင်းနှင့် စစ်မှန်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ အမှန်တကယ်ရှိ မနေခြင်း။

(ဆလိုင်း လျှန်မှုန်းဆာခေါင်၏ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တိုင်းရင်းသားရေးရာ ကိစ္စများ- အမျိုးမျိုးသော တိုင်းရင်းသား အုပ်စုများ၏ ရည်မှန်းချက်များ မည်မျှကျယ်ကျယ်ပြန့်ပြန့်နှင့် ကျေနပ်မှုရရှိစေရန် လုပ်ဆောင်နိုင်ခဲ့ ပါသလဲ)

ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ဖက်ဒရယ် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အကောင်အထည် ဖော်ရေးအတွက် ဖွဲ့စည်း တည်ဆောက်ပုံဆိုင်ရာ စိန်ခေါ်ချက်များ

စစ်မှန်သော ဖက်ဒရယ် စနစ်တစ်ခုကို စတင် အကောင်အထည် ဖော်ဆောင်ရေးအတွက် စိန်ခေါ်ချက်များစွာ ရှိနေသည်- ဗဟိုချုပ်ကိုင်မှုစနစ် လျှော့ချရေးနှင့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အားလုံးသည် အစိုးရ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ၏ လွှမ်းမိုးထားမှုကို ခံနေရသည်။ ပြည်နယ်များ၏ ဥပဒေပြုရေး မဏ္ဍိုင်များမှ ပြောရေးဆိုခွင့်ရှိသူ အားလုံးနှင့် ပြည်နယ်များ၏ အုပ်ချုပ်ရေးမဏ္ဍိုင် အကြီးအကဲများဖြစ်သည့် ဝန်ကြီးများကဲ့သို့သော (စစ်တပ်ဘက်မှ လာသူ ကရင်ပြည်နယ် ဝန်ကြီးချုပ်မှလွဲ၍) သူများ အားလုံးသည် USDP မှ ဖြစ်ကြသည်။

## ပြည်နယ် ဥပဒေပြုရေးမဏ္ဍိုင်မှ ပြောရေးဆိုခွင့်ရှိသူများ

| ပြည်နယ် | အမည် | ပါတီ |
|---|---|---|
| ကချင် ပြည်နယ် | ဦးရဝမ်ဂျုံး | USDP |
| ကယား ပြည်နယ် | ဦးကျော်ဆွေ | USDP |
| ကရင် ပြည်နယ် | ဦးစောအောင်ကျော်မင်း | USDP |
| ချင်း ပြည်နယ် | ဦးဟောခင်ခမ် | USDP |
| မွန် ပြည်နယ် | ဦးကြင်ဖေ | USDP |
| ရခိုင် ပြည်နယ် | ဦးထိန်းလင်း | USDP |
| ရှမ်း ပြည်နယ် | ဦးစိုင်းလုံဆိုင်း | USDP |

## ပြည်နယ်ဝန်ကြီးချုပ်များ

| ပြည်နယ် | အမည် | ပါတီ | ဖော်ပြချက် |
|---|---|---|---|
| ကချင်ပြည်နယ် | ဦးလဂွန်နန်ဆိုင်း | USDP | ကချင်စီးပွားရေးသမား |
| ကယားပြည်နယ် | ဦးခင်မောင်ဦး | USDP | ကယားပြည်နယ်တွင် တသီးပုဂ္ဂလ လူသိထင်ရှားသူ |
| ကရင်ပြည်နယ် | ဗိုလ်မှူးချုပ်ဇော်မင်း | စစ်တပ်မှ | ကရင်ပြည်နယ် နအဖ ဥက္ကဋ္ဌဟောင်း |
| ချင်းပြည်နယ် | ဦးဟုမ်းငိုင်း | USDP | ချင်းပြည်နယ် နအဖဥက္ကဋ္ဌဟောင်း (ဗိုလ်မှူးချုပ်ဟောင်း) |
| မွန်ပြည်နယ် | ဦးအုန်းမြင့် | USDP | သတ္တုတွင်းဝန်ကြီး ဝန်ကြီးဟောင်း (ဗိုလ်ချုပ်ဟောင်း) |
| ရခိုင်ပြည်နယ် | ဦးလှမောင်တင် | USDP | စစ်တပ်ဗိုလ်မှူးကြီးဟောင်း |
| ရှမ်းပြည်နယ် | ဦးအောင်မြတ် | USDP | ခြေမြန်တပ်မ(၆၆) ဒုဗိုလ်မှူးကြီးဟောင်း |

သို့သော်လည်း တိုင်းရင်းသား နိုင်ငံရေးပါတီများသည် ပါလီမန်တွင်း ဥပဒေပြုရေးတွင် ၎င်းတို့၏အခန်းကဏ္ဍနှင့် သြဇာ သက်ရောက်မှုမှာ အကန့်အသတ်များ ရှိနေသည်။ (ထိုအထဲမှ အချို့မှာ အင်အားကြီးသော ပါတီများမှာ)

| စဉ် | ပါတီ | ပါလီမန် နေရာ |
|---|---|---|
| ၁ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီပါတီ SNDP | ၅၈ |
| ၂ | ရခိုင်အမျိုးသားများ တိုးတက်ရေးပါတီ RNDP | ၃၅ |
| ၃ | မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ AMRDP | ၁၆ |
| ၄ | ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ PSDP | ၉ |
| ၅ | ချင်းအမျိုးသားပါတီ CNP | ၉ |
| ၆ | ပအိုဝ်းအမျိုးသား အစည်းအရုံး PNO | ၈ |
| ၇ | ကရင်ပြည်သူ့ပါတီ KPP | ၆ |

| စဉ် | ပါတီ | ပါလီမန် နေရာ |
|---|---|---|
| ၈ | ချင်းတိုးတက်ရေးပါတီ CPP | ၆ |
| ၉ | အင်အမျိုးသား တိုးတက်ရေးပါတီ INPP | ၄ |
| ၁၀ | ဝဒီမိုကရက်တစ်ပါတီ WDP | ၄ |
| ၁၁ | တအောင်း(ပလောင်) အမျိုးသားပါတီ TPNP | ၂ |
| ၁၂ | ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ KSDDP | ၂ |
| ၁၃ | ကယန်းအမျိုးသားပါတီ KNP | ၂ |
| ၁၄ | လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ LNDP | ၁ |

ပြည်နယ်အစိုးရအတွင်း ဥပဒေပြုရေးမဏ္ဍိုင် ကော်မတီဝင်များနှင့် ၎င်းတို့၏ ဝန်ကြီးဌာနဆိုင်ရာ တာဝန်များကို (အောက်ပါဇယားတွင် မြင်တွေ့နိုင်သည်)။ ၎င်းတို့သည် ပြည်သူလူထုဘဝများကို သိသာထင်ရှားစွာ သက်ရောက်မှု ရှိနေနိုင်သည့် နယ်ပယ်ဧရိယာအချို့တွင် ပါဝင်နေသည်။ - မြေယာ၊ မြေယာလွှဲပြောင်း ပိုင်ဆိုင်မှု အပါအဝင် စိုက်ပျိုးစရိတ် ချေးငွေများ ဒေသဆိုင်ရာ စီးပွားရေး လုပ်ငန်းများ (အသေးစား စီးပွားရေး ချေးငွေနှင့် အချို့သော အခွန်များ) ယဉ်ကျေးမှု မြှင့်တင်ရေးနှင့် စည်ပင်သာယာ ရေးရာများ။ သို့ရာတွင် အချို့များက စာဒကတက်သည်မှာ အာဏာ အများစုသည် နိုင်ငံတော် (ပြည်ထောင်စု) အဆင့်တွင်သာ တည်ရှိနေပြီး ပြည်နယ်အဆင့် ဝန်ကြီးများသည် အာဏာအစစ်အမှန် မရှိဟုဆိုသည်။

## တိုင်းရင်းသား ပါတီများမှ ပြည်နယ်အဆင့် ဝန်ကြီးများ

| ပြည်နယ် | ပြည်နယ်ဝန်ကြီး | အမည် | ပါတီ |
|---|---|---|---|
| ကချင်ပြည်နယ် | စက်မှုဝန်ကြီး | ဦးစိုင်းမောင်ရွှေ | SNDP |
| | ရှမ်းတိုင်းရင်းသားများ ရေးရာ ဝန်ကြီး | ဒေါ်ခင်ပြုံးရီ | SNDP |
| ကယားပြည်နယ် | မရှိ | | |
| ကရင်ပြည်နယ် | ပို့ဆောင်ရေး | ဦးစောခင်မောင်မြင့် | PSDP |
| | စွမ်းအင် | ဦးမင်းစိုးသိန်း | AMRDP |
| | လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး | ဦးစော ခရစ်စတိုဖာ | KPP |
| | သစ်တော | ဦးစောကြည်လင်း | PSDP |
| | မွန်အမျိုးသားများရေးရာ | ဦးနိုင်ချစ်ဦး | AMRDP |
| ချင်းပြည်နယ် | စီးပွားရေး | ဦးရန်မန်း | CNP |
| | စွမ်းအင်၊ လျှပ်စစ်စွမ်းအား၊ သတ္တုတွင်းနှင့် သစ်တော | ဦးကျော်ငြိမ်း | CPP |
| မွန်ပြည်နယ် | စွမ်းအင်နှင့် လျှပ်စစ်စွမ်းအား | ဦးနိုင်လဝီအောင် | AMRDP |
| | လူမှုရေးနှင့် ယဉ်ကျေးမှု | ဒေါက်တာ မင်းနွယ်စိုး | AMRDP |

| ပြည်နယ် | ပြည်နယ်ဝန်ကြီး | အမည် | ပါတီ |
|---|---|---|---|
| ရခိုင်ပြည်နယ် | စက်မှု၊ အလုပ်သမား၊ အားကစား | ဦးသာလူချေ | RNDP |
| | သား၊ ငါး၊ သတ္တုတွင်းနှင့် စွမ်းအင် | ဦးကျော်သိန်း | RNDP |
| | ယဉ်ကျေးမှု၊ လူမှုဖူလုံရေးနှင့် ကယ်ဆယ်ရေး | ဦးအောင်သန်းတင် | RNDP |
| ရှမ်းပြည်နယ် | စက်မှုနှင့် သတ္တုတွင်း | ဦးစိုင်းအိုက်ပေါင်း | SNDP |
| | ကယန်း (ပဒေါင်) အမျိုးသားများရေးရာ | ဦးလောရင့် | KNP |
| | အင်းသားအမျိုးသားများ ရေးရာ | ဦးဝင်းမြင့် | INDP |
| | ဝဒေသ | ဦးခွန်ထွန်းလူ (ခေါ်) ဦးထွန်းလူ | WDP |
| | ပအိုဝ်းဒေသ | ဦးဆန်းလွင် | PNO |
| | ပလောင်ဒေသ | ဦးမောင်ကျော် (ခ) ဦးထွန်းကျော် | TNP |

(မြန်မာ့ မူဝါဒ အကျဉ်းချုပ် မေလ (၆) ရက် ၂၀၁၁ ခုနှစ် TNI အစီရင်ခံစာတွင် ကြည့်ပါ)

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ဝေဖန်မှုများ

| | |
|---|---|
| ပုဒ်မ ၆-(စ) ကာကွယ် ရေးဌာနသည် ပြည်နယ်အဆင့် အမျိုးသား နိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခွင့်ရှိသည်<br><br>ပုဒ်မ ၂၀-(ခ) ကာကွယ်ရေး ဌာနသည် လက်နက်ကိုင် တပ်များ၏ အရေးအရာ အားလုံးကို လွပ်လပ်စွာ စီမံအုပ်ချုပ်ခြင်းနှင့် ဆုံးဖြတ် ဆောင်ရွက်ပိုင်ခွင့် ရှိသည် | စစ်တပ်သည် နိုင်ငံရေး အခန်းကဏ္ဍတွင် မပါဝင်သင့်<br><br>***** တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများ၏ အဓိက တောင်းဆိုသော ကိစ္စ |
| (ဂ) ကာကွယ်ရေးဌာန၏ အကြီးအကဲသည် တပ်အားလုံးတို့၏ စစ်သေနာပတိချုပ်ဖြစ်သည် | စစ်တပ်ကို အာဏာအများကြီး ပေးထားသည်၊ စစ်တပ်မှ ဝန်ထမ်းများသည် ပြစ်ဒဏ်စီရင်ခြင်းမှ ကင်းလွတ်ခွင့် မရှိသင့်<br><br>****** တိုင်းရင်းသား လက်နက်ကိုင် အုပ်စု များ၏ အဓိကတောင်းဆိုသော ကိစ္စ |
| ပုဒ်မ ၁၄- ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေမှ သတ်မှတ် ပြဌာန်းထားသော အရေအတွက်ဖြင့် ကာကွယ်ရေးဌာန အကြီးအကဲမှ အမည် တင်သွင်းသော ကာကွယ်ရေးဌာန ကိုယ်စားပြု ကိုယ်စားလှယ်များ ပါဝင်သည် | စစ်တပ်သည် သီးသန့်ပေးအပ်ထားသော နေရာများ မရှိသင့်ဘဲ အခြားသူများနှင့် ညီတူညီမျှ ယှဉ်ပြိုင်သင့် သည် |
| ပုဒ်မ ၁၇(ခ)- ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စု နယ်မြေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဇရိယာနှင့် ဒေသများ၏ အုပ်ချုပ်ရေး မဏ္ဍိုင်တွင် လုံခြုံရေး၊ နယ်စပ်အုပ်ချုပ်ရေး စသဖြင့် ကာကွယ်ရေးဌာန၏ တာဝန်များကို တာဝန်ယူရန်အတွက် ကာကွယ်ရေးဌာန အကြီးအကဲမှ အမည်တင်သွင်းသော ကာကွယ်ရေးဌာန ကိုယ်စားပြု ကိုယ်စားလှယ်များ ပါဝင်သင့်သည် | ပြည်ထောင်စုမှ ပြည်နယ်အဆင့်အထိ အဆင့် အသီးသီးတွင် စစ်တပ်အား အာဏာအများကြီး ပေးထားသည်<br><br>***** တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများ၏ အဓိကတောင်းဆိုသော ကိစ္စ၊ အထူးသဖြင့် တိုင်းရင်းသား ပြည်နယ်များတွင် |

| | |
|---|---|
| ပုဒ်မ ၄၀ (ဂ)- ပြည်ထောင်စုပြိုကွဲမည့် အခြေအနေ၊ အမျိုးသား စည်းလုံး ညီညွတ်မှုကို ပြိုကွဲမည့် အခြေအနေနှင့် နိုင်ငံတော် အချုပ်အခြာအာဏာကို ပျောက်ဆုံးစေမည့် အခြေအနေ သို့မဟုတ် လွဲမှားစွာ အင်အားသုံး သူပုန်ထမှုနှင့် အကြမ်းဖက်မှုစသည့် အဓိပ္ပါယ်ရှိသည့် ကြိုးပမ်းမှုတို့ကို ဖြစ်စေနိုင်သည့် အရေးပေါ် အခြေအနေ ပေါ်ပေါက်ပါက ကာကွယ်ရေးဌာန အကြီးအကဲသည် ဖွဲ့စည်းပုံ အခြေခံဥပဒေက ပေးအပ်ထားသော အခွင့် အာဏာအရ နိုင်ငံတော် အာဏာကိုလွှဲပြောင်း တာဝန်ယူခွင့် ရှိသည်။ | အကြံပြုချက်သာလျှင် မဟုတ်ဘဲ နိုင်ငံတော်၏ အရေးပေါ် အခြေအနေသည် နိုင်ငံတော် သမ္မတကသာ ကြေညာခွင့် ပြုသင့်သည်။ တပ်မတော်က အာဏာ မယူသင့်။ |
| ပုဒ်မ ၁၄၁ (က)- အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၆၈ ဦးသည် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ရေးဇုန်တို့မှ ကိုယ်စားလှယ် တဦးစီအပါအဝင် သက်ဆိုင်ရာ ပြည်ထောင်စု အထူး ဒေသများ ပါဝင်သော  တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ ၁၂ ဦးစီ အချိုးကျပါဝင် ရွေးချယ်တင်မြှောက် ထားသည်။<br><br>(ခ) အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ၅၆ ဦးသည် သက်ဆိုင်ရာ ပြည်ထောင်စု အထူးဒေသများပါဝင်သော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ကိုယ်စားလှယ် ၄ ဦးစီကို ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းချက်များအရ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်မှ အမည်စာရင်း တင်သွင်းသော သူများဖြစ်ကြသည်။ | အမျိုးသား လွှတ်တော်တွင် သီးသန့်နေရာ ပေးအပ်မှု မဖြစ်သင့်ပေ |
| ပုဒ်မ ၂၃၂ (ခ)- ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်ရာတွင် နိုင်ငံတော် သမ္မတသည်-<br><br>(၁) အပိုဒ်ခွဲ (က) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လွှတ်တော် ကိုယ်စားလှယ်များ အတွင်းမှ သို့မဟုတ် လွှတ်တော် ပြင်ပမှ အရည်အချင်းများ ပြည့်မီသည့် သင့်တော်သူများကို ရွေးချယ်နိုင်သည်<br><br>(၂) ကာကွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနတို့အတွက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်မှ အမည်တင်သွင်းသော ကာကွယ်ရေးဌာန ကိုယ်စားလှယ်များကို ရယူရမည်<br><br>(၃) ကာကွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနတို့မှလွဲ၍ အခြားသော ဝန်ကြီးဌာနများအား ကာကွယ်ရေးဌာနမှ ကိုယ်စားလှယ် များကို ဝန်ကြီးများအဖြစ် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်မှ ခန့်အပ်လိုလျှင် ၎င်းနှင့် ညှိနှိုင်းဆောင်ရွက် ရမည် | ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးများသည် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်မှ မဆုံးဖြတ်သင့်ဘဲ နိုင်ငံတော် သမ္မတမှသာလျှင် ဆုံးဖြတ်သင့်သည်။ |
| ပုဒ်မ ၂၃၂ (ဃ)- သမ္မတမှ အမည်စာရင်း တင်သွင်းသည့် ပြည်ထောင်စုဝန်ကြီးအား ပြည်ထောင်စု ဝန်ကြီး အရည်အသွေး မပြည့်မီကြောင်း သက်သေအခိုင်အမာ ရှင်းလင်းစွာ မပြနိုင်လျှင် ပြည်ထောင်စု လွှတ်တော်မှ ငြင်းပယ်ခြင်းမပြုရ။<br><br>(ည) (၁) ပြည်ထောင်စုဝန်ကြီးသည် ပြည်သူ့ဝန်ထမ်း ဖြစ်ပါက ပြည်ထောင်စုဝန်ကြီး တာဝန်မထမ်းဆောင်မီ တရက်အလိုတွင် ပြည်သူ့ ဝန်ထမ်း စည်းမျဉ်း စည်းကမ်း များအရ နုတ်ထွက်ရမည်ဟု ဆုံးဖြတ်ရမည်။<br><br>(၂) ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးနှင့် နယ်စပ်ရေးရာ ဝန်ကြီးများအဖြစ် ခန့်အပ်ခံရသည့် ကာကွယ်ရေးဌာန ဝန်ထမ်းသည် ၎င်းတို့၏ တာဝန်ဝတ္တရာများမှ နုတ်ထွက်ခြင်း အနားယူခြင်း လုပ်ရန်မလိုအပ်ပေ။ | ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးတို့သည် အရည်အသွေးပြည့်မီသည်ဟု သက်သေပြနိုင်ပါက အခြားသော ပြည်သူ့ ဝန်ထမ်း များကဲ့သို့ အနားယူခြင်း၊ နုတ်ထွက်ခြင်းတို့ ပြုလုပ်စေသင့်သည်။ |

| | |
|---|---|
| ပုဒ်မ ၃၃၈- ပြည်ထောင်စုအတွင်း လက်နက်ကိုင် တပ်များ အားလုံးသည် ကာကွယ်ရေးဌာန တပ်မတော် အကြီးအကဲ အမိန့်အောက်တွင် ရှိရမည်။<br><br>အခန်း ၃၄၀- အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီ၏ သဘောတူ ချက်အရ ကာကွယ်ရေးဌာနသည် ပြည်ထောင်စု၏ လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်မှု ကို စီမံအုပ်ချုပ်ခွင့် အာဏာရှိသည်။ ပြည်သူ့စစ် မဟာ ဗျူဟာသည် ကာကွယ်ရေးဌာန ဦးဆောင်မှုအောက်တွင် ဆက်လက် လုပ်ဆောင်ခွင့် ရှိသည်။ | တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများသည် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှု မပြီးမချင်း၊ လုံလောက်သော ယုံကြည်မှု အတိုင်းအတာ မရခင်အထိ မြန်မာစစ်တပ်၏ အမိန့် အာဏာအောက်သို့ ဝင်ရောက် လိုခြင်း မရှိသေးပေ။ |
| <u>အခန်း (၁၂) ဖွဲ့စည်းပုံပြင်ဆင်ရေး (အဆင့်ခြောက်ဆင့်)</u><br><br>ပုဒ်မ ၄၃၃- ဤဖွဲ့စည်းပုံတွင် မည်သည့် ဖော်ပြထားချက် ကိုမဆို အောက်ပါပေးအပ်ထားသည့် အနေအထား အတိုင်း ပြင်ဆင်ခွင့်ရှိသည်။<br><br>(က) ဖွဲ့စည်းပုံ ပြင်ဆင်ရေး အဆိုပြုလွှာကို ဥပဒေပုံစံ ပြဌာန်း၍ တင်သွင်းရမည်။<br><br>(ခ) ဖွဲ့စည်းပုံပြင်ဆင်ရေး ဥပဒေသည် အခြားသော အဆိုပြုချက်များ မပါဝင်ရ<br><br>ပုဒ်မ ၄၃၄- ဖွဲ့စည်းပုံပြင်ဆင်ရေး ဥပဒေသည် ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းရမည်<br><br>အခန်း ၄၃၅- အကယ်၍ ပြည်ထောင်စုလွှတ်တော်၏ ၂၀% သော ကိုယ်စားလှယ်များက ဖွဲ့စည်းပုံပြင်ဆင်ရေး ဥပဒေကို တင်သွင်းလာခဲ့လျှင် ပြည်ထောင်စု လွှတ်တော်မှ စဉ်းစားပေးရမည်<br><br>ပုဒ်မ ၄၃၆ (က) အကယ်၍ ဖွဲ့စည်းပုံ အခြေခံဥပဒေမှ အပိုင်း (၁) မှ အခန်းခွဲ (၁) မှ (၄၈) ကိုရင်း၊ အပိုင်း (၂) မှ အခန်းခွဲ (၄၉) မှ (၅၆) ကိုရင်း၊ အပိုင်း (၃) မှ အခန်းခွဲ (၅၉) နှင့် (၆၀) ကိုသော်ရင်း၊ အပိုင်း (၄) မှ အခန်းခွဲ (၇၄)၊ (၁၀၉)၊ (၁၄၁) နှင့် (၁၆၁) တို့ကိုရင်း၊ အပိုင်း (၅) မှ အခန်းခွဲ (၂၀၀)၊ (၂၀၁)၊ (၂၄၈) နှင့် (၂၇၆) တို့ကိုရင်း၊ အပိုင်း (၆) မှ (၂၉၃)၊ (၂၉၄)၊ (၃၀၅)၊ (၃၁၄) နှင့် (၃၂၀) တို့ကိုရင်း၊ အပိုင်း (၁၁) မှ အခန်းခွဲ (၄၁၀) နှင့် (၄၃၂) တို့နှင့် အပိုင်း (၁၂) မှ အခန်းခွဲ (၄၃၆) တို့၏ ဖော်ပြပြဌာန်းချက်များကို ပြင်ဆင်ရန် လိုအပ်သည်ဟု ဆိုပါက ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် (၇၅%) ကျော်၏ သဘောတူညီချက်၊ ထို့နောက် တတိုင်းပြည်လုံး ပြည်လုံးကျွတ် ဆန္ဒ ခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (၅၀%) ကျော်၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ခွင့်ရှိသည်။<br><br>ပုဒ်မ ၄၃၆ (ခ)- အခန်းခွဲ (က) အတွက် ဖော်ပြထား သည်များမှလွဲ၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အားလုံး၏ (၇၅%) ကျော်၏ ဆန္ဒပြုမှုဖြင့် ပြင်ဆင် နိုင်သည်။ | ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရန်မှာ အလွန်ခက်ခဲသည်၊ ထို့ကြောင့် သူတို့သည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရေးနှင့် လွှတ်တော်သို့ ဝင်ရောက်ရေး တို့ကို ငြင်းဆိုနေပြီး၊ လွှတ်တော်ပြင်ပတွင် ညှိနှိုင်း အဖြေရှာရေးကို တောင်းဆိုနေကြခြင်း ဖြစ်သည်။ ဥပမာ- လွှတ်တော်အတွင်းမှ အပြောင်းအလဲ ပြုလုပ်ရေး ဆိုသည်မှာ မျှော်လင့်ချက် အနည်းငယ်သာရှိသည်ဟု ယုံကြည်လက်ခံသည်။<br><br>သို့ရာတွင် အစိုးရမှ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသည် ပြည် လုံးကျွတ် ဆန္ဒခံယူပွဲတွင် တနိုင်ငံလုံး လူဦးရေ၏ ၉၃.၈၂% ဖြင့် ထောက်ခံမှုရရှိခဲ့သည်ဟု ယုံကြည်နေ သည်။<br><br>အတိုက်အခံများက ပြောသည်မှာ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲသည် လူဦးရေ အားလုံး၏ ဆန္ဒအမှန်ကို မထင်ဟပ်ဘဲ၊ နာဂစ်ဆိုင်ကလုန်းဒဏ် ခံစားနေရစဉ် အတွင်း အတင်းအကျပ် ပြုလုပ်ခဲ့သည်ဟုဆိုသည်။ ပြည်သူများသည် ဆန္ဒခံယူပွဲတွင် ထောက်ခံမဲ ပေးရန် စစ်တပ်၏ဖိအားပေးခံရပြီး အကြောက်တရားများဖြင့် လုပ်ခဲ့ရသည့် အတွက် ဤဆန္ဒခံယူပွဲသည် လွတ်လပ်ပြီး တရားမျှတမှု မရှိဟုဆိုသည်။ |

# လုံလောက်မှုမရှိသော ယုံကြည်မှုတည်ဆောက်ရေး အတိုင်းအတာများ

## နယ်ခြားစောင့်တပ် အစီအစဉ်

၂၀၁၀ ရွေးကောက်ပွဲ အတွက် ပြင်ဆင်နေစဉ် ကာလအတွင်း ယခင် စစ်ခေါင်းဆောင်ဟောင်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေက နယ်ခြားစောင့်တပ် ဖွဲ့စည်းရေး အစီစဉ်ကို ၂၀၀၉ ခုနှစ် ဧပြီလတွင် ကြေညာခဲ့သည်။ ဤအစီအစဉ်မှ တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများအား တပ်မတော် လက်အောက်သို့ သွတ်သွင်းနိုင်ရေးကို အလောတကြီး ကြိုးပမ်းခဲ့သည်။ ယခင် အပစ်ရပ် သဘောတူညီချက်များတွင် နိုင်ငံရေးဆွေးနွေးရန် ကတိပေးထားခဲ့သော်လည်း ယခု နယ်ခြားစောင့်တပ်ဖွဲ့စည်းရေး အစီစဉ်တွင်မူ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး တောင်းဆိုနေမှုများကို အဆုံးသတ်ရန် လိုလားခဲ့သည်။

နယ်ခြားစောင့်တပ် ပြောင်းလဲဖွဲ့စည်းရန် အစိုးရက ရက်တိုး သတ်မှတ်ချက်များ အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီး နောက်ဆုံးတွင်မူ အစိုးရက အပစ်အခတ် ရပ်စဲမှုများအားလုံး 'တရားမဝင်တော့ကြောင်း' ၂၀၁၀ ခုနှစ် စက်တင်ဘာလတွင် ကြေညာ ခဲ့သည်။ ပထမဆုံးအကြိမ် အပစ်ခတ်ရပ်စဲမှုများ ပြိုကွဲပြီးနောက် စစ်တပ်မှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအပေါ် စစ်ရေးအရ ဖိအားပေးမှုများ ပြုလုပ်လာကြောင်း တွေ့မြင်ကြရသည်။

- စီးပွားရေးအရ- KIO ဌာနချုပ် လိုင်ဇာကိုဖြတ်၍ ကုန်စည်ကူးသန်းနေသော တရုတ်နယ်စပ် ကုန်သွယ်ရေးဂိတ်ကို ပိတ်ဆို့ထားခဲ့သည်။ UWSA အဖွဲ့ ဥက္ကဋ္ဌ၏သား လုပ်ကိုင်နေသော ရန်ကုန် လေကြောင်းလိုင်းအား လိုင်စင်အသစ် တိုးပေးရေးကို ငြင်းပယ်ခဲ့သည်။

- နိုင်ငံရေးအရ- အစိုးရထိန်းချုပ်ရာဒေသရှိ KIO ဆက်ဆံရေးရုံး ၂ ရုံးမှလွဲ၍ အခြားရုံးများအား ပိတ်ပစ်ရန် အမိန့် ထုတ်ခဲ့သည်။ ကချင်ပြည်နယ် တိုးတက်ရေးပါတီ (KSPP) အား ၂၀၁၀ ရွေးကောက်ပွဲတွင် မှတ်ပုံတင်ပြီး၊ ဝင်ရောက် ယှဉ်ပြိုင်ခြင်း မပြုနိုင်ရန် တားမြစ်ခဲ့သည်။ အပစ်ရပ်အဖွဲ့များအား သောင်းကျန်းသူဆိုသော ဝေါဟာရဖြင့် အစိုးရပိုင် သတင်းမီဒီယာများတွင် ရည်ညွှန်းရေးသားခဲ့သည်။

- စစ်ရေးအရ- ၂၀၀၉ ဩဂုတ်လတွင် MNDAA ဌာနချုပ်ကို တိုက်ခိုက်သိမ်းပိုက်ပြီး နယ်ခြားစောင့်တပ်အဖြစ် အသွင် ပြောင်းစေခဲ့သည်။ အခြားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက ၎င်းတို့၏ ရှေ့တန်းစခန်းများ အနီးတွင် အစိုးရစစ်တပ်မှ စစ်အင်အားတိုးချဲ့ချထားခြင်းနှင့် စစ်ရေးပြင်ဆင်မှုများ ပြုလုပ်နေသည်ဟု ဆိုပါသည်။ တချို့ နေရာများတွင် အတိုက်ခံရသည်ဟု ဆိုသည်။ အဆိုးဝါးဆုံးမှာ ကချင်နှင့် ရှမ်းပြည် မြောက်ပိုင်းတို့တွင် ဖြစ်သည်။

သမ္မတ ဦးသိန်းစိန်မှ တိုင်းရင်းသားအရေး ကိစ္စကို အမျိုးသားရေး ဦးစားပေး လုပ်ငန်းစဉ်အဖြစ် လုပ်ဆောင်မည်ဟု ကတိပေး ပြောကြားပြီးနောက် ၂၀၁၁ ခုနှစ် ဩဂုတ်လ (၁၈) ရက်နေ့ နောက်ပိုင်းတွင် အစိုးရမှ ရန်လိုမှုများ နည်းပါး လာခဲ့သည့်အပြင် လက်နက်ကိုင်အုပ်စုများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တွေ့ဆုံဆွေးနွေးရေး အတွက် ကြိုတင် သတ်မှတ်ချက်များ အထူးသဖြင့် နယ်ခြားစောင့်တပ် ပြောင်းလဲဖွဲ့စည်းရေး အချက်ကို ဖြုတ်လိုက်သည်။ သို့ရာတွင် နယ်ခြားစောင့်တပ် အစီအစဉ်သည် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ညှိနှိုင်းဆောင်ရွက်မှုအဆင့်တွင် အချက် (၈) ချက်ပါရှိရာ နောက်ဆုံး အချက်ဖြစ်သော 'ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းချက်အရ တစ်ခုတည်းသော တပ်မတော် အဖြစ် တည်ရှိရမည်' ဆိုသည့် အချက်သည် အစိုးရ၏ ငြိမ်းချမ်းရေး စီမံကိန်းတွင် တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်နေဆဲဖြစ်သည်။

အများစုက ယုံကြည်သည်မှာ အစိုးရ၏ နယ်ခြားစောင့်တပ် အစီအစဉ်သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ များအား ထိန်းချုပ်ရန်အတွက် ၎င်းတို့၏ အမိန့်ကိုနာခံမည့် ပြောင်းလဲထားသော နယ်ခြားစောင့်တပ် သို့မဟုတ် ပြည်သူ့စစ် စသည်တို့ကို အသုံးချကာ မိမိတို့အား ဆန့်ကျင်နေသူများကို တိုက်ခိုက်ရာတွင် အသုံးပြုမည့် သေနင်္ ဗျူဟာဟု ဆိုသည်။ ဥပမာအားဖြင့်- နယ်ခြားစောင့်တပ် အသွင်ပြောင်းထားပြီးသော DKBA ကို အသုံးပြု၍ အပစ် မရပ်သေးသော KNU နှင့် DKBA တပ်ရင်း (၅) တို့ကို တိုက်ခိုက်ခြင်း၊ ထို့အပြင် KIA အား ချေမှုန်းရန် အတွက် နယ်ခြား စောင့်တပ် ပြောင်းထားပြီးသော NDA-K တပ်ဖွဲ့များကို အသုံးချခြင်း၊ နယ်မြေတူ၊ လူမျိုးတူနှင့် အခြားသူများအား တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများအဖြစ် ဖွဲ့စည်းပေးပြီး အချင်းချင်းဆန့်ကျင်အောင် ပြုလုပ်ခဲ့ခြင်းများကြောင့် လက်နက်ကိုင် အုပ်စုများနှင့် အရပ်သားများက အစိုးရ၏ ရိုးသားမှုမရှိခြင်းကို မြင်တွေ့နေရကာ အစိုးရအပေါ် ပို၍ပင် အယုံအကြည်မဲ့လာသည်။


## ဝိရောဓိဖြစ်ခြင်းနှင့် ဆက်လက်ဖြစ်ပွားနေသော တိုက်ခိုက်မှုများ

စစ်တပ်သည် ထိုးစစ်ဆင်တိုက်ခိုက်မှုများနှင့် သောင်းကျန်းသူ တန်ပြန်ချေမှုန်းရေး လှုပ်ရှားမှုများကို တိုင်းရင်းသား နယ်စပ်ဒေသများတွင် ဆက်လက် လုပ်ဆောင်နေသည်။ ဗဟိုအစိုးရ၏ ပဋိပက္ခအဆုံးသတ်ရေး ကြိုးပမ်းမှုနှင့် အစိုးရ၏ ငြိမ်းချမ်းရေး ဆွေးနွေးမှု အကောင်အထည်ဖော်မှုများသည် တိုင်းရင်းသား မျိုးနွယ်စုများ၏ ယုံကြည်မှုကို အလုံအလောက် မရရှိသေးကြောင်း သက်သေပြလျှက်ရှိသည်။

| အကြောင်းအရာ | အစိုးရအမြင် | တိုင်းရင်းသားအမြင် |
|---|---|---|
| ကချင် ပဋိပက္ခ | KIA အား ၎င်းတို့၏ အခြေစိုက် စခန်းများ ကို တာပိန်ရေကာတာနှင့် ဝေးရာသို့ ရွှေ့ပြောင်းရန် အစိုးရက တောင်းဆိုသည်။ သို့မှသာ ၎င်းတို့ အကျိုးစီးပွားဖြစ်သော ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်နိုင်မည်။ KIA မှ အမိန့်မနာခံ သောအခါ စစ်တပ်အား တိုက်ခိုက်ရန် ဖိအားပေး ခဲ့သည်။ မြန်မာစစ်တပ် အရာရှိတစ်ဦးနှင့် တပ်သားအချို့ KIA ၏ အဖမ်းဆီးခံရပြီးနောက် အစိုးရ ပြန်လည် လက်တုံ့ပြန် တိုက်ခိုက်ခဲ့သည်။<br><br>နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်း ထားသော ယခင် NDA-K အဖွဲ့၏ နယ်မြေထဲကို ကျော်ဝင်ပြီး KIA မှ အခွန်ကောက်ခံခဲ့သည်။<br><br>အစိုးရအနေဖြင့် ပြည်သူ့ အိုးအိမ်စည်းစိမ်များနှင့် ပြည်သူလူထုအား KIA ၏ ကျူးလွန် ဖျက်ဆီးမှု လုပ်ရပ်များမှ ကာကွယ်ပေးရန် လိုအပ်သည်။ | စစ်ကိုလှုံ့ဆော်သည့် အနေဖြင့် ရှေ့တန်းစခန်းများ အတိုက်ခိုက်ခံရသည်။ |
| ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အတွက် ရန်ပုံငွေမရှိ | ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် ရန်ပုံငွေကို မကြာမီကာလတွင် နိုင်ငံတော် ဘတ်ဂျက်ထဲမှ သုံးစွဲမည်။<br><br>တိုးတက်မှုရရှိရန် သူတို့အနေဖြင့် အချိန်လိုအပ်သည်။ ယခု အစိုးရသည် ယခင်အစိုးရ ပြုလုပ်ခဲ့ သည့် အမှားအယွင်းများကို မှန်ကန်အောင် ပြုလုပ်နေရပြီး လေ့လာသင်ယူနေဆဲ ဖြစ်သည်။ | ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အစိုးရသည် ရိုးသားမှု မရှိ။ |
| ဆက်လက် ဖြစ်ပွားနေသော ထိုးစစ်များ | တဖက်နှင့်တဖက် ရန်လိုမှုများအတွက် နှစ်ဘက်စလုံးတွင် တာဝန်ရှိသည်။<br><br>ပဋိပက္ခ ပြင်းထန်နေချိန်တွင် စိတ်ခံစားချက် ပြင်းထန်နေသော စစ်မြေပြင်ရှိ တပ်သားများ ကို ထိန်းချုပ်ရာတွင် အခက်ခဲများ ရှိနေသည်။ တိုင်းရင်းသား ခေါင်းဆောင်များသည် အပစ်ခတ် ရပ်စဲရေး တောင်းဆိုမှုနှင့် ငြိမ်းချမ်းရေး အတွက် အခြားသော လူထု တောင်းဆိုမှုများကို အလေးအနက်မထား။<br><br>လတ်တလော ဖြစ်ပွားနေသော ငွေကြေးအခက်အခဲကို ဖြေရှင်းရန် အတွက် တိုင်းရင်းသား လက်နက်ကိုင် အုပ်စု များသည် သူတို့ထိန်းချုပ်ရာ ဒေသများကို ကျော်လွန်ပြီး အခွန် ကောက်ခံခြင်းနှင့် တပ်သားသစ် စုဆောင်းခြင်းများ ပြုလုပ်နေကြ သည်။ | အစိုးရသည် ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်ချက်များအပေါ်တွင် ရိုးသားမှုမရှိဘဲ အပေးအယူ ကိစ္စ များတွင် တောင်းဆိုချက်များကို လေးစားလိုက်နာမှု မရှိပေ။ နိုင်ငံရေး ပြဿနာများကို နိုင်ငံရေး နည်းဖြင့် ဖြေရှင်းလို စိတ်လည်း မရှိကြပေ။<br><br>အစိုးရသည် လက်နက်ကိုင် တပ်များကို မထိန်းချုပ်နိုင်ပေ။<br><br>ပဋိပက္ခ ဖြစ်ပွားမှုအတွက် အစိုးရမှ တာဝန်ယူရမည်ဖြစ်ပြီး ပဋိပက္ခကို ကျူးလွန်သူ မဖြစ်သင့်ပေ။ |

## (၈) ငြိမ်းချမ်းရေး အစီအစဉ်

သုံးပွင့်ဆိုင်



# ငြိမ်းချမ်းရေး အစီအမံများကို ဆန်း ကျင်ခြင်း

<table>
<tr><th>အစိုးရ အစီအမံများ</th><th>တိုင်းရင်းသားများ အစီအမံ (UNFC ဦးဆောင်)</th></tr>
<tr><td>ဥပဒေဘောင်ထဲ ဝင်ရောက်ခြင်း<br><br>၁ - လက်နက်စွန့်/ နယ်ခြားစောင့်တပ် အသွင်ပြောင်း  တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအား ၎င်းတို့လက်နက်များ ကိုင်ဆောင်ခွင့်မပြု<br><br>၂ - နိုင်ငံရေးပါတီထောင်ခြင်း<br><br>၃ - ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခြင်း</td><td>၁ - နိုင်ငံရေးစကားပြောခြင်း (တိုင်းရင်းသား နှင့် ဒီမိုကရက် တစ် အတိုက်အခံများ ရေးဆွဲခဲ့သည့် ၂၀၀၈ ခုနှစ် ဖက်ဒရယ်ပြည် ထောင်စု ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အရ)<br><br>၂ - ပြည်ထောင်စု သဘော တူညီချက်- အာဏာနှင့် သဘာဝ ရင်းမြစ်များ ခွဲဝေသုံးစွဲခြင်း = ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံကို ပြင်ဆင်ခြင်း<br><br>၃ - ပါလီမန် လွှတ်တော်မှ အတည်ပြုရန်</td></tr>
<tr><td>
<table>
<tr><td>DKBA</td><td>နယ်ခြားစောင့်တပ် ၁၀၁၁ မှ ၁၀၂၂</td><td>ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုး တိုးတက်ရေးပါတီ (KSDDP)- ရွေးချယ်ခံရသော အမတ်၂ ဦး ဦးမန်းအောင်တင်မြင့် (အမျိုးသား လွှတ်တော်) နှင့် ဦးချစ်လှိုင် (ပြည်နယ်လွှတ်တော်၊ မြဝတီ (၁)၊ ကရင်ပြည်နယ်)</td></tr>
<tr><td>KDA</td><td>ပြည်သူ့စစ် ၃ မှ ၇</td><td>စီးပွားရေးနှင့် ဖွံ့ဖြိုးရေး စီမံကိန်းများ ဆက်လက် လုပ်ဆောင်နေ</td></tr>
<tr><td>KNG</td><td>ပြည်သူ့စစ်</td><td></td></tr>
<tr><td>KNU ငြိမ်းချမ်းရေး အဖွဲ့</td><td>---</td><td>ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး (USDP) အဖွဲ့ဝင်၊ ဥက္ကဋ္ဌ ဖဒိုအောင်ဆန်း (ပြည်နယ် လွှတ်တော်၊ ဖာပွန် (၂)၊ ကရင်ပြည်နယ်</td></tr>
</table>
</td><td>UNFC အဖွဲ့ဝင်များ<br><br>CNF<br><br>KNPP<br><br>KNU<br><br>KIO<br><br>NMSP<br><br>SSPP/ SSA-N<br><br>LDU<br><br>NUPA/ ANC<br><br>PNLO<br><br>PSLF/ TNLA<br><br>WNO</td></tr>
</table>

| | | |
|---|---|---|
| KNDP<br>KNPDP<br>KNPLF<br>KNUSO | နယ်ခြားစောင့်တပ် ၁၀၀၄၊ ၁၀၀၅ | စီးပွားရေး အုပ်စုများ |
| NDA-K | နယ်ခြားစောင့်တပ် ၁၀၀၁၊ ၁၀၀၂၊ ၁၀၀၃ | ၂၀၁၀ ရွေးကောက်ပွဲတွင် စခုန်တိန့်ယိမ်းသည် အမျိုးသား လွှတ်တော် အမတ်အဖြစ် ရွေးကောက် ခံရသည် |

UNFC အဖွဲ့ဝင်များ မဟုတ်- တရားဝင် မဟုတ်သော နည်းလမ်းဖြင့် UNFC မူဝါဒများကို ကျင့်သုံးသည်

NDAA

UWSA

RCSS/ SSA-S

MTUF

AA

| | | |
|---|---|---|
| PNO | --- | ပအိုဝ်းအမျိုးသား အဖွဲ့ချုပ် (PNO)- လွှတ်တော်ကိုယ်စားလှယ် (၈) ဦး ရွေးချယ် ခံရ၊ ဦးနေဝင်းထွန်း (အမျိုးသား လွှတ်တော်)၊ ဦးခွန်မောင်သောင်း (ပင်လောင်း)၊ ဦးဝင်းကို (ဆီဆိုင်)၊ ဦးခွန်သိန်းဖေ (ဟိုပင်) (ပြည်သူ့ လွှတ်တော်)၊ ဦးခွန်အေးမောင် (ဟိုပုန်း ၁)၊ ဦးခွန်လှသိန်း (ဆီဆိုင် ၁)၊ ဦးခွန်မောင်ဝေ (ဆီဆိုင် ၂)၊ ဦးခွန်လှဆန်း (ပင်လောင်း ၁)၊ ပြည်နယ်နှင့်တိုင်း ဒေသကြီး လွှတ်တော် |
| PSLP | ပြည်သူ့စစ် မန်ပန် နှင့် မန်တုံ | တအောင်း-(ပလောင်) အမျိုးသား ပါတီ (TPNP)- လွှတ်တော် ကိုယ်စားလှယ် ၂ ဦး ရွေးချယ်ခံရ၊ ဦးထွန်းကျော် (အမျိုးသား လွှတ်တော်) နှင့် ဦးအိုက်မုန်း (ပြည်သူ့လွှတ်တော်၊ မန်တုန်၊ ရှမ်းပြည်နယ်) |

SSPP/SSA (တပ်မဟာ ၃ နှင့် ၇) မှ ခွဲထွက်လာသော အုပ်စုများနှင့် RCSS/SSA တပ်မဟာ ၇၅၈) တို့သည် ပြည်သူ့စစ်သို့ ပြောင်းလဲခဲ့သည်။

ALP- (WGEC တွင် ပါဝင် ပတ်သက်သည်)

DKBA-5 (KNU ၏ နိုင်ငံရေး ဦးဆောင်မှုကို လိုက်နာသည်)

KNLP- အစိုးရ၏ ပြည်သူ့စစ်သို့ (၂၀၁၀၊ ဧပြီ ၇ ရက်) ပြောင်းလဲခိုင်းသည့် ဖိအားအောက်တွင် ရှိနေသည်။ သို့ရာတွင် KNLP သည် အပစ်ရပ်အဖွဲ့ လုပ်ဆောင်မှု အတိုင်း ဆက်လက် လုပ်ဆောင် နေသည်။ ၎င်းအဖွဲ့သည် UNFC ၏ လေ့လာသူအဖြစ်ရှိပြီး အဖွဲ့ကြီး၏ မူဝါဒများကို လိုက်နာသည်။

KPC – UNFC တရားဝင်မဟုတ်သော လေ့လာသူ

UNFC နှင့် ဆက်သွယ်မှု မရှိသော တိုင်းရင်းသား အုပ်စု

NSCN-K ၎င်းတို့ ဒေသအတွက် စီးပွားရေး နှင့် လူမှုဖွံ့ဖြိုးရေးများကို ဦးစားပေး တောင်းဆိုသည်။

## မဖော်ပြနိုင်သည့် အခြားအဖွဲ့များ

| | |
|---|---|
| MPDF | အထူးအစီအစဉ်- စီးပွားဆိုင်ရာ အခွင့်အရေးအရ လက်နက်ချခဲ့သည်၊ သို့ရာတွင် အစိုးရမှ ထောက်ပံ့သော လက်နက်များဖြင့် ၎င်းတို့ဒေသကို ကာကွယ်ခွင့် ပြုထားသည်။ |
| MMA | အထူးအစီအစဉ်- ၎င်းတို့ လက်နက်များကို ကိုင်ဆောင်ခွင့်ရှိပြီး ကျေးရွာများကို ကာကွယ်ရန် ခွင့်ပြု ထားသည်။ |
| ZRO | အပစ်အခတ် မရပ်ရသေး။ |

## အစိုးရငြိမ်းချမ်းရေး အစီအမံ (တရားဝင်)

တိုင်းပြည်အတွင်း အပြောင်းအလဲများအတွက် တိုင်းရင်းသား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သို့ ဦးတည်သည့် အစိုးရ၏ မူဝါဒသည် ပျော့ပျောင်းပြီး၊ စုစုရုံးရုံးဖြစ်စေရန် ဆန္ဒရှိသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် စစ်ရေးနှင့် နိုင်ငံရေးရာများ အပါအဝင် ပိုမိုကြီးမားသော ပြဿနာ တစိတ်တပိုင်းသာ မကတော့ဘဲ ပိုမိုကျယ်ပြန့်သော ငြိမ်းချမ်းရေး ဝေစုများ ရရှိရန် အတွက် လူမှုရေးနှင့် စီးပွားရေးရာများလည်း ပါဝင်သည့် နယ်နမိတ်တွင် လည်ပတ်နေပြီး ရှုထောင့်ပေါင်းစုံမှ ချဉ်းကပ်နေသည်။ ငြိမ်းချမ်းရေးအတွက် မတည်ပေးမှုတစ်ခုမှလွဲ၍ ငြိမ်းချမ်းရေးအဖွဲ့၏ ရန်ပုံငွေနှင့် လှုပ်ရှားမှုများ အတွက် လတ်တလောအားဖြင့် အစိုးရမှ တရားဝင်ရန်ပုံငွေ ချပေးခြင်းမရှိပေ၊ သို့ရာတွင် မကြာခင် ပါဝင်မည်ဟူ၍ကား ပြောဆိုထားသည်။ အစိုးရသည် နောက်တနှစ်တွင် နိုင်ငံရေးဆွေးနွေးမှုပြုလုပ်ပြီး နောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင် များနှင့် သဘောတူညီချက်များ ၂၀၁၅ တွင် ရရှိရန်အတွက် အပစ်ရပ်ရေးလုပ်ငန်းစဉ်ကို ၂၀၁၃ အကုန်တွင် အပြီးသတ်ရန် လုပ်ဆောင်နေသည်။

## ငြိမ်းချမ်းရေး အစီအမံ အသွင်အပြင် (၃) မျိုး

၁ - ပြည်နယ်အဆင့်- အပစ်ရပ်၊ ဆက်ဆံရေးရုံး ဖွင့်လှစ်ခွင့်ပြု၊ တိုင်းရင်းသား လက်နက်ကိုင်များအား လက်နက်ကိုင် ဆောင်ခွင့် မပြုဘဲ သွားလာခွင့်ပြု၊ မြန်မာစစ်တပ်သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ရာ နယ်မြေများသို့ လက်နက်များ သယ်ဆောင်ပြီး သွားလာနိုင်သည် သို့ရာတွင် ခွင့်ပြုချက်ရဖို့လိုသည်။

၂ - ပြည်ထောင်စုအဆင့်- ယုံကြည်မှု တည်ဆောက်ခြင်း၊ နိုင်ငံရေး ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ခြင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ဆက်သွယ်ရေးတို့တွင် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ စတင် အကောင်အထည်ဖော်ခြင်း။

၃ - ပြည်နယ် တိုင်းလွှတ်တော်၊ အောက်လွှတ်တော် (ပြည်သူ့လွှတ်တော်)၊ အထက်လွှတ်တော် (အမျိုးသား လွှတ်တော်) အတွက် နိုင်ငံရေးပါတီများ တည်ထောင်ခြင်း။

## နောက်ခံအကြောင်းရင်း

၂၀၁၁ ခုနှစ် ဩဂုတ် (၁၈) - တိုင်းရင်းသားများအရေးကို အမျိုးသားရေး ဦးစားပေးကိစ္စအဖြစ် သမ္မတ ဦးသိန်းစိန်မှ ထုတ်ဖော် ပြောကြားသည်။ စကားပြောဆိုနိုင်ရန် အတွက် ကြိုတင် အခြေအနေများ ချမှတ်ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် စကားပြောဆိုခွင့် ပေးခဲ့သည်။ အတိအကျဆိုရလျှင် တွေ့ဆုံစကားမပြောမီတွင် အားလုံးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် နယ်ခြားစောင့်တပ်များဖြစ်နေရန် လိုအပ်သည်ဆိုသည်ကို ရပ်ဆိုင်းခဲ့သည်။ တိုင်းရင်းသားတို့၏ ကွဲပြားခြားနားမှုများအား ဖြေရှင်းရန်နှင့် နိုင်ငံရေးအဖြေများ ရှာဖွေရန်အတွက် အမျိုးသား ညီလာခံတစ်ခု ကျင်းပခွင့်ကိုပင်လျှင် ဦးသိန်းစိန်မှ ပေးအပ်ခဲ့သည်။

## ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်ရေး အဖွဲ့

နောက်ဆုံး ဖွဲ့စည်းခဲ့သော ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်ရေး အဖွဲ့သည် မူဝါဒချမှတ်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ဖြင့် ဖွဲ့စည်းထားခဲ့သည်။ လုပ်ငန်းကော်မတီသည် အပစ်ခတ်ရပ်စဲရေး ဆွေးနွေးမှုနှင့် ပတ်သက်သည့် မူဝါဒများကို အကောင်အထည် ဖော်ဆောင်ရန်ဖြစ်သည်။ ဗဟိုကော်မတီ (UPCC) ကို ဦးသိန်းစိန်က ဥက္ကဋ္ဌ အဖြစ်ဦးစီးပြီး၊ လုပ်ငန်းကော်မတီကို ဒု-သမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ဥက္ကဋ္ဌ အဖြစ် ဦးစီးသည်။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ မတိုင်မီ ၂၀၁၂ ခုနှစ်က ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့မှ ဖန်တီးခဲ့သည့် အစိုးရငြိမ်းချမ်းရေး အဖွဲ့ ၂ ဖွဲ့ ရှိခဲ့သည်။ ထိုအဖွဲ့များအား ပထဝီ အနေအထားအရ တာဝန် ခွဲဝေထားခဲ့ပြီး ဦးအောင်သောင်းနှင့် ဦးအောင်မင်းတို့ အပြန်အလှန် ဦးဆောင်ခဲ့ကြသည်။ ဤအဖွဲ့သည် ၂၀၁၂ ခုနှစ် မေလ ၃ ရက် နေ့စွဲဖြင့် သမ္မတ အမိန့်အမှတ် အမှတ် ၁၂/၂၀၁၂ အရ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့ အဖြစ် ပြန်လည်အမည်သတ်မှတ် ပြင်ဆင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ဗဟိုကော်မတီတွင် အဖွဲ့ဝင် ၁၁ ဦးရှိပြီး သမ္မတ ဦးသိန်းစိန်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

(၁) သမ္မတ ဦးသိန်းစိန် (ဥက္ကဋ္ဌ)

(၂) ဒု-သမ္မတ ဦးညွန့်ထွန်း (၂၀၁၂ ခုနှစ် ဩဂုတ်လ (၆) ရက်တွင် ဦးတင်အောင်မြင့်ဦး နေရာတွင် အစားထိုး ဝင်ရောက်လာခဲ့)

(၃) ဒု-သမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း

(၄) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးရွှေမန်း

(၅) အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်

(၆) တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

(၇) ပြည်ထဲရေးဌာ နဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို

(၈) ကာကွယ်ရေးဌာန ဝန်ကြီး ဗိုလ်ချုပ် လှမင်း ( ဒုဗိုလ်ချုပ်ကြီး ဝေလွင်နှင့် အစားထိုး)

(၉) နယ်စပ်ရေးရာဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး ( ဒုဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် အစားထိုး)

(၁၀) နိုင်ငံတော် ရှေ့နေချုပ် ဒေါက်တာထွန်းရှင်

(၁၁) သမ္မတရုံး ညွှန်ကြားရေးမှူး ဦးမင်းဇော်

ပြည်ထောင်စု ငြိမ်းချမ်းရေး လုပ်ငန်းဖော်ဆောင်မှု ကော်မတီ (UPWC) တွင် အဖွဲ့ဝင် ၅၂ ဦး ပါဝင်သည်။ ဤကော်မတီ၌ ဒု-သမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းမှ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ပြီး ဒုဥက္ကဋ္ဌ (၃) ဦး ပါဝင်သည်- သမ္မတရုံး ဝန်ကြီး ဦးအောင်မင်း၊ တပ်မတော် ဒုကာကွယ်ရေး ဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး စိုးဝင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော် တို့ဖြစ်ကြသည်။

ထပ်မံ၍ အစိုးရဝန်ကြီး (၉) ဦး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီး (၁၀) ဦး၊ စစ်တိုင်းမှူး (၁၀) ဦး၊ လွှတ်တော် ကိုယ်စားလှယ် (၁၈) ဦး (ပြည်သူ့လွှတ်တော်မှ (၉) ဦးနှင့် အမျိုးသားလွှတ်တော်မှ (၉) ဦး) နှင့် အစိုးရရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်တို့လည်း ပါဝင်ပြီး ၎င်းတို့သည် နိုင်ငံတော်အတွင်းရှိ သက်ဆိုင်ရာ ပြည်နယ်များကို အသီးသီး ကိုယ်စားပြုကြသည်။

## ငြိမ်းချမ်းရေး လုပ်ငန်းကော်မတီ– အပစ်ရပ် လမ်းညွှန်ချက်များ

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် ငြိမ်းချမ်းရေး သဘောတူညီမှု ရရှိရန်အတွက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်း ရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီသည် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည် ဖြစ်ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေး အကောင်အထည် ဖော်ဆောင်ရေးအဖွဲ့ ဗဟိုကော်မတီသို့ အစီရင်ခံ တင်ပြရမည်။

ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှု– ၅ ချက်

၁ - နှစ်ဘက်လုံးမှ အပစ်အခတ် ရပ်စဲရေးကို သဘောတူသည်။

၂ - သဘောတူထားသော ဒေသများတွင်သာ တပ်များ နေရာချထားရမည်။

၃ - သတ်မှတ်ထားသော နေရာဒေသများမှလွဲ၍ လက်နက်ကိုင်ဆောင် သွားလာခြင်းကို တားမြစ်သည်။

၄ - နှစ်ဘက်လုံးမှ သဘောတူထားသည့် နေရာဒေသများတွင် ဆက်ဆံရေးရုံးများ ဖွင့်လှစ်ထားရှိရန် သဘောတူသည်။

၅ - တွေ့ဆုံဆွေးနွေးရေး လုပ်ငန်းစဉ်များ၊ ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲသို့ ဦးတည်နိုင်ရန် အတွက် အဖွဲ့တိုင်းသည် တရားဝင် ကိုယ်စားလှယ်အဖွဲ့များ ဖွဲ့စည်းပြီး ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲ ကျင်းပရန်အတွက် နေရာ အချိန်တို့ကို ညှိနှိုင်းရမည်။

# ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှု– ၈ ချက်

၁- ပြည်ထောင်စုအတွင်း ထာဝရနေထိုင်ရေး။ (ပြည်ထောင်စုမှ မခွဲထွက်ရ။)

၂- အမျိုးသားရေး ဦးတည်ချက် ၃ ရပ်ကို လက်ခံရမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အချာအာဏာ တည်တံ့ခိုင်မြဲရေး။

၃- စီးပွားရေးနှင့် ဖွံ့ဖြိုးရေး တာဝန်များတွင် ပူးပေါင်း ပါဝင်ရမည်။

၄- မူးယစ်ဆေးဝါး ပပျောက်ရေးတွင် ပူးပေါင်း ဆောင်ရွက်ရမည်။

၅- နိုင်ငံရေးပါတီများ ထူထောင်ပြီး ရွေးကောက်ပွဲဝင်ရမည်။

၆- ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်ခံပြီး ပြင်ဆင်ရန် လိုအပ်ပါက လွှတ်တော်မှ အများစု သဘောဆန္ဒဖြင့် ပြင်ဆင်ရမည်။

၇ - တရားဥပဒေ ဘောင်ထဲဝင်ရောက်ပြီး ထာဝရငြိမ်းချမ်းရေး တည်ဆောက်ကာ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နေထိုင်၊ သွားလာ လုပ်ဆောင်နေရမည်။

၈ - ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တစ်ခုတည်းသော တပ်မတော်အဖြစ် တည်ရှိမှုကို ဝိုင်းဝန်းဆောင်ရွက်ရမည်။

# မြန်မာ ငြိမ်းချမ်းရေးစင်တာ

မြန်မာငြိမ်းချမ်းရေး ကော်မတီ၏ အုပ်ချုပ်ရေးမှူးရုံးအဖြစ် ဆောင်ရွက်ပြီး သမ္မတရုံးသို့ အစီရင်ခံရသည်။

လိပ်စာ - အမှတ် (၁၁)၊ ရွှေလီလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

ရုံးစတင်ဖွင့်လှစ်သည့်ကာလ - ၂၀၁၂ ခုနှစ် ဩဂုတ်လ (၃) ရက်

အကြီးအမှူး - ဦးအောင်မင်း (သမ္မတရုံးဝန်ကြီး)

လုပ်ငန်းဆောင်ရွက်သူများ - ဦးစိုးသိန်း (သမ္မတရုံးဝန်ကြီးဌာန ဝန်ကြီး)၊ ဦးခင်ရီ (လူဝင်မှု ကြီးကြပ်ရေးဌာန ဝန်ကြီး)

ဦးကျော်ရင်လှိုင် (မြန်မာ Egress)၊ ဦးလှမောင်ရွှေ (မြန်မာ Egress)၊ ဦးအောင်နိုင်ဦး (ဗဟု ဖွံ့ဖြိုးရေးအဖွဲ့)၊ ဒေါက်တာ မင်းဇော်ဦး (ပညာရှင်)၊ ဦးကျော်စိုးနိုင် (မြန်မာ Egress)

မြန်မာအစိုးရသည် နော်ဝေအစိုးရ ဦးဆောင်သည့် ငြိမ်းချမ်းရေး အထောက်အကူပြု အလှူရှင်များ အုပ်စုနှင့် သဘောတူညီချက် တစ်စိတ်တစ်ပိုင်းအဖြစ် မြန်မာ ငြိမ်းချမ်းရေးစင်တာ (MPC) ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့သည်။ ၎င်းသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် ပြည်ထောင်စု ငြိမ်းချမ်းရေး အကောင်အထည် ဖော်ဆောင်ရေး ဗဟိုကော်မတီနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး အကောင်အထည် ဖော်ဆောင်ရေး လုပ်ငန်းကော်မတီတို့ကို အထောက်အကူပြုရန် တည်ထောင်ထားခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် အထောက်အကူပြုလိုသည့် အလှူရှင်အစိုးရများနှင့် နိုင်ငံတကာ NGOs များအတွက် ကနဦးလုပ်ငန်းစဉ်များနှင့် one stop service စင်တာ တစ်ခုအနေဖြင့် ညှိနှိုင်းဆောင်ရွက်သည်။ ထပ်မံဆိုရလျှင် ၎င်းသည် အစိုးရတာဝန်ရှိသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဝင်များ၊ လူထုအခြေပြု လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အလှူရှင်များ၊ NGOsများ တွေ့ဆုံရန်၊ ညှိနှိုင်းရန်တို့အတွက် ပလက်ဖောင်းတစ်ခုသဖွယ် တာဝန်ထမ်းဆောင်သည်။

## အမြင်

မြန်မာငြိမ်းချမ်းရေးစင်တာသည် မြန်မာပြည်၏ ကွဲပြားခြားနားသော လူမျိုးစုများပါဝင်သည့် ငြိမ်းချမ်းသော နိုင်ငံတော် အဖြစ် ဖွံ့ဖြိုးမှုအခန်းကဏ္ဍတွင် အဓိကနေရာမှ ပါဝင်လုပ်ရှားသည်။

## တာဝန်

မြန်မာနိုင်ငံသား အားလုံး၏ ကောင်းမွန်သော အကျိုးစီးပွါးများ ဖြစ်ပေါ်လာစေရေး အတွက် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် နိုင်ငံရေး အခြေကျမှုကို ပေးဝေရန်။

မြန်မာ ငြိမ်းချမ်းရေးစင်တာသည် မူဝါဒ အကြံပေးခြင်း၊ သေနင်္ဗျူဟာအဆင့် လမ်းညွှန်မှုပေးခြင်းအပြင် အဓိကကျသော နယ်ပယ် (၅) ခုတွင် အစိုးရ လုပ်ဆောင်မှုများအား ညှိနှိုင်းဆောင်ရွက်ပေးခြင်း စသော တာဝန်များကို ဆောင်ရွက်သည်။

(၁) အပစ်ခတ် ရပ်စဲရေးဆိုင်ရာ ညှိနှိုင်း ဆွေးနွေးခြင်းနှင့် အကောင်အထည်ဖော်ခြင်း။

(၂) ငြိမ်းချမ်းရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးခြင်းနှင့် နိုင်ငံရေး စကားပြောဆိုမှု။

(၃) ပဋိပက္ခ ဖြစ်ပွားရာဒေသများတွင် အထောက်အကူ ပေးခြင်းများကို ညှိနှိုင်းဆောင်ရွက်ခြင်း။

(၄) ပေါင်းကူးနှင့် လူထုဆက်ဆံရေး။


(၅) မြေမြှုပ်မိုင်းကိစ္စများ။

- သွင်ပြင် ၁ - နိုဝင်ဘာ ၂၀၁၂ - ဖေဖော်ဝါရီ ၂၀၁၃
- သွင်ပြင် ၂ - မတ် ၂၀၁၃ မှ ဩဂုတ် ၂၀၁၄ အထိ

## သွင်ပြင် ၁ – နိုဝင်ဘာ ၂၀၁၂ – ဖေဖော်ဝါရီ ၂၀၁၃

| | |
|---|---|
| အသေးစိတ်ရည်မှန်းချက် ၁ | အပစ်ရပ် သဘောတူညီချက် ခိုင်မာစေရန် ထိရောက်သော စောင့်ကြည့် လေ့လာမှုနှင့် စတင် အကောင်ဖော်ခြင်း |
| အသေးစိတ်ရည်မှန်းချက် ၂ | နိုင်ငံရေး စကားပြောဆိုဖို့ အတွက် အစီအမံများ တိုးတက်လာရန် ကျယ်ပြန့်သည့် သက်ဆိုင် သူအားလုံးနှင့် ဆွေးနွေးအကြံပေးခြင်း |
| အသေးစိတ်ရည်မှန်းချက် ၃ | ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းစဉ်များသည် အပစ်ရပ် သဘောတူညီချက်နှင့် ကာလရှည်ကြာ နိုင်ငံရေး လုပ်ငန်းစဉ်တွင် ယုံကြည်မှု တည်ဆောက်ပေးသည် |
| အသေးစိတ်ရည်မှန်းချက် ၄ | ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ လူထုနားလည်မှု ကျယ်ပြန့်လာစေရန် တည်ဆောက်ပေးသည် |
| မြန်မာ့ မြေမြှုပ်မိုင်း ဖော်ထုတ်ရေး စင်တာ (MMAC) သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောက်တွင် လူသားမျိုးနွယ်တို့ အတွက် မြေမြှုပ်မိုင်းတူးဖော်ရေး အထူးစီမံကိန်းကဲ့သို့ တိကျသော ရည်မှန်းချက်ရရှိအောင် ပြည့်စုံသည့် ကြိုးပမ်း အားထုတ်မှုများအတွက် အကောင်အထည်ဖော်သည်။ | |

# မြန်မာ ငြိမ်းချမ်းရေး စင်တာ၏ ဖွဲ့စည်းပုံ




| အပစ်ခတ်ရပ် ညှိနှိုင်း ဆွေးနွေးရေး အစီအစဉ် (CFN) | ငြိမ်းချမ်းရေး စကားပြောဆိုမှု အစီအစဉ် (PD) | ငြိမ်းချမ်းရေး တည် ဆောက်မှု လုပ်ငန်း ညှိနှိုင်း ဆောင်ရွက်ရေး အစီအစဉ် | ပေါင်းကူးနှင့် လူထုဆက်ဆံရေး အစီအစဉ်(OPD) | မြန်မာ့ မြေမြှုပ်မိုင်း ဖော်ထုတ်ရေး စင်တာ (MMAC) | အုပ်ချုပ်ရေးနှင့် အထောက်အကူ ပြု ဌာန (ASD) |
|---|---|---|---|---|---|
| ညှိနှိုင်းဆောင် ရွက်ခြင်း စတင်အကောင် အထည်ဖော် ခြင်း လည်ပတ်ခြင်း အနီးကပ်စောင့် ကြည့်ခြင်း သင်တန်းပေး ခြင်း | ဆွေးနွေးပွဲများ ညှိနှိုင်းဆောင် ရွက်ခြင်းများ စကားပြောခြင်း လုပ်ငန်းစဉ် ထိန်းသိမ်းရေး သုတေသန သင်တန်း | အစိုးရ ဆက်ဆံရေး IO နှင့် NGOs များ ဆက်ဆံရေး ပုဂ္ဂလိက အပိုင်း ဆက် ဆံရေး လုပ်ငန်း လည် ပတ်ခြင်း | လှုံ့ဆော်ရေး ဆက်သွယ်ရေး နှင့် လူထုစုရုံး ရေး ကွန်ယက် ဆက်သွယ်ရေး သတင်းခန်းနှင့် မီဒီယာ ထုတ်လုပ်ရေး လူမှုမီဒီယာ | မိုင်းအန္တရာယ် ပညာပေး၊ တူးဖော်ခြင်း၊ ဒုက္ခရောက် သူများ အထောက်အပံ့ ပေးခြင်း၊ လှုံ့ဆော်ရေး နှင့် စုပုံရေး၊ ဖျက်ဆီးရေး | အုပ်ချုပ်ရေး ငွေစာရင်း ထောက်ကူဝန် ဆောင်ရေး ထောက်ပံ့ရေး ဝန်ဆောင်ရေး လုံခြုံရေး တရားဝင်ရေး |
| ဒုတိယအဆင့် နိုင်ငံတကာ ကျွမ်းကျင်သူများ | | | | | |

MPC သည် ဦးဝိစာရ လမ်းပေါ်၌ ၂၀၁၂ ခုနှစ် ဇူလိုင်လက စတင်ဖွင့်လှစ်ရန် ကနဦး အစီရင်ခံခဲ့သည်။ အမှန်တကယ်တွင် (PSDG အဖွဲ့ဝင် တစ်ဦးဖြစ်သည့်) ဥရောပသမဂ္ဂမှ စတင်ပေးအပ်သည့် ရန်ပုံငွေ ယူရို (၇) သိန်းနှင့် မြန်မာအစိုးရမှ ပေးအပ်သည့် အဆောက်အဦး (၄) လုံးတို့ဖြင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာလ (၃) ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ဖွင့်ပွဲ အခမ်းအနားသို့ ဥရောပသမဂ္ဂ ဥက္ကဋ္ဌ Barroso တက်ရောက်ခဲ့သည်။ စင်တာသည် ယုံကြည်မှု တည်ဆောက်ရေးနှင့်

ငြိမ်းချမ်းရေး လုပ်ဆောင်မှုများအတွက် နီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ကြွစွာ လုပ်ဆောင်နေခဲ့သည်။ သို့ရာတွင် MPC သည် တရားဝင်အားဖြင့် ၂၀၁၃ခုနှစ် မတ်လ၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။ ၎င်းအချိန်တွင် သတင်းအချက်အလက်များ၊ ၎င်း၏ဖွဲ့စည်းမှုနှင့် လုပ်ဆောင်ချက်များကို ထုတ်ပြန်ကြေညာလိမ့်မည် ဖြစ်သည်။

## ရွေးကောက်ပွဲ ပြီးသည့်နောက်ပိုင်း အပစ်ရပ်အဖွဲ့ များ၏ တိုးတက်မှု

အောက်ဖော်ပြပါ သတင်း အချက်အလက်များသည် ပြည်နယ်နှင့် တိုင်းအဆင့် ငြိမ်းချမ်းရေး အတွက် အစိုးရ၏ အပစ်အခတ် ရပ်စဲရေး လမ်းညွှန်ချက်များ အတွက် တိုးတက်မှုများကို ပြသထားသည်။ အစိုးရ၏ လမ်းညွှန်ချက်ကို ထပ်မံပြော ဆိုရလျှင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များကလည်း လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းဆို ကြသည်။ ဤအကြောင်း အရာများသည် ငြိမ်းချမ်းရေး စကားပြောဆိုမှုအတွင်း အပြင်မှ ပြုလုပ်ခဲ့သည့် သဘောတူထားသော တောင်းဆိုထားသော အချက်များကို ဇယားတွင် တွေ့ရှိရမည် ဖြစ်သည်။

အချပ်ပို (၁)တွင်ပါသည် အပစ်ရပ်ကာလ ဇယားတွင် ကြည့်ပါ။

## အပစ်ရပ်များ

KIA၊ ABSDF နှင့် TNLA စသည့် အဖွဲ့ များမှလွဲ၍ အခြားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကြီးများ အားလုံးသည် အပစ်အခတ် ရပ်စဲရေး လက်မှတ်များ ထိုးထားခဲ့ပြီး ဖြစ်သည်။

| စဉ် | တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ | အစိုးရ ကိုယ်စားလှယ် | ရက်စွဲ | အဆင့် |
|---|---|---|---|---|
| ၁ | UWSA/P | အောင်သောင်း | ၆၊ ၉၊ ၂၀၁၁ | ငြိမ်းချမ်းရေး အဆင့် ၂ |
| ၂ | NDAA-ESS | အောင်သောင်း | ၇၊ ၉၊ ၂၀၁၁ | ငြိမ်းချမ်းရေး အဆင့် ၂ |
| ၃ | DKBA-5 | အောင်သောင်း | ၃၊ ၁၁၊ ၂၀၁၁ | ငြိမ်းချမ်းရေး အဆင့် ၂ |
| ၄ | RCSS / SSA | အောင်မင်း | ၂၊ ၁၂၊ ၂၀၁၁ | ငြိမ်းချမ်းရေး အဆင့် ၂ |
| ၅ | CNF | အောင်မင်း | ၆၊ ၁၊ ၂၀၁၂ | ငြိမ်းချမ်းရေး အဆင့် ၂ |
| ၆ | KNU | အောင်မင်း | ၁၂၊ ၁၊ ၂၀၁၂ | ငြိမ်းချမ်းရေး အဆင့် ၂ |
| ၇ | SSPP / SSA | အောင်သောင်း | ၂၈၊ ၁၊ ၂၀၁၂ | ငြိမ်းချမ်းရေး အဆင့် ၂ |
| ၈ | NMSP | အောင်မင်း | ၁၊ ၂၊ ၂၀၁၂ | ငြိမ်းချမ်းရေး အဆင့် ၂ |
| ၉ | KNU/KNLA (ငြိမ်းချမ်းရေးကောင်စီ) | အောင်သောင်း | ၇၊ ၂၊ ၂၀၁၂ | ငြိမ်းချမ်းရေး အဆင့် ၁ |
| ၁၀ | KNPP | အောင်မင်း | ၇၊ ၃၊ ၂၀၁၂ | ငြိမ်းချမ်းရေး အဆင့် ၂ |
| ၁၁ | ALP/ALA = RSLP | ဗိုလ်မှူးကြီးထိန်လင်း* | ၅၊ ၄၊ ၂၀၁၂ | ငြိမ်းချမ်းရေး အဆင့် ၁ |
| ၁၂ | NSCN-K | ဗိုလ်မှူးကြီးကြည်နိုင်# | ၉၊ ၄၊ ၂၀၁၂ | ငြိမ်းချမ်းရေး အဆင့် ၁ |
| ၁၃ | PNLO | အောင်မင်း | ၂၅၊ ၈၊ ၂၀၁၂ | ငြိမ်းချမ်းရေး အဆင့် ၁ |
| x | AA | | | တိုက်ခိုက်နေ |
| x | ABSDF | | | တိုက်ခိုက်နေ |
| x | KIA | | | တိုက်ခိုက်နေ |
| x | MNDAA (နယ်ခြားစောင့်တပ် မလုပ်) | | | တိုက်ခိုက်နေ |
| x | TNLA | | | တိုက်ခိုက်နေ |
| x | LDU | | | တိုက်ခိုက်မှုမရှိ |
| x | WNO | | | တိုက်ခိုက်မှုမရှိ |
| x | ZRO | | | တိုက်ခိုက်မှုမရှိ |

* ရခိုင်ပြည်နယ် နယ်စပ်ရေးရာဝန်ကြီး၊ # နယ်စပ်ရေးရာဝန်ကြီးဌာနမှ

## ဆက်ဆံရေးရုံးများ

အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအကြား ဆက်သွယ်ရေးကို စီစဉ်သည်။

အကယ်၍ ဆက်ဆံရေးရုံးတာဝန်ခံသည် ဗဟို ကော်မတီဝင်ဖြစ်ပါက သူ/သူမ၏ ရာထူးကို ထင်ဟပ်သောအားဖြင့် သံတမန်ဆိုင်ရာ တာဝန် အဆင့်အတန်းများ ပေးအပ်ခြင်း ခံရမည်။ နိုင်ငံတော် အစိုးရသည် ဆက်ဆံရေးရုံး တာဝန်ခံ၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးအတွက် လိုအပ်သော ဝန်ဆောင်မှုများကို အတိုင်းအတာ တစ်ခုအနေဖြင့် ပေးအပ်သည်။ (CNF အပစ်အခတ် ရပ်စဲရေး သဘောတူချက်မှ ကူးယူသည်)

| အဖွဲ့ | ဆက်ဆံရေးရုံးတည်ရှိရာ | စတင်ဖွင့်လှစ်သည့်ရက်စွဲ |
|---|---|---|
| ALP | ၁- ကျောက်တော်၊ ရခိုင်ပြည်နယ် | ၃၊ ၉၊ ၁၂ |
| | ၂- ပလက်ဝ၊ ချင်းပြည်နယ် | မသိ |
| CNF | ၁- တီးတိန်၊ ချင်းပြည်နယ် | ၂၅၊ ၉၊ ၁၂ |
| | ၂- ထန်တလန်၊ ချင်းပြည်နယ် | ၂၉၊ ၆၊ ၁၂ |
| | ၃- မတူပီ၊ ချင်းပြည်နယ် | ၂၃၊ ၆၊ ၁၂ |
| KNPP | ၁- လွိုင်ကော်၊ ကယားပြည်နယ် | ၂၅၊ ၇၊ ၁၂ |
| | ၂- ရှားတော၊ ကယားပြည်နယ် | ၁၊ ၈၊ ၁၂ |
| | ၃- ဖားဆောင်း၊ ကယားပြည်နယ် | ၂၇၊ ၇၊ ၁၂ |
| KNU | ၁- ဘားအံ၊ ကရင်ပြည်နယ် | ၂၉၊ ၉၊ ၁၂ |
| | ၂- ဘုရားသုံးဆူ၊ ကရင်ပြည်နယ် | ၁၅၊ ၅၊ ၁၂ |
| | ၃- ထားဝယ်၊ တနင်္သာရီတိုင်း ဒေသကြီး | ၁၀၊ ၄၊ ၁၂ |
| | ၄- မြဝတီ၊ ကရင်ပြည်နယ် | ၁၈၊ ၈၊ ၁၂ |
| | ၅-ကျောက်ကြီး၊ ပဲခူးတိုင်း ဒေသကြီး | ၉၊ ၄၊ ၁၂ |
| NMSP | ၁- မော်လမြိုင်၊ မွန်ပြည်နယ် | ၂၆၊ ၂၊ ၁၂ |
| | ၂- မုဒုံ၊ မွန်ပြည်နယ် | ၂၆၊ ၂၊ ၁၂ |
| | ၃- သံဖြူဇရပ်၊ မွန်ပြည်နယ် | ၂၆၊ ၂၊ ၁၂ |
| | ၄- ရေး၊ မွန်ပြည်နယ် | ၂၆၊ ၂၊ ၁၂ |
| | ၅- ရေဖြူ၊ တနင်္သာရီတိုင်း ဒေသကြီး | ၂၆၊ ၂၊ ၁၂ |
| | ၆- ဘုရားသုံးဆူ၊ မွန်ပြည်နယ် | ၂၆၊ ၂၊ ၁၂ |
| | ၇- ကျိုက်မရော၊ မွန်ပြည်နယ် | ၂၆၊ ၂၊ ၁၂ |
| | ၈- ဇင်းကျိုက်၊ မွန်ပြည်နယ် | ၂၆၊ ၂၊ ၁၂ |
| | ၉- မြိတ်၊ တနင်္သာရီတိုင်း ဒေသကြီး | ၂၆၊ ၂၊ ၁၂ |

| အဖွဲ့ | ဆက်ဆံရေးရုံးတည်ရှိရာ | စတင်ဖွင့်လှစ်သည်ရက်စွဲ |
|---|---|---|
| | ၁၀- မြဝတီ၊ ကရင်ပြည်နယ် | မသိ |
| PNLO | ၁- တောင်ကြီး၊ ရှမ်းပြည်နယ် | ၂၂၊ ၁၊ ၁၃ |
| | ၂- မောက်မယ်၊ ရှမ်းပြည်နယ် | မသိ |
| | ၃- ဆီဆိုင်၊ ရှမ်းပြည်နယ် | မသိ |
| | ၄- သထုံ၊ မွန်ပြည်နယ် | မသိ |
| RCSS/SSA | ၁- တောင်ကြီး၊ ရှမ်းပြည်နယ် | ၂၂၊ ၂၊ ၁၂ |
| | ၂- ကျိုင်းတုံ၊ ရှမ်းပြည်နယ် | ၂၂၊ ၂၊၁၂ |
| | ၃- တာချီလိတ်၊ ရှမ်းပြည်နယ် | ၂၉၊ ၂၊ ၁၂ |
| | ၄- မိုင်းဆတ်၊ ရှမ်းပြည်နယ် | ၂၉၊ ၂၊ ၁၂ |
| | ၅- ခိုလမ်၊ ရှမ်းပြည်နယ် | ၂၁၊ ၃၊ ၁၂ |
| | ၆- မူဆယ်၊ ရှမ်းပြည်နယ် | မသိ |
| SSPP/SSA | ၁- လားရှိုး၊ ရှမ်းပြည်နယ် | ဖွင့်ပြီး |
| | ၂- တောင်ကြီး၊ ရှမ်းပြည်နယ် | ဖွင့်ပြီး |
| | ၃- ခိုလမ်၊ ရှမ်းပြည်နယ် | ဖွင့်ပြီး |
| | ၄- မူဆယ်၊ ရှမ်းပြည်နယ် | မသိ |
| UWSA | တန့်ယန်းနှင့် လားရှိုး၊ ရှမ်းပြည်နယ် | ဖွင့်ပြီး |
| NDAA | ရန်ကုန်၊ တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ် နှင့် မြဝတီ | ဖွင့်ပြီး |
| KPC | မြဝတီ၊ ဘုရားသုံးဆူ၊ ကော့ကရိတ်၊ မိုးတောင်းနှင့် ကော့သောင် | ဖွင့်ပြီး |
| DKBA-5 | မြဝတီ၊ ကရင်ပြည်နယ် | ယာယီ |
| | ကြာအင်းဆိပ်ကြီး၊ ကျိုက်ဒုံ၊ ဘုရားသုံးဆူ၊ မြိုင်ကြီးငူ | မသိ |
| NSCN-K | ခမ္ပတီး၊ စစ်ကိုင်းတိုင်း | မသိ |

# ပြည်ထောင်စုအဆင့် ဆွေးနွေးရေးအတွက် တရားဝင်ကိုယ်စားလှယ်အဖွဲ့

လတ်တလောအားဖြင့် ရွေးကောက်ပွဲ ပြီးသည့်နောက်ပိုင်း အပစ်ခတ်ရပ်ထားသော အဖွဲ့ (၁၃) ဖွဲ့မှ (၆) ဖွဲ့သည် တရားဝင် ကိုယ်စားလှယ်အဖွဲ့များ ရှိကြသည်။ ထိုအဖွဲ့များမှာ CNF၊ KNU၊ NMSP၊ PNLO နှင့် RCSS/SSA တို့ ဖြစ်ကြသည်။

အခြား အပစ်ရပ်အဖွဲ့ (၇) ဖွဲ့မှာ အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် တရားဝင် ကိုယ်စားလှယ်အဖွဲ့ မဖွဲ့ကြရသေးပေ။ ထို အဖွဲ့များမှာ UWSA၊ NDAA၊ SSPP/SSA၊ ALP၊ NSCN-K၊ DKBA-5 နှင့် KNPP တို့ ဖြစ်ကြသည်။


## ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ

အထက်ဖော်ပြခဲ့သော အကြောင်းပြချက်များအရ မည်သည့် အပစ်ရပ်အဖွဲ့မှ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို လက်ခံခြင်း မရှိပေ။ သို့ရာတွင် ၎င်းတို့သည် ပထမအချက် ၄ ချက်ကို လက်ခံကြသည် - ပြည်ထောင်စုအတွင်း ထာဝရ နေထိုင်ရေး၊ အမျိုးသားရေး ဦးတည်ချက် (၃) ရပ်၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲ ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တာဝန်များတွင် ပူးပေါင်းဆောင်ရွက် ရေးနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးတို့ ဖြစ်ကြသည်။ အပစ်ရပ်အဖွဲ့များက ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများမှ အချက် (၈) ချက်မှ (၅) ချက်ကို သဘောမတူကြပေ- ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်ခံရေး၊ ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် နိုင်ငံရေး ပါတီထောင်ခြင်း၊ ဖွဲ့စည်းပုံ ဥပဒေ ပြင်ဆင်မှုများကို လွှတ်တော်မှတဆင့် ပြုလုပ်ရမည်၊ တခုတည်းသော တပ်မတော်အဖြစ် ရှေ့ဆက် အလုပ်လုပ်ရန် (နယ်ခြားစောင့်တပ် ပြောင်းလဲရေး) တို့ ဖြစ်ကြသည်။ ဤအကြောင်းအရာသည် လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် အကြီးမားဆုံး နှောင့်နှေးမှုတခု ဖြစ်ကောင်း ဖြစ်ပေမည်။

## စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု

ပါတီ အချို့သည် အစိုးရနှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဖော်ကိုင်ဖက်များအဖြစ် လုပ်ဆောင်ခဲ့ကြသည်။ သို့ရာတွင် ယခုအချိန်အထိ KNU နှင့် NMSP တို့သည် အစိုးထံမှ အနည်းငယ်သာ တောင်းဆိုခဲ့ကြသည်။

| | |
|---|---|
| CNF | သဘောတူညီမှုများ- အထူးစီးပွားရေးဇုန် တခုထူထောင်ရေး၊ ရံပုံငွေ ရှာဖွေရေးအတွက် စည်းရုံးရေး ကော်မတီတစ်ခု တည်ထောင်ရေး၊ ချင်းပြည်နယ်အတွင်း ကမ္ဘာလှည့် ခရီးသွားများ လွပ်လပ်စွာ ဝင်ထွက် သွားလာခွင့်ပြုရေး၊ IT နည်းပညာ စွမ်းရည်များ မြှင့်တင်ရေး၊ ပြည်ထောင်စု လမ်းမကြီး ဖွံ့ဖြိုးတိုးတက် ရေး၊ အနည်းဆုံး လေဆိပ်တစ်ခု တည်ဆောက်ရေး |
| DKBA-5 | ဖွံ့ဖြိုးရေး လုပ်ဆောင်မှုများ |
| KNPP | ကယားပြည်နယ် အစိုးရနှင့် ဖွံ့ဖြိုးရေး အကြောင်းအရာများနှင့် ဆက်သွယ်ရေး ကဏ္ဍများတွင် နိုင်ငံတကာ NGOs များ ပြည်တွင်း NGOs များနှင့် ပူးတွဲလုပ်ဆောင်ခြင်း<br><br>တောင်းဆိုချက်- ကယားပြည်နယ်တစ်ခုလုံး လျှပ်စစ်မီးရရှိရေး |
| KPC | တောင်းဆိုချက် - နယ်စပ် ကုန်သွယ်ရေး၊ ဒေသတွင်း အဆောက်အဦများ၊ လေ့လာရှာဖွေရေး၊ (သစ်ထုတ်လုပ်ရေး) ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် သတ္တုတူးဖော်ရေး |



အိန္ဒိယ
ကချင်
တရုတ်
စစ်ကိုင်း
ချင်း
ဘင်္ဂလားဒေ့ရှ်
မန္တလေး
ရှမ်း
လာအို
နေပြည်တော်
Hsihseng
ရခိုင်
ကယား
ပဲခူး
ဘင်္ဂလားပင်လယ်အော်
ကရင်
ရန်ကုန်
မွန်
ထိုင်း
တနင်္သာရီ
ဆက်ဆံရေး ရုံးများပြ မြေပုံ
ALP (2)
CNF (3)
KNPP (3)
KNU (5)
NMSP (10)
PNLO (4)
RCSS/SSA (6)
SSPP/SSA (4)
UWSA (2)
NDAA (5)
KPC (5)
DKBA-5 (5)
NSCN-K (1)

| | |
|---|---|
| NDAA | သဘောတူညီချက်များ- ဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်း တိုးတက်အောင် လုပ်ဆောင်ရေး၊ ပညာရေးနှင့် ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ သတ္တုတူးဖော်ရေးနှင့် လျှပ်စစ်ကဏ္ဍများတွင် တိုးတက်မှုရှိရန် ပူးပေါင်းဆောင်ရွက်ခြင်း<br><br>ဆောင်းဆိုချက်များ- သတ္တု၊ ကျောက်မီးသွေး၊ ရွှေရှာဖွေရေးနှင့် ထုတ်လုပ်ရေးတို့ကို လက်ခံရေး၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ခွင့်ပြုရေး၊ သုတေသန သမားများ သဘာဝ အရင်းအမြစ်များ လက်ခံရရှိရေး၊ သစ်မာတန် (၁၀၀၀၀) နှင့် ကျွန်းသစ် တန် (၁၀၀၀၀) တို့ကို ထုတ်လုပ်ရေး၊ နယ်စပ် စစ်ဆေးရေးဂိတ်ကို ထိန်းချုပ်ရေးနှင့် အခွန်ကောက်ခံရေး၊ ဆန်၊ လောင်စာဆီနှင့် ငွေကြေးထောက်ပံ့ရေး |
| NMSP | ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများ၏ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်သည် |
| PNLO | စိုက်ပျိုးရေး စီမံကိန်းများကို အစိုးရနှင့် ပူးတွဲဆောင်ရွက်သည် |
| RCSS/SSA | RCSS/SSA မှ ဦးစီးသည့် အထူးစက်မှုဇုန်တစ်ခု အကောင်အထည်ဖော်ရန် သဘောတူသည်။<br><br>အပစ်ရပ် သဘောတူညီချက်ပြင်ပ - ရှမ်းတောင်တန်း ချယ်ရီကုမ္ပဏီကို ဖွဲ့စည်းထားသည်။ |

## မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု

အစိုးရအမိန့် အမှတ် ၁၇/၂၀၁၁ အရ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်တွင် အောက်ဖော်ပြပါ အဖွဲ့များသည် ပူးပေါင်း ဆောင်ရွက်ရန် သဘောတူ ထားခဲ့ကြသည်။

CNF, DKBA-5, NDAA, PNLO, SSPP/SSA, RCSS/SSA

အတိအကျ ဆိုရလျှင် ဒေသတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်းနှင့် ကုန်သွယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရန် RCSS/SSA သည် အစိုးရ၊ UNODC တို့နှင့် သုံးပွင့်ဆိုင် သဘောတူညီချက်ကို လက်မှတ်ထိုးခဲ့သည်။ RCSS ၏ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ဌာနသည်လည်း ၎င်းတို့၏ လုပ်ဆောင်မှုများနှင့် အစီအစဉ်များကို ဖြန့်ဝေဖော်ပြသည့် အင်တာနက် ဝက်ဆိုဒ်တခုလည်း ရှိသည်။ http://www.rcssantinarcotic.org/rcssanc.org

## နိုင်ငံရေးပါတီများ ထူထောင်ခြင်း

ရွေးကောက်ပွဲများ ပြီးသွားသည့်နောက်ပိုင်း အပစ်ရပ်ထားခဲ့သည့် မည်သည့်အပစ်ရပ်အဖွဲ့များမှ လာမည့် ရွေးကောက်ပွဲများအတွက် ပါတီထူထောင်ခြင်း မရှိသေးပေ။

၂၀၁၀ ရွေးကောက်ပွဲများအတွင်း ယခင် KIO ဒုဥက္ကဋ္ဌ (၂) ဟောင်း မနန်တူးဂျာသည် ကချင်ပြည်နယ် တိုးတက်ရေးပါတီ (KSPP) ကို တည်ထောင်ခဲ့သည်။ ထိုပါတီတွင် NDA-K နှင့် မြစ်ကြီးနား အခြေစိုက် ကချင်အမျိုးသားများ အတိုင်ပင်ခံ အစည်းအရုံး (KNCA) တို့လည်းပါဝင်ပြီး ကချင်အမျိုးသား နိုင်ငံရေးသမားများ အားလုံးပါဝင်ရေးအတွက် တပ်ပေါင်းစု တစ်ခုဖြစ်သည်။ သို့ရာတွင် ရွေးကောက်ပွဲ ကော်မရှင်မှ KIO နှင့် နီးစပ် ဆက်နွယ်မှုရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ၎င်းတို့၏ ပါတီ မှတ်ပုံတင်ခြင်းကို ပယ်ချခဲ့သည်။ ဒေါက်တာ တူးဂျာအပါအဝင် KSPP ၏ ဦးဆောင်သူ ၁၄ ဦးသည် တသီးပုဂ္ဂလအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုးပမ်းခဲ့သည် သို့ရာတွင် ကော်မရှင်မှ ထပ်မံ၍ ပယ်ချခဲ့သည်။

၂၀၁၀ ရွေးကောက်ပွဲများတွင် အပစ်ရပ် အဖွဲ့များမှနေ၍ နိုင်ငံရေး ပါတီထူထောင်ပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပါတီများမှာ -

- DKBA+ ကရင်ငြိမ်းချမ်းရေးတပ် = ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (KSDDP)၊ လွှတ်တော်ကိုယ်စား လှယ် ၂ ဦး ရွေးကောက်ခံရ၊ ဦးမန်းတင်အောင်မြင့် (အမျိုးသားလွှတ်တော်) နှင့် ဦးချစ်လှိုင် (ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်၊ မြဝတီ (၁)၊ ကရင်ပြည်နယ်)
- ပအိုဝ်းအမျိုးသား အစည်းအရုံး (PNO) - လွှတ်တော်ကိုယ်စားလှယ် (၈) ဦး ရွေးကောက်ခံရ၊ ဦးနေဝင်းထွန်း

(အမျိုးသား လွှတ်တော်)၊ ဦးခွန်မောင်သောင်း (ပင်လောင်း)၊ ဦးဝင်းကို (ဆီဆိုင်)၊ ဦးခွန်သိန်းဖေ (ဟိုပုံး) (ပြည်သူ့လွှတ်တော်)၊ ဦးခွန်အေးမောင် (ဟိုပုံး ၁)၊ ဦးခွန်လှသိန်း (ဆီဆိုင် ၁)၊ ဦးခွန်မောင်ဝေ (ဆီဆိုင် ၂)၊ ဦးခွန်လှစံ (ပင်လောင်း ၁)၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်၊

- PSLP = တအောင်း(န်)ပလောင် အမျိုးသားပါတီ (TNP) - လွှတ်တော်ကိုယ်စားလှယ် ၂ ဦး ရွေးကောက်ခံရ၊ ဦးထွန်းကျော် (အမျိုးသား လွှတ်တော်)၊ နှင့် ဦးအိုက်မုန်း (ပြည်သူ့လွှတ်တော်၊ မန်တုံ၊ ရှမ်းပြည်နယ်)
- KNU ငြိမ်းချမ်းရေးအဖွဲ့ = USDP လွှတ်တော် ကိုယ်စားလှယ်လောင်း၊ ခေါင်းဆောင် ဖဒိုအောင်ဆန်း (ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်၊ ဖာပွန် ၂၊ ကရင်ပြည်နယ်)

## နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ် အစီအစဉ်

အစိုးရကထုတ်ပြန်ထားသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်များအားလုံးသည် နယ်ခြားစောင့်တပ် သို့မဟုတ် ပြည်သူ့စစ်အဖြစ် ပြောင်းလဲရမည်ဆိုသည့်အမိန့်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အကြီးမားဆုံး အခက်အခဲ ဖြစ်သည်။ ဤအမိန့်သည် ၎င်းတို့အားလုံးအား မြန်မာစစ်တပ်ထိန်းချုပ်မှုအောက်သို့ ကျရောက်စေလိုသည့် အတွက်ဟု ဆိုကာ ရွေးကောက်ပွဲများပြီးသည့်နောက်ပိုင်း အပစ်ရပ်စဲသောအဖွဲ့များ အားလုံးမှ ပယ်ချခဲ့ကြသည်။ UNFC က ဖက်ဒရယ် တပ်မတော်တစ်ခု ထူထောင်ရန်တင်ပြခဲ့ပြီး အဆိုပါတပ်အား ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ထူထောင်ကာ KNPP မှ ဗိုလ်ချုပ်ကြီး ဘီးထူးက ဦးဆောင်သည်။

နယ်ခြားစောင့်တပ် မူဝါဒနှင့်ပတ်သက်၍ အစိုးရမှထုတ်ပြန်သည့် တရားဝင်အထောက်အထား စာရွက်စာတမ်း မရှိပေ။ ပြည်သူ့စစ်နှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ကာကွယ်ရေးဌာန အခန်း (၇) တွင် ဖော်ပြထား သည်။ သို့ရာတွင် ပြည်သူ့စစ်၏ အခန်းကဏ္ဍအကြောင်း မသေချာမရေရာသော စကားလုံးများသာရှိပြီး အသေးစိတ် ဖော်ပြထားခြင်းမရှိပေ။


> (ပုဒ်မ - ၃၄၀) အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ကာကွယ်ရေးဌာနသည် ပြည်ထောင်စု လုံခြုံရေးနှင့်ကာကွယ်ရေးတွင် တစ်တိုင်းပြည်လုံးရှိ ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန် စီမံအုပ်ချုပ်မှုအာဏာ ရှိသည်။ ကာကွယ်ရေးဌာန၏ ဦးဆောင်မှုအောက်တွင် ပြည်သူ့စစ် သေနင်္ဂဗျူဟာကို လုပ်ဆောင်စေနိုင်သည်။

ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေး ကွန်ယက်၏ အစီရင်ခံစာဖြစ်သည့် "မြန်မာနိုင်ငံတွင် မြို့ပြနှင့် စစ်တပ်အုပ်ချုပ်ရေး ပုံသဏ္ဌာန်" (ဩဂုတ် ၂၀၁၁)တွင် နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်တို့ ဖွဲ့စည်းတည်ဆောက်မှု ပုံစံကို အောက်ပါအတိုင်း အသေး စိတ်ပါရှိသည်။

နယ်ခြားစောင့်တပ် (BGF)သည် မြန်မာစစ်တပ်ကဲ့သို့ ပုံမှန်စစ်တပ်အင်အားနှင့် စစ်တပ်ဖွဲ့စည်းပုံ ရှိသည်။ တပ်ရင်းမှူး သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့မှဖြစ်သော်လည်း နယ်ခြားစောင့်တပ်၏ လုပ်ရှားဆောင်ရွက်မှု အားလုံးကို မြန်မာစစ်တပ်မှ အလုံးစုံ ထိန်းချုပ်ထားပြီး စစ်ရေးလှုပ်ရှားမှုများတွင် ပူးတွဲလုပ်ဆောင်ရသည်။

BGF တပ်ရင်းတွင် ဦးရေ ၃၂၆ ဦးရှိပြီး၊ ထိုအထဲတွင် တပ်မှူးများအပါအဝင် အခြားအဆင့်အရာရှိများလည်း ပါဝင်ပြီး ၃% ရှိသည့် အရေအတွက်သည် မြန်မာစစ်တပ်မှ ဖြစ်သည်။ ထိုသူများအကြားတွင် အရာရှိများအပါအဝင် မြန်မာ စစ်တပ်မှ စစ်သား ၃၀ ပါဝင်ပြီး တိုင်းရင်းသားတပ်သားများနှင့် အတူတကွ အလုပ်လုပ်ဆောင်ကာ နယ်ခြားစောင့်တပ်၌ အရေးကြီးသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာနေရာများကို ယူဆောင်ထားသည်။

နယ်ခြားစောင့်တပ် တပ်ရင်းမှူးသည် ၎င်း၏တပ်သားများအား ရာထူးတိုးပေးနိုင်ပြီး မြန်မာစစ်တပ်မှ ပေးအပ်ထားသော မော်တာကဲ့သို့သော လက်နက်ကြီးများကိုလည်း သုံးစွဲခွင့် ပြုထားသည်။ သို့ရာတွင် မြန်မာစစ်တပ်မှ မည်သည့်ဒေသမ ဆို လွပ်လပ်စွာ ကင်းလှည့်သွားလာနေနိုင်စဉ်အတွင်း နယ်ခြားစောင့်တပ် တပ်ရင်းမှူးကိုမူ မိမိတို့တာဝန်ယူရသည့် ဒေသ၌သာ ကင်းလှည့် သွားလာခြင်းကို ခွင့်ပြုထားသည်။ ဥပမာအားဖြင့် ကချင်ပြည်နယ်တွင် ကရင်နယ်ခြားစောင့် တပ်မှ သွားရောက်တပ်စွဲခွင့်မရှိသော်လည်း မကွေးတိုင်းအခြေစိုက် မြန်မာစစ်တပ် ခမရ (၈၈)သည် ကချင်ပြည်နယ် တွင် သွားလာတပ်စွဲခွင့် ရှိသည်။


တပ်ရင်းမှူး (အပစ်ရပ်အဖွဲ့)
ဒုတပ်ရင်းမှူး (မြန်မာစစ်တပ်နှင့် အပစ်ရပ်အဖွဲ့)
2- IC (မြန်မာစစ်တပ်)
တပ်ရေးအရာရှိ (မြန်မာစစ်တပ်)
တပ်ထောက်အရာရှိ (မြန်မာစစ်တပ်)
တပ်ခွဲအရာရှိ (အပစ်ရပ်အဖွဲ့)
- ဒု-အရာခံဗိုလ် (ရုံးအုပ်)
- တပ်ကြပ်ကြီး (စာရေး)
- တပ်ကြပ်ကြီး
- ဒု-အရာခံဗိုလ် (ထောက်ပံ့)
- တပ်ကြပ်
- ဆေးတပ်သားများ
အခြားအဆင့်များ (အပစ်ရပ်အဖွဲ့)
နယ်ခြားစောင့်တပ်
(မြန်မာစစ်တပ် ၃၀)
(အပစ်ရပ်အဖွဲ့ ၂၉၆)

| မြန်မာစစ်တပ် | အရေအတွက် | | Ceasefire Group | အရေအတွက် |
|---|---|---|---|---|
| - | - | | တပ်ရင်းမှူး | ဗိုလ်မှူး ၁ ဦး |
| ဒုတပ်ရင်းမှူး (အုပ်ချုပ်ရေး) | ဗိုလ်မှူး ၁ ဦး | | ဒုတပ်ရင်းမှူး | ဗိုလ်မှူး ၁ ဦး |
| ဗိုလ်ကြီး (တပ်ရေး) | ဗိုလ်ကြီး ၁ ဦး | | - | - |
| ဗိုလ်ကြီး (တပ်ထောက်) | ဗိုလ်ကြီး ၁ ဦး | | - | - |
| - | - | | တပ်ခွဲမှူး | ဗိုလ်ကြီး ၃ |
| - | - | | တပ်စုမှူး | ဗိုလ်နှင့် ဒုဗိုလ် ၁၀ ဦး |
| တပ်ရင်းအရာခံဗိုလ် | ၁ ဦး | | - | - |
| ဒုအရာခံဗိုလ် (ရုံး) | ၁ ဦး | | ဒုအရာခံဗိုလ် | ၄ ဦး |
| ဒုအရာခံဗိုလ် (ထောက်ပံ့) | ၁ ဦး | | - | - |
| တပ်ကြပ်ကြီး (စာရေး) | ၈ ဦး | | တပ်ကြပ်ကြီး (ရိက္ခာ) | ၁ ဦး |
| တပ်ကြပ်ကြီး | ၆ ဦး | | တပ်ကြပ်ကြီး | ၁၀ ဦး |
| တပ်ကြပ် | ၉ ဦး | | တပ်ကြပ် | ၃၅ ဦး |
| ဆေးတပ်သား | ၁ ဦး | | - | - |
| - | - | | ဒုတပ်ကြပ် | ၃၃ ဦး |
| - | - | | တပ်သား | ၁၉၈ ဦး |
| စုစုပေါင်း | ၃၀ ဦး | | စုစုပေါင်း | ၂၉၆ ဦး |

ပြည်သူ့စစ် (PMF) - ယခင် သောင်းကျန်းသူ ဆန့်ကျင်ရေး အဖွဲ့ဟု အမည်ရသည့် အဖွဲ့သည် မြန်မာစစ်တပ်နှင့် နယ်ခြား စောင့်တပ်ကဲ့သို့ ပုံမှန်တပ်တစ်ခု မဟုတ်ပေ။ ၎င်း၌ စစ်တပ်ဖွဲ့စည်းပုံ မရှိသလို မည်သည့် မြန်မာစစ်တပ်မှ တပ်သားများလည်း မပါဝင်ပေ။ ပြည်သူ့စစ်တွင် တရားဝင် အဆင့်ခွဲခြားထားမှုလည်း မရှိပေ။ နယ်ခြားစောင့်တပ်ကဲ့သို့ သတ်မှတ် ဆုံးဖြတ်ထားသော တပ်သား အရေအတွက်လည်း မရှိပေ။ ဥပမာအားဖြင့် နယ်ခြားစောင့်တပ် တစ်ခုစီတွင် တပ်သား ဦးရေ ၃၂၆ ဦး ရှိသော်လည်း ပြည်သူ့စစ်တွင် တပ်သားအင်အား ၁၀၀ အောက်သာ အများအားဖြင့် ရှိသည်။ ပြည်သူ့စစ် အဖွဲ့ဝင်များ သည် မြန်မာအစိုးရကပေးသော စစ်သင်တန်းကိုလည်း တက်ရောက်ရန်မလိုအပ်သလို လခလည်း မခံစားရပေ။ သို့သော်လည်း ၎င်းတို့ လုပ်ဆောင်မှုများကို မြန်မာစစ်တပ်မှ ကြီးကြပ်စောင့်ကြည့်သည်။ နယ်ခြားစောင့်တပ်နှင့် မြန်မာ စစ်တပ်တို့ကဲ့သို့ မဟုတ်ဘဲ ပြည်သူ့စစ်သည် စစ်တပ်ရေးရာ သို့မဟုတ် စစ်ဆင်ရေးများတွင် အချိန်ပြည့် ပူးပေါင်းပါဝင်ရန် တာဝန်မရှိပေ။ ပြည်သူ့စစ်အဖွဲ့၏ အဓိက ရည်ရွယ်ချက်သည် မြန်မာစစ်တပ်မှ လိုအပ်သောအခါ အထောက်အကူ ရရန်အတွက်သာ ဖြစ်သည်။ ဤအထဲတွင် "သတင်း ထောက်လှမ်းရေးနှင့် သောင်းကျန်းသူ ဗဟိုဌာနချုပ်များ၊ စခန်းများကို လမ်းပြပေးရန်" တို့ ပါဝင်သည်။

၎င်းတို့ လုပ်ရှားရာဒေသတွင်း စစ်ရေးလှုပ်ရှားမှုများကို ငွေကြေးထောက်ပံ့ရန်အတွက် ပြည်သူ့ စစ်ခေါင်းဆောင်များအား ကိုယ်ပိုင် စီးပွားရေးများကို လုပ်ဆောင်ခွင့် ပြုထားသည်။ သူတို့သည် သတ်မှတ်ထားသော ဒေသမှလွဲ၍ အခြားဒေသသို့ သွားလာကင်းလှည့်ခွင့် မရှိသလို လက်နက်ကြီးများကိုလည်း သုံးစွဲခွင့် မရှိပေ။

ယခုချိန်အထိ နယ်ခြားစောင့်တပ် သို့မဟုတ် ပြည်သူ့စစ်အဖြစ် ပြောင်းလဲပြီးသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ အချို့မှာ- NDA-K, KNPLF, MNDAA, လားဟူ ပြည်သူ့စစ်အဖွဲ့၊ DKBA, KDA, အချို့ SSA-N နှင့် SSA-S တို့မှ တပ်ရင်းများနှင့် အခြားသော လက်နက်ကိုင် အဖွဲ့ကြီးများမှ ခွဲထွက်လာသောအဖွဲ့များ ဖြစ်ကြသည်။ အောက်တွင် နယ်ခြားစောင့်တပ် နှင့် ပြည်သူ့စစ်အဖွဲ့တို့ အပြည့်အစုံ စာရင်းကို ဖော်ပြထားသည်။

နယ်ခြားစောင့်တပ်***** နယ်ခြားစောင့်တပ် (BGF) ၏ တပ်ရင်းတစ်ခုစီတွင် တပ်သား ၃၂၆ ဦး ပါဝင်သည်။ ဤအထဲတွင် အရာရှိ (၁၈) ဦးနှင့် တပ်မှူး (၃) ဦး ( မြန်မာစစ်တပ်မှ ၁ ဦး အပါအဝင်) ပါဝင်သည်။ နယ်ခြားစောင့်တပ်သည် သတ်မှတ်ပေးထားသော နေရာဒေသ အတွင်းတွင်သာ လှုပ်ရှားသွားလာခွင့် ရှိသည်။ သူတို့၏ လစာများသည် မြန်မာစစ်တပ်မှ တပ်သားများရသည့် လစာနှင့် တူညီကြသည်။

| စဉ် | BGF | ထိန်းချုပ်ရာဒေသ | တပ်မှူး | တည်ထောင်ချိန် | ယခင်တပ်အမည် |
|---|---|---|---|---|---|
| ၁ | အမှတ် ၁၀၀၁ | ဂန့်ဂွမ်း နှင့် ချီဖွေ | ဗိုလ်မှူး ဒယ်တန် ခေါင်လွန်း | နိုဝင်ဘာ (၈)၊ ၂၀၀၉ | NDA-K၊ ကချင်ပြည်နယ် |
| ၂ | အမှတ် ၁၀၀၂ | လူဖီ၊ ချီဖွေနှင့် ပန်းဝါ | ဗိုလ်မှူး လန်ယော် ဆောင်တိတ် | နိုဝင်ဘာ (၈)၊ ၂၀၀၉ | NDA-K |
| ၃ | အမှတ် ၁၀၀၃ | စင်းကြိုင်နှင့် ကန်ပိုက်တီး | ဗိုလ်မှူး ဝမ်သီ ဒိုင်ခေါင်န် | နိုဝင်ဘာ (၈)၊ ၂၀၀၉ | NDA-K |
| ၄ | အမှတ် ၁၀၀၄ | ပန်တိန်နှင့် လွိုင်ကော် | ဗိုလ်မှူး ရီးဆမား | နိုဝင်ဘာ (၈)၊ ၂၀၀၉ | KNPLF, ကယားပြည်နယ် |
| ၅ | အမှတ် ၁၀၀၅ | ဆော့ပိုင်နှင့် လွိုင်ကော် | ဗိုလ်မှူး ဆီးမိုးနယ်လ် | နိုဝင်ဘာ (၈)၊ ၂၀၀၉ | KNPLF |
| ၆ | အမှတ် ၁၀၀၆ | လောက်ကိုင် | ဗိုလ်မှူး ယန်ရှောက်ကျင် | ဒီဇင်ဘာ (၄)၊ ၂၀၀၉ | MNDAA (ကိုးကန့် တပ်)၊ ရှမ်းပြည်နယ် |
| ၇ | အမှတ် ၁၀၀၇ | ပုံပါကျင်နှင့် မန်တုံ | ဗိုလ်မှူး ဂျပီကွဲ | မတ် (၃၀)၊ ၂၀၁၀ | လားဟူစစ်အဖွဲ့၊ မန်တုံနှင့် မိုင်းဆတ်မြို့နယ်၊ ရှမ်းပြည်နယ် |
| ၈ | အမှတ် ၁၀၀၈ | မိုင်းယု နှင့် မိုင်းယောင်း | ဗိုလ်မှူး စိုင်းအွန် | မတ် (၃၀)၊ ၂၀၁၀ | မုံးကိုး ကျေးရွာရှိ လားဟူ စစ်အဖွဲ့နှင့် တာလေ မြို့နယ်ရှိ ဂျာကူနီ စစ်အဖွဲ့ ပူးပေါင်းတပ်၊ ရှမ်းပြည်နယ် |
| ၉ | အမှတ် ၁၀၀၉ | တာချီလိတ် | ဗိုလ်မှူး စိုင်းအောင် | မေ (၁၈)၊ ၂၀၁၀ | တာချီလိတ်မြို့နယ်ရှိ လားဟူ ပြည်သူ့စစ်အဖွဲ့၊ ရှမ်းပြည်နယ် |
| ၁၀ | အမှတ် ၁၀၁၀ | မက်မန်း | မသိ | မေ (၂၀)၊ ၂၀၁၀ | မိုင်းပြင်းမြို့နယ်ရှိ မက်မန်းစစ်အဖွဲ့ |
| ၁၁ | အမှတ် ၁၀၁၁ | ပန်တော်မီ-လှိုင်းဘွဲ့ | မသိ | ဩဂုတ် (၁၈)၊ ၂၀၁၀ | DKBA လှိုင်းဘွဲ့နှင့် မြိုင်ကြီးငူ ဒေသ၊ ကရင်ပြည်နယ် |
| ၁၂ | အမှတ် ၁၀၁၂ | ကျုံထော်-လှိုင်းဘွဲ့ | ဗိုလ်မှူး စောဘိ | ဩဂုတ် (၁၈)၊ ၂၀၁၀ | DKBA လှိုင်းဘွဲ့နှင့် မြိုင်ကြီးငူ ဒေသ၊ ကရင်ပြည်နယ် |

| စဉ် | BGF | ထိန်းချုပ်ရာဒေသ | တပ်မှူး | တည်ထောင်ချိန် | ယခင်တပ်အမည် |
|---|---|---|---|---|---|
| ၁၃ | အမှတ် ၁၀၁၃ | ကတိုင်ထိ-ဖာပွန် | ဗိုလ်မှူး စောလှကြိုင် | သြဂုတ် (၁၈)၊ ၂၀၁၀ | DKBA လှိုင်းဘွဲ့နှင့် မြိုင်ကြီးငူ ဒေသ၊ ကရင်ပြည်နယ် |
| ၁၄ | အမှတ် ၁၀၁၄ | တံတာဦး နှင့် ဖာပွန် | မသိ | သြဂုတ် (၁၈)၊ ၂၀၁၀ | DKBA လှိုင်းဘွဲ့နှင့် မြိုင်ကြီးငူ ဒေသ၊ ကရင်ပြည်နယ် |
| ၁၅ | အမှတ် ၁၀၁၅ | ပိုင်ကျုံ-လှိုင်းဘွဲ့ | ဗိုလ်မှူး စောဝင်းနိုင်စိန် | သြဂုတ် (၂၀)၊ ၂၀၁၀ | DKBA ပိုင်ကျုံဒေသ၊ ကရင်ပြည်နယ် |
| ၁၆ | အမှတ် ၁၀၁၆ | ဒေါ်လန်း-လှိုင်းဘွဲ့ | ဗိုလ်မှူး စောမြတ်ခိုင် | သြဂုတ် (၂၀)၊ ၂၀၁၀ | DKBA ပိုင်ကျုံဒေသ၊ ကရင်ပြည်နယ် |
| ၁၇ | အမှတ် ၁၀၁၇ | မဲ့ပုလဲ-မြဝတီ | မသိ | သြဂုတ် (၂၀)၊ ၂၀၁၀ | DKBA မဲ့ပုလဲဒေသ၊ ကရင်ပြည်နယ် |
| ၁၈ | အမှတ် ၁၀၁၈ | ရွှေကုက္ကို-မြဝတီ | ဗိုလ်မှူး စောမောင်ဝင်း | သြဂုတ် (၂၀)၊ ၂၀၁၀ | DKBA မဲ့ပုလဲဒေသ၊ ကရင်ပြည်နယ် |
| ၁၉ | အမှတ် ၁၀၁၉ | တောအုပ် နှင့် မြဝတီ | ဗိုလ်မှူး စောလိုက်သိမ့် | သြဂုတ် (၂၀)၊ ၂၀၁၀ | DKBA မဲ့ပုလဲဒေသ၊ ကရင်ပြည်နယ် |
| ၂၀ | အမှတ် ၁၀၂၀ | ထီးဝါးကလေး-မြဝတီ | ဗိုလ်မှူး စံလင်း | သြဂုတ် (၂၁)၊ ၂၀၁၀ | DKBA ထီးဟူသန် ဒေသ၊ ကရင်ပြည်နယ် |
| ၂၁ | အမှတ် ၁၀၂၁ | ထီးဟူသန်နှင့် ကော့ကရိတ် | ဗိုလ်မှူး စောဘီလူး | သြဂုန် (၂၁)၊ ၂၀၁၀ | DKBA ထီးဟူသန် ဒေသ၊ ကရင်ပြည်နယ် |
| ၂၂ | အမှတ် ၁၀၂၂ | အတွင်းကွင်းကလေး နှင့် မြဝတီ | မသိ | သြဂုတ် (၂၁)၊ ၂၀၁၀ | DKBA မေတ္တာလင်းမြိုင် ဒေသ၊ ကရင်ပြည်နယ် |
| ၂၃ | အမှတ် ၁၀၂၃ | ကျိုက်ဒုံ နှင့် ကြာအင်းဆိပ်ကြီး | ဗိုလ်မှူး စောအယ်ထူး | သြဂုတ် (၂၁)၊ ၂၀၁၀ | DKBA ကျိုက်ဒုံဒေသ၊ ကရင်ပြည်နယ် |

ပြည်သူ့စစ်**** အများအားဖြင့် ၁၀၀ အောက် တပ်သား အင်အားသာရှိသော ပြည်သူ့စစ်အဖွဲ့များကို တပ်မတော်မှ ထိန်းချုပ်ထားသည်။

| စဉ် | အမည် | ထိန်းချုပ်ဒေသ | တပ်မှူး | တည်ထောင်ချိန် | ခွဲထွက်ခဲ့သည့်အဖွဲ့ |
|---|---|---|---|---|---|
| ၁ | လဝါးယန် ပြည်သူ့စစ် | ဂွေထူ-လဝါးယန်၊ ပိုင်းမော် | ဗိုလ်မှူးကြီး လဆန်းအောင်ဝါ | အောက်တိုဘာ (၁၆)၊ ၂၀၀၉ | KIO/KIA |
| ၂ | ရဝမ် ပြည်သူ့စစ် | ခေါင်လန်ဖူး (ပူတာအို) | တန်ခူးတန် | မသိ | မြန်မာစစ်တပ်မှ ဖွဲ့စည်း |
| ၃ | ကောင်းခါ (၁) | ကောင်းခါ၊ ကွတ်ကိုင် | မသိ | ဇန်နဝါရီ (၁၉)၊ ၂၀၁၀ | ကချင်ကာကွယ်ရေး တပ် (KDA) |
| ၄ | ကောင်းခါ (၂) | လွိုင်ခမ်း၊ ကွတ်ကိုင် (ကွတ်ခိုင်) | မသိ | ဇန်နဝါရီ (၁၉)၊ ၂၀၁၀ | KDA |

| စဉ် | အမည် | ထိန်းချုပ်ဒေသ | တပ်မှူး | တည်ထောင်ချိန် | ခွဲထွက်ခဲ့သည့်အဖွဲ့ |
|---|---|---|---|---|---|
| ၅ | ကောင်းခါ (၃) | ဟိုဖြတ်၊ ကွတ်ကိုင် | မသိ | ဇန်နဝါရီ (၁၉)၊ ၂၀၁၀ | KDA |
| ၆ | ကောင်းခါ (၄) | လွိုင်တောက်၊ ကွတ်ကိုင် | မသိ | ဇန်နဝါရီ (၁၉)၊ ၂၀၁၀ | KDA |
| ၇ | ကောင်းခါ (၅) | မန်လင်း၊ ကွတ်ကိုင် | မသိ | ဇန်နဝါရီ (၁၉)၊ ၂၀၁၀ | KDA |
| ၈ | စိန်ကျောက် (၁) | စိန်ကျောက်၊ သီပေါ | - | မေ (၁၀)၊ ၂၀၁၀ | SSPP/SSA |
| ၉ | စိန်ကျောက် (၂) | စိန်ကျောက်၊ သီပေါ | - | မေ (၁၀)၊ ၂၀၁၀ | SSPP/SSA |
| ၁၀ | မိန်းခေး | မိန်းခေး၊ သီပေါ | - | မေ (၁၀)၊ ၂၀၁၀ | SSPP/SSA |
| ၁၁ | ကာလိ | ကာလီ၊ ကွန်ဟိန်း | - | မေ (၁၀)၊ ၂၀၁၀ | SSPP/SSA |
| ၁၂ | ဝမ့်ပန် | ဝမ့်ပန်၊ လဲချား | - | စက်တင်ဘာ (၂၉)၊ ၂၀၀၉ | RCSS/SSA (တပ်မဟာ ၇၅၈) |
| ၁၃ | နားပွဲ | နားပွဲ၊ နမ့်ဆမ် | - | စက်တင်ဘာ (၂၉)၊ ၂၀၀၉ | RCSS/SSA (တပ်မဟာ ၇၅၈) |

ဒေသဆိုင်ရာ ပြည်သူ့စစ်နှင့် သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့**** အဖွဲ့တိုင်းတွင် ၁၀၀ အောက်တပ်သား အင်အားသာရှိပြီး တပ်မတော်မှ ထိန်းချုပ်ထားသည်။

| စဉ် | အမည် | ဧရိယာ/ဒေသ | ဧရိယာ/ဒေသ |
|---|---|---|---|
| ၁ | မန်ပန်အဖွဲ့ | မန်ပန်၊ တန့်ယန်း | စိုင်းမွန်၊ ခွန်လ (ယခင် PSLF မှ) |
| ၂ | မုံးဟင်-မုံးဟ | တန့်ယန်း | လောဝ်မာ |
| ၃ | နောင်မို (နားကော်ကျေးရွာအုပ်စု) | တန့်ယန်း | ယားဘူ၊ လားဟူဒေသ |
| ၄ | မိုင်းကောင်း | တန့်ယန်း | ရဲအရာရှိ စောလူ |
| ၅ | နားကော် | တန့်ယန်း | ရဲအရာရှိ လောတာ |
| ၆ | မိုင်းယု | မူဆယ် | မသိ |
| ၇ | ကြူကုတ် | ကြူကုတ် | မသိ |
| ၈ | မုံးကိုး | မုံးကိုး | နော်ခမ်း |
| ၉ | မုံးပေါ် | မုံးကိုး | ဂမ်မိုင် |
| ၁၀ | ရောက်ဟော် | မုံးကိုး | လုမြင့် |
| ၁၁ | လုံခန်း | မူဆယ် | မသိ |
| ၁၂ | ပန်စိန်း | မူဆယ် | မသိ |

| စဉ် | အမည် | ဧရိယာ/ဒေသ | ဧရိယာ/ဒေသ |
|---|---|---|---|
| 13 | အထူးပြည်သူ့ စစ်အဖွဲ့ | ကွတ်ကိုင် | တီခွန်မြတ်၊ ၂၀၁၀ ရွေးကောက် ပွဲတွင် အရွေးချယ်ခံရ |
| 14 | ဖွန်းဆိုင် | ကွတ်ကိုင် | ကြည်ခွန်ဆွေ |
| 15 | ပြည်သူ့ စစ်အထူးရိန်းဂျားတပ်အဖွဲ့ | ကွတ်ကိုင် | မသိ |
| 16 | ပြည်သူ့ စစ်အထူးတပ်အဖွဲ့ | ကွတ်ကိုင် | ရဲအရာရှိ ဇော်အောင် |
| 17 | တာမိုးညှဲ | ကွတ်ကိုင် | မြင့်လွင် (ခေါ်) ဝမ်ကော့တာ |
| 18 | ပန်ဆေး | နန့်ခမ်း | ကျော်မြင့်၊ ၂၀၁၀ ရွေးကောက်ပွဲတွင် အရွေးချယ်ခံရ |
| 19 | လုံထန် | လောက်ကိုင် | ကိုးကန့်ဒေသ |
| 20 | နမ္မတူ | နမ္မတူ | မသိ |
| 21 | မန်တုံ | မန်တုံ | ဦးသန်းဉာဏ် (ယခင် PSLP မှ) ပလောင်(တအောင်း) ဒေသ |

## တိုင်းရင်းသား ငြိမ်းချမ်းရေး အစီအစဉ်

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအားလုံး ပင်လုံသဘောတူညီချက် (ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ ဖက်ဒရယ်စနစ်၊ တိုင်းရင်းသားတို့ တန်းတူ ညီမျှမှု) ကို လိုက်နာ ဆွေးနွေး ညှိနှိုင်းခြင်းဖြင့်သာ တိုင်းရင်းသား ပဋိပက္ခများကို ဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြသည်။ လတ်တလောအားဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အားလုံးနှင့် ၎င်းတို့၏ အမျိုးမျိုးသော တောင်းဆိုချက်များကို ကိုယ်စားပြုရန် အဖွဲ့အစည်း သို့မဟုတ် တစုတစည်းတည်းရှိသည့် အစီအမံ တခုခု မရှိသေးပေ။

များစွာသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ အဓိက တောင်းဆိုချက် (အစောပိုင်းတွင် ဖော်ပြပါရှိခဲ့သည့် အစိုးရ လမ်းညွှန်သည့် မူဝါဒများကို ချန်လှပ်ထားသည်) များမှာ အောက်ပါ အတိုင်းဖြစ်သည်။

၁ - တိုင်းရင်းသား အဖွဲ့များ တရားဝင်ဖြစ်ရေး၊ လွတ်ငြိမ်း ချမ်းသာခွင့်ပေးရေး။

၂ - နိုင်ငံတကာ ညှိနှိုင်းပေးသူများ၊ စောင့်ကြည့်ရေး အဖွဲ့များ၊ လူထုနှင့် ဆွေးနွေးတိုင်ပင်ခြင်း။

၃ - ပင်လုံစာချုပ် သတ်မှတ်ချက်များနှင့် တိုင်းရင်းသားများအကြား ဆွေးနွေးခြင်း။

၄ - ယဉ်ကျေးမှု ကာကွယ်ရေး။

၅ - လူ့အခွင့်အရေးနှင့် ဤအခွင့်အရေးများကို အကာအကွယ်ပေးမည့် အထူးကော်မရှင်တခု။

၆ - သဘာဝ ပတ်ဝန်းကျင်ကာကွယ်ရေး။

၇ - ပြန်လည် အခြေချနေထိုင်ရေး၊ ဒုက္ခသည်နှင့် စစ်သားများဘဝ မြှင့်တင်ရေး။

ယခု ကာလတွင် ညီညွတ်သော တိုင်းရင်းသား လူမျိုးများကောင်စီ (UNFC) သည် အသက်အဝင်ဆုံး တိုင်းရင်းသား တပ်ပေါင်းစုတစ်ခု ဖြစ်သည်။ သို့ရာတွင် ၎င်းသည်လည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အားလုံးကို ကိုယ်စား မပြုပြန်ချေ။ ယင်းအဖွဲ့ဝင်အများစုသည် ဘာရပ်ဆဲလ်အခြေစိုက် ဥရောပမြန်မာရုံးမှ ငွေကြေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဦးစီးသည့် တိုင်းရင်းသား ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ (WGEC) နှင့် ပါဝင်ပတ်သက် နေကြသည်။ ဥရောပ မြန်မာ ရုံးသည် MPSI ၏ ငွေကြေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ တာဝန်ရှိသည့် အဓိက အဖွဲ့အစည်း ဖြစ်သည်။

UNFC နှင့် WGEC နှစ်ခုစလုံးသည် အစိုးရ၏ နယ်ခြားစောင့်တပ် ပြောင်းလဲရေး အစီအစဉ်ကို အပြောင်းအလဲ လုပ်ရန် တောင်းဆိုနေကြသည်။ အစိုးရကပြောဆိုသည်မှာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေမှ ပြဌာန်းထားသော လက်ရှိနိုင်ငံရေး မူဝါဒမှတဆင့် အပြောင်းအလဲ အားလုံးသည် ဖြစ်နိုင်သည်ဟု ဆိုသည်။ ဥပမာ- တိုင်းရင်းသားပါတီများ ရွေးကောက်ပွဲများနှင့် ပါလီမန်အတွက် ဝင်ရောက် ယှဉ်ပြိုင်နိုင်သည်။

## UNFC

UNFC သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ပူးပေါင်းဖွဲ့စည်းထားသည့် နောက်အကျဆုံးသော တပ်ပေါင်းစု ဖြစ်သည်။ UNFC သည် ယခင် ၂၀၁၀ ခုနှစ် နိုဝင်ဘာလက ဖွဲ့သည်းခဲ့သည့် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေး ကော်မတီကို ပြောင်းလဲ ဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်း ဖြစ်သည်။ လတ်တလောအားဖြင့် UNFC သည် ညီညွတ်သော တိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသည့် တပ်ဦးတစ်ခု အနေဖြင့် အစိုးရနှင့် စကားပြောရန် လှုံ့ဆော်နေသည်။ အစိုးရနှင့် တွေ့ဆုံ ဆွေးနွေးစဉ်အတွင်း သူတို့၏ တောင်းဆိုချက်များသည် ၂၀၀၈ ခုနှစ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဒုတိယ မူကြမ်းပေါ်တွင် အခြေခံသည်။

မကြာသေးမီက KIO မှတောင်းဆိုသည်မှာ သူတို့သည် အစိုးရနှင့် ငြိမ်းချမ်းရေး စကားပြောဆိုမှုကို UNFC မှ တဆင့်သာ ပြုလုပ်မည်ဟု ဆိုသည်။ သို့ရာတွင် ထိုသို့ ကြေညာပြီး ရက်မကြာမီ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် အစိုးရ UPWC အဖွဲ့နှင့် တရုပ်ပြည် ရွှေလီမြို့တွင် သီးခြား တွေ့ဆုံခဲ့သည်။

## ရည်မှန်းချက်များ

UNFC ၏ ရည်မှန်းချက်များ- (မြန်မာပြည်တွင်) ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန်၊ ဖက်ဒရယ် တပ်မတော် (FUA) တစ်ခု ထူထောင်ရန်၊ တိုင်းရင်းသား ဒေသများအား အကာအကွယ်ပေးရန်။

အဖွဲ့ဝင် (၁၁)ဖွဲ့- နဂို မူလအားဖြင့် ၁၂ဖွဲ့ဖြစ်သည်* ကချင်အမျိုးသား အစည်းအရုံး (KNO) သည် KIA နှင့် ပူးပေါင်း ခဲ့သည်။

| UNFC အဖွဲ့ဝင်များ (ယင်းတို့သည် CEFU အဖွဲ့ဝင်များ လည်း ဖြစ်ကြသည် | UNFC အဖွဲ့ဝင်သစ်များ |
|---|---|
| ၁- ချင်း အမျိုးသားတပ်ဦး (CNF) | ၁- လားဟူ ဒီမိုကရက်တစ် အစည်းအရုံး (LDU) |
| ၂- ကချင်ပြည် လွတ်လပ်ရေး အဖွဲ့ (KIO) | ၂- ရခိုင် အမျိုးသားများ ညီညွတ်ရေးပါတီ (NUPA)/ ရခိုင်အမျိုးသား ကောင်စီ (ANC) ၎င်းတွင် ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) လည်း ပါဝင်သည်။ |
| ၃- ကရင် အမျိုးသား အစည်းအရုံး (KNU) | ၃- ပအိုဝ်း အမျိုးသား လွတ်မြောက်ရေး အဖွဲ့ (PNLO) |
| ၄- ကရင်နီ အမျိုးသား တိုးတက်ရေး ပါတီ (KNPP) | ၄- ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF)/ တအောင်း(န်) အမျိုးသား လွတ်မြောက်ရေးပါတီ (TNLA) |
| ၅- မွန်ပြည်သစ်ပါတီ (NMSP) | ၅- ဝအမျိုးသား အစည်းအရုံး (WNO) |
| ၆- သျှမ်းပြည် တိုးတက်ရေးပါတီ (SSPP/SSA) | ၆- KNO သည် KIO နှင့် ပူးပေါင်းသည်။* |

## ဖွဲ့စည်းပုံ

အဖွဲ့ဝင် အဖွဲ့အစည်းတိုင်းသည် UNFC တွင် တာဝန်ယူရန် အတွက် ကိုယ်စားလှယ် ၂ ဦးမှ ၄ ဦးအထိ ပေးအပ်ထား သည်။ ယနေ့ ကာလတွင် UNFC ကောင်စီအား အဖွဲ့ဝင် (၂၂) ဦးဖြင့် ဖွဲ့စည်းထားပြီး၊ (၁၀) ဦးအား ဗဟို အလုပ်အမှု ဆောင် ကော်မတီဝင်များ အဖြစ် ရွေးချယ် တာဝန်ပေးထားသည်။

## CEC အဖွဲ့ဝင်များ (၂၀၁၂–၂၀၁၃)

| စဉ် | ရာထူး | အမည် | အဖွဲ့အစည်း |
|---|---|---|---|
| 1 | ဥက္ကဋ္ဌ | ဒုတိယဗိုလ်ချုပ်ကြီး အင်ဘန်လ | KIO |
| 2 | ဒုဥက္ကဋ္ဌ ၁ | ဗိုလ်ချုပ်ကြီး အေဘယ်တွိ | KNPP |
| 3 | ဒုဥက္ကဋ္ဌ ၂ | စောဒေးဗစ်သာကပေါ | KNU |
| 4 | အထွေထွေ အတွင်းရေးမှူး | နိုင်ဟံသာ | NMSP |
| 5 | တွဲဘက် အတွင်းရေးမှူး ၁ | စောဒွေ့ါလေးမူး | KNU |
| 6 | တွဲဘက် အတွင်းရေးမှူး ၂ | ခွန်ဥက္ကာ | PNLO |
| 7 | ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင် | ဒေါက်တာလဂျာ | KIO |
| 8 | ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင် | ဒေါက်တာခင်မောင် | NUPA/ANC |
| 9 | ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင် | ခူးဦးရယ် | KNPP |
| 10 | ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင် | နော်စီဖိုးရာစိန် | KNU |
| 11 | ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင် | နိုင်ကွယ့်ဟမွန် | NMSP |

ဖက်ဒရယ် ပြည်ထောင်စု တပ်မတော်- ၂၀၁၁ ခုနှစ် ဒီဇင်ဘာတွင် ဖွဲ့စည်းသည်၊ တပ်ချုပ် ဗိုလ်ချုပ်ကြီး ဘီထူး (KNPP)

## UNFC ၏ စီမံကိန်း (၆) ရပ်

၁ - နိုင်ငံရေးစကား ပြောဆို ဆွေးနွေးရာတွင် အခြေခံ မူဘောင်ထဲတွင် ပါဝင်သင့်သည့် အချက်များ ချမှတ်ရန်အတွက် လက်နက်ကိုင်နှင့် လူထုအခြေပြု အဖွဲ့အစည်းများ ပါဝင်သော တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရန်။

၂ - နိုင်ငံရေးစကား ပြောဆို ဆွေးနွေးရေးအတွက် အခြေခံမူဘောင် ချမှတ်ရန် ပြည်ထောင်စု အစိုးရနှင့် လက်နက်ကိုင် လှုပ်ရှားမှု ကိုယ်စားလှယ်များအကြား တွေ့ဆုံ ဆွေးနွေးရန်။

၃ - ပြည်နယ်နှင့်တိုင်း ဒေသကြီးများတွင် တိုင်းရင်းသား လူမျိုးစုများ၏ ညီလာခံများ ပြုလုပ်ရန်။

၄ - တိုင်းရင်းသား လူမျိုးများ၏ အမျိုးသား ညီလာခံတစ်ခု ပြုလုပ်ရန်။

၅ - ပင်လုံ စိတ်ဓါတ်ကို အခြေခံပြီး တိုင်းရင်းသား အင်အားစုများ၊ ဒီမိုကရက်တစ် အင်အားစုများနှင့် အစိုးရတို့ အချိုးကျ ပါဝင်ပြီး ပြည်ထောင်စု သဘောတူညီချက် တစ်ခုကို ဆွေးနွေးရန်နှင့် လက်မှတ်ထိုးရန် အတွက် ပြည်ထောင်စု ညီလာခံ ကြီးတစ်ခု ကျင်းပရန်။

၆ - ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အတွက် တိကျသော အချိန်ဇယားတစ်ခု ထွက်ပေါ်ရန်။

## အစိုးရငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို UNFC မှ ပယ်ချခြင်း

အစိုးရက လိုလားသော အချက် ၈ ချက်ထဲမှာ အချက် ၆၊ ၇၊ နှင့် ၈ တို့သည် မည်သည့် နိုင်ငံရေး အခြေကျမှုမှ မရခင် ကျွန်ုပ်တို့ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့များအား ထိန်းချုပ်ရန်နှင့် အစိုးရမှ လိုလားသော ပုံစံသို့ ဝင်ရောက်အောင် ပုံသွင်းရန် အတိုင်းအတာများ ဖြစ်ကြသည်။

## UNFC ၏ တောင်းဆိုချက်များ

UNFC သည် အစိုးရနှင့် ဆွေးနွေးရာတွင် အဓိက အချက် (၅) ချက်ကို တောင်းဆိုထားသည်။

၁ - နီပွန်ဖောင်ဒေးရှင်းမှ ညှိနှိုင်းမှုဖြင့် ဂျပန်တွင် UNFC နှင့် အစိုးရတို့ အစည်းအဝေး ပြုလုပ်ရန် စီစဉ်ထားခြင်း။ (အလွန်ဝေးကွာပြီး ကုန်ကျစရိတ် များသောကြောင့် တတိယနိုင်ငံတွင် မပြုလုပ်သင့်ဘဲ၊ နိုင်ငံအတွင်း MPC တွင်သာ ပြုလုပ်သင့်သည်ဟု အစိုးရက ငြင်းပယ်ထားသည်)

၂ - ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော လူမျိုးရေး ပဋိပက္ခကို မည်သို့ ဖြေရှင်းပါမည်လဲ။

၃ - တိုင်းရင်းသားတို့၏ ငြိမ်းချမ်းရေး လမ်းပြမြေပုံဖြစ်သော UNFC ၏ အချက် (၆) ချက်ကို စတင် အကောင်အထည် ဖော်ခြင်း။

၄ - KIO နှင့် အစိုးရတပ်များ တိုက်ခိုက်မှုများကို ရပ်စဲရန်။

၅ - လက်နက်ကိုင် အဖွဲ့များကို တရားဝင်အဖွဲ့ ဖြစ်စေရေး - သူတို့သည် အစိုးရထိန်းချုပ်ရာ မြို့နယ်များအတွင်း သွားလာ လှုပ်ရှားခွင့်ကို ခွင့်ပြုထားသော်လည်း လောလောဆယ် အပစ်ခတ်ရပ်စဲရေး သဘော တူညီချက်သစ်ကို လက်မှတ် ထိုးထားသော အဖွဲ့အစည်းများသည် တရားမဝင် အဖွဲ့အစည်းများ ဖြစ်နေသေးသည်။

## တရားဝင် မဟုတ်သော သဘောတူညီချက်– (နိုဝင်ဘာ ၉ ရက် ၂၀၁၂)

၁ - နိုင်ငံရေး ကိစ္စများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး။

၂ - အစိုးရ အနေဖြင့် လက်နက်ကိုင် အဖွဲ့များနှင့် နိုင်ငံရေး စကားပြောဆိုမှုကို သီးခြားစီ မဟုတ်ဘဲ တစုတစည်းထဲ ပြုလုပ်သင့်သည်။

၃ - ဖော်ပြပါ ခေါင်းစဉ်များအား ရန်ကုန်ရှိ မြန်မာ ငြိမ်းချမ်းရေးစင်တာ (MPC) တွင်ပြုလုပ်မည့် အစည်းအဝေးတွင် ဆွေးနွေးသင့်သည်။ နိုင်ငံရေး ဆွေးနွေးပွဲ အတွက် မူဘောင်များ လုပ်ငန်းစဉ်များ၊ "ပြောဆိုဆွေးနွေးမည့် အကြောင်း အရာ" သို့မဟုတ် အချိန်သတ်မှတ်မှု ဆုံးဖြတ်ချက်၊ နည်းပညာဆိုင်ရာ အထောက်အကူနှင့် အထောက်အပံ့များ။

နှိုင်းယှဉ်ဇယားကို အချပ်ပို (၂) တွင် ကြည့်နိုင်သည်။

## ဥရောပ–မြန်မာရုံးနှင့် တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့

### ဥရောပ–မြန်မာရုံး

ဒါရိုက်တာ- ဟန်ညောင်ဝေ

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် အစိုးရတို့ ငြိမ်းချမ်းရေး စကားပြောဆိုမှုတွင် EBO သည် အချက်အခြာကျသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားသည်။ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ အပစ်အခတ် ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုတွင် အစည်းအဝေး တစ်ခုကို စီမံခဲ့သည်။ ၂၀၁၂ ခုနှစ် ဖွန်လတွင် တိုင်းရင်းသားများ ပူးပေါင်း ဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ (WGEC) ဖွဲ့စည်းရေးဆိုင်ရာ "တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေး" အစည်းအဝေး

များကို လစဉ် လက်ခံကျင်းပသည်။ WGEC ၏ ထောက်ပံ့မှုဆိုင်ရာနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ နစ်ရပ်လုံးကို EBO ရုံးမှ ထောက်ပံ့ထားသည်။ များစွာသော WGEC အဖွဲ့ဝင်များသည် UNFC နှင့် တိုင်းရင်းသား လူမျိုးများကောင်စီ (ENC) တို့တွင် ရောယှက် ပါဝင်နေသည်။

## တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့

WGEC ၏ ရည်ရွယ်ချက်သည် ဆက်လက်သွားနေသော အပစ်အခတ် ရပ်စဲရေး ဆွေးနွေးပွဲများကို ပူးပေါင်း ဆောင်ရွက်ရန်နှင့် ဘုံကျသော ငြိမ်းချမ်းရေး စီမံချက် ဖွံ့ဖြိုးရေးအတွက် ဖြစ်သည်။ MPSI မှ ရန်ပုံငွေ ထောက်ပံ့ပေးထားသည့် လုပ်ငန်းစဉ်များမှာ ဦးစားပေး သင်တန်းများနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေး အထောက်အပံ့အဖွဲ့ (IPSG) ၏ နိုင်ငံတကာ NGOs များမှ ပေးအပ်သည့် စွမ်းရည်မြှင့် သင်တန်းများ ဖြစ်ကြသည်။ EBO သည် လတ်တလောအားဖြင့် WGEC ၏ ရံပုံငွေ အတွက် မြန်မာငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့မှ တဆင့် ဆက်သွယ်ပေးထားသည်။

WGEC သည် ငြိမ်းချမ်းရေး စကားပြောဆိုမှုများအတွက် သမ္မတ ဦးသိန်းစိန်မှ တရားဝင်ဖိတ်ခေါ် ကမ်းလှမ်းမှုအပြီး (၆) လ အကြာ၊ ၂၀၁၂ ခုနစ် ဖေဖော်ဝါရီလ (၂၆) မှ (၂၈) အတွင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ တက်ရောက်ခဲ့သည့် ညီလာခံ တစ်ခုတွင် စတင် သန္ဓေတည်လာ ခဲ့သည်။ လက်နက်ကိုင်အဖွဲ့ (၁၇) ဖွဲ့မှ ခေါင်းဆောင်များ အစည်းအဝေးတွင် စုစည်းမိကြပြီး ခေါင်းဆောင် (၉) ဦးမှ သမ္မတ၏ ဖိတ်ခေါ်ချက်ကို လက်ခံခဲ့သည်။ ထိုအထဲတွင် UNFC အဖွဲ့ဝင် (၁၁) ဖွဲ့နှင့် လေ့လာသည့် အဖွဲ့များဖြစ်ကြသော RCSS/SSA, DKBA-5, KPC, နယ်ခြားစောင့်တပ် မပြောင်းလဲသေးသည့် MNDAA (ပန်ဒါဇန်၊ ခေါင်းဆောင်ဟောင်း ပန်ကျင့်ရှန်၏သား)၊ KNLP နှင့် KNPLF (BGF) တို့ ပါဝင်သည်။

WGEC သည် ၂၀၁၂ ခုနစ် ဇွန်လတွင် စတင်ဖွဲ့စည်းခဲ့ပြီး ကနဦးအားဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ပြည်နယ် (၇) ခုမှ အကြံပေးများ ပါဝင်ကြသည်။ နောက်ပိုင်း စက်တင်ဘာလတွင် ကျင်းပသည့် တိုင်းရင်းသား လူမျိုးများ ညီလာခံတွင် မြို့ပြ လူ့ဘောင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ (လူငယ်၊ အမျိုးသမီးနှင့် အကြောင်းအရာ အခြေပြု၊ လူထုအခြေပြု အဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ် ၂ ဦးစီ) တို့ကို ထပ်မံ ဖြည့်စွက်ခဲ့သည်။ WGEC သည် ဆွေးနွေမည့် အကြောင်းအရာ၊ ဖွဲ့စည်းမှု၊ အခွင့်အာဏာ၊ ဖွဲ့စည်းပုံ၊ အကူးအပြောင်းကာလ စီမံခန့်ခွဲရေး၊ ဗဟို မူဝါဒများနှင့် အခြားသော အရာများများပါဝင်သည့် လာမည့်နိုင်ငံရေး ဆွေးနွေးပွဲ အတွက် မူဘောင်လုပ်ငန်းစဉ်များဆိုင်ရာ တွေ့ဆုံမှုများကို လစဉ်ပြုလုပ်သည်။

## အောက်ဖော်ပြပါ ကိစ္စများတွင် သဘောတူညီချက်

၁ - အကြီးမားဆုံး စိန်ခေါ်မှုသည် ၂၀၀၈ ခုနစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရေးပင် ဖြစ်သည်။

၂ - ဤပြင်ဆင်မှုကို ပါလီမန်အတွင်းမှ ကြိုးပမ်းရေးဆိုသည်ကို လက်မခံပေ။

၃ - တွေ့ဆုံညှိနှိုင်းမှု အခြေခံများသည် ပြည်ထောင်စု တည်တံ့ခိုင်မြဲရေးမှ ဆင်းသက်လာသည့် (၁၉၄၇) ပင်လုံသဘော တူညီချက်မှ တဆင့် ဖြစ်ရမည်။

၄ - ပါဝင်ပတ်သက်သည့် အဖွဲ့များ အားလုံးအတွက် ဘုံသဘောတူ မူဝါဒနှင့် အစီအမံများဖြစ်ရန် လိုအပ်သည်။

၅ - အဖြေရှာ ရရှိရေးအတွက် လုပ်ငန်းစဉ်များတွင် လိုအပ်သည့် ဒီမိုကရေစီ အင်အားစုများနှင့် ပူးပေါင်း ဆောင်ရွက်ရန် လိုသည်။

### အဖြေ ၂ ရပ်

၁ - ငြိမ်းချမ်းရေး စီမံချက် (၃)ဆင့် (အပစ်အခတ် ရပ်စဲရေး၊ သဘော တူညီချက်များ စတင် အကောင်အထည်ဖော်ရေး နှင့် နိုင်ငံရေးအရ စကားပြောဆိုရေး)။

၂ - ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် ဘုံသဘောတူ မူဝါဒများနှင့် အစီအမံများ ဖွံ့ဖြိုးတိုးတက်ရန် လုပ်ငန်းအဖွဲ့ တည်ထောင်ရေး။

## WGEC အဖွဲ့ဝင်များ

| ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | လူထုအခြေပြု လူမှုအဖွဲ့အစည်းများ | ပြည်နယ်များမှ တိုင်းရင်းသား ကိုယ်စားလှယ်များ |
|---|---|---|
| ၁- ခွန်ဆိုင်းဂျိုင်ယန် (SHAN)<br><br>၂- ဒေါ်ရှဲယ်လီဆိုင်း (KWAT)<br><br>၃- စောတူးတူးလေး (KNU)<br><br>၄- ဆလိုင်း လျှန်မှုန်းဆာခေါင် (ENC)<br><br>၅- ဗိုလ်မှူးကြီး ခွန်ဥက္ကာ (PNLO) | အမျိုးသမီး အဖွဲ့ကိုယ်စားလှယ်များ<br>၁- ဒေါ်မွန်းနေလီ (KWAT နှင့် WLB)<br><br>၂- စောစံညိမ်းသူ (ရခိုင်အမျိုးသမီး သမဂ္ဂနှင့် WLB)<br>လူငယ်အဖွဲ့ ကိုယ်စားလှယ်များ-<br>၃- နော်ဆန်း (SYCB- မြန်မာနိုင်ငံ ကျောင်းသား လူငယ်များကွန်ရက်)<br><br>၄- ကြာရီရှည် (တိုင်းရင်းသား လူငယ်များ ဖိုရမ်)<br>အကြောင်းအရာ အခြေပြု အဖွဲ့ ကိုယ်စား လှယ်များ-<br>၅- ကိုရွှေ (KESAN- ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး လှုပ်ရှားမှု ကွန်ယက်)<br><br>၆- ကိုစိုင်းစိုင်း (မြန်မာ့မြစ်များ ကွန်ယက်) | ၁- စောမြရာဇာလင်း (ရခိုင်)<br><br>၂- ဆင်းဝါး (ကချင်)<br><br>၃- နော်စီဖိုးရာစိန် (ကရင်)<br><br>၄- နိုင်ဟံသာ (မွန်)<br><br>၅- ခူးဦးရယ် (ကယား)<br><br>၆- ဒေါက်တာဆူးခါး (ခေါ်) ဒေါက်တာရွှေခါး (ချင်း)<br><br>၇- ဆော်လမွန် (ရှမ်း)<br><br>၈- ဗိုလ်မှူးကြီး ပန်းဖ |

အကြံပေးများမှ လွဲ၍ WGEC အဖွဲ့ဝင်အားလုံးသည် တော်လှန်ရေးနှင့် တက်ကြွလှုပ်ရှားသော အဖွဲ့အစည်းများမှ ဆင်းသက်လာသူများ ဖြစ်ကြသည်။ သူတို့သည် သူတို့ အလုပ်အတွက် လစာရရှိခြင်းမရှိဘဲ အဖွဲ့တခုခြင်းစီမှ ကိုယ်စားလှယ်များသည် လစဉ် ဆွေးနွေးပွဲများအတွက် အလှည့်ကျ ညှိနှိုင်းဆောင်ရွက်ကြသည်။ အမြဲတမ်း ဖွင့်လှစ် ထားရှိသော WGEC ရုံးဟူ၍လည်း မရှိပေ။

## UNFC အဖွဲ့ဝင်မဟုတ်သော အပစ်ရပ်အဖွဲ့များ

အပစ်ခတ် ရပ်စဲရေး ပြုလုပ်ထားသော UWSA, NDAA-ESS, RCSS/SSA, DKBA-5, KPC, NSCN-K တို့နှင့် အပစ်ခတ်ရပ်စဲရေး လက်မှတ် ရေးထိုးထားခြင်း မရှိသော AA နှင့် ABSDF တို့သည် UNFC အဖွဲ့ဝင်များ မဟုတ်ကြပေ။ သို့ရာတွင် ယေဘူယျအားဖြင့် တိုင်းရင်းသား အခွင့်အရေးများနှင့် ဖက်ဒရယ်ဝါဒသည့် တူညီသော လမ်းညွှန်မှု ဝါဒများကို လိုက်နာသည်။ KNLP, KNPLF နှင့် BGF အဖြစ်မပြောင်းလဲသေးသော MNDAA တို့နှင့်တကွ RCSS/SSA, DKBA-5 နှင့် KPC တို့သည် UNFC ၏ လေ့လာသူများ ဖြစ်ကြသည်။ သို့ရာတွင် UNFC အကြောင်းနှင့် ပတ်သက်၍ တသီးပုဂ္ဂလ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ပြောဆိုနေကြသည့် အရေးကြီးကိစ္စတစ်ခုမှာ သူတို့လိုချင်သည့် ရည်မှန်းချက် ပန်းတိုင်ကို ရောက်ရှိရန် အဖွဲ့ ၏ လုပ်ဆောင်မှုများသည် နှေးကွေးလွန်းပြီး ထိရောက်မှု မရှိလှဟုဆိုသည်။

UWSA, NDAA နှင့် RCSS/SSA တို့သည် UNFC ၏ တရားဝင် အဖွဲ့ဝင်များအဖြစ် ပူးပေါင်းမှု မရှိပေ။ ၎င်းတို့က မြင်သည်မှာ UNFC အပေါ်တွင် အနောက်နိုင်ငံများ၏ ဩဇာ လွှမ်းမိုးမှုရှိနေသည်ဟု မြင်ကြသည်။ ထို ၃ ဖွဲ့သည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ ကောင်းမွန်သော ဆက်ဆံရေးရှိပြီး ပုံမှန် အဆက်အသွယ်လည်း ရှိကြသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းချက်အရ UWSA သည် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် ရှိနေပြီ

ဖြစ်သည်။ ထိုအထဲတွင် ဟိုပန်၊ မိုင်းမော်၊ ပန်ဝိန်း (ပန်ဝိုင်)၊ နမ့်ဖန် (နားဖန်း)၊ မက်မန်း (မတ်မန်း)နှင့် ပန်ဆန်း (ပန်ခန်း) စသည့် (၆) မြို့နယ် ပါဝင်သည်။ ၎င်း၏ တရားဝင်အမည်အား ၂၀၁၀ ခုနှစ် ဩဂုတ်လ (၂၀) ရက်နေ့တွင် အမိန့် ပြန်တမ်းဖြင့် ထုတ်ပြန် ကြေညာခဲ့သည်။ အဆိုပါ တိုင်းဒေသသည် ဝလူမျိုးများမှ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဖြစ်သော်လည်း UWSA သို့မဟုတ် အရာရှိများမှ အုပ်ချုပ်သော ရှမ်းပြည်နယ် ဝ အထူးဒေသ (၂) ပင်ဖြစ်သည်။

DKBA-5 နှင့် KPC တို့သည် ယခင်က မိခင် အဖွဲ့အစည်းဖြစ်သော KNU နှင့် နီးကပ်သည့် ဆက်ဆံရေးရှိပြီး ယေဘူယျ အားဖြင့် ၎င်း၏ ဦးဆောင်မှုကို လိုက်နာသည်။  သို့ရာတွင် သူတို့သည် UNFC နှင့် မူမပူးပေါင်းပေ။ အဘယ့်ကြောင့် ဆိုသော် သူတို့သည် ၎င်းတို့၏ မူဝါဒအားလုံးကို သဘောတူညီမှုမရှိဘဲ အစိုးရနှင့် ၎င်းတို့ကိုယ်ပိုင် မူဝါဒနှင့်သာ ဆွေးနွေး ညှိနှိုင်း လိုကြသည်။ ABSDF နှင့် AA တို့သည် တရားဝင် သဘောမဟုတ်သော်လည်း UNFC မူဝါဒများကို လိုက်နာသည်။

# နိုင်ငံတကာ အထောက်အပံ့

## မြန်မာ့ ငြိမ်းချမ်းရေး အထောက်အကူပြု အဖွဲ့

ဦးဆောင်သူ- နော်ဝေ

သဘောတူချက်- ၂၀၁၂ ခုနှစ် ဇန်နဝါရီလ အတွင်း နော်ဝေ နိုင်ငံခြားရေး ဝန်ကြီး ဂျော်နက်စ် ဂါးစတိုး မြန်မာနိုင်ငံသို့ အလည်အပတ် သွားစဉ်အတွင်း

ရံပုံငွေထောက်ပံ့မှု- ငြိမ်းချမ်းရေး အလှူရှင်များအုပ်စု

အင်တာနက်စာမျက်နှာ- http;//www.emb-norway.or.th/News_and_events/MPS

လူပုဂ္ဂိုလ်များ - မစ္စတာ ချာလ်း(စ်)ပက်ထရီ မှဦးဆောင်သည် (ကမ္ဘာ့ ကုလသမဂ္ဂ နေထိုင်ရေးနှင့် လူသားမျိုးနွယ်စုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးမှူးဟောင်း)

အတိုင်ပင်ခံ- အက်ရှ်ရှလေဆောက်တ်

MPSI& PDSG ညှိနှိုင်း ဆောင်ရွက်ရေးရုံး-  ရန်ကုန်မြို့တွင် ၂၀၁၃ ခုနှစ် ဖွန်လ မတိုင်ခင်အထိ အင်ဂျီဘော့မွာမှ ငြိမ်းချမ်းရေး အထောက်အကူပြု အုပ်ချုပ်ရေးရုံးကို လည်ပတ်သည်။

## ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖွဲ့စည်းပုံများ

- ရွေ့ပြေး အကောင်အထည်ဖော်မှု ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့
- မိုင်းလှုပ်ရှားမှုဆိုင်ရာ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ

## အပေါင်းအဖော် လက်နက်ကိုင် တော်လှန်ရေး အင်အားစုများ

နက်နက်ရှိုင်းရှိုင်း အပြန်အလှန်ဆက်သွယ်မှုရှိ - KNU (ကရင်) ၊ NMSP (မွန်)၊ CNF (ချင်း)နှင့် RCSS/SSA တောင်ပိုင်း (ရှမ်း)

ကြိုတင်ညှိနှိုင်းဆွေးနွေးခြင်း - KNPP (ကယား/ကရင်နီ) ၊ SSPP/SSA-မြောက်ပိုင်း(ရှမ်း) ၊ ALP (ရခိုင်/အာရကန်)နှင့် DKBA (ကရင်)

---

၃၁  http://karennews.org/2012/03/knu-dkba-and-knuknla-peace-council-find-strength-in-unity.html/

# သတင်းအချက်အလက် ဖလှယ်ခြင်း - KIO (ကချင်)

## နောက်ခံသမိုင်း

မြန်မာ့ငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့သည် လူသား မျိုးနွယ်ဆိုင်ရာနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အပံ့များ ပေးအပ်ခြင်းဖြင့် မြန်မာပြည် အပစ်အခတ်ရပ်စဲရေးကို အကူအညီပေးနေသော နော်ဝေနိုင်ငံက ဦးဆောင်သည့် နိုင်ငံတကာအဖွဲ့တစ်ခုဖြစ်သည်။ ဆက်လက် ဖြစ်ပွားနေသော နိုင်ငံရေး အားထုတ်ကြိုးပမ်းမှု များနှင့်အပြိုင် ၎င်းသည် အပစ်ရပ်ဒေသများ အတွင်းမှ လူ့အဖွဲ့အစည်းများအား ပဋိပက္ခမှ ကျော်လွှားနိုင်ရန် လိုအပ်သော အကူအညီ အထောက်အပံ့များ ပေးအပ်ခြင်းနှင့် မြေပြင်ပေါ်တွင် ငြိမ်းချမ်းရေး အကောင်အထည်ဖော်မှု အရှိန်အဟုန် မြှင့်တင်ရေးတို့ကို တည်ဆောက်သည်။

နော်ဝေသည် အပစ်အခတ်ရပ်စဲရေး သို့မဟုတ် ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုများတွင် ပါဝင်ပတ်သက်မှု မရှိပေ။ ကနဦး ခြေလှမ်းသည် ကျယ်ပြန့်သော နိုင်ငံရေး အခြေကျမှု လုပ်ငန်းစဉ်ကို တိုင်းရင်းသား အဖွဲ့အားလုံးနှင့် အစားထိုးခြင်း မဟုတ်ပေ။ ၎င်းသည် ဆက်လက်သွားနေသော အပစ်အခတ် ရပ်စဲရေး ဆွေးနွေးမှု လုပ်ငန်းစဉ်ကို အထောက်အကူပေးရန် အချိန်တိုအားဖြင့် ကြိုးပမ်းမှု တစ်ခုအဖြစ် အစားထိုး နေရာယူသည်။ ငြိမ်းချမ်းရေး အကျိုးအမြတ် ခွဲဝေပေးအပ်မှုသည် ယုံကြည်မှု တည်ဆောက်ရေးနှင့် သီးခြားစီဖြစ်သော နိုင်ငံရေး လုပ်ငန်းစဉ်များအတွက် နစ်သက်ဖွယ်ကောင်းသော ပတ်ဝန်းကျင် တစ်ခုတည်ထောင်ခြင်းဖြင့် တဘက်လှည့် ကူညီလိမ့်မည် ဖြစ်သည်။

## MPSI တွင် နော်ဝေနိုင်ငံ၏ အခန်းကဏ္ဍ


အပစ်ရပ် ဒေသများတွင်းမှ ပဋိပက္ခ ဒဏ်ခံစားခဲ့ရပြီး အကူအညီပေးဝေရာတွင် အနည်းအကျဉ်းမျှသာ သို့မဟုတ် လုံးဝ မရရှိခဲ့ကြသော လူ့အဖွဲ့အစည်းများအား အထောက်အပံ့ အကူအညီများ ပေးဝေရာတွင် စေ့စပ်ပေးရေးနှင့် ညှိနှိုင်း ဆောင်ရွက်ပေးရေးတို့ အတွက် မြန်မာအစိုးရသည် နော်ဝေ အစိုးရအား အကူအညီ တောင်းခံထားခဲ့သည်။


နော်ဝေ အစိုးရသည် ကျယ်ပြန့်သော အင်အားစု အသီးသီးနှင့် တိုင်ပင်ညှိနှိုင်းပွဲတစ်ခုကို စတင် အကောင်အထည် ဖော်ရန်ကိုလည်း တောင်းဆိုခံထားရသည်။ ထိုအထဲတွင် နာမည်မခံသော အလှူရှင်များ၊ အစိုးရ၊ လက်နက်ကိုင် မဟုတ်သော နိုင်ငံရေး အင်အားစုများ၊ လူထု အခြေပြုအဖွဲ့အစည်းများနှင့် ဤနယ်ပယ်အတွက် အကူအညီ ပေးနိုင်သည့် မျိုးစုံသော အလှူရှင်နိုင်ငံများမှ ရန်ပုံငွေ စုဆောင်းပေးကြသည့် လူ့အဖွဲ့အစည်းများ ပါဝင်သည်။

## အဓိက ရည်မှန်းချက်များ

- အပစ်အခတ် ရပ်စဲထားစဉ်တွင် လူ့အဖွဲ့အစည်းများ၊ လက်နက်ကိုင်အဖွဲ့များနှင့် အစိုးရတို့ ယုံကြည်မှု တည်ဆောက်ရန်။
- ယခင် ပဋိပက္ခ ဖြစ်ပွားခဲ့သော နေရာဒေသများတွင် ကူညီထောက်ပံ့ရေး လုပ်ငန်းစဉ် အခန်းကဏ္ဍ တိုးမြှင့်ရန်။
- မြေပြင်ပေါ်တွင် အမျိုးမျိုးသော အင်အားစုများအတွင်း အပြုသဘောဆောင်သော ဆက်ဆံမှုများ ပေးအပ်ရန်။
- ဒေသတွင်းရှိ လူ့အဖွဲ့အစည်း၊ လူထုအခြေပြု လူ့အဖွဲ့အစည်းနှင့် အစိုးရတာဝန်ရှိသူများ၏ စွမ်းဆောင်ရည်အား တိုးမြှင့်ရာတွင် အထောက်အကူပေးရန်။

ပူးပေါင်းဆောင်ရွက်ရေး နည်းနာနိဿယ (၂၀၁၂ ခုနှစ် ဇူလိုင်လ ၃ ရက် အထိ)



MPSI သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ နှစ်ဖက်စလုံးအား အထောက်အကူပြုရန် လုပ်ဆောင်သည်။ ၎င်းသည် အပစ်အခတ် ရပ်စဲရေး အကောင်အထည် ဖော်မှုအတွက် အစိုးရ၏ ငြိမ်းချမ်းရေး စီမံချက်ကို ကူညီပြီး၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအား သင်တန်းပေးခြင်း စွမ်းရည်မြှင့်တင်ပေးခြင်းဖြင့် အထောက်အကူ ပြုသည်။ ဥရောပ-မြန်မာရုံးသည် တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ ( WGEC) ကို ဖွဲ့စည်းထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ဆက်ဆံရေးတွင် MPSI အတွက် အဓိကကျသည်။ တချိန်တည်းမှာပင် စွမ်းဆောင်ရည် မြှင့်တင်မှုများ အကောင်အထည်ဖော်မှုများနှင့် ပတ်သက်နေသည့် နိုင်ငံတကာ NGOs များကို တည်ထောင်ထားသည့် နိုင်ငံတကာ ငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ ( IPSG) သည် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအား တရားမျှတပြီး တန်းတူညီမျှရှိသော ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းရန် အတွက် ကူညီထောက်ပံ့သည်။

## စီမံကိန်းများ (၂၀၁၂ ခုနှစ် ဇွန်လအထိ)

၁- ရွှေ့ပြောင်းစီမံကိန်း- ကျောက်ကြီး ၂၀၁၀- ယနေ့ ကာလအထိ (လူသားချင်း စာနာသော အကူအညီများ)

KNU အပစ်အခတ်ရပ်စဲရေး

ပဋိပက္ခ ဖြစ်နေရာမှ အပစ်အခတ်ရပ်စဲရေးသို့ ကူးပြောင်းရန်အတွက် ကူညီပံ့ပိုးပေးရန် ဦးစားပေးအနေဖြင့် ခန့်မှန်းခြေ ၁.၅ သန်း ခန့်ရှိသော ကရင်ပြည်တွင်း ဒုက္ခသည်များ (IDPs) အား ပြန်လည် နေရာချထားရေး၊ ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရေး၊ လယ်ယာ စိုက်ပျိုးရေး ကရိယာများနှင့် ရိက္ခာများနှင့် မြေမြှုပ်မိုင်း ရှင်းလင်းရေးတို့ အတွက် အမေရိကန်ဒေါ်လာ (၅) သန်း တန်ဖိုးရှိ ရွှေ့ပြောင်း စီမံကိန်းကို ပဲခူးတိုင်း ဒေသကြီး ကျောက်ကြီးမြို့နယ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည်။ ဤကိစ္စတွင် ပြည်သူလူထုအား ငြိမ်းချမ်းရေးသည် ဖြစ်နိုင်ခြေရှိသည်ဟု ခံစားလာစေရန် အပါအဝင် ဆက်လက် သွားနေသော နိုင်ငံရေး စကားပြောဆိုမှုမှ ရှုပ်ထွေးသည့် ကြိုတင်ရှိပြီးသား အာဏာ ဆက်ဆံရေးများကို မပြောင်းလဲခြင်းက လုပ်ငန်းစဉ်နှင့် ပါဝင်ပတ်သက်သည့်သူ အားလုံးအကြား ယုံကြည်မှု တည်ဆောက်ရေးကို အာရုံလျော့ကျစေသည်။ ချဉ်းကပ်မှုသည် ရွှေ့ပြောင်း စီမံကိန်းများ အကောင်အထည်ဖော်မှုမှ ရယူသည်။ ဤရွှေ့ပြောင်း စီမံကိန်းသည် KNU ထိန်းချုပ်သည့် ပြည်နယ် အရှေ့ပိုင်းတွင် စတင်အကောင်အထည်ဖော်ပြီး၊ ၎င်းသည် KNU သဘောတူ လက်ခံသည့် ပြည်တွင်း ဒုက္ခသည် IDPs များအား အကူအညီပေးနေသည့် ပြည်တွင်း ကရင် ဒုက္ခသည်များ ကော်မတီ (CIDKP) မှ လိုအပ်သည့် အကူညီများ ပေးအပ်ခြင်းနှင့် နော်ဝေပြည်သူများ အကူအညီ (NPA) မှ ပြုလုပ်သည့် သတ်မှတ် ဧရိယာအတွင်း ကနဦး မိုင်းစစ်တမ်း ကောက်ယူမှုများတို့ ဖြစ်ကြသည်

၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် KNU အတွင်းပိုင်း သဘောထားကွဲမှုများ မဖြေရှင်းပြီးမချင်း MPSI သည် ၎င်း၏ စီမံကိန်းများကို ရပ်ဆိုင်းထားမည်ဟု ကောလဟာလများ ထွက်ပေါ်ခဲ့သေးသည်။ သို့ရာတွင် နော်ဝေနိုင်ငံခြားရေး ဌာနပြောရေး ဆိုခွင့်ရှိသူ Kjetil Elsebutangen မှ အခိုင်အမာ ပြောဆိုသည်မှာ သူတို့သည် စီမံကိန်းများကို ဆက်လက် အကောင်အထည် ဖော်မည်ဖြစ်ကြောင်း သို့ရာတွင် အဆိုပါ ကာလအတွင်း KNU ထိန်းချုပ်ရာ ဒေသများအတွင်း လုပ်ဆောင်မှု အသစ်များ စတင် အကောင်အထည် ဖော်မည်မဟုတ်ဟု ဆိုသည်။[၃၂]

၂ - အစိုးရနှင့် လက်နက်ကိုင် အဖွဲ့များ၏ လုပ်ဆောင်မှုများအား ပူးတွဲကူညီခြင်း (ငြိမ်းချမ်းရေး စကားပြောဆိုမှုကို ချဲ့ထွင်ခြင်း)

ဥပမာ- CNF အပစ်အခတ်ရပ်စဲရေး

MPSI သည် အစိုးရနှင့် CNF တို့နှင့်ပူးတွဲကာ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် အပစ်အခတ်ရပ်စဲရေး လေ့လာစောင့်ကြည့်ရေး ကွန်ယက်တခုကို တည်ထောင်ရန် အတွက် ထုံးတမ်းစဉ်လာ ခေါင်းဆောင်များ (အများအားဖြင့် ဘာသာရေး ခေါင်းဆောင်များ) နှင့် ပူးပေါင်းဆောင်ရွက်ရန်ကိုလည်း တောင်းဆိုခြင်း ခံထားရသည်။

---

၃၂ http://www.irrawaddy.org/archives/16264

၃- အဆောက်အဦများနှင့် ဝန်ဆောင်မှုများ ပြန်လည်ပြုစု ပျိုးထောင်ရေးကို အကူအညီပေးခြင်း (ဖွံ့ဖြိုးရေးအကူအညီ) ဥပမာ- NMSP သည် ၂၀၁၂ ခုနှစ်တွင် (၁၉၉၅ ခုနှစ်က လက်မှတ် ရေးထိုးခဲ့သည့်) အပစ်အခတ် ရပ်စဲရေး ပြိုကွဲခဲ့သည်။ သို့သော်လည်း လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပေါ်လာခြင်း မရှိခဲ့ပေ၊ အဘယ်ကြောင့်ဆိုသော် ၎င်းဒေသများသည် အလွန်အင်မတန် ဆင်းရဲမွဲတေပြီး ဖွံ့ဖြိုးမှု နောက်ကျနေပြီး ဤအခြေအနေကပင် လူထု မငြိမ်မသက်မှုများကို ဖြစ်ပေါ်စေနိုင်ပြီး အကျိုးဆက်အဖြစ် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်စေနိုင်သည့် အတွက် ဖြစ်သည်။

ဤစီမံကိန်းသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ယုံကြည်မှု တည်ဆောက်ရေးကို ဖန်တီးရန် အဆောက်အဦများနှင့် ဝန်ဆောင်မှုများ (ငြိမ်းချမ်းရေး အကျိုးအမြတ်) ပြန်လည်ပြုစု ပျိုးထောင်ရေးများ အကူအညီပေးရန် ရည်ရွယ်သည်။ ဝန်ဆောင်မှုအား ဖော်ပြရလျှင် အဓိက လိုအပ်သော သော့ချက်မှာ ပညာရေးကို အကူအညီ ပေးရန်ဖြစ်သည်။ ထိုအထဲတွင် အမျိုးသားရေး လက္ခဏာနှင့် ကျောင်းများတွင် တိုင်းရင်းသား ဘာသာများ သင်ကြားခွင့်ရရေး ပြောဆိုသံတို့ ပြန်လည် မြင့်တက် လာခဲ့သည်။ မွန်ပြည်နယ်တွင် လူထု လိုအပ်ချက်များကို သိရှိနိုင်ရန်အတွက် စုံစမ်းရန် ဖွန်လက စီစဉ်ထားခဲ့ကြသည်။

## မကြာမီ လာမည့်စီမံကိန်းများ

- ဒုတိယ ရှေ့ပြေး စီမံကိန်းတခုသည် KNU နှင့် ညှိနှိုင်း ဆွေးနွေးနေသည်။
- ချင်းပြည်နယ်တွင် သူတို့၏ ပထဝီနှင့် စီးပွားရေးအရ အထီးကျန်ဆန်မှုကို လျော့ချရန်အတွက် ကျေးလက်ဒေသများတွင် အဓိကကျသော အခြေခံ အဆောက်အဦများ (လမ်း၊ တံတား၊ ဈေး) နှင့် ပြန်လည် ပြုစုပျိုးထောင်ရေး လိုအပ် ချက်များကို အစိုးရနှင့် CNF တို့ပူးတွဲ လေ့လာမှု သဘောတူချက်များ အတည်ပြုနိုင်မည်ဟု မျှော်လင့်ရသည်။
- NMSP သည် ပညာရေးအတွက် အကူအညီပေးရန် တောင်းဆိုမှု အပိုင်းတွင် ပြင်ဆင်ထားမှုများမှာ နောက်ဆုံးအဆင့်တွင် ရောက်ရှိနေပြီ ဖြစ်သည်။ လူထုအခြေပြု ရှေ့ပြေး စီမံကိန်းသည်လည်း မွန်ပြည်နယ်တွင် စတင် အကောင်အထည် ဖော်လိမ့်မည်ဟု ယူဆရသည်။
- RCSS/SSA သို့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အကူအညီပေးရေးသည် လူထုအခြေပြုသည့် လိုအပ်သည့် အကူအညီများ လက်ခံရေးနှင့် စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း စီမံကိန်းများ ပါဝင်သည်ဟု ထင်ရသည်။ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးနှင့် အခြားသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ အကူအညီပေးရေး စီမံကိန်းများကိုလည်း ဆွေးနွေးထားကြသည်။

## အငြင်းပွားစရာများ

လုပ်ငန်း စတင်မှုများသည် ထိုင်းနိုင်ငံ အခြေစိုက် အဖွဲ့အစည်းများနှင့် အငြင်းပွားဖွယ်ရာများ ဖြစ်ပေါ်ခဲ့သည်။ အတိအကျ ဆိုရလျှင် ၂၀၁၂ ခုနှစ် အစောပိုင်းတွင် နော်ဝေ အစိုးရ ဆုံးဖြတ်ချက်ဖြင့် နယ်စပ်အခြေစိုက် NGOs များအား ရံပုံငွေ ပေးအပ်မှုများကို ဖြတ်တောက်ခြင်းဖြစ်သည်။ ဤကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်သူများအား နားလည်မှုယူရန် ကြိုးပမ်းမှု တစ်ခုအဖြစ် အချို့သော အဖွဲ့အစည်းများနှင့် လုပ်ငန်း စတင်မှုများအား ဆွေးနွေးရန် Mr. Larsen သည် ချင်းမိုင်မြို့သို့ ၂၀၁၂ မေလ (၃၀) ရက်နေ့တွင် သွားရောက်ခဲ့သည်။

## တောင်းဆိုလာသည့် ကိစ္စရပ်များ

- လုပ်ငန်းစဉ်၏ ပွင့်လင်းမြင်သာမှုမဲ့ခြင်း၊ သူတို့မှ ပြောဆိုသည်မှာ ၎င်းတို့အား ချန်လုပ်ထားခဲ့သည်ဟု ဆိုသည်။
- နော်ဝေ၏ စီးပွားရေး လှုပ်ရှားမှုနှင့် ၎င်း၏ လစ်ဘရယ်လက်သစ်ဝါဒ အစီအစဉ်များကို သံသယရှိခြင်း။
- တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို အစိုးရနှင့် အတင်းအကြပ် ပူးပေါင်းစေပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအောက်ကို သွတ်သွင်းခံရမည်ကို ကြောက်ရွံ့ခြင်း။

- စီမံကိန်း၏ အကောင်အထည်ဖော်မှု အမြန်နှုန်းထားအပေါ် သံသယရှိခြင်း။
- နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှု ရှေ့တွင် စီးပွားရေး ဖွံ့ဖြိုးမှု လုပ်ငန်းများကို ဦးစားပေးကာ လုပ်ငန်း စတင်နေခြင်းကြောင့် မြန်မာတိုင်းရင်းသား ဒေသများတွင် စုစည်း ညီညွတ်မှုမရှိဘဲ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ပြိုကွဲပြီး လမ်းချော်မည့် အန္တရာယ်ကို စိုးရိမ်ပူပန်ခြင်း၊ အကူအညီများသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် "စမ်းသပ်မှုနှင့် ယုံကြည်မှု တည်ဆောက်ခြင်း" ကို အထောက်အကူဖြစ်ရန် သေနင်္ဂဗျူဟာ ကိရိယာဖြစ်သော်လည်း အမှန်တကယ်တွင် နိုင်ငံရေး အဖြေရှာမှု မရှိပဲ ဖြစ်နေမှာ စိုးရိမ်သည်။

ကရင် လူထုအခြေပြု အဖွဲ့အစည်းများမှ ကြေညာချက် ထုတ်ပြန်၍ ရံပုံငွေသည် ပွင့်လင်းမြင်သာမှုနှင့် ပြည်သူလူထုကို အထောက်အပံ့ပေးမှု မဲ့သည်ဟု ဆိုသည်။ ၎င်းနောက် MPSI ကို အောက်ပါအချက်များအား တောင်းဆိုထားသည်။

1. သူတို့၏ လုပ်ငန်းစဉ်များနှင့် စတင်အကောင်အထည်ဖော်မှု အဆင့်ဆင့်များအား အချိန်ယူ၍ လုံလောက်စွာ သုံးသပ်ရန် အတွက် လတ်တလော သူတို့လုပ်ဆောင်နေသည့် လုပ်ဆောင်မှုများအား ရပ်ဆိုင်းရေး။
2. ဒေသခံ ဘာသာစကားနှင့်ပါ ဘာသာပြန်ဆိုထားသည့် ရံပုံငွေ လျာထားမှု မှတ်တမ်းများ ချက်ခြင်း ထုတ်ပြန်ပေးရေး၊ ထိုအထဲတွင် ရည်မှန်းထားသော အခန်းကဏ္ဍများ၊ မှတ်ကျောက်နှင့် စီမံချက်များ ပါဝင်ရမည်။
3. ရံပုံငွေမှ ထောက်ပံ့ပေးနေသည့် စီမံကိန်းတိုင်းသည် ပဋိပက္ခဖြေရှင်းရန် မည်မျှအချိုးကျ ထောက်ပံ့သည်ကို ရှင်းလင်းစွာ ထုတ်ပြန်ပေးရန်။
4. စီမံကိန်း၏ အန္တရာယ် သုံးသပ်ချက်နှင့် လျော့ပါးရေးဆိုင်ရာများ ထုတ်ပြန်၊ ပြသရေးနှင့် လက်ခံနိုင်သော အနီးကပ် ကြီးကြပ်မှုနှင့် တာဝန်ယူမှုဆိုင်ရာ နည်းနာနိသယများ ကိုက်ညီမှုရှိရေး။
5. လူထုကိုယ်စားပြု အဖွဲ့ဝင်များနှင့် လူထုအခြေပြု အဖွဲ့အစည်းများ နှစ်ခုလုံးဖြင့် ပူးပေါင်းပြီး သေနင်္ဂဗျူဟာ နီးနှော ဖလှယ်ပွဲတခု လုပ်ဆောင်ရေး။

၂၀၁၂ ခုနှစ် ဩဂုတ်လ၌ မြန်မာပြည်တွင် ကရင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်း (၅) ဖွဲ့သည် နော်ဝေ၏ MPSI မှ စည်းရုံးကျင်းပသော အစည်းအဝေးကို မတက်ရောက်တော့ဘူးဟု ပြောဆိုသည်။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ "ငြိမ်းချမ်းရေး ရံပုံငွေ တိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်တွင် မရှင်းလင်းမှု၊ ပွင့်လင်းမြင်သာမှု မရှိခြင်း" ကြောင့်ဟုဆိုသည်။ သူတို့သည် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို အကျဉ်းချုပ်ရေးသား၍ နော်ဝေ သံအမတ်ကြီး Katja Nordgaard ထံသို့ အိတ်ဖွင့်ပေးစာ တစ်စောင် ပေးပို့ခဲ့သည်။

အဖွဲ့အစည်း (၅) ဖွဲ့မှာ -


1. ကရင်အမျိုးသမီး အစည်းအရုံး (KWO)
2. ကရင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လှုပ်ရှားမှု ကွန်ယက် (KESAN)
3. မြန်မာ့မိတ်ဆွေများ (BP)
4. လူ့အခွင့်အရေး ပညာပေးဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ (HREIB)
5. မြန်မာအမျိုးသမီးများ အဖွဲ့ချုပ် (WLB)


## ငြိမ်းချမ်းရေး အလှူရှင်များအုပ်စု (PDSG)

တည်ထောင်ချိန်- ၂၀၁၂ ခုနှစ် ဇွန်လ (၁၂) ရက်

ဤအဖွဲ့သည် မြန်မာ့ငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့၏ တစိတ်တစ်ပိုင်းဖြစ်ပြီး အလှူရှင်များ၏ မြန်မာအစိုးရဆီသို့ ချဉ်းကပ်မှုကို ညှိနှိုင်းဆောင်ရွက်မှု ပေးအပ်သည်။ ဤအဖွဲ့အား နော်ဝေ နိုင်ငံမှ ဦးဆောင်ပြီး ကနဦးအားဖြင့် ဩစတြေလျ၊ အင်္ဂလန်၊ ဥရောပသမဂ္ဂ၊ အမေရိကန်နှင့် ကမ္ဘာ့ဘဏ်တို့မှ ပါဝင်သည်။ နောက်ထပ် အခြားနိုင်ငံများလည်း ပူးပေါင်းပါဝင်မည်ဟု မျှော်လင့်ရသည်။ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် အခြား စီမံကိန်းများအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၅၀၀ ထောက်ပံ့ပေးသွားမည်ဟု ၂၀၁၂ ခုနှစ် ဇွန်လ(၁၂) ရက်နေ့က ကြေညာခဲ့သည်။

တရားဝင် ထုတ်ပြန်ကြေညာချက် (မြန်မာ) - http://www.prsident-offcie.gov.mm/briefing-room/daily-news/newss697




ငြိမ်းချမ်းရေး
အလှူရှင်များ
အုပ်စု
မြန်မာ
ငြိမ်းချမ်းရေး
စင်တာ
မြန်မာ့ ငြိမ်းချမ်းရေး
အထောက်အကူပြု
အဖွဲ့
အပစ်ခတ်ရပ်စဲရေး
စတင်အကောင်အထည်
ဖော်ရန် $ ရံပုံငွေ ထောက်ပံ့
(မြေမြှုပ်မိုင်းများ တူးဖော်ရေး
IDP ကယ်ဆယ် ကူညီရေး
စသဖြင့်)
နိုင်ငံတကာ
NGOs များနှင့်
အကောင်အထည်
ဖော်ရေး အဖွဲ့များ
ဥရောပမြန်မာရုံး
အပစ်ခတ်ရပ်စဲရေး
စတင်အကောင်အထည်
ဖော်ရန် $ ရံပုံငွေ ထောက်ပံ့
စွမ်းဆောင်ရည် မြှင့်တင်ရေး
အတွက် $ ရန်ပုံငွေ ထောက်ပံ့
တိုင်းရင်းသားများ
ပူးပေါင်း
ဆောင်ရွက်ရေး
လုပ်ငန်းအဖွဲ့
နိုင်ငံတကာ
ငြိမ်းချမ်းရေး
အထောက်အကူပြု
အဖွဲ့

| စဉ် | နိုင်ငံ/ အဖွဲ့အစည်း | အကြောင်းရင်းဖော်ပြချက် | ပမာဏ |
|---|---|---|---|
| ၁ | ကမ္ဘာ့ ကုလသမဂ္ဂ | ကနဦးပေးလှူမှုများ | ကန်ဒေါ်လာ ၅ သန်း |
| ၂ | ဩစတေးလျ | မြန်မာ ကျန်းမာရေး စောင့်ရှောက်မှုဌာနနှင့် မြေမြုပ်မိုင်း ရှင်းလင်းရေး ပညာရှင်များ ငှားရမ်းခ | ကန်ဒေါ်လာ ၅ သန်း |
| ၃ | အင်္ဂလန် | "ဆက်လက်သွားနေသော ဒီမိုကရက်တစ် ပြုပြင်ပြောင်း လဲမှုများ ထောက်ပံ့ရေး" နှင့် နောက်ထပ် ၃နှစ်တာ ကာလအတွက် ကန်ဒေါ်လာ ၃၀၀ သန်း အကူအညီများ | ကန်ဒေါ်လာ ၅သန်း |
| ၄ | ဥရောပ သမဂ္ဂ | မြေမြုပ်မိုင်း ရှင်းလင်းရေးအတွက် နည်းပညာ အထောက်အပံ့နှင့် မြေမြုပ်မိုင်း အန္တရာယ် ပညာပေး အစီအစဉ်များ | ကန်ဒေါ်လာ ၃ မှ ၄ သန်း |
| ၅ | ကမ္ဘာ့ဘဏ် | အခြေခံအဆောက်အဦများ ဆောက်လုပ်ရေးနှင့် လူမှုစီးပွားတိုးတက်ရေး အစီအစဉ်များအတွက် ငွေကြေးနှင့် နည်းပညာ အကူအညီများ ပေးအပ်ခြင်း၊ အကြွေးများ လျော်ပစ်ခြင်း၊ ၂၀၁၂ ခုနှစ် ဩဂုတ် (၁) ရက်နေ့တွင် ရန်ကုန်၌ ရုံးဖွင့်ခြင်း၊ တိုင်းပြည်၏ ဖွံ့ဖြိုးရေးများ အတွက် ဥပမာ- လမ်းများဖောက် လုပ်ခြင်း၊ ကျောင်းနှင့် အခြားသော စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ ၈၅ သန်းအထိ ရှိသော အကူအညီများ ပေးအပ်ရန် ၎င်း၏ ဘုတ်အဖွဲ့သို့ အစီအမံများ တင်သွင်းလိမ့်မည် | နှစ်စဉ် ကန်ဒေါ်လာ သန်း ၃၀၀ အထိ ချေးနိုင်သည် |

ထပ်မံ၍

နော်ဝေနိုင်ငံ သည် ဥရောပမြန်မာရုံး (EBO) မှတဆင့် ငွေကြေးအထောက်အပံ့ ပေးအပ်ခဲ့သည်။ (ဇူလိုင်-ဒီဇင်ဘာ ၂၀၁၂)

| စဉ် | ဖော်ပြချက် | ပမာဏ |
|---|---|---|
| ၁ | တိုင်းရင်းသား အဖွဲ့များ အတွက် ဆက်ဆံရေးရုံးများ | € ၃၇၅ ၀၀၀ |
| ၂ | WGEC လုပ်ငန်းဆောင်ရွက်မှုများ- အစည်းအဝေး၊ အလုပ်ရုံ ဆွေးနွေးပွဲ များ၊ ဆွေးနွေးတိုင်ပင်ပွဲများ | € ၅၀ ၀၀၀ |
| ၃ | IPSG - အဆင့်မျိုးစုံ လုပ်ဆောင်မှုများ | € ၂၅ ၀၀၀ |

ဖင်လန်နိုင်ငံသည် ဥရောပမြန်မာရုံး (EBO) မှတဆင့် ငွေကြေးအထောက်အပံ့ ပေးအပ်ခဲ့သည်။ (ဇူလိုင်- ဒီဇင်ဘာ ၂၀၁၂)

| စဉ် | ဖော်ပြချက် | ပမာဏ |
|---|---|---|
| ၁ | WGEC လုပ်ငန်းဆောင်ရွက်မှုများ | € ၅၀ ၀၀၀ |
| ၂ | IPSG - အဆင့်မျိုးစုံ လုပ်ဆောင်မှုများ၊ သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ တိုင်ပင်နီးနှောရေးအတွက် လေ့လာရေး ခရီးများ၊ စသဖြင့် | € ၁၀၀ ၀၀၀ |

ဖင်လန်နိုင်ငံသည် Kimmo Kilijunen အားလည်း ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ညှိနှိုင်းရေးတာဝန်များအတွက်

ကိုယ်စားလှယ် အဖြစ် ခန့်အပ်ထားသည်။

## နိုင်ငံတကာ ငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ (IPSG)

နိုင်ငံတကာ ငြိမ်းချမ်းရေး အထောက်အကူပြု အဖွဲ့ (IPSG) သည် တရားမျှတပြီး တန်းတူရည်တူရှိသော ငြိမ်းချမ်းရေး အတွက် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် ကူညီပေးရန်အတွက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းအား လုပ်ဆောင်ပေးနေမှုများနှင့် ပတ်သက်သည့် နိုင်ငံတကာ NGOs အဖွဲ့များဖြင့် ဖွဲ့စည်းထားသည်။ ဤအဖွဲ့တွင် အမြဲတမ်း မဟုတ်သော ကွန်ယက်အဖွဲ့ဝင် ၂၀ ပါဝင်ပြီး၊ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးများကို လစဉ် တလတကြိမ် ဘန်ကောက်မြို့၌ ပြုလုပ်သည်။ ဤအထဲတွင် နိုင်ငံတကာ ပဋိပက္ခ စောင့်ကြည့်ရေးအဖွဲ့ (ICG)၊ လူသားမျိုးနွယ်ဆိုင်ရာ စကားပြောဆိုမှု စင်တာ (Center for Humanitarian Dialogue)၊ ဥရောပ-မြန်မာရုံး (EBO) နှင့် နိုင်ငံတကာ တရားမျှတမှုအဖွဲ့ (Fairness International) တို့ ပါဝင်သည်။

## ဂျပန်–နိပွန်ဖောင်ဒေးရှင်း

တိုင်းရင်းသား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် အကူအညီပေးရာတွင် ညှိနှိုင်း ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံ တိုင်းရင်းသား လူနည်းစုများ ဘဝသာယာရေးအတွက် သံအမတ်အဖြစ် နိပွန်ဖောင်ဒေးရှင်း ဥက္ကဌ ဆာဆာကာဝါ ယိုဟိအိ (Sasakawa Yohei) ကို ဂျပန်အစိုးရမှ ၂၀၁၂ ခုနှစ် ဖွန်လတွင် ခန့်အပ်ခဲ့သည်။ ဂျပန်ဖောင်ဒေးရှင်းက ၎င်းတို့၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် အစီအစဉ်များကို UNFC နှင့် အတူတကွ လုပ်ဆောင်နေသည်။ အစိုးရနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရာတွင် နိုင်ငံခြားမှ ညှိနှိုင်းဆောင်ရွက်ပေးသူ အဖြစ် ရပ်တည်ပေးရန် UNFC မှ နိပွန်ဖောင်ဒေးရှင်းကို တောင်းဆိုထားသည်။ အစိုးရမှ UNFC ၏ တောင်းဆိုမှုများကို တုန့်ပြန်ခြင်း မရှိသော်လည်း၊ နိပွန်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများကို အစည်းအဝေးများတွင် လေ့လာသူအဖြစ် တက်ရောက်ခွင့် ပြုထားသည်။

မြန်မာနိုင်ငံ လူနည်းစု ဒေသများအတွက် အမေရိကန်ဒေါ်လာ ၃ သန်း တန်ဘိုးရှိ လူသားချင်း စာနာမှုဆိုင်ရာ အထောက်အပံ့ အကူအညီများကို ပေးအပ်ခဲ့သည်။ နိပွန်ဖောင်ဒေးရှင်းမှ ကနဦး အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၃ သိန်း စတင်လှူဒါန်းပြီး လှူဒါန်းမှုများ ခွဲဝေခြင်းကိုလည်း အနီးကပ် စောင့်ကြည့်သည်။[၃၃] ဂျပန်အစိုးရသည် နိပွန်ဖောင်ဒေးရှင်းမှ တဆင့် အမေရိကန်ဒေါ်လာ သန်း ၆၀ ကို လှူဒါန်းမည် ဖြစ်သည်။ ပြီးနောက် ဒုက္ခသည်များ ကယ်ဆယ် ကူညီရေးအတွက် အထောက်အပံ့အဖြစ် နောက်ထပ် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကိုလည်း ပေးအပ်ရန် နောက်ဆုံး၌ စီစဉ်ထားသည်ဟု ဦးအောင်မင်းက ပြောဆိုသည်။[၃၄] လှူဒါန်းမှုများကို မွန်ဒေသတွင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့က တရားဝင် ပေးအပ်ခဲ့ပြီ ဖြစ်သည်။

### လုပ်ရှားမှု အချိန်ဇယား

| | |
|---|---|
| မေ ပြီ (၂၄)၊ ၂၀၁၂ခုနှစ် | ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခများနှင့် မြန်မာအစိုးရနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရေး စသည့် အကြောင်းအရာများကို UNFC မှ ဗဟိုကော်မတီဝင် (၃) ဦးသည် နိပွန်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် ဂျပန်အစိုးရ အရာရှိတချို့တို့ ဂျပန်နိုင်ငံ တိုကျိုမြို့၌ တွေ့ဆုံ ဆွေးနွေးခဲ့သည်။ |

---

၃၃ http://www.nippon.com/en/features/c01201/

၃၄ http://www.mmtimes.com/index.php/national-news/3668-nippon-foundation-sends-aid-to-conflict-areas.html

| | |
|---|---|
| ဇွန်၊ ၂၀၁၂ခုနှစ် | မြန်မာနိုင်ငံ တိုင်းရင်းသား လူနည်းစုများ ဘဝသာယာရေး အတွက် သံအမတ်အဖြစ် Sasakawa Yohei ကို ဂျပန် အစိုးရမှ ခန့်အပ်ခဲ့သည်။ ဤလထဲတွင်ပင် မြန်မာပြည်သို့ သွားရောက်ခဲ့သော ၎င်း၏ ခရီးစဉ်တွင် Yohei သည် သမ္မတ ဦးသိန်းစိန်နှင့် အတိုက်အခံ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် တို့ကို တွေ့ဆုံခဲ့သည်။ |
| စက်တင်ဘာ (၂၃)၊ ၂၀၁၂ ခုနှစ် | ကယ်ဆယ်ကူညီရေး အစီအစဉ်များအတွက် နိပ္ပွန်ဖောင်ဒေးရှင်းသည် UNFC နှင့် နားလည်မှု စာချွန်လွှာကို လက်မှတ် ရေးထိုးခဲ့သည်။ |
| အောက်တိုဘာ (၆) ၊ ၂၀၁၂ ခုနှစ် | တိုင်းရင်းသား ဒေသများတွင် လူသားချင်းစာနာမှု အထောက်အပံ့ အကူအညီများ သယ်ဆောင်ပေးပို့နိုင်ရေး အတွက် ၎င်းတို့အား ခွင့်ပြုရန် နိပ္ပွန်ဖောင်ဒေးရှင်းသည် မြန်မာအစိုးရနှင့် နားလည်မှု စာချွန်လွှာကို လက်မှတ် ရေးထိုးခဲ့သည်။ |
| အောက်တိုဘာ လလယ်၊ ၂၀၁၂ ခုနှစ် | တိုကျိုတွင် ကျင်းပသည့် မြန်မာတိုင်းရင်းသား လူမျိုးစု အဖွဲ့များအား အရေးပေါ် လူသားချင်း စာနာမှု အကူအညီပေးရေး ညီလာခံတွင် လူနည်းစု တိုင်းရင်းသား ကိုယ်စားလှယ် (၁၀) ဦးအပါအဝင်၊ UNFC ကိုယ်စားလှယ် (၂၀) ဦးသည် နိပ္ပွန်ဖောင်ဒေးရှင်းနှင့် အကူအညီ ပေးရေး အသေးစိတ် လုပ်ငန်းစဉ်များကို ချမှတ် ဆောင်ရွက်ခဲ့သည်။ ဤကိစ္စအား အောက်တိုဘာလ (၁၈) ရက်နေ့တွင် နိပ္ပွန်ဖောင်ဒေးရှင်း ဗဟိုရုံး၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး စီမံချက် အကျဉ်းချုပ်ကို တင်ပြခဲ့သည်။ |
| ဒီဇင်ဘာ (၂၂)၊ ၂၀၁၂ ခုနှစ် | စီမံချက် စတင်ကြောင်းကို မွန်ပြည်နယ်မြို့တော် မော်လမြိုင်တွင် တရားဝင် အခမ်းအနားဖြင့် စတင်ခဲ့သည်။ ထိုအစီအစဉ်တွင် ဖောင်ဒေးရှင်းမှ ကိုယ်စားလှယ်များက အမေရိကန် ဒေါ်လာ (၇) သောင်း တန်ဘိုးရှိ အရေးပေါ် အကူအညီများကို မွန်ပြည်သစ်ပါတီသို့ ပေးအပ်ခဲ့သည်။ အကူအညီများထဲတွင် ဆန်တန်ချိန် (၅၀)၊ ဆေးရုံများအတွက် ဆေးပစ္စည်း အကူအညီများနှင့် တိုင်းရင်းဆေးဝါးများ ပုံးပေါင်း (၅၀၀) တို့ ပါဝင်သည်။ |
| ဇန်နဝါရီ (၁၂)၊ ၂၀၁၂ခုနှစ် | ရှမ်းပြည်နယ် တောင်ကြီးမြို့ တောင်ကြီးဟော်တယ်၌ နိပ္ပွန်ဖောင်ဒေးရှင်းမှ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အစည်းအရုံး (PNLO) ငြိမ်းချမ်းရေး အဖွဲ့အား ဆန်အိတ်ပေါင်း (၁၂၀၀) ကို ပေးအပ် လှူဒါန်းခဲ့သည်။ |

## အိမ်နီးချင်း တရုပ်၊ အိန္ဒိယ၊ ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများ

မြန်မာနိုင်ငံ၏ တိုင်းရင်းသား နိုင်ငံရေး ကဏ္ဍတွင် မြန်မာ့ အိမ်နီးချင်း (၄) နိုင်ငံသည်လည်း အဓိက အရေးပါ အရာရောက် အခန်းမှ ပါဝင်ကြသည်။ တူညီသော တိုင်းရင်းသားများ နယ်စပ်နှစ်ဘက်လုံးတွင် စိမ့်ဝင် ပျံ့နှံ့ နေထိုင် ကြသောကြောင့် မြန်မာပြည်၏ တိုင်းရင်းသား ပြဿနာများသည် အိမ်နီးချင်း နိုင်ငံများကိုလည်း တစုံတရာ သက်ရောက်မှု ဖြစ်စေသည်။ မြန်မာအစိုးရ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် မူဝါဒသည် ၎င်း၏ အိမ်နီးချင်း နိုင်ငံများ အတွက် နယ်စပ် တည်ငြိမ်မှုအပေါ် လွှမ်းမိုးမှု ရှိလိမ့်မည်ဖြစ်သည်။ ၎င်းတို့မှာ ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များ ကိစ္စ၊ နယ်စပ် အခြေစိုက် ဒုက္ခသည်များ၊ တရားမဝင် မူးယစ်ဆေးဝါး ကုန်ကူးမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ ဖြစ်ကြသည်။

တရုတ်နိုင်ငံ - ယူနန်ပြည်နယ်မှ တရုတ်အရာရှိများနှင့် ထောက်လှမ်းရေး အေးဂျင့်များက အချို့သော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များဖြစ်ကြသည့် ကချင် (KIO), ဝ (UWSA), ကိုးကန့် (MNDAA) နှင့် မိုင်းလား (NDAA-ESS) တို့ဖြင့် တရားဝင် မဟုတ်သော အဆက်အသွယ်များ ရှိကြသည်။ တရုတ်နိုင်ငံသည် ဤအဖွဲ့များ၏ နိစ္စဓူဝ နေထိုင်ရေးနှင့် ရှင်သန်ရပ်တည်ရေး နှစ်ခုစလုံးအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင် ပတ်သက်နေသည်။ ဥပမာအားဖြင့် - စီးပွားရေး အထောက်အကူ၊ ကုန်သွယ်ရေး၊ လျှပ်စစ် ဓါတ်အား၊ ရေ၊ အဆင့်မြင့် ဆက်သွယ်ရေးနှင့် တရားဝင်မဟုတ်သော နည်းလမ်းများဖြင့် ဒုက္ခသည်များ လက်ခံခြင်း စသည်တို့ ဖြစ်ကြသည်။

ထိုင်းနိုင်ငံ - အလားတူစွာ ထိုင်းနိုင်ငံသည်လည်း နယ်စပ်အခြေစိုက် လက်နက်ကိုင်အဖွဲ့များ ဖြစ်ကြသည့် (RCSS/SSA, KNU, KNPP နှင့် NMSP) တို့ကို ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ထောက်လှမ်းရေး သမားများမှ တဆင့် နီးကပ်သော ဆက်ဆံရေးများ ရှိကြသည်။ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံမှ ပမာဏ အရေအတွက် အလွန်များပြားသော ဒုက္ခသည်နှင့် ရွှေ့ပြောင်း အလုပ်သမားများကို လက်ခံထားသော နိုင်ငံဖြစ်သည်။ လတ်တလောအားဖြင့် ထိုင်းနိုင်ငံသည် ၎င်း၏ နယ်စပ်တလျှောက်နှင့် အိမ်နီးချင်း မြန်မာနိုင်ငံတို့တွင် အထူးစီးပွားရေးဇုံများ၊ ကြီးမားသော စက်မှုစီမံကိန်းဇုံများနှင့် တိုင်းရင်းသား ဒေသများကို ဖြတ်သန်း၍ လမ်းများ ဖောက်လုပ်ခြင်း စသည့်တို့ကို ပြုလုပ်နေသည်။

အိန္ဒိယနိုင်ငံ - အိန္ဒိယ အာဏာပိုင်များသည် နိုင်ငံမြောက်ပိုင်း ဒေသများရှိ သူပုန်များကို တိုက်ခိုက်ရန် အတွက် မြန်မာ အစိုးရနှင့် နီးကပ်စွာ လုပ်ကိုင် ဆောင်ရွက်နေသည်။ အိန္ဒိယ သူပုန်များသည် မြန်မာပြည်ထဲတွင် အခြေခံ စစ်စခန်းများ ဆောက်လုပ် ခြေကုပ်ယူ၍ အိန္ဒိယ အစိုးရတပ်များကို တိုက်ခိုက်နေသည်ဟု အိန္ဒိယ အာဏာပိုင်များက ဆိုသည်။ အိန္ဒိယ အစိုးရသည်လည်း မြန်မာအစိုးရနှင့် လွတ်လပ်သော ကုန်သွယ်မှုဇုံများ ဖွင့်လှစ်ခြင်း၊ လမ်းများ ဖောက်လုပ်ခြင်းနှင့် ရခိုင်ပြည်နယ်ရှိ စစ်တွေဆိပ်ကမ်းနှင့် စစ်ကိုင်းတိုင်းမှ တမံသီ ရေကာတာ ကဲ့သို့သော စီမံကိန်းများတွင် ရင်းနှီး မြှုပ်နှံလျက် ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ - မြန်မာပြည်အား အခြား အိမ်နီးချင်းများနှင့် နှိုင်းယှဉ်လျှင် ဘင်္ဂလားဒေ့ရှ်သည် နယ်စပ် အခြေစိုက် လက်နက်ကိုင် အဖွဲ့များနှင့် နီးစပ်သော ဆက်ဆံရေး သိပ်မရှိလှပေ။ အတိတ် ကာလက ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မူဆလင် ရိုဟင်ဂျာများအား လက်ခံ ထားခဲ့သည်။ သို့ရာတွင် ၂၀၁၂ ခုနှစ် ဇွန်လနှင့် အောက်တိုဘာလက ဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ်ရှိ ဗုဒ္ဓဘာသာနှင့် မူဆလင်များအကြား ဘာသာရေး အကြမ်းဖက်မှုများ အတွင်း ကုလသမဂ္ဂမှ ဒုက္ခသည် များကို လက်ခံပေးရန် တောင်းဆိုနေသည့်ကြားမှပင် ၎င်းတို့၏ နယ်စပ်ကို ပိတ်ထားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်သည် နယ်စပ်တွင် အထူးစီးပွားရေးဇုံ တစ်ခုကို တည်ထောင်လိုနေသည်။ သို့ရာတွင် မြန်မာအစိုးရမှ သူတို့၏ တောင်းဆိုမှုများကို မစဉ်းစားသေးပေ။

အာဆီယံ - ကိစ္စရပ် အတော်များများတွင် အာဆီယံနှင့် အဖွဲ့ဝင်နိုင်ငံများသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ခြင်း မရှိကြပေ။ အာဆီယံ မဟာမိတ် နိုင်ငံများ အနေဖြင့် သတင်းအချက်အလက်နှင့် သက်ဆိုင်သော အရာများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုဆိုင်ရာ အတွေ့အကြုံများ မျှဝေခြင်းနှင့် ရခိုင်ပြည်နယ်ရှိ လူမျိုးရေး အကြပ်အတည်းများကို ထုတ်ပြောခြင်းများဖြင့်သာ အခန်းကဏ္ဍ အနည်း အကျဉ်းတွင် ပါဝင် ပတ်သက်ကြသည်။

SRV ၏ လူနည်းစု တိုင်းရင်းသားများ ကော်မတီ (ဗီယက်နမ်) - ဗီယက်နမ်နိုင်ငံ၏ SRV လူနည်းစု တိုင်းရင်းသားများ ကော်မတီမှ ကိုယ်စားလှယ်များ နှင့် နယ်စပ်ရေးရာဝန်ကြီး ဌာနမှ အရာရှိများသည် ရန်ကုန်မြို့တွင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့က တွေ့ဆုံခဲ့သည်။ အပြန်အလှန် တိုင်ပင်ဆွေးနွေးမှုအတွင်း နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် (ဗီယက်နမ်) SRV ၏ လူနည်းစု တိုင်းရင်းသား များ ကော်မတီတို့သည် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘော တူညီချက် တစ်ရပ်ကို ပြင်ဆင်ဖြည့်စွက်ချက် တစ်ခုဖြင့် လက်မှတ် ရေးထိုးခဲ့ကြသည်။ ထိုစာချုပ်သည် နယ်စပ်နှင့် ကျေးလက်ဒေသများတွင် ယဉ်ကျေးမှု၊ ပညာရေး၊ လူမှုရေးရာများနှင့် စီးပွားရေးရာ ကိစ္စရပ်များတွင် ပိုမို ပူးပေါင်းဆောင်ရွက်မှုကို ဦးတည်စေနိုင်မည့် အတွေ့အကြုံ ဖလှယ်မှုများမှ တဆင့် နှစ်နိုင်ငံ မိတ်ဆွေဖြစ်မှု ပိုမိုတိုးမြှင့် ဆောင်ရွက်ရေးကို ရည်ရွယ်သည်။

ဂျီနီဗာအခြေစိုက် 'လူသားချင်း စာနာမှုဆိုင်ရာ စကားပြောဆိုမှု စင်တာ' မှ ကမကထ ပြုလုပ်သော အစည်းဝေးပွဲ တခုတွင် အင်ဒိုနီးရှား ကြက်ခြေနီအသင်း (PMI) ဥက္ကဋ္ဌ နှင့် ဒုသမ္မတဟောင်း Jusuf Kalla နှင့် နိုင်ငံတောင်ပိုင်းရှိ သူပုန်ထမှုအရေး ကိုင်တွယ် လုပ်ဆောင်နေသည့် ဖိလစ်ပိုင် အစိုးရ ကိုယ်စားလှယ် အဖွဲ့တို့သည် စက်တင်ဘာလ (၁၀) ရက် ၂၀၁၂ ခုနှစ်တွင် နေပြည်တော်၌ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကော်မတီမှ ဦးအောင်မင်းနှင့် အဖွဲ့ဝင်များကို တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲတွင် အင်ဒိုနီးရှား ဒုသမ္မတဟောင်းနှင့်အတူ Helsinki ငြိမ်းချမ်းရေး စကားပြောဆိုမှုတွင် အာချေး လွတ်မြောက်ရေး လှုပ်ရှားမှုအဖွဲ့ (GAM) နှင့် တိုက်ရိုက် ပြောဆိုရန် အစိုးရ ကိုယ်စားလှယ် အဖွဲ့ကို ဦးဆောင်သူလည်းဖြစ် ယခင် ဥပဒေနှင့် လူ့အခွင့်အရေး ဝန်ကြီးဌာန အငြိမ်းစား ဝန်ကြီးဟောင်း Hamid Awaluddin နှင့် ယခင် အင်ဒိုနီးရှား ကြည်းတပ် (TNI) ဦးစီးချုပ် အငြိမ်းစား ဗိုလ်ချုပ်ကြီးဟောင်း Endriartono Sutarto တို့လည်း ပါဝင်သည်။

မြန်မာ ငြိမ်းချမ်းရေး စင်တာသည် ASEAN ဖောင်ဒေးရှင်း အလုပ်အမှုဆောင် ဒါရိုက်တာ Dr. Makarim Wibisono နှင့်

ASEAN အုပ်ချုပ်ရေးရုံး အရာရှိ Mr. Pratap Parameswaran တို့အား မြန်မာငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် အမြေ ရှာရေး ကဏ္ဍအတွက် တရားဝင် မဟုတ်သော အစည်းအဝေးတစ်ခု ဖိတ်ခေါ်ခဲ့သေးသည်။ အဆိုပါ အစည်းအဝေးတွင် ၂၀၁၂ ခုနှစ် နိုဝင်ဘာလက ကမ္ဘောဒီယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပခဲ့သည့် ASEAN အစည်းအဝေးကြီး အတွင်း ထုတ်ပြန်ခဲ့သည့် ASEAN အဖွဲ့ကြီး၏ ငြိမ်းချမ်းရေးနှင့် ပြန်လည် ပေါင်းစည်းရေးအကြောင်း သတင်း အချက်အလက်များကို ဆွေးနွေးခဲ့သည်။

အမေရိကန်နိုင်ငံ - မြန်မာ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ကျေညာချက် ထုတ်ပြန်ခြင်း၊ မြန်မာအစိုးရနှင့် အချို့သော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ များကို ထောက်ခံချက်ပေးခြင်း စသည်တို့မှ တဆင့် မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ထဲထဲဝင်ဝင် ပါဝင်လျက်ရှိသည်။

သမ္မတ ဘာရက်အိုဘားမား (Barack Obama) သည် နိုင်ငံခြားရေး ဝန်ကြီး မစ္စစ် ဟီလာရီ ရိုဒန် ကလင်တန် (Mrs. Hillary Rodham Clinton) နှင့်အတူ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ (၁၉) ရက်နေ့က မြန်မာပြည်သို့ သမိုင်းဝင် ခရီးစဉ်တခု သွားရောက် လည်ပတ်ခဲ့သည်။ ဤခရီးစဉ်သည် မြန်မာနိုင်ငံအား လာရောက်လည်ပတ်သော အမေရိကန် သမ္မတ တစ်ဦး၏ ပထမဦးဆုံးသော ခရီးစဉ်ဖြစ်သည်။ ဤခရီးစဉ်အတွင်း သမ္မတ အိုဘားမား က ကချင်ပြည်နယ် ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခ အဆုံးသတ်ရေးနှင့် ရခိုင်ပြည်နယ်ရှိ အကျပ်အတည်း ဖြေရှင်းရေးတို့ အရေးကြီးကြောင်းကို ထုတ်ဖော် ပြောဆိုခဲ့သည်။

Hillary Clinton သည်လည်း နယ်စပ်ဒေသ အပါအဝင် မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အခြေအနေများကို တိုက်ရိုက် လေ့လာရေး အတွက် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့သည်။ အာရှပစိဖိတ် ရေးရာ မူဝါဒ ချမှတ်ရေးဗျူရို လက်ထောက်အတွင်းရေးမှူး Joseph Yun နှင့် သံအမတ်ကြီး Derek Mitchell တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၂ ခုနှစ် စက်တင်ဘာလ (၇) ရက်မှ (၁၀) ရက်နေ့အထိ ရခိုင်ပြည်နယ်နှင့် နယ်စပ်ဒေသများသို့ သွားရောက် လည်ပတ်ခဲ့သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလလယ်တွင် အမေရိကန် သံအမတ်ကြီး Derek Mitchell ဦးဆောင်သော ကိုယ်စားလှယ် (၈) ဦး အဖွဲ့သည် ကချင်ပြည်နယ် ကယ်ဆယ်ရေး စခန်းများသို့ သွားရောက်လည်ပတ်ခဲ့ပြီး ဒေသခံခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။ KIA ထိန်းချုပ်ရာ ဒေသများရှိ စခန်းများသို့ ကယ်ဆယ်ရေး အထောက်အပံ့များ ပေးပို့နိုင်မည့် အလား အလာ ဖြစ်နိုင်ချေများကိုလည်း ဆွေးနွေးခဲ့သည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ အစောပိုင်းကလည်း သူသည် ကရင်ပြည်နယ် ဖားအံမြို့သို့ သွားရောက်၍ KNU ထိပ်ပိုင်း ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သေးသည်။ ထိုအချိန်အတွင်း Mitchell နှင့် ကရင်ခေါင်းဆောင်များသည် လတ်တလောနိုင်ငံရေး အခြေအနေ၊ KNU နှင့် အစိုးရတို့အကြား အပစ်အခတ် ရပ်စဲရေး အခြေအနေနှင့် အခြားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အပစ်အခတ် ရပ်စဲရေး အခြေအနေစသည့် အကြောင်းအရာ အများအပြားကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည် သင့်မြတ်ရေးတို့ အတွက် အမေရိကန်နိုင်ငံက USAID မှ တဆင့် အကူအညီများအား ပေးအပ်ခဲ့သည်။[၃၅]

၂၀၁၃ ခုနှစ် USAID ၏ အချက်အလက် မှတ်တမ်းများအရ ၎င်းတို့၏ အစီအစဉ်သည် အဓိကကျသော တိုင်းရင်းသား ခေါင်းဆောင်များ၊ ဘာသာရေးအုပ်စု၊ လူအဖွဲ့အစည်းနှင့် အသစ်ဖွဲ့စည်းထားသော အစိုးရအဖွဲ့မှ ခေါင်းဆောင်များအား စွမ်းရည်မြှင့်တင်မှု သင်တန်းများကို ပြုလုပ်ခဲ့ကြောင်း ဖော်ပြထားသည်။ ထိုမှနေ၍ အမျိုးသမီးရေးရာ၊ မြေမြှုပ်မိုင်း ရှင်းလင်းရေး အကူအညီနှင့် လူသားချင်း စာနာမှုဆိုင်ရာ အထောက်အပံ့ အကူအညီများကို အဓိက အာရုံစိုက်သည်။

---

၃၅ http://transition.usaid.gov/our_work/humanitarian_assistance/disaster_assistance/countries/burma/template/fs_sr/fy2012/burma_ce_fs01_09-30-2012.pdf

၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် USAID နှင့် အမေရိကန်ပြည်ထောင်စု လူသားချင်း စာနာမှုဆိုင်ရာ အကူအညီပေးရေး ဌာနသည် UNOCHA, UNICEF, WFP, UNHCR နှင့် အခြားသော NGOs များမှတဆင့် မြန်မာနိုင်ငံအား အကူအညီ ဒေါ်လာသန်း (၃၀) ကျော် ပေးအပ်ကူညီ ခဲ့သည်။

## နိုင်ငံတကာ ညှိနှိုင်းမှုများ

အစိုးရနှင့် ငြိမ်းချမ်းရေး စကားပြောဆိုရာတွင် ညှိနှိုင်း ဆောင်ရွက်သူ အဖြစ် ပြုလုပ်ပေးရန် UNFC က တရုတ် (၂၀၁၁ ခုနှစ် အောက်တိုဘာ) နှင့် ဂျပန် (၂၀၁၂ ခုနှစ် ဧပြီ) အစိုးရတို့ကို တောင်းဆိုခဲ့သည်။ သို့ရာတွင် နှစ်နိုင်ငံစလုံးမှ ငြင်းပယ်ခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် အစိုးရတို့အကြား စကားပြောဆိုမှု အချို့တွင် နိုင်ငံတကာ လေ့လာသူများ တက်ရောက်ကြသည်။

KNPP (ပြည်နယ်အဆင့် တွေ့ဆုံဆွေးနွေးမှု) - ၂၀၁၂ ခုနှစ် မတ်လ (၁၇) ရက် - အမေရိကန် စစ်သံမှူး Andrew Webster၊ ဗြိတိန်သံရုံး ဒုအတွင်းဝန် Joe Fisher နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ကိုယ်စားလှယ် Hansten Feld တို့သည် တွေ့ဆုံ ဆွေးနွေးပွဲတွင် လေ့လာသူအဖြစ် တက်ရောက် ခဲ့ကြသည်။

KNU - ၂၀၁၂ ခုနှစ် ဧပြီလ တွင် ပြုလုပ်သော အစိုးရနှင့် ကေအဲန်ယူ တို့၏ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် Kristine Gould (PACRIM သုတေသန အရာရှိ)၊ Emma Leslie (ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ လေ့လာရေး စင်တာ) နှင့် အမေရိကန်သံရုံး ကိုယ်စားလှယ် Craig Haltmeier တို့ လေ့လာသူအဖြစ် တက်ရောက် ခဲ့ကြသည်။ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲ (၂၀၁၂ ခုနှစ်၊ ဧပြီလ ၃ ရက်) - လေ့လာသူ နိုင်ငံခြားသား (၃) ဦး ပါဝင်သည်။ Ms. Meghan Stewart (နိုင်ငံတကာ လူထု မူဝါဒရေးရာ အဖွဲ့)၊ Emma Leslie ( ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ လေ့လာရေး စင်တာ) နှင့် အမေရိကန် သံရုံး ကိုယ်စားလှယ် Craig Haltmeier တို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြသည်။

CNF (လိုက်နာရမည့် စည်းမျဉ်းများဆိုင်ရာ ဆွေးနွေးပွဲ) - ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ (၇) ရက် - Kristine Gould (PACRIM သုတေသန အရာရှိ)၊ Mr. Yohei Sasakawa ( ဥက္ကဋ္ဌ၊ နိပွန် ဖောင်ဒေးရှင်း၊ ဂျပန်)၊ Mr. Yiji Mori (နိပွန်းဖောင်ဒေးရှင်း၊ ဂျပန်)၊ Ms. Suzuka Yoshida (နိပွန်ဖောင်ဒေးရှင်း၊ ဂျပန်) Charles Petrie (မြန်မာ ငြိမ်းချမ်းရေး အထောက်အကူပြု အဖွဲ့) တို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြသည်။

## စီးပွါးရေး ငြိမ်းချမ်းရေး အကျိုးဆောင်များ

မြန်မာနိုင်ငံအတွင်း စက်မှုလုပ်ငန်းနှင့် သဘာဝရင်းမြစ် တူးဖော်ရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနေကြသည့် နာမည်ကြီး စီးပွါးရေး သမားများက အစိုးရနှင့် ကေအိုင်အို၊ အစိုးရနှင့် ကေအဲန်ယူတို့ကြား ငြိမ်းချမ်းရေး တွေ့ဆုံ ဆွေးနွေးမှု အားလုံးတွင် ညှိနှိုင်းရေးနှင့် ကြားဝင် ဆောင်ရွက်ရေးတို့ကို ပြုလုပ်ခဲ့ကြသည်။

ကျောက်စိမ်းမြေ ကုမ္ပဏီမှ ကချင် စီးပွားရေး သမား ဦးယုဇော်ခေါင် (U Yup Zau Hkaung) သည် ကချင်စီးပွါးရေး သမားများ ဖြစ်ကြသည့် လမိုင်ဂွမ်ဂျာ၊ ခါပရာခွန်အောင်နှင့် အင်ရဲန်ဆိုင်းအောင် တို့နှင့်အတူ ငြိမ်းချမ်းရေး ဖော်ဆောင်ရေး အကျိုးတော်ဆောင် အဖွဲ့ကို ဦးဆောင်သည်။ ဤအဖွဲ့သည် KIO နှင့် အစိုးရတို့ အကြား ငြိမ်းချမ်းရေး တွေ့ဆုံ ဆွေးနွေးပွဲများတွင် ကြားဝင် စေ့စပ်သူအဖြစ် ဆောင်ရွက်သည်။ ငြိမ်းချမ်းရေး ဖော်ဆောင်ရေး အကျိုးတော်ဆောင် အဖွဲ့သည် အစည်းအဝေးများအတွက် ငွေကြေး ထောက်ပံ့မှုများကို စီစဉ်ပေးသည်။ ဤအဖွဲ့တွင် အဖွဲ့ဝင် (၇) ဦး ပါဝင်သည့် တရားဝင် မှတ်တမ်းတင်အဖွဲ့လည်း ရှိသည်။

ထားဝယ်မင်းသမီး ကုမ္ပဏီသည် KNU နှင့် မြန်မာအစိုးရတို့ အကြား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ကြားဝင် ဆောင်ရွက်သူ အဖြစ် ပါဝင် ပတ်သက်သည်။ ကုမ္ပဏီ ဒါရိုက်တာ ဦးကိုကိုမောင်နှင့် စီမံခန့်ခွဲမှု ဒါရိုက်တာ ဦးငွေစိုး တို့သည် KNU နှင့် အစိုးရတို့ အကြား ငြိမ်းချမ်းရေး တွေ့ဆုံ ဆွေးနွေးရေး အစည်းအဝေးအားလုံးကို တက်ရောက် ခဲ့ကြသည်။ ထားဝယ်မင်းသမီး ကုမ္ပဏီသည် KNU နှင့် အစိုးရတို့အကြား ငြိမ်းချမ်းရေး တွေ့ဆုံ ဆွေးနွေးမှုများအတွင်း အစိုးရ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့၏ ငွေရေးကြေးရေး၊ စည်းရုံးရေးနှင့် ခရီး သွားလာရေးများကိုပါ စီစဉ်ပေးမှုများ ရှိသည်။ ကရင် သတင်းဌာနမှလည်း ယင်းကုမ္ပဏီသည် ထားဝယ်မြို့တွင် KNU ဆက်ဆံရေးရုံး စတင် ဖွင့်လှစ်နိုင်ရေးနှင့်

လည်ပတ်ရေး အတွက်လည်း အကူအညီများ ပေးအပ်ခဲ့သည်ဟု အစီရင်ခံသည်။ ဟိန်းရတနာမိုးဟုလည်း အမည်ခေါ်တွင်သည့် ထားဝယ်မင်းသမီး ကုမ္ပဏီသည် KNU ထိန်းချုပ်ရာဒေသ တစိတ်တပိုင်းတွင် ပါဝင်နေသော အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ ကုန်ကျမည့် ထားဝယ် စီးပွါးရေးဇုံ၏ လက်ခွဲ ကန်ထရိုက်တစ်ခုကို ရရှိလုပ်ကိုင်နေသော ကုမ္ပဏီ ဖြစ်သည်။

## လူထုအခြေပြုနှင့် လူမှုအဖွဲ့အစည်းများ

လုပ်ဆောင်မှုများအား အဓိကအားဖြင့် ခေါင်းစဉ် (၃) မျိုး ခွဲခြားနိုင်သည်။

၁။ ငြိမ်းချမ်းရေး တွေ့ဆုံ ဆွေးနွေးရေးတွင် ကြားဝင် ညှိနှိုင်းဆောင်ရွက်ခြင်း - ငြိမ်းချမ်းရေး တွေ့ဆုံ ဆွေးနွေးရာတွင် ကြားဝင်ဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း (ဥပမာ - ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့၊ KIO စကားပြောဆိုမှု အတွက် ရှလွမ် ဖောင်ဒေးရှင်း)

၂။ ငြိမ်းချမ်းရေး တွေ့ဆုံ ဆွေးနွေးရေးနှင့် အပစ်အခတ် ရပ်စဲရေး သဘော တူညီချက်ကို အနီးကပ် စောင့်ကြည့်ခြင်း - တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် အစိုးရတို့၏ လှုပ်ရှားမှုများ၊ အပစ်အခတ် ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး သဘော တူညီချက်များကို ချိုးဖောက်မှု စသည်တို့ကို အနီးကပ် စောင့်ကြည့်သည်။ (ဥပမာ - မွန်ဒေသ ငြိမ်းချမ်းရေး အနီးကပ် စောင့်ကြည့်ရေး အဖွဲ့၊ ရှမ်းအမျိုးသမီးများ လှုပ်ရှားမှု ကွန်ယက်၊ ကရင်နီ လူမှုအခြေပြု လူ့အဖွဲ့အစည်း ကွန်ယက်)

၃။ အပစ်အခတ် ရပ်စဲရေး စတင်အကောင်အထည်ဖော်ခြင်း - ဖွံ့ဖြိုးရေးနှင့် ထောက်ပံ့ကူညီရေး အစီအစဉ်များ ဆက်လက် လုပ်ဆောင်ခြင်း၊ လူ့အခွင့်အရေး အခြေအနေကို အနီးကပ် စောင့်ကြည့်ခြင်း၊ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ကိစ္စရပ်များ (ဥပမာ - နေရပ်ရင်းရွှေ့ပြောင်း ကရင်ဒုက္ခသည်များ ကော်မတီ၊ ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးရာ ကရင်ရုံး၊ ရှမ်းကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေး ကော်မတီ)

၄။ မူဝါဒနှင့် ငြိမ်းချမ်းရေး လှုံ့ဆော်မှု - ငြိမ်းချမ်းရေး မြှင့်တင်မှု လုပ်ငန်းများ ဆောင်ရွက်မှုများ၊ ဆန္ဒပြမှုများ၊ စီတန်း လမ်းလျှောက်ပွဲများနှင့် ဆုတောင်းပွဲများ (မြန်မာနိုင်ငံ အမျိုးသမီးများအဖွဲ့ချုပ်၊ အဖြူရောင် တွဲလက်များ၊ ငြိမ်းချမ်းရေး ကွန်ယက်၊ ကချင် ငြိမ်းချမ်းရေး ကွန်ယက်၊ မျိုးဆက်သစ်များ အဖွဲ့)

မည်သည့်အဖွဲ့က မည်ကဲ့သို့သော လုပ်ငန်းများ လုပ်ဆောင်နေပြီး အမျိုးမျိုးသော နိုင်ငံတကာ NGOs များ၊ အလှူရှင်များနှင့် မည်သို့မည်ပုံ ဆက်သွယ် ဆောင်ရွက်နေကြသည်ကို အတိအကျ ပြောဆိုနိုင်သည့် အနေအထား မရှိချေ။ နော်ဝေ ပြည်သူများ အကူအညီ (NPA) ကဲ့သို့သော အဖွဲ့သည် MPSI နှင့် ပတ်သက်နေကြသည်။ IPSG ၏ တစိတ်တပိုင်း အဖြစ်ပါဝင်နေသော အဖွဲ့အစည်းများသည် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုတွင် အများစုက အကြံအဉာဏ်များ ပေးနေကြသည်။ ဤအကြောင်းကို ထပ်မံဖော်ပြရလျှင် အချို့ အဖွဲ့များသည် တသီးပုဂ္ဂလ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် ငြိမ်းချမ်းရေး တွေ့ဆုံ ဆွေးနွေးမှုကို လေ့လာခြင်း၊ သင်းတန်းပေးခြင်းနှင့် အတိုင်ပင်ခံ ပြုလုပ်ခြင်းများကို လွတ်လပ်စွာ လုပ်ဆောင်နေကြသည်။

ဦးအောင်မင်းမှ ဦးစီးပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီလ (၇) ရက်က မြန်မာငြိမ်းချမ်းရေး စင်တာတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပါဝင်ပတ်သက်နေကြသည့် CBOs များနှင့် ကျင်းပသည့် အစည်းအဝေးတွင် အောက်ဖော်ပြပါ အဖွဲ့အစည်းများ တက်ရောက် ခဲ့ကြသည်။

| စဉ် | အဖွဲ့အစည်း အမည် | စဉ် | အဖွဲ့အစည်း အမည် |
|---|---|---|---|
| ၁ | ငြိမ်းချမ်းရေး ကွန်ယက် | ၁၆ | အဖြူရောင် တွဲလက်များ |
| ၂ | မျိုးဆက်သစ် လူငယ်များအဖွဲ့ | ၁၇ | ကရင်အမျိုးသမီးများ လှုပ်ရှားမှု ကွန်ယက် |
| ၃ | အမျိုးသမီးများ အစည်းအရုံးများ ကွန်ယက် | ၁၈ | ကရင်လူငယ် ကွန်ယက် |

| စဉ် | အဖွဲ့အစည်း အမည် | စဉ် | အဖွဲ့အစည်း အမည် |
|---|---|---|---|
| ၄ | ရှလွမ်ဖောင်ဒေးရှင်း | ၁၉ | နိုင်ငံရေး အကျဉ်းသားဟောင်းများ အဖွဲ့ |
| ၅ | ကချင်ငြိမ်းချမ်းရေး ကွန်ယက် | ၂၀ | ကရင်ဖွံ့ဖြိုးတိုးတက်ရေး ကွန်ယက် |
| ၆ | မြန်မာပြည်သစ် ဖောင်ဒေးရှင်း | ၂၁ | ပေါင်းကူး ဖောင်ဒေးရှင်း |
| ၇ | ခရစ်ယာန်ကျောင်းသားများ လှုပ်ရှားမှု | ၂၂ | အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) |
| ၈ | လူထု စီမံခန့်ခွဲရေးစင်တာ | ၂၃ | ရန်ကုန်အခြေစိုက် ပရဟိတ လူငယ်များကွန်ယက် |
| ၉ | မဲခေါင်ငြိမ်းချမ်းရေး ခရီးစဉ် | ၂၄ | မေတ္တာအိမ် |
| ၁၀ | ပွင့်လင်းကွန်ယက် | ၂၅ | ရန်ကုန် လူမှုလှုပ်ရှားရေး ကွန်ယက် |
| ၁၁ | မျှော်လင့်ချက် | ၂၆ | ရှမ်းပြည်နယ်မျိုးဆက်သစ် အင်အားစုများ |
| ၁၂ | WPN | ၂၇ | ကလေးချစ်သူများ ကွန်ယက် |
| ၁၃ | ငြိမ်းချမ်းရေးအမြင် | ၂၈ | စိမ်းရောင်စို |
| ၁၄ | ငြိမ်းချမ်းရေးလိုလားသော လူငယ်များ ပူးပေါင်း လှုပ်ရှားမှု | ၂၉ | ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ |
| ၁၅ | မြန်မာ့လူမှုဘဝဖွံ့ ဖြိုးရေး ကွန်ယက် | | |

## ပြည်ပအဖွဲ့များ

တိုင်းပြည်အတွင်း ငြိမ်းချမ်းရေး ရရှိရန်နှင့် ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုများ စတင် အကောင်အထည် ဖော်ရာတွင် ပူးပေါင်း လုပ်ဆောင်ရန် ဦးသိန်းစိန် အစိုးရမှ ပြည်ပရောက်အဖွဲ့များအား တိုင်းပြည်သို့ ပြန်လာရန် တိုက်တွန်းခဲ့သည်။ နာမည်ကြီး နိုင်ငံရေး အကျဉ်းသားများနှင့် ခေါင်းဆောင်များအား ၂၀၁၁ ခုနှစ် နိုဝင်ဘာလက ပြန်လည်လွှတ်ပေးခဲ့ပြီးသည့်နောက်ပိုင်း နှစ်ပေါင်း (၂၀) ကျော်ကြာ ပြည်ပတွင် နေထိုင်နေကြသည့် များစွာသော တသီးပုဂ္ဂလနှင့် အုပ်စုများအား အိမ်ပြန်လာကြရန် ဖိတ်ခေါ်ခဲ့သည်။ ထိုအထဲမှ အချို့မှာ အောက်ပါ ဇယားတွင် ပါဝင်သည်။

| ကိုယ်စားလှယ် | အဖွဲ့အစည်း | ဆိုက်ရောက်သည့်နေ့ | ပြန်လည် ထွက်ခွာသည့်နေ့ |
|---|---|---|---|
| ကိုတိတ်နိုင်၊ ကိုဘိုကြည် | AAPP | ၅၊ ၁၊ ၁၃ | မသိ |
| ကိုသံခဲနှင့် အခြားအဖွဲ့ဝင် (၈) ဦး | ABSDF | ၁၈၊ ၁၂၊ ၁၂ | ၆၊ ၁၊ ၁၃ |

| ကိုယ်စားလှယ် | အဖွဲ့အစည်း | ဆိုက်ရောက်သည့်နေ့ | ပြန်လည်ထွက်ခွာသည့်နေ့ |
|---|---|---|---|
| ကိုငွေလင်း | DPNS | ၁၁၊ ၁၂၊ ၁၂ | မသိ |
| ဒေါ်တင်တင်ညိုနှင့် အဖွဲ့ဝင်များ | WLB | ၁၁၊ ၁၂၊ ၁၂ | ၁၈၊ ၁၂၊ ၁၂ |
| ကိုဝင်းအောင် | ရွှေဂက်စ်လှုပ်ရှားမှု | ၃၀၊ ၁၁၊ ၁၂ | ၃၊ ၁၊ ၁၃ |
| ဒေါ်ခင်ဥမ္မာ၊ ကိုညီညီအောင် | မြန်မာ့မိတ်ဆွေများ | ၂၅၊ ၁၀၊ ၁၂ (ပထမခရီး)၊ ၅၊ ၁၊ ၁၃ (ဒုတိယခရီး) | ၂၃၊ ၁၁၊ ၁၂ (ပထမခရီး)၊ မသိ (ဒုတိယခရီး) |
| ဦးမောင်မောင် | FTUB | ၁၁၊ ၉၊ ၁၂ | မသိ |
| ကိုအောင်မိုးဇော် | DPNS | ၃၊ ၉၊ ၁၂ | မသိ |
| မိုးသီးဇွန်နှင့် အခြား (၄)ဦး | အမိမြေသို့ ငြိမ်းချမ်းရေး ခရီးစဉ် | ၁၊ ၉၊ ၁၂ | ၁၄၊ ၁၀၊ ၁၂ |
| ဒေါက်တာနိုင်အောင်၊ ဒေါက်တာ သောင်းထွန်း နှင့် ဦးညိုအုန်းမြင့် | တသီးပုဂ္ဂလ | ၃၁၊ ၈၊ ၁၂ | ၂၇၊ ၉၊ ၁၂ |
| မသင်းသင်းအောင် | WRWAB/WLB | ၂၊ ၃၊ ၁၂ | မသိ |
| အောင်သူငြိမ်း၊ ကိုအောင်နိုင်ဦး | ဗဟု (VDI) | ၁၀၊ ၂၊ ၁၂ | မသိ |

# ရခိုင်ပြည်နယ် အကြပ်အတည်းကို ဖြေရှင်းရန် ကြိုးပမ်း အားထုတ်မှုများ

### အစိုးရ

အစိုးရသည် ဆွေးနွေးမှုများနှင့် အလုပ်ရုံး ဆွေးနွေးပွဲများကို တက်ကြွစွာ လုပ်ဆောင်နေခဲ့ပြီး၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အကြပ်အတည်း၏ အကြောင်းရင်းနှင့် အဖြေများကို ထုတ်ပြန်မည်ဟု ပြောဆိုနေခဲ့သည်။ ဤရည်မှန်းချက်များ အောင်မြင်ရန် အတွက် စုံစမ်းစစ်ဆေးရေး ကော်မရှင် တစ်ခုကို ဖွဲ့စည်းခဲ့သည်။

အစိုးရမှ နိုင်ငံသားဖြစ်မှု ဥပဒေကို ပြင်ဆင်ရန်အတွက် လိုအပ်သော အဆင့်များကို လုပ်ဆောင်နေပြီ ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားဖြစ်ခွင့် ရှိသူများသည် နိုင်ငံသားအဖြစ် အသိအမှတ်ပြု ခံရမည်ဟု ဆိုသည်။ သို့ရာတွင် ရခိုင်ပြည်နယ် အခြေအနေသည် မငြိမ်မသက်သေးသော အခြေအနေမျိုးတွင် ဆက်လက် တည်ရှိနေသေးသည်။

## ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော လူမျိုးရေး၊ ဘာသာရေး ရှုန်းရင်းဆန်ခတ်ဖြစ်မှု စုံစမ်းရေး ကော်မရှင်

ဖွဲ့စည်းချိန် - ၂၀၁၂ခုနှစ် ဩဂုတ်လ (၁၇) ရက်

ဆက်သွယ်ရန် - rcic.information@gmail.com

အဖွဲ့ဝင် (၂၇) ဦး ပါဝင်သော အစိုးရ ဖွဲ့စည်းပေးသည့် ကော်မရှင်တွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်ကြသည်။

၁ - ဒေါက်တာ မျိုးမြင့် (ဥက္ကဋ္ဌ)

၂ - ဒေါက်တာ ကျော်ရင်လှိုင် (မြန်မာ Egress)

၃ - မောင်ဝံသ (သတင်းစာဆရာ)

၄ - ဇာဂနာ (ဟာသပညာရှင်)

၅ - ကိုကိုကြီး (၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်)

၆ - ဒေါက်တာ ယဉ်ယဉ်နွယ် (UNICEF အဆင့်မြင့် အရာရှိဟောင်း)

၇ - ဦးအေးသာအောင် (ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ်)

၈ - ဒေါက်တာ အေးမောင် (ရခိုင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ)

၉ - ဦးခွန်ထွန်းဦး (ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ်)

၁၀ - ဒေါ်သန်းသန်းနု (ဒီမိုကရက်တစ်ပါတီ - မြန်မာပြည်)

၁၁ - ဦးခင်မောင်ဆွေ (အမျိုးသား ဒီမိုကရေစီ အင်အားစု)

၁၂ - ဦးအောင်နိုင်ဦး (ဗဟုဖွံ့ဖြိုးရေးအဖွဲ့)

၁၃ - ဦးထွန်းအောင်ချိမ် (မြန်မာအမျိုးသား လူ့အခွင့်အရေးကော်မရှင်)

အခြားအဖွဲ့ဝင်များမှာ တရားရေး ကျွမ်းကျင်သူများ၊ စီးပွားရေး သမားများနှင့် ဘာသာရေး ခေါင်းဆောင်များ ပါဝင်ကြသည်။ အဆိုပါ လက်ရှိ ကော်မရှင်တွင် မည်သည့် မူဆလင် ဘာသာဝင်တဦးမှ မပါဝင်ပေ။ ဟာဂျီညွှန့်မောင်ရှိန်နှင့် ဟာဂျီတင်မောင်သန်း (အစ္စလာမ်ဘာသာရေး ကောင်စီဌာနချုပ်၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး) တို့သည် အဖွဲ့ဝင်များ ဖြစ်ခဲ့ကြသည်။ သို့ရာတွင် ကော်မရှင်၏ မူဝါဒများကို မလိုက်နာမှုကြောင့် ယမန်နှစ်က နုတ်ထွက်ရန် ဖိအားပေးခြင်း ခံခဲ့ရသည်။

၂၀၁၂ ခုနှစ်၊ စက်တင်ဘာ (၈) မှ (၁၅) ရက် - ပဋိပက္ခ ဖြစ်ပွားခဲ့ရာ ဒေသများဖြစ်သည့် ရခိုင်ပြည်နယ် မြို့တော် စစ်တွေ၊ ကျောက်တော်၊ ရသေ့တောင်၊ ဘူသီးတောင်၊ မောင်တော၊ မြောက်ဦး၊ ရမ်းဗြဲနှင့် တောင်ကုတ်မြို့များသို့ ပထမဆုံး အကြိမ် ခရီးစဉ် အဖြစ် သွားရောက် လေ့လာခဲ့ကြသည်။

၂၀၁၂ ခုနှစ် စက်တင်ဘာလ (၁၇) ရက် - ရန်ကုန်မြို့တွင် ကျင်းပသည့် ပထမဆုံး သတင်းစာရှင်းလင်းပွဲတွင် မောင်ဝံသက ကော်မရှင်သည် စုံစမ်းစစ်ဆေးရေး တာဝန်များအတွက် ကော်မတီခွဲ (၈) ခုကို ဖွဲ့စည်းမည်ဖြစ်ပြီး၊ ၎င်းတို့၏ ရှာဖွေ တွေ့ရှိချက်များကို နိုဝင်ဘာလတွင် စုစည်းမည်ဖြစ်ပြီး သမ္မတထံသို့ တင်ပြမည်ဖြစ်ကြောင်း ကော်မရှင်သည် တိကျသော အစီရင်ခံစာ တစ်ခု ထုတ်ပြန်နိုင်ရန် အချိန်ပိုမို လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နဂိုလျာထားချိန် စက်တင်ဘာလ (၁၇) ရက်အစား နောက်ထပ် (၃) လ အချိန်တိုးမြှင့်မည်ဟု ပြောဆိုခဲ့သည်။

### ဒေသခံလူထု

၂၀၁၂ ခုနှစ် စက်တင်ဘာလ (၂၅) ရက် - ရခိုင် ဗုဒ္ဓဘာသာဝင်များနှင့် ရိုဟင်ဂျာ မူဆလင်များအကြား ဖြစ်ပွားနေသော လူမျိုးရေး တင်းမာမှုများကို ဖြေရှင်း အဖြေရှာရန်အတွက် ၂ ရက်ကြာ ကျင်းပသည့် လူထုညီလာခံအား ခန့်မှန်းခြေ လူ (၃၀၀၀) ခန့် တက်ရောက်ခဲ့သည်။ အစည်းအဝေးအား ရခိုင်ပြည်နယ်မြို့တော် စစ်တွေ၏ မြောက်ဘက် မိုင် (၂၀) အကွာတွင် ရှိသည့် ရသေ့တောင်မြို့မှ ဘုန်းကြီးကျောင်း တစ်ကျောင်းတွင် ပြုလုပ်ခဲ့သည်။

၂၀၁၂ ခုနှစ် စက်တင်ဘာလ (၁၈) ရက် - NLD ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အစိုးရသည် ရခိုင်ပြည်နယ်၏ ပေါက်ကွဲလုဆဲဆဲ အခြေအနေအား တင်းမာမှုလျော့ပါးအောင် ပြုလုပ်သင့်သည်ဟု ဆိုသည်။ သူမက NLD အနေဖြင့် မည်သို့ ပြုလုပ်ရမည် သို့မဟုတ် မည်ကဲ့သို့သော အတိုင်းအတာဖြင့် ဆောင်ရွက်သင့်သည် စသည်တို့ကို ဆုံးဖြတ်နိုင်သော အနေအထားတွင် မရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် သူမတို့၏ ပါတီသည် အာဏာရပါတီ မဟုတ်ကြောင်း ပြောဆိုခဲ့သည်။

## နိုင်ငံတကာ လူ့အဖွဲ့အစည်း

ရခိုင်ပြည်နယ် ပဋိပက္ခကြောင့် နိုင်ငံတကာ၏ နက်နက်ရှိုင်းရှိုင်း အာရုံစိုက်မှုနှင့် အမျိုးမျိုးသော အရင်းအမြစ်များမှ အကူအညီများ လက်ခံရရှိခဲ့သည်။ ကုလသမဂ္ဂ လူသားချင်း စာနာမှုဆိုင်ရာ အေဂျင်စီများနှင့် နိုင်ငံတကာ အကူအညီ ပေးရေး အဖွဲ့များသည် နိုင်ငံတကာ အကူအညီများနှင့် လူမျိုးရေး ပဋိပက္ခကြောင့် ထွက်ပေါ်လာသော ဒုက္ခသည်များအား အကူအညီ ပေးရေးများကို အနီးကပ် စောင့်ကြည့်ခြင်းနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်းများကို ပြုလုပ် နေကြသည်။

မူဆလင် တိုင်းပြည်များနှင့် အစ္စလမ်ဘာသာဝင် တိုင်းပြည်များ အစည်းအရုံး (OIC) တို့သည် အထူးသဖြင့် ရိုဟင်ဂျာ ဒုက္ခသည်များကို အကူအညီများ ပေးရေးအတွက် တက်ကြွစွာ ကြိုးပမ်းလုပ်ဆောင် နေကြသည်။ OIC သည် အင်ဒိုနီးရှား ဒုသမ္မတဟောင်း Jusuf Kalla အား လူမျိုးရေး အကြမ်းဖက်မှုများနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တရားဝင် ကြီးကြပ်ရန် မြန်မာပြည်၏ အထူး သံတမန်အဖြစ် ခန့်အပ်ခဲ့သည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလ (၁၁) ရက်နေ့တွင် လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများအတွက် ရခိုင်ပြည်နယ်တွင် တစ်ရုံးနှင့် ရန်ကုန်တွင်တစ်ရုံး OIC ရုံး ၂ ရုံး ဖွင့်လှစ်ရန် အတွက် သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။ သို့ရာတွင် အဆိုပါ ရုံးများ ဖွင့်လှစ်ခြင်းကို ထောင်ပေါင်း များစွာသော ဗုဒ္ဓဘာသာ ရဟန်းတော်များနှင့် ပြည်သူများက မန္တလေး၊ ရန်ကုန်၊ ရခိုင်ပြည်နယ်နှင့် အမေရိကတို့တွင် ဆန့်ကျင်ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့ပြီးနောက် ဤသဘောတူ စာချွန်လွှာသည်လည်း ပျက်ပြယ် သွားခဲ့ရသည်။

### အလှူပေးအပ်မှုများ

| နိုင်ငံ | ဖော်ပြချက် | ပမာဏ |
|---|---|---|
| သြစတေးလျ | CARE သြစတေးလျ စီမံအုပ်ချုပ်မှုဖြင့် | ကန်ဒေါ်လာ ၁ သန်း |
| EU | ရခိုင်နှင့် ကချင်ပြည်နယ် နှစ်ခုလုံးအတွက် အကူအညီ | € ၅.၅ သန်း |
| အိန္ဒိယ | ရခိုင်နှင့် ကချင်ပြည်နယ် နှစ်ခုလုံးအတွက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်သို့ပေးအပ် | ကန်ဒေါ်လာ ၂၀၀၀၀၀ |
| အင်ဒိုနီးရှား | တရားဝင် အကူအညီအဖြစ် အင်ဒိုနီးရှား ကြက်ခြေနီအသင်းမှ အကူအညီပေးရေး အဖွဲ့တဖွဲ့စေလွှတ် | ကန်ဒေါ်လာ ၁ သန်း၊ ကျန်းမာရေးဆိုင်ရာ အသုံး အဆောင်များ အရေ အတွက် ၅၀၀၊ စောင်အထည် ၃၀၀၀ နှင့် လုံချည်အထည် ၁၀၀၀၀ |

| နိုင်ငံ | ဖော်ပြချက် | ပမာဏ |
|---|---|---|
| အီရန် | Majlis အဖွဲ့ဝင်များ (အီရန်ပါလီမန်)၊ အီရန်နိုင်ငံခြားရေးဌာန၊ Imam Khomeini ၏ ကယ်ဆယ်ရေး ကော်မတီနှင့် အီရန် လခြမ်းပုံ ကြက်ခြေနီအသင်း (သင်္ဘောတစ်စီးစာ) | အစားအစာ၊ ရွက်ဖျင်တဲများ၊ စောင်များနှင့် မူဆလင် များအား ပေးဝေရန် အခြားသော အခြေခံ အသုံး အဆောင် များ ၂၄ တန် |
| မလေးရှား | Putra ၁ မလေးရှားကလပ်မှ ကယ်ဆယ်ရေး ပစ္စည်းများ စုဆောင်း ပို့ဆောင်ခဲ့သည် | အလေးချိန်အားဖြင့် တန် ၅၀၀ ရှိသော အကူအညီ အထုပ်အပိုးများ |
| နယူးဇီလန် | ရခိုင်ပြည်နယ် ပဋိပက္ခ ဖြစ်ပွားရာဒေသများသို့ ဖြန့်ဝေရန်အတွက် | နယူးဇီလန် ဒေါ်လာ ၁ သန်း |
| ကာတာ | ရခိုင်ပြည်နယ်သို့ ကယ်ဆယ်ရေး အကူအညီများကို ကာတာ အစိုးရမှ ပေးအပ်သည့် အထောက်အပံ့များနှင့်အတူ ကာတာ လခြမ်းပုံ ကြက်ခြေနီအသင်းမှ ပါဝင်ကူညီသည် | ကန်ဒေါ်လာ ၁ သန်း |
| ဆော်ဒီ | ရိုဟင်ဂျာများ အတွက် UNHCR မှတဆင့် ပေးဝေလှူဒါန်းရန် ဆော်ဒီ ဘုရင် Abdullah မှ ငွေလှူဒါန်းသည်။ နာယက မင်းသား Shaikh Khalifa Bin Zayed Al Nahyan ကြီးမှူးသော the Khalifa Bin Zayed လူသားရေးရာ ဖောင်ဒေးရှင်း | ကန်ဒေါ်လာ သန်း ၅၀ လူနာတင်ကား ၃ စီးနှင့် အလေးချိန် ၁၃၀၀ တန် ရှိသော အခြေခံ ကယ်ဆယ်ရေး ပစ္စည်းများ |
| တောင်ကိုရီးယား | ရိုဟင်ဂျာများအတွက် UNHCR မှတဆင့် ပေးဝေလှူဒါန်းရန် အကယ်၍ လိုအပ်လျှင် ထပ်မံလှူဒါန်းမည် | ရွက်ဖျင်တဲ ၇၀၀၊ ခန့်မှန်းခြေ အမေရိကန် ဒေါ်လာ ၂၀၀၀၀၀ |
| တူရကီ | ဝန်ကြီးချုပ်၏ သဘာဝ ဘေးအန္တရာယ်နှင့် အရေးပေါ် စီမံခန့်ခွဲမှု ဘုတ်အဖွဲ့၊ တူရကီ ဘာသာရေးဆိုင်ရာ ဖောင်ဒေးရှင်းနှင့် the Kimse Yok Mu အစည်းအရုံး၊ ကရုဏာ ဖောင်ဒေးရှင်းတို့မှ ရိုဟင်ဂျာများကို လှူဒါန်းသည်။ တူရကီ နိုင်ငံခြားရေး ဝန်ကြီးမှ လခြမ်းနီ ကြက်ခြေနီ အသင်း စီမံအုပ်ချုပ်မှုဖြင့် မီးဖိုချောင် သုံးပစ္စည်းနှင့် အစားအသောက် များကို လူသားချင်း ထောက်ပံ့မှု အကူအညီအနေဖြင့် ၂၀၁၂ ခုနှစ် ဩဂုတ်လ အလည်အပတ် ခရီးစဉ်အတွင်း လှူဒါန်းသည်။ ကယ်ဆယ်ရေး အကူအညီများအား ၂၀၁၂ ခုနှစ် အောက်တိုဘာလ တွင် ပေးပို့ခဲ့သည်။ | တာကစ် Lira သန်း ၆၀ (ကန်ဒေါ်လာ ၃၃ သန်း) သကြားလုံး ၂၂၈၀ ဖူး၊ အဆင်သင့် အစားအစာ ၉၆၀ သေတ္တာ၊ ဘီစကစ် ၁၁၀၀၀ အိတ်၊ ဖိနပ်ပူးပေါင်း ၅၀၀၊ အဝတ်အထည် ဘေထုပ် ၁၀၀၀၊ စာရေး ကိရိယာ အမျိုးပေါင်း ၁၀၀၀ နှင့် ကစားစရာ အရုပ်ပူးပေါင်း ၅၀၀ တို့ ပါဝင်သော တန်ချိန် ၃၀ ရှိသော လူသားချင်းစာနာမှု အကူအညီကို ပေးပို့ခဲ့သည်။ |
| အမေရိကန် | ရခိုင်ပြည်နယ်မှ ကုလသမဂ္ဂ အေဂျင်စီများ WFP နှင့် Save the Children | ကန်ဒေါ်လာ ၂.၇၃ သန်း၊ ကန်ဒေါ်လာ ၄.၂ သန်း |

# ငြိမ်းချမ်းရေးအတွက် အလားအလာများ

## ငြိမ်းချမ်းရေးကို နှောင့်နှေးစေသည့် ကိစ္စရပ်များနှင့် သက်ဆိုင်သူများ အားလုံးသို့ အကြံပြုချက်များ

| | |
|---|---|
| သံသယနှင့် ယုံကြည်မှု ကင်းမဲ့ခြင်း | • တိုင်းရင်းသား လက်နက်ကိုင်များနှင့် အစိုးရတို့ကြား ဆက်လက် ဖြစ်ပွါးနေသော တိုက်ပွဲများ ဖြေရှင်းပေးရန် အတွက် ပိုမို အလေးထား အာရုံစိုက်ရန် လိုအပ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် စစ်တပ်အား အာဏာ အလွန်အကျွံ ပေးအပ်ထားမှုသည် စိုးရိမ်ဘွယ်ရာ ဖြစ်ကြောင်း သိသင့်သည်။<br>• သံသယဖြစ်မှုကို ကျော်လွှားရန် ပိုမို ပွင့်လင်းမြင်သာမှု ရှိရန်နှင့် ထိရောက်သော ဆက်သွယ်မှုတို့ ရှိရန် လိုအပ်သည်။<br>• တပ်များလှုပ်ရှားမှု ကိစ္စတွင် မလိုအပ်သော ပဋိပက္ခများကို ရှောင်ရှားနိုင်ရန် အတွက် ရှင်းလင်းသော ပူးပေါင်း ဆောင်ရွက်မှုနှင့် ဆက်သွယ်ရေးသည် အရေးတကြီး လိုအပ်သည်။ |
| ကချင်ပြည်နယ်တွင် တရိပ်ရိပ် ဖြစ်ပွါးနေသော ပဋိပက္ခ | တရိပ်ရိပ် ပိုမို တိုးပွါးလာနေသော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း တို့တွင် ဖြစ်ပွါးနေသည့် ပဋိပက္ခများကို အဆုံးစွန် အခြေအနေ တရပ်သို့ မရောက်ခင် ရပ်တန့်စေရန်အတွက် အရေးပေါ် အဖြေတစ်ခု လိုအပ်သည်။ ယခု အခြေအနေသည် ထိခိုက်ကျဆုံးမှု များလေလေ စိတ်ခံစားချက် ပိုမိုပြင်းထန်လာပြီး ပဋိပက္ခကို ပိုမို ဦးတည်စေနိုင်သော သံသရာ စက်ဝိုင်းလို ဖြစ်နေသည်။ ယခုလို အခြေအနေသည် ငြိမ်းချမ်းရေး အတွက် အဖြေရှာဖို့ မလုပ်ပဲ လက်စားချေရေးကို ဦးတည် လုပ်ဆောင်နေသလို ဖြစ်နေသည်။ လက်နက်ကိုင် ပဋိပက္ခ ရှည်ကြာလာလေလေ လက်နက်ကိုင် အုပ်စုများနှင့် အစိုးရကြား ယုံကြည်မှု တည်ဆောက်ဖို့ ပိုပြီး ခက်ခဲလာလေ ဖြစ်သည့်အပြင် ငြိမ်းချမ်းရေး အတွက် တွေ့ ဆုံဆွေးနွေးရာတွင်လည်း အဟန့်အတားများကို ဖြစ်စေသည်။ |
| အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ များ ကြားတွင် အသေးစိတ် အာဏာကို မည်ကဲ့သို့ ခွဲဝေကြမည် ဆိုသည့် နိုင်ငံရေး အဖြေ မရှိခြင်း။ | • အစိုးရရဲ့ ငြိမ်းချမ်းရေး အစီအစဉ်တွင် လက်နက်ကိုင် တပ်ဖွဲ့ များအားလုံး နိုင်ငံရေး ပါတီအဖြစ်သို့ ပြောင်းလဲပြီး ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်။ ပြီးနောက် လိုအပ်သော အာဏာ ရရှိလာပြီဆိုလျှင် ၂၀၀၈ ဖွဲ့ စည်းပုံ အခြေခံ ဥပဒေကို ပြင်ဆင်လိုက် ပြင်ဆင်နိုင်သည် ဟူ၍ဖြစ်သည်။<br>• ယခုလို အစီစဉ်သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ များအတွက် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ပြီး လုံလောက်သော အမတ်နေရာ ရရှိဖို့ရန် သေချာရေရာသော အာမခံချက် မရှိပေ။ သို့သော်လည်း အစိုးရ စစ်တပ်မှမှ ပါလီမန်တွင် အမတ်နေရာ ၂၅% ကို ယှဉ်ပြိုင်စရာ မလိုပဲ ရယူထားသည်။<br>• တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများက ပြည်နယ်အဆင့် ပါလီမန်တွင် အမှန်တကယ် နိုင်ငံရေး အာဏာရှိမနေဟု ယုံကြည်နေကြသည်။<br>• ရလဒ်ကတော့ ၂၀၀၈ ဖွဲ့ စည်းပုံတွင် မည်ကဲ့သို့ ဖော်ပြရမည် ဆိုသည်ထက် တိုင်းရင်းသား အခွင့်အရေးကို အာမခံနိုင်မည့် အချက်များနှင့် ပြည်နယ်အဆင့် ပါလီမန်တွင် အမှန်တကယ် နိုင်ငံရေး အာဏာရှိတာကို ပိုပြီးလိုလားကြသည်။ |
| နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ် ကိစ္စများ | တိုင်းပြည်တွင်းရှိ လက်နက်ကိုင်တပ်ဖွဲ့ များအားလုံး တဖြည်းဖြည်းခြင်း ပေါင်းစည်း နိုင်ရေး၊ ပူးတွဲ ဆောင်ရွက်နိုင်ရေး အတွက် အစိုးရ နှင့် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့ များအားလုံးအတွက် နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်အပြင် အခြားသော ရွေးချယ်စရာ နည်းလမ်းများ ရှိသင့်သည်။ |

| | |
|---|---|
| တိုင်းရင်းသား ဒေသများမှ ထွက်ရှိသော သယံဇာတ ရင်းမြစ်များမှ ရရှိသော ဝင်ငွေများအား တိုင်းရင်းသား ဒေသများ အတွက် ပွင့်လင်းမြင်သာမှု ရှိရှိ သင့်တင့်ညီမျှစွာ ခွဲဝေပေးရေး။ | • ရှင်းလင်း တိကျသော ဝင်ငွေ မျှဝေပေးရေးကို လုပ်ဆောင်ရမည်။<br>• အထူးသဖြင့် သဘာဝသယံဇာတ တူးဖော်ရေးမှ ရရှိသော ဝင်ငွေများနှင့် တိုင်းရင်းသား ဒေသများရှိ စက်မှုစီမံကိန်းများမှ ရရှိသော ဝင်ငွေများကို ဒေသခံ ပြည်သူများ အကျိုး ခံစားနိုင်စေရန် တိုင်းရင်းသား ဒေသများတွင် ပြန်လည်း ရင်းနှီး မြုပ်နှံရမည်။ |
| ငြိမ်းချမ်းရေး လုပ်ငန်းစဉ် နှင့် ပတ်သက်သော လှုပ်ရှားမှုများ၊ သတင်း များနှင့် ပတ်သက်ပြီး ရှုတ်ထွေးခြင်းနှင့် ဒွိဟဖြစ်ခြင်း | • တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ၊ အစိုးရ၊ လူထုအခြေပြု လူ့အဖွဲ့အစည်း များနှင့် နိုင်ငံတကာ အေဂျင်စီ များသည် ငြိမ်းချမ်းရေး ဖြစ်စဉ်နှင့် ပတ်သက်ပြီး မူဝါဒများနှင့် လှုပ်ဆောင်မှုများဟာ လတ်တလောတွင် အချိတ်အဆက်မမိသည့် အပြင် ပွင့်လင်းမြင်သာ ရှိမှုလည်း အားနည်းနေသည်။ ထို့ကြောင့် နဂိုရှင်းလင်းမှု မရှိသော အခြေအနေကို ပိုမို ရှုပ်ထွေး စေနိုင်ပါသည်။<br>• ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ပိုမို ထိရောက်အောင်မြင်ရန် အတွက် ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပါဝင်ပတ်သက်နေသူ အားလုံးသည် ပူးတွဲ လုပ်ဆောင်နိုင်အောင် ပူးတွဲအဖွဲ့ တဖွဲ့ ဖွဲ့ နိုင်ရန်ပင် အလွန်ခက်ခဲနေကြောင်း တွေ့ရသည်။<br>• တခါတရံတွင် ငြိမ်းချမ်းရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများကို သေချာဂဏာစွာ မှတ်တမ်း တင်ထားနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ တခါတရံတွင် ရှင်းလင်းမှု မရှိ ရှုပ်ထွေးနေသည်ကို တွေ့ရသည်။<br>• ထို့ကြောင့် စီမံချက်နှင့် အကောင်အထည် ဖော်မှုကို ထိရောက်သော မူဝါဒများ ချမှတ်ပြီး လိုက်နာ ကျင့်သုံးဖို့ လိုသည်။ |




၂၀၁၂ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် ကရင်အမျိုးသား အစည်းအရုံး နှင့် မြန်မာအစိုးရတို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးစဉ်




၂၀၁၂ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့တွင် ကရင်အမျိုးသား အစည်းအရုံး နှင့် မြန်မာအစိုးရတို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးစဉ်




၂၀၁၂ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ရခိုင်ပြည် လွတ်မြောက်ရေး ပါတီနှင့် မြန်မာအစိုးရတို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးစဉ်




၂၀၁၂ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် ကရင်အမျိုးသား အစည်းအရုံးနှင့် မြန်မာအစိုးရတို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးစဉ်

# ၅။ လက်နက်ကိုင်တိုက်ပွဲဝင်နေဆဲဖြစ်သော တိုင်းရင်းသား အင်အားစုများ

## တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများ၏ အကြောင်း

# ရခိုင် တပ်မတော်

## အကျဉ်းချုပ်

တည်ထောင်သည့် ခုနှစ်။ ၂၀၀၉ ခုနှစ်
ဌာနချုပ်၊ ယာယီ ဌာနချုပ်ကို KIO ထိန်းချုပ်ဒေသတွင် ထားရှိသည်။
ခန့်မှန်းအင်အား။ ၅၀၀ +
ခေါင်းဆောင်။ ဗိုလ်မှူးကြီး ထွန်းမြတ်နိုင် (စစ်ဦးစီးချုပ်)
ဒေါက်တာ ညိုထွန်းအောင် (ဒု-စစ်ဦးစီးချုပ်)

ရခိုင်တပ်မတော် (AA) ကို ရခိုင်ပြည်သူများကို ကာကွယ်ရန်၊ ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် လွပ်လပ်ရေး၊ ဖွံ့ဖြိုးရေး ရည်ရွယ်ချက်များဖြင့် ထူထောင်ခဲ့ခြင်း ဖြစ်သည်။ ရခိုင်တပ်မတော် (AA) သည် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် မြန်မာ အစိုးရစစ်တပ်က တိုက်ပွဲများ ပြန်လည်စတင်လာပြီးသည့်နောက်ပိုင်း ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) နှင့်အတူ ပူးတွဲတိုက်ပွဲဝင်လျှက် ရှိသည်။ ၎င်းတို့တပ်ဖွဲ့၏ တစ်ဝက်ကျော်ကို KIA က လေ့ကျင့်သင်တန်းပေးခဲ့သည်။

## ၎င်း၏ ဦးတည်ချက် ၃-ရပ်မှာ

လူမျိုးပေါင်းစုံ ရခိုင်ပြည်သူများ ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့် ရရှိရေး
လူမျိုးရေး ကြန်အင်လက္ခဏာများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေး
ရခိုင်လူမျိုးတို့၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကို မြှင့်တင်ဆောင်ရွက်ရေးတို့ ဖြစ်သည်။

## ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

အပစ်အခတ် ရပ်စဲမှု မရှိသေးပါ။
တိုက်ပွဲ အရေအတွက်- မသိရှိရ။

## တရားဝင် ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

မရှိ။

## ဆက်ဆံရေးရုံး

မသိရ။

# မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး

http://www.absdf8888.org/profile/

## အကျဉ်းချုပ်

တည်ထောင်သည့် ရက်စွဲ။ နိဝင်ဘာလ ၁ ရက်၊ ၁၉၈၈ ခုနှစ်
ဌာနချုပ်။ ဌာနချုပ်ကို ကရင်အမျိုးသား အစည်းအရုံး (KNU) ထိန်းချုပ်ဒေသတွင် ထားရှိသည်။
လှုပ်ရှားဒေသ။ ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) နှင့် ကရင်အမျိုးသား အစည်းအရုံး (KNU) ထိန်းချုပ်ရာဒေသ။
ခန့်မှန်းအင်အား။ ၆၀၀ + (ကချင်ဒေသတွင် ၂၀၀ ခန့် ရှိသည်။)
ခေါင်းဆောင်။ ဦးသံခဲ (ဥက္ကဋ္ဌ)
ဦးမျိုးဝင်း (ဒု-ဥက္ကဋ္ဌ)
ဦးဆန်နီ မဟိန္ဒာ (အထွေထွေ အတွင်းရေးမှူး)

ABSDF သည် ၁၉၈၈ ခုနှစ်၊ အရေးတော်ပုံနောက်ပိုင်း ထူထောင်ခဲ့သည့် ကျောင်းသား တပ်မတော်ပင် ဖြစ်သည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ရရှိစေရန်အတွက် ဒီမိုကရေစီနှင့် တိုင်းရင်းသားအင်အားစုများနှင့် အတူတကွ လက်တွဲတိုက်ပွဲဝင်ရန် ဖြစ်သည်။ ထိုင်း-မြန်မာနယ်စပ်တွင် စခန်း ၇ ခုနှင့် အိန္ဒိယ-မြန်မာ နယ်စပ်တွင် စခန်း ၃ ခု၊ တရုတ်-မြန်မာနယ်စပ်တွင် စခန်း ၃ ခု တည်ရှိသည်။ အမေရိကန်ပြည်ထောင်စုနှင့် သြစတြေးလျတို့တွင် နိုင်ငံခြားဌာနခွဲများ တည်ရှိသည်။

## ဦးတည်ချက်

ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး
အင်အားစု အားလုံးပါဝင်နိုင်သော တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်ရေး
ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ တိုင်းရင်းသားများ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိရေး

လေ့လာရေး ခရီးစဉ်၏ ရည်ရွယ်ချက်

- သမ္မတဦးသိန်းစိန် ဦးဆောင်သော နိုင်ငံရေး ပြုပြင်ပြောင်းလဲရေးကို လေ့လာရန်
- ABSDF ရဲ့ အနာဂတ် နိုင်ငံရေး အခန်းကဏ္ဍအတွက် အမြင်များကို စုစည်းရန်
- ABSDF အဖွဲ့ ဝင်များ၏ မိသားစုများထံသို့ အလည်အပတ်သွားရောက်ရန်။

## ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

ပဏာမ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ရှိသည်။

## တရားဝင် ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

အလှည့်ကျ ရှိသည်။

## ဆက်ဆံရေးရုံးများ

မရှိ။

ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အကြောင်းအရာ |
|---|---|---|---|---|---|
| ၁။ | ၁၇၊ ၁၊ ၁၂ | ထိုင်းနိုင်ငံ မဲဆောက်မြို့ | ဒု-ဥက္ကဋ္ဌ ဦးမျိုးဝင်း | ဦးအောင်သောင်း | ABSDF က သူတို့၏ ရပ်တည်ချက်ကို ဖော်ပြထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ စာတမ်းကို တင်ပြသည်။ သူတို့က အစိုးရ၏ ငြိမ်းချမ်းရေးကမ်းလှမ်းမှုကို အပြုသဘော ပထမအဆင့်အဖြစ် လက်ခံပြီး၊ တန်းတူအခွင့်အရေးရရှိလျှင် ဆွေးနွေးရန် သဘောတူသည်။ အစိုးရ က ABSDF နှင့် ငြိမ်းချမ်းရေး ဆွေးနွေးရန် တရားဝင် အကြောင်းကြားစာကို ဇန်နဝါရီလ ၁၀ ရက်၊ ၂၀၁၂ ခုနှစ်တွင် ပေးပို့ခဲ့သည်။ |
| ၂။ | ၀၉၊ ၀၂၊ ၁၂ | ထိုင်းနိုင်ငံ မဲဆောက်မြို့ | ဒု-ဥက္ကဋ္ဌ ဦးမျိုးဝင်း | ဗိုလ်မှူး စောခင်စိုး ဦးအောင်သောင်း ကို ကိုယ်စားပြု သည်။) | မည်သည့် သဘောတူညီချက်မှ မရရှိပေ။ နောက်ထပ် ဆွေးနွေးပွဲများပြုလုပ်ရန်ကိုမူ နှစ်ဖက်စလုံးက သဘောတူညီကြသည်။ |
| ၃။ | ၀၉၊ ၁၁၊ ၁၂ | ထိုင်းနိုင်ငံ ချင်းမိုင်မြို့ | ဥက္ကဋ္ဌ ဦးသံခဲ၊ ဒု-ဥက္ကဋ္ဌ ဦးမျိုးဝင်းနှင့် အခြား ၄ ဦး | ဦးအောင်မင်း | နှစ်ဖက်စလုံးက အချက် ၂-ချက်ကို သဘောတူညီကြသည်။ (၁) မြန်မာနိုင်ငံအခြေအနေကို လေ့လာနိုင်ရန်အတွက် ABSDF ကိုယ်စားလှယ်အဖွဲ့အား ခရီးသွားလာခွင့်ပြုပေးရန် (၂) အစိုးရနှင့် နိုင်ငံရေးအရ ဆွေးနွေးရန် တို့ ဖြစ်သည်။ (ဦးလှမောင်ရွှေ၊ ဦးညိုအုန်းမြင့်တို့ တက်ရောက်သည်။) |
| ၄။ | ၁၈-၂၄၊ ၁၂၊ ၁၂ | နေပြည်တော် နှင့် MPC ရန်ကုန်။ | ဥက္ကဋ္ဌ ဦးသံခဲ၊ အတွင်းရေးမှူး ဦးဆန်နီမဟိန္ဒာ နှင့် အခြား ၇ ဦး | ဦးအောင်မင်းနှင့် MPC အဖွဲ့ဝင်များ | မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်း ချမ်းရေး ဖော်ဆောင်နေမှုများကို ကောင်းစွာ လေ့လာသိရှိနိုင်ရန် ABSDF မှ လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံအတွင်း ခရီးသွားလာခဲ့သည်။ ၎င်းခရီးစဉ်အတွင်း ယင်းကိုယ်စားလှယ် အဖွဲ့သည် ၈၈-မျိုးဆက် ကျောင်းသား များ အင်အားစု ခေါင်းဆောင်များ၊ ရှမ်း တိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ် (SNLD) ခေါင်းဆောင် ခွန်ထွန်းဦး၊ အခြား တိုင်းရင်းသား နိုင်ငံရေးခေါင်း ဆောင်များနှင့် တွေ့ဆုံကာ အကြံအ ဉာဏ်များ ရယူခဲ့သည်။ ABSDF ကိုယ်စား လှယ်အဖွဲ့ဝင်များသည် ၎င်းတို့၏ မိသားစုဝင်များနှင့်လည်း တွေ့ဆုံခဲ့ သည်။ |

## တိုးတက် ဖြစ်ပေါ်မှုများ

### တောင်းဆိုချက်များ

၁။ နိုင်ငံရေးအကျဉ်းသား အားလုံးလွှတ်ပေးရန်။
၂။ ကချင်ပြည်နယ်တွင် ထိုးစစ်များရပ်ဆိုင်း၍ နိုင်ငံရေးဆွေးနွေးမှု စတင်ရန်။
၃။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အပစ်အခတ် ရပ်စဲရေး။
၄။ အပြန်အလှန် ယုံကြည်မှုနှင့် လေးစားမှု တည်ဆောက်ရေး။
၅။ အင်အားစုအားလုံးပါဝင်နိုင်သည့် တွေ့ဆုံဆွေးနွေးမှု ဖြစ်ပေါ်စေရေး။
အစိုးရက ABSDF ကို လက်နက်ချရန် တောင်းဆိုထားပြီး၊ နိုင်ငံရေးပါတီတစ်ခု ထူထောင်ရန် တိုက်တွန်းသည်။

### မဟာမိတ်အင်အားစုများနှင့် လှုပ်ရှားဆောင်ရွက်မှုများ

ABSDF သည် KIA ၏ စစ်ဆင်ရေးများကို ထောက်ခံအားပေးသည်။ (၁၉၈၈-၉၆ နှင့် ၂၀၁၁ မှ ယနေ့တိုင်) ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ABSDF ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံ လေ့လာရေးခရီးစဉ်၌ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ နာယက ဦးတင်ဦး၊ တိုင်းရင်းသားအင်အားစုများဖြစ်သည့် ညီညွတ်သော တိုင်းရင်းသားမဟာမိတ်များအဖွဲ့ (UNA) မှ ရှမ်း၊ ရခိုင်၊ မွန်ခေါင်းဆောင်များ၊ ၈၈ မျိုးဆက် ကျောင်းသားများ အင်အားစုတို့နှင့်လည်း တွေ့ဆုံခဲ့သည်။

### ထုတ်ပြန်ကြေညာချက်များ

ဇန်နဝါရီလ ၇ ရက်၊ ၂၀၁၃ ခုနှစ်။ ကချင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော စစ်ရေးပဋိပက္ခများအပေါ် ကျောင်းသား တပ်မတော် မှ သဘောထား
http://www.absdf8888.org/index.php?option=com_content&view=article&id=157:2013-01-18-05-20-07&catid=61:2012-05-29-03-48-08&Itemid=56

ဇန်နဝါရီလ ၇ ရက်၊ ၂၀၁၃ ခုနှစ်။ သံဃာတော်များသို့ မေတ္တာရပ်ခံချက်
http://jingpawkasa.blogspot.com/2013/01/blog-post_4533.html

ဇန်နဝါရီလ ၃ ရက်၊ ၂၀၁၃ ခုနှစ်။ ရန်ကုန် သတင်းစာရှင်းလင်းပွဲ
http://www.youtube.com/watch?v=CJRa7HGeOzQ

ဒီဇင်ဘာ ၁၈ ရက်၊ ၂၀၁၂ ခုနှစ်။ မကဒတ ၏ ပထမအကြိမ် မြန်မာနိုင်ငံခရီးစဉ်
http://www.absdf8888.org/index.php?option=com_content&view=article&id=156:2012-12-18-12-04-25&catid=61:2012-05-29-03-48-08&Itemid=56

မတ်လ ၃၁ ရက်၊ ၂၀၁၂ ခုနှစ်။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေး ရွှေ့ဆိုင်းကြောင်း ကြေညာခြင်း။
http://1.bp.blogspot.com/ ????

ဖေဖော်ဝါရီ ၉ ရက်၊ ၂၀၁၂ ခုနှစ်။ ပဏာမတွေ့ဆုံမှုနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာချက်
http://www.absdf8888.org/index.php?option=com_content&view=article&id=132:2012-05-31-06-35-23&catid=61:2012-05-29-03-48-08&Itemid=56

နိုဝင်ဘာ ၈ ရက်၊ ၂၀၁၁ ခုနှစ်။ ယနေ့ကာလ အပစ်အခတ်ရပ်စဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် သဘောထား
http://www.absdf8888.org/index.php?option=com_content&view=article&id=129:2012-05-29-07-17-45&catid=61:2012-05-29-03-48-08&Itemid=56

# ရခိုင်ပြည် လွတ်မြောက်ရေး ပါတီ



လက်နက်ကိုင်တပ်ဖွဲ့။ ရခိုင် လွတ်မြောက်ရေး တပ်မတော် (ALA)
အစိုးရကခေါ်သော အမည်။ ရခိုင်ပြည်နယ် လွတ်မြောက်ရေးပါတီ (RSLP)
http://www.arakanalp.com

## အကျဉ်းချုပ်

တည်ထောင်သည့် ရက်စွဲ။ နိုဝင်ဘာလ ၂၀ ရက်၊ ၁၉၆၈ ခုနှစ်၊
၁၉၇၃ ခုနှစ်၊ ၁၉၈၁ ခုနှစ်။
ဌာနချုပ်။ ရွှေ့လျားဌာနချုပ်ကို ကရင်ပြည်နယ်တွင် ထားရှိသည်။
လှုပ်ရှားဒေသ။ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ကရင်ပြည်နယ်အတွင်း။
ခန့်မှန်းအင်အား။ ၆၀- ၁၀၀ (ပါတီအဖွဲ့ဝင် ၂၀၀၀ ခန့်)
ခေါင်းဆောင်။ ဦးခိုင်ရဲခိုင် (ဥက္ကဋ္ဌ)
ဦးခိုင်စိုးနိုင်အောင် (ဒု-ဥက္ကဋ္ဌ)
ဦးခိုင်သုခ (တွဲဖက် အတွင်းရေးမှူး)

ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) သည် ရခိုင်ပြည်သူတို့ လွတ်မြောက်ရေးနှင့် တိုင်းရင်းသား အခွင့်အရေးများ အတွက် တောင်းဆိုလှုပ်ရှားနေသည်။ လက်အောက်ခံဌာနချုပ်ခွဲကို ရခိုင်ပြည်နယ်အနီး အိန္ဒိယနိုင်ငံ နယ်စပ်တွင် အခြေပြုထားသည်။ ALP ၏ လက်နက်ကိုင်တပ်ဖြစ်သည့် ရခိုင်ပြည် လွတ်မြောက်ရေး တပ်မတော် (ALA) သည် အိန္ဒိယ-မြန်မာနယ်စပ်နှင့် ထိုင်း-မြန်မာ နယ်စပ်တို့တွင် မြန်မာအစိုးရစစ်တပ်ကို တိုက်ခိုက်လျက်ရှိသည်။

## ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေး အသစ်ဆွေးနွေးမှုများ။ ဧပြီလ ၅ ရက်၊ ၂၀၁၂ ခုနှစ်။
မြန်မာအစိုးရသစ်နှင့် တိုင်းရင်းသားအဖွဲ့ ၁၁ ဖွဲ့ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးထားပြီး ဖြစ်သည်။
အဆင့် ၁။ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ

## တရားဝင် ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

တွဲဖက် အတွင်းရေးမှူး- ခိုင်သုခ

## ဆက်ဆံရေးရုံးများ

ကျောက်တော်၊ ရခိုင်ပြည်နယ် ၃၊ ၉၊ ၂၀၁၂ ခုနှစ်။ ပလက်ဝ၊ ချင်းပြည်နယ် - ဆိုင်းငံ့ထားသည်။

## ဆက်ဆံရေးရုံးဖွင့်ရန် အဆိုပြုထားသည့် နေရာများ

စစ်တွေ
မောင်းတော
ရန်ကုန်
ကရင်ပြည်နယ်၊ မြဝတီမြို့။

ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် |
|---|---|---|---|---|---|
| ၁။ | ဧပြီ ၄-၅၊ ၂၀၁၂ ခုနှစ် | ရခိုင်ပြည်နယ် စစ်တွေမြို့ | ဒု-ဥက္ကဋ္ဌ ဦးခိုင်စိုးနိုင်အောင် နှင့် တွဲဖက် အတွင်းရေးမှူး ခိုင်သုခ | ရခိုင်ပြည်နယ် နယ်စပ်ရေးရာ နှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း | အပစ်အခတ် ရပ်စဲရေး |

တိုးတက်ဖြစ်ပေါ်မှုများ

၁။ ဧပြီလ ၆ ရက်၊ ၂၀၁၂ ခုနှစ်မှ စတင်၍ အပစ်အခတ် ရပ်စဲသည်။
၂။ ဆက်ဆံရေးရုံးများ ဖွင့်လှစ်သည်။
၃။ လက်နက်မပါလျှင် ALP/ALA အဖွဲ့ဝင်များ လွတ်လပ်စွာ သွားလာခွင့်ရှိသည်။
၄။ ရခိုင်ပြည်နယ် လွတ်မြောက်ရေးပါတီ (RSLP) ၏ အဖွဲ့ဝင်များကို လက်နက်မပါပါက လွတ်လပ်စွာ သွားလာခွင့်ရှိသည်။

ထုတ်ပြန်ကြေညာချက်များ

December 4, 2012: ALP Statement on UN third committee resolution (Burmese)

http://www.arakanalp.com/wp-content/uploads/2012/12/ALP-Statement-on-UN-third-committeeresolution-English.pdf.pdf)

November 26, 2012: Statement of Arakan Liberation Party (Burmese)

(htt p://www.arakanalp.com/wp-content/uploads/2012/11/Statement-of-Arakan-Liberati n-Party-English-version.pdf)

September 27, 2012: ALP statement on the Arakanese Public Seminar

(htt p://www.arakanalp.com/wp-content/uploads/2012/10/ALP-Statement-on-the-Arakanese-Public-Seminar-draft -1.pdf)

September 20, 2012: ALP statement on present illegal Bangali problems inside Arakan

(http://www.arakanalp.com/wp-content/uploads/2012/10/ALP-statement-on-presentillegal-bangali-problems-inside-Arakan.pdf)

June 14, 2012: Our statement (ALP statement on the crisis in Arakan state) (http://www.arakanalp.com/wp-content/uploads/2012/07/Our-statement.pdf)

June 10, 2012: ALP statement on current infi ltrati on and genocide by illegal immigrants

http://www.arakanalp.com/wp-content/uploads/2012/07/ALP_statement_on_current_infiltrati on_and_genocide_by_Bangali_Muslims1.pdf)

June 5, 2012: ALP statement on Sittwe-Riot

(htt p://www.arakanalp.com/wp-content/uploads/2012/07/ALP-statement-on-Sitt we-Riot.pdf)

March 10, 2012: 2nd annual CC meeting statement

(http://www.arakanalp.com/wp-content/uploads/2012/05/2nd-annual-CC-meeti ng-statement.pdf)

January 23, 2012: Thank statement for peace trip

(http://www.arakanalp.com/wp-content/uploads/2012/05/Thank-statement-for-peace-trip.pdf)

December 31, 2011: ALP statement on 227th Nati onal Black Day

(http://www.arakanalp.com/wp-content/uploads/2012/07/ALP-statement-on-227th-Nati onal-Black-Day.pdf)

# ရခိုင်ပြည် တပ်မတော်



ဆက်သွယ်ရန်။ aa.arakanarmy@gmail.com
http://www.facebook.com/pages/Arakan-Army/
318576794899066

## အကျဉ်းချုပ်

တည်ထောင်သည့် နေ့စွဲ။ ၂၀၁၀ ခုနှစ်
ဌာနချုပ်။ DKBA ထိန်းချုပ်ရာဒေသတွင် ဌာနချုပ် အခြေပြုထားသည်။
လှုပ်ရှားဒေသ။ ကရင်ပြည်နယ်။
ခန့်မှန်းအင်အား။ ၃၀ ခန့်
ခေါင်းဆောင်။ ဗိုလ်မှူး မိုးဟိန်း

ရခိုင်ပြည်တပ်မတော် (ASA) သည် ရခိုင်ပြည်သူများကို ကာကွယ်ရန်၊ ငြိမ်းချမ်းရေး၊ တရားမျှတမှု၊ လွတ်လပ်ခွင့် ဖော်ဆောင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်နိုင်ရန် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ASA သည် ဒီကေဘီအေ၊ တပ်မဟာ-၅ နှင့် အတူ ပူးတွဲလှုပ်ရှားလျှက် ရှိသည်။

## ဦးတည်ချက်များ

၁။ လူမျိုးပေါင်းစုံ ရခိုင်ပြည်သူများ ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိစေရန်။
၂။ အမျိုးသား ကြွန်အင်လက္ခဏာနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ အမျိုးသား ဂုဏ်သိက္ခာနှင့် သက်ဆိုင်ရာ အကျိုးစီးပွားကို မြှင့်တင်ဆောင်ရွက်နိုင်ရန်။

## ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

အပစ်အခတ် ရပ်စဲမှု မရှိသေး။
တိုက်ပွဲ အရေအတွက်- မရှိပါ။
တရားဝင် ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့
မရှိပါ။

## ဆက်ဆံရေးရုံးများ

မရှိပါ။

# ချင်းအမျိုးသား တပ်ဦး

လက်နက်ကိုင် တပ်ဖွဲ့။ ချင်းအမျိုးသား တပ်မတော် (CNA)



http://www.chinland.org/

http://www.facebook.com/pages/Chin-National-FrontArmy/163071607069642

UNFC အဖွဲ့ဝင် ဖြစ်သည်။

## အကျဉ်းချုပ်

တည်ထောင်သည့်နေ့စွဲ။ မတ်လ ၂၀ ရက်၊ ၁၉၈၈ ခုနှစ်။

ဌာနချုပ်။ ထန်တလန်၊ ချင်းပြည်နယ်။ (Camp Victoria) ဗစ်တိုရီးယား စခန်း
လှုပ်ရှားဒေသ။ ထန်တလန်မြို့နယ်၊ တလန်ပိ ကျေးရွာအုပ်စု၊ Dawn ကျေးရွာအုပ်စု နှင့် ဇန်တလန် (Zang Talang ကျေးရွာအုပ်စု။
ခန့်မှန်းအင်အား။ ၂၀၀ +
ခေါင်းဆောင်။ ပူးဇင်ကျုံး။ ဒေါက်တာရွှေခါး။
CNF ကို မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးအတွက် စတင်တည်ထောင်ခဲ့သည်။ ၎င်းအဖွဲ့သည် အိန္ဒိယ-မြန်မာနယ်စပ်နှင့် ချင်းပြည်နယ်အတွင်းရှိ အချို့ဒေသများတွင် အခြေစိုက်သည်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း မြန်မာစစ်တပ်နှင့် တိုက်ပွဲများတွင် ချင်းအမျိုးသားတပ်မတော် (CNA) မှ တိုက်ခိုက်ရေးရဲဘော် အနည်းဆုံး ၇၀ မျှ ကျဆုံးခဲ့ရသည်။ ၂၀၀၃ ခုနှစ် နောက်ပိုင်းတွင် အစိုးရနှင့် တိုက်ပွဲများ ရပ်စဲသွားသည်။ CNF သည် အခြားသော တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ နည်းတူ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်သည်။

ဗဟိုအလုပ်အမှုဆောင် ကော်မီတီအဖွဲ့ဝင်များ။
တွဲဖက်- အထွေထွေ အတွင်းရေးမှူး။ ဒေါက်တာရွှေခါး
ညီလာခံသက်တန်း ၄ ကြိမ်မြောက်
ဥက္ကဋ္ဌ။ ပူးဇင်ကျုံး (Pu Zing Cung)

## ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

အပစ်အခတ် ရပ်စဲရေး အသစ်။ ဇန်နဝါရီလ ၆ ရက်၊ ၂၀၁၂ ခုနှစ်။
အစိုးရနှင့် ၁၁ ဖွဲ့ မြောက် အပစ်အခတ် ရပ်စဲရေး လက်မှတ်ရေးထိုးသည့် အဖွဲ့ဖြစ်သည်။
အဆင့် ၂။ ပြည်ထောင်စု အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ။

## တရားဝင် ကိုယ်စားလှယ်အဖွဲ့

ချင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မီတီ။ ဩဂုတ်လ ၂၄-၃၁၊ ၂၀၁၂ ခုနှစ်။

ချင်းအမျိုးသား တပ်မတော် (CNA) ခေါင်းဆောင်များ၊ Supreme Council အဖွဲ့ဝင်များ၊ ဗဟိုကော်မီတီ နှင့် ဗဟို အလုပ်အမှုဆောင်ကော်မီတီမှ ဗဟိုကော်မီတီဝင် ၂၀ ဦးကို ရွေးချယ်ပေးသည်။

ခေါင်းဆောင်များ။ Supreme council ဥက္ကဋ္ဌ ပူး ဇလေထန်း (Pu Za Hlei Thaing) နှင့် အထွေထွေအတွင်းရေးမှူးချုပ် ပူး ဇင်ကျုံး (Pu Zing Cung)

## ဆက်ဆံရေးရုံးများ

၁။ တီးတိန် (စက်တင်ဘာ ၂၅၊ ၂၀၁၂ ခုနှစ်)
၂။ ထန်တလန် (ဖွန် ၂၉၊ ၂၀၁၂ ခုနှစ်)
၃။ မတူပီ (ဖွန် ၂၃၊ ၂၀၁၂ ခုနှစ်)

## ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁ | ၁၉-၁၁-၁၁ | မယ်ဆိုင်၊ ထိုင်းနိုင်ငံ | ဒေါက်တာရွှေခါး နှင့် ပူးဇင်ကျုံး | ဦးအောင်မင်း | ပဏာမ အကြိုဆွေးနွေးမှု<br>အလွတ်သဘော တွေ့ဆုံပွဲ (informal meeting) |
| ၂ | ၀၆-၀၁-၁၂ | ဟားခါး ချင်း ပြည်နယ် | တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါက်တာ ရွှေခါးနှင့် အဖွဲ့ဝင် ၁၀ ဦး | ဦးအောင်မင်း | ပြည်နယ်အဆင့် ဆွေးနွေးပွဲ- အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် ၉ ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အစိုးရကိုယ်စားလှယ် အဖွဲ့ ဝင်များတွင် သစ်တောဝန်ကြီး ဦးဝင်းထွန်း၊ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး အဖွဲ့ဝင်များ၊ ချင်းပြည်နယ် နယ်စပ် ရေးရာနှင့် လုံခြုံရေးဝန်ကြီး ဗိုလ်မှူး ကြီး ဇော်မင်းဦး၊ ဗျူဟာမှူး ဒု-ဗိုလ်မှူး ကြီး ကိုကိုကြီးနှင့် ပြည်နယ်အဆင့် ဝန်ကြီး ၅ ဦး တက်ရောက်သည်။ |

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၃ | ၀၇-၀၅-၁၂ | ဟားခါး ချင်းပြည်နယ် | ဒေါက်တာရွှေခါး နှင့် ပူးဇင်ကျုံး | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် အချက် ၁၅- ချက်ပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ ဤအချက်များတွင် CNF အဖွဲ့ဝင်များ ပြည်တွင်း ခရီးသွားလာမှုအပေါ် ကန့်သတ်ချက်များကို ပယ်ဖျက်ပေးခြင်း၊ ပြည်ပရောက်နေသူ ချင်းတိုင်းရင်းသားများ ပြန်လာနိုင်ရန် ဗီဇာထုတ်ပေးခြင်းတို့ ပါဝင်သည်။ MPSI ၏ အခြား အကြံပေးများဖြစ်ကြသည့် Ashley South ၊ ချင်းလူ့အခွင့်အရေး အဖွဲ့၏ ဒါရိုက်တာ ဆလိုင်း ဘဝီ လျှံမန်း (Salai Bawi Lian Mang) တို့လည်း တက်ရောက်ကြသည်။ |
| ၄ | ၀၇-၁၂-၁၂ | MPC ရန်ကုန် | ပူးဇင်ကျုံး၊ ဒေါက်တာရွှေခါး နှင့် အခြားခေါင်းဆောင်များ | ဦးအောင်မင်း | ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲ။<br><br>အချက် ၂၈-ချက်ပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။ ချင်းပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းလေ့လာရန် သီးခြားလွတ်လပ်သည့် ကော်မရှင်ဖွဲ့စည်းရန် ဆုံးဖြတ်သည်။<br>အစိုးရ ကိုယ်စားလှယ်များတွင် ဦးတင်မောင်သန်း၊ ဦးလှမောင်ရွှေ၊ ဦးကျော်စိုးလှိုင်၊ ဒေါက်တာ မင်းဇော်ဦး၊ ဒေါက်တာ ကျော်ရင်လှိုင်၊ ဦးသီဟန်မျိုးညွှန့်၊ ဦးအောင်နိုင်ဦး၊ ဦးနေမျိုးနိုင်တို့၊ ဗိုလ်မှူးကြီး ချစ်ကိုကို၊ ဦးတင်အောင်မိုးတို့ တက်ရောက်ကြသည်။<br>နိုင်ငံတကာမှ လေ့လာသူများတွင် အမေရိကန်ပြည်ထောင်စု PACRIM သုတေသနဌာနမှ Kristine Gould ၊ ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ Yohei Sasakawa ၊ နိပ္ပွန်ဖောင်ဒေးရှင်းမှ Mr. Yuji Mori ၊ Ms. Suzuka Yoshida ၊ MPSI မှ Mr. Charles Petrie ၊ ရန်ကုန် Shalom Foundation မှ မိုင်ချင်းချင်း၊ အိန္ဒိယ - မြန်မာနယ်စပ် အခြေစိုက် ချင်း လူ့အခွင့်အရေးအဖွဲ့မှ အမှုဆောင် ဒါရိုက်တာ ဆလိုင်း ဘောဝိ လျှံမန်း တို့ တက်ရောက်သည်။ |

## ဖြစ်ပေါ်တိုးတက်မှုများ

အပစ်အခတ် ရပ်စဲရေး သဘောတူညီမှု- ဇန်နဝါရီလ ၆ ရက်၊ ၂၀၁၂ ခုနှစ်။
ဆက်ဆံရေးရုံးများ။ ထန်တလန်၊ တီးတိန် နှင့် မတူပီမြို့များ။

## ဆက်ဆံရေးရုံးများ၏ အခွင့်အရေးများနှင့် တာဝန်များ။

နှစ်ဘက် သဘောတူညီမှုအရ ဆက်ဆံရေးအရာရှိများသည် CNF ၏ ဗဟိုကော်မီတီ အဖွဲ့ဝင်များဖြစ်ရမည် ဖြစ်ပြီး၊ သူတို့၏ အဆင့်အတန်းနှင့် လျော်ညီသည့် သံတမန်ရေး ခံစားခွင့်များကို တစ်ပြေးညီ ရရှိကြမည် ဖြစ်သည်။ ဆက်ဆံရေး အရာရှိများ၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးအတွက် ချင်းပြည်နယ်အစိုးရက လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးမည် ဖြစ်သည်။ သတ်မှတ်ထားသည့် အပစ်အခတ်ရပ်စဲရေး ဒေသအတွင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများကို ချင်းပြည်နယ်အစိုးရ၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာရန် သဘောတူညီသည်။

## ပင်လုံစာချုပ်

နှစ်ဖက်စလုံးက ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်၊ ဗမာလူမျိုးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်များအကြား ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်ပါ သဘောတူညီချက်များကို မူအရ သဘောတူညီကြသည်။ မြန်မာ့တပ်မတော် နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်များအကြား စစ်ရေး ကျင့်ဝတ်လုပ်ထုံးများ (Military code of conduct) နှင့် ပတ်သက်၍လည်း ဆွေးနွေးကြသည်။

## စောင့်ကြည့်လေ့လာရေး

ချင်းပြည်နယ် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေး အဖွဲ့ဝင်များ အဓိကပါဝင်သည့် "အပစ်အခတ် ရပ်စဲရေး စောင့်ကြည့်လေ့လာမှု အဖွဲ့" ကို ဖွဲ့စည်းရန်နှင့် အခြား ဥပဒေရေးရာ ကျွမ်းကျင်သူများကိုလည်း တက်ကြွစွာ ပါဝင်လာနိုင် စေရန်။

CNF နှင့် မြန်မာ့တပ်မတော်အကြား မတော်တဆ ထိတွေ့မှုများကြောင့် ဖြစ်ပွားရသည့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် အကျဉ်းအကြပ်ပြဿနာများ ကြားဝင်စေ့စပ်ဖြေရှင်းရေးအဖွဲ့ (Crisis mediation body) ဖွဲ့စည်းရန် သဘောတူညီသည်။ ဤသို့ အကျပ်အတည်းပြဿနာများ ကြားဝင်စေ့စပ် ဖြေရှင်းရေးအဖွဲ့ကို ချင်းပြည်နယ်၊ နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး၏ ဦးဆောင်မှုအောက်တွင် ထားရှိဖွဲ့စည်းရန်နှင့် CNF ဆက်ဆံရေးတာဝန်ခံ နှင့် ပြဿနာဖြစ်ပွားသည့် ဒေသမှ CNF ခေါင်းဆောင်တို့ပါ ပါဝင်ဖွဲ့စည်းရန် ဖြစ်သည်။ ဤနေရာတွင် CNF/CNA ၏ တပ်မှူး/အကြီးအကဲနှင့် မြန်မာတပ်မတော်မှ တပ်မှူး၊ ရဲတပ်ဖွဲ့မှူး၊ ချင်းပြည်နယ် အပစ်အခတ်ရပ်စဲရေး စောင့် ကြည့်လေ့လာရေး အဖွဲ့ ဥက္ကဋ္ဌ၊ သို့မဟုတ် ၎င်းတို့မှ အပြည့်အဝတာဝန်ပေးအပ်သူများ ပါဝင်ကြမည် ဖြစ်သည်။

ထိန်းချုပ်ဒေသများ
CNF/CNA သည် လက်ရှိတွင် မြို့နယ် ၂-ခုရှိ ကျေးရွာအုပ်စု ၅ ခုတွင် အခြေပြုထားသည်။ ၎င်းတို့မှာ ထန်တလန်မြို့နယ် တွင် တလန်ပိ၊ ဒေါင်း (Dawn) ၊ ဇန်တလန် ကျေးရွာအုပ်စုများနှင့် တီးတိန်မြို့နယ်တွင် ဇမ်ပိ နှင့် ဘောက်ဖား (Bukphir) ကျေးရွာအုပ်စုများ ဖြစ်သည်။

အခြားဖြစ်နိုင်ခြေရှိသော အခြေစိုက်စခန်းများမှာ ကွန်းပင် (Kung Pin)၊ ရာအို၊ ရွှေလက်ဝ၊ ရာခန်ကျေးရွာအုပ်စုများ ဖြစ်ပြီး ပလက်ဝမြို့နယ်အတွင်း တည်ရှိကြသည်။ တီးတိန်မြို့နယ်ရှိ ပါရာ၊ ပါသီယန်တလန်၊ ဘဲလ်ဟာ၊ ဇန်ဇန်း၊ လွန်းဒင်း၊ လာပီ လန်း ကျေးရွာအုပ်စုများ၊ ထန်တလန်မြို့နယ်အတွင်းရှိ ဒမ်ပိ၊ တွီးလ်ဒါလ် ကျေးရွာအုပ်စုများတွင်လည်း အခြေစိုက်စခန်း များ ရှိနိုင်သည်။ CNF က ဗစ်တိုရီးယားစခန်းကို ထန်တလန်မြို့နယ်အတွင်း ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွင့်လှစ်ခဲ့သည်။ ၎င်းစစ်စခန်းသည် ၎င်းတို့၏ ဌာနချုပ်အသစ်အဖြစ် အသုံးပြုလိမ့်မည် ဖြစ်သည်။

## စစ်ရေး

- ချင်းပြည်နယ်တွင် မြန်မာ့တပ်မတော်နှင့် CNF တို့သာ လက်နက်ကိုင်တပ်များရှိကြရန် သဘောတူညီသည်။
- စစ်ရေးလေ့ကျင့်ခန်းများ မလုပ်ဆောင်မီတွင် CNF က အစိုးရထံမှ ခွင့်ပြုချက် ရယူရမည် ဖြစ်သည်။
- ပြည်သူ့ဆက်ဆံရေးကိစ္စများ အပါအဝင်ဖြစ်သည့် CNA ၏ မွမ်းမံသင်တန်းတစ်ခုကို အိန္ဒိယ-မြန်မာနယ်စပ်တွင် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့က ကျင်းပခဲ့သည်။

## စီးပွားရေး

- ပြည်ထောင်စု အစိုးရထံမှ ရန်ပုံငွေထောက်ပံ့မှုဖြင့် CNF က အထူးစီးပွားရေးဇုန် ဥပဒေပြဌာန်းချက်များအတိုင်း ချင်းပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်မည် ဖြစ်သည်။
- ဖွံ့ဖြိုးရေး စီမံကိန်းများတွင် နှစ်ဖက်စလုံးက ပူးပေါင်းဆောင်ရွက်မည်။

- နိုင်ငံတကာ အဲန်ဂျီအို (INGOs) အဖွဲ့အစည်းများနှင့် (ပြည်တွင်း နှင့် ပြည်ပအပါအဝင်) လူမှုရေး-စီးပွားရေး အဖွဲ့အစည်းများကို ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပံ့ပိုးကူညီမှုပေးနိုင်ရန် ခွင့်ပြုမည်။ သို့မှသာ ချင်းပြည်နယ်အတွင်း နေထိုင်သူများ၏ လူမှုဘဝ တိုးတက်လာစေမည် ဖြစ်သည်။
- ဖွံ့ဖြိုးရေး အစီအစဉ်အသစ်များဆောင်ရွက်ရန် CNF က ကော်မီတီများ၊ သို့မဟုတ် အဖွဲ့အစည်းများကို ပြည်တွင်း - ပြည်ပရှိ လူမှု-စီးပွားအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဲန်ဂျီအိုများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထူထောင် ဆောင် ရွက်မည် ဖြစ်သည်။
- ပြည်ထောင်စုအစိုးရက အနည်းဆုံး လေယာဉ်ကွင်း ၂-ခု ဖောက်လုပ်ပေးမည်။
- အစိုးရက ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်ရှိ ဆာဘန်တောင်ကုန်းပေါ်တွင် လေယာဉ်ကွင်းတစ်ခုကို တည်ဆောက် လျှက်ရှိသည်။ ၎င်းနေရာကို CNF အဖွဲ့၊ ဖလမ်းမြို့နယ် အုပ်ချုပ်ရေးမှူးတို့က ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် နေ့တွင် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့သည်။
- ပြည်ထောင်စုလမ်းမကြီး ဖောက်လုပ်ဆက်သွယ်မည်ဖြစ်ပြီး၊ မြောက်ပိုင်း တွန်းဇံမြို့နယ်နှင့် တောင်ပိုင်း ပလက်ဝ မြို့နယ်တို့ကို ဆက်သွယ်ပေးမည် ဖြစ်သည်။
- ပြည်နယ်အတွင်း နိုင်ငံခြားခရီးသွားများ သွားလာခွင့် ကန့်သတ်ထားခြင်းကို ပယ်ဖျက်ပေးမည်။
- သတင်းနည်းပညာနှင့် ကွန်ပြူတာ အရည်အချင်းများ ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်မည်။
- ရေ၊ လျှပ်စစ်၊ အစားအသောက်၊ လုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသည့် အခြေခံဝန်ဆောင်မှုလုပ်ငန်းများ ကို လူတိုင်းရရှိခံစားနိုင်အောင် ဆောင်ရွက်ပေးမည်။
- ပြည်နယ်တွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် CNF က သီးခြားလွတ်လပ်သည့် ရန်ပုံငွေရှာဖွေမှုကို ခွင့်ပြုသည်။

## လူမှုရေး

- ချင်း သတင်းမီဒီယာနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးစေရေးအတွက် ရပ်ရွာ လူမှုအသိုက်အဝန်း ရေဒီယိုအစီအစဉ်ကို ထူ ထောင်၍၊ ဘာသာစကားခွဲများဖြင့် ထုတ်လွှင့်ပေးမည်။
- မူလတန်းကျောင်းများတွင် ချင်းဘာသာစကား သင်ကြားပေးမည်။
- ချင်းယဉ်ကျေးမှုနှင့် အနုပညာ မြှင့်တင်နိုင်ရန် ကျောင်းများ ဖွင့်လှစ်ပေးမည်။
- ဘာသာရေး လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် ပြုသည်။
- တိုင်းရင်းသားလူမျိုး၊ ဘာသာယုံကြည်မှု၊ လိင်အပေါ်မူတည်၍ အစိုးရဝန်ထမ်းများအတွင်း ခွဲခြားဆက်ဆံမှု မရှိ စေရ။
- ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် ချင်း သတင်းမီဒီယာအဖွဲ့အစည်းများ (ဥပမာ- သတင်းစာ၊ ဂျာနယ်၊

မဂ္ဂဇင်း၊ သတင်းလွှာများ၊ ရေဒီယို၊ အင်တာနက်နှင့် ရုပ်မြင်သံကြား အစီအစဉ်များ) ကို တရားဝင် မှတ်ပုံတင်ခွင့်ပြုမည် ဖြစ်သည်။

- ချင်းပြည်နယ်ပြင်ပတွင် ပြည်နယ်ဧည့်ဂေဟာများကို (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပခုက္ကူ၊ ကလေး၊ စစ်တွေ၊ ဆိစ် (Seih Town) မြို့များတွင်) ခရီးသွားလာကြသည့် ချင်းလူမျိုးများအတွက် တည်ဆောက်ပေးရန် နှစ်ဖက်စလုံးက သဘောတူညီကြသည်။

## နိုင်ငံရေး

- ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ပြည်သူလူထုနှင့် တိုင်ပင်အကြံရယူမှုများ ဆောင်ရွက်သွားနိုင်ရန် CNF ကို ခွင့်ပြုချက်ပေးသည်။ (၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်- CNF ၏ ပြည်သူလူထုများနှင့် တိုင်ပင်အကြံရယူ နိုင်ရေး ပဏာမ အကြို အစည်းအဝေးကို ချင်းပြည်နယ်၊ မတူပီမြို့တွင် ကျင်းပသည်။)
- နိုင်ငံတကာ လူ့အခွင့်အရေး ကျင့်ဝတ်အရ လိုက်နာစောင့်ထိန်းရမည့် ကိစ္စများအပါအဝင်၊ ပြည်ထောင်စု အစိုးရ က သဘောတူညီ လက်မှတ်ရေးထိုးထားသည့်၊ နိုင်ငံတကာ သဘောတူညီချက်များအတိုင်း အကောင်အထည် ဖော်နိုင်ရေးကို ရှေ့ရှုဆောင်ရွက်သွားမည်။
- ချင်းအမျိုးသားနေ့ကို (ဖေဖော်ဝါရီလ ၂၀ ရက်နေ့) နှင့် ချင်းပြည်နယ်နေ့ (ဖေဖော်ဝါရီလ ၃ ရက်နေ့) ကို တရားဝင် အသိအမှတ်ပြုသွားမည်။
- လက်ရှိဥပဒေများအရ CNF/CNA ကို ပြည်ထောင်စုအစိုးရက တရားမဝင် အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုထား ဆဲ ရှိသော်လည်း၊ နောက်ပိုင်း အပြည့်အဝ ယုံကြည်မှုတည်ဆောက်နိုင်သည့်အခါ ၎င်းကို ပြင်ဆင်သွားရန် နှစ် ဖက်စလုံးက သဘောတူညီကြသည်။
- ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မီတီ (UPWC) က CNF/CNA ၏ လှုပ်ရှားမှုများနှင့် ပတ်သက်၍ ဖမ်းဆီးခံထားရသူများ၊ အကျဉ်းချခံထားရသူများ စာရင်းကိုပြုစု၍ သမ္မတရုံးသို့ ချက်ချင်းလွတ်ငြိမ်း ချမ်းသာခွင့်ပေးနိုင်ရေးအတွက် တင်ပြသွားရန် နှစ်ဖက်စလုံးက သဘောတူညီကြသည်။ (အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးပြီးနောက်တွင် စတင် အသက်ဝင်မည် ဖြစ်သည်။)
- ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းကော်မီတီ (UPWC) က CNF/CNA နှင့် ဆက်နွယ်မှု ကြောင့် နာမည်ပျက်စာရင်း သွင်းခံထားရသူများကို ဖယ်ရှားပေးရန် ဆောင်ရွက်မည် ဖြစ်သည်။ (အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးပြီးနောက်တွင် စတင် အသက်ဝင်မည် ဖြစ်သည်။)
- CNF/CNA အဖွဲ့ဝင်ဖြစ်ခြင်းကြောင့် ရာဇဝတ်မှုဖြင့် အရေးယူအပြစ်ပေးခြင်း ကင်းလွတ်ခွင့်ရမည် ဖြစ်သည်။ (အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးပြီးနောက်တွင် စတင် အသက်ဝင်မည် ဖြစ်သည်။)
- လူ့အခွင့်အရေးများကို မြှင့်တင်ဆောင်ရွက်နိုင်ရန်၊ ကျူးလွန်ချိုးဖောက်သူများကို ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အတိုင်း အရေးယူ အပြစ်ပေးနိုင်ရန် ပူးပေါင်းဆောင်ရွက်သွားမည်။
- သီးခြားလွတ်လပ်သည့် ချင်းလူ့အခွင့်အရေး ကော်မီတီကို ဖွဲ့စည်းမည်။

## မူးယစ်ဆေးဝါးဆိုင်ရာ

- ဘိန်းစိုက်ပျိုးမှုနှင့် တရားမဝင် မူးယစ်ဆေးဝါး ထုတ်လုပ်နေမှုများ အဆုံးသတ်စေရေး ပူးပေါင်းဆောင်ရွက်ရန် နှစ်ဘက်စလုံးက သဘောတူညီသည်။ ဤကိစ္စတွင် ချင်းပြည်နယ်မြောက်ပိုင်း၌ မူးယစ်ဆေးဝါး မှောင်ခိုကူးသန်း ရောင်းဝယ်နေမှုများ အပါအဝင် ဖြစ်သည်။
- သဘောတူညီချက် ရှိနေသော်လည်း မူးယစ်ဆေးဝါးထုတ်လုပ်မှု ပိုမိုများပြားလာသည်။

## သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ

- ပြည်နယ်တွင်းရှိ ဖွံ့ဖြိုးရေးစီမံချက်တိုင်းတွင် ပြင်ပမှ ကျွမ်းကျင်သူပညာရှင်များဖြင့် သဘာဝ ပတ်ဝန်းကျင်အပေါ် ထိခိုက်သက်ရောက်မှုများကို အကဲဖြတ်မှုကို ဆောင်ရွက်စေမည်။
- ချင်းပြည်နယ်အတွင်း သဘာဝ သယံဇာတထုတ်လုပ်မှုများကို အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပါ

ပြဌာန်းချက်များအတိုင်း ဆောင်ရွက်ရန် နှစ်ဖက်စလုံးက သဘောတူညီကြသည်။

## ပြန်လည်နေရာချထားရေးကိစ္စ

- နိုင်ငံရပ်ခြားတွင် အခြေချနေထိုင်နေကြသူ ချင်းတိုင်းရင်းသားများ အားလုံးကို ပြန်လာရန် ခွင့်ပြုပေးမည်ဖြစ်ပြီး၊ ဗီဇာထုတ်ပေးနိုင်ရန် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်သွားမည်။
- ပြည်နယ်ရှိ လူဝင်မှုကြီးကြပ်ရေးဌာနက CNF/ CNA အဖွဲ့ဝင်များကို အဖွဲ့ဝင်စာရင်းကို တင်ပြပြီးသည့်နောက် တွင် နိုင်ငံသား စိစစ်ရေးကဒ်ပြားများ ထုတ်ပေးသွားမည်။

## ထုတ်ပြန်ကြေညာချက်များ

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်၊ CNF အဖွဲ့ဝင် ဒေါက်တာဆလိုင်း အင်ဒရူး ငန်ကျုံးလျှံ (Salai Andrew Ngun Cung Lian) က ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးအဖွဲ့၏ (ယခင်) ဥက္ကဋ္ဌ ဦးအောင်သောင်း၏ ပြောဆိုချက် "ယခုအစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးရရှိရေး လုပ်ဆောင်ရန် စိတ်ပိုင်းဖြတ်ထားကြောင်း၊ သို့သော်လည်း ဖြေရှင်းရန် ကိစ္စ အများအပြားရှိနေသည့်အတွက် ပြည်သူများအနေဖြင့် စိတ်ရှည်သည်းခံကြရန်" ပြောကြားချက်အပေါ် ကြိုဆိုသည့်

မှတ်ချက်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်း အစိုးရထိုးစစ်ဆင်နေမှုများနှင့် ပတ်သက်၍ CNF ၏ ထုတ်ပြန်ကြေညာချက်။
http://www.chinland.org/wp-content/uploads/2012/10/CNF-Statement-2013.pdf

၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်။ ၅-ကြိမ်မြောက် ဗဟိုအလုပ်အမှုဆောင် ကော်မီတီ ထုတ်ပြန်ကြေညာချက်။
http://www.chinland.org/wp-content/uploads/2012/10/The-5th-CEC-Statement-2012.pdf

၂၀၁၂ ခုနှစ်၊ မေလ ၁၉ ရက်။ ဒုတိယအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြီးနောက် CNF ၏ သတင်းထုတ်ပြန်ချက်။
http://www.chinland.org/wp-content/uploads/2012/10/CNF_TO_PUBLIC.pdf

၂၀၁၂ ခုနှစ်၊ မေလ ၁၀ ရက်။ ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့် ပတ်သက်၍ CNF ၏ သတင်းထုတ်ပြန်ချက် (မြန်မာဘာသာဖြင့်) http://www.chinland.org/wp-content/uploads/2012/10/Press-Release-2-2012.pdf

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်။ CNF မှ ပြည်သူလူထုသို့ ပန်ကြားချက်။
http://www.chinland.org/wp-content/uploads/2012/10/CNF-Press-Release-To-The-People-2012.pdf

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်။ ချင်းပြည်သူများသို့ ပန်ကြားချက်။
http://www.chinland.org/wp-content/uploads/2012/10/Appeal-to-the-Chin-People.pdf

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်။ အရေးပေါ်ညီလာခံ ထုတ်ပြန်ချက် (မြန်မာဘာသာဖြင့်)
http://www.chinland.org/wp-content/uploads/2012/10/Emergency-Conference-Statement-Burmese.pdf

၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်။ ၅၂ ကြိမ်မြောက် ချင်းအမျိုးသားနေ့အတွက် CNF ထုတ်ပြန်ကြေညာချက်။ (မြန်မာဘာသာဖြင့်)
http://www.chinland.org/wp-content/uploads/2012/10/50-th-aniversary-of-Union-day1.pdf

# ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော်

လက်နက်ကိုင်တပ်။ ကလိုထူးဘော တပ်ရင်း
နိုင်ငံရေး အဖွဲ့အစည်း။ ကလိုထူးဘော

အခြားအမည်။ ကရင် ကလိုထူးဘော အဖွဲ့ (KKO)
အစိုးရမှ ခေါ်ဆိုသည့်အမည်။ ကလိုထူးဘော လက်နက်ကိုင်အဖွဲ့ (ယခင် ဗုဒ္ဓဘာသာကရင်အမျိုးသား အစည်းအရုံး-တပ်မဟာ ၅)

## အကျဉ်းချုပ်

တည်ထောင်သည့်နေ့စွဲ။ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်။
ဌာနချုပ်။ ဆုံဆည်းမြိုင်၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ်။
လှုပ်ရှားဒေသ။ ဘုရားသုံးဆူဒေသ၊ လှိုင်းဘွဲ့နှင့် ကြာအင်းဆိပ်ကြီး မြို့နယ်များ၊ မာနယ်ပလော (ယခင် KNU ဌာနချုပ်ဟောင်း)
ခန့်မှန်းအင်အား။ ၁, ၅၀၀ +
ခေါင်းဆောင်။ ဗိုလ်ချုပ် စောလားပွယ် (ခေါ်) နှုတ်ခမ်းမွှေး (စစ်ဦးစီးချုပ်)
ဗိုလ်မှူးချုပ် မိုးရှေ (ဒု စစ်ဦးစီးချုပ်)

ဗိုလ်ချုပ် စောလားပွယ်မှ ဦးဆောင်သည့်၊ DKBA တပ်မဟာ ၅ သည် မူလ DKBA (ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး) (လက်ရှိ နယ်ခြားစောင့်တပ် BGF) ထံမှ ခွဲထွက်ခဲ့သည်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကာလတွင် တပ်မဟာ-၅ က မြဝတီရှိ အစိုးရတပ်များနှင့် လုံခြုံရေးတပ်ဖွဲ့များကို တိုက်ခိုက်ခဲ့သည်။ နောက်ပိုင်းတွင် ဒီမိုကရေစီ အကျိုးပြုကရင့်တပ်မတော်အဖြစ် အမည် ပြောင်းလဲခဲ့သည်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အသစ် အပစ်အခတ်ရပ်စဲမှု။ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်။
အစိုးရနှင့် တတိယမြောက် အပစ်အခတ် ရပ်စဲရေး လက်မှတ်ရေးထိုးသည့် အဖွဲ့ဖြစ်သည်။
အဆင့် ၂။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ

## တရားဝင် ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

မရှိပါ။

## ဆက်ဆံရေးရုံးများ

ဖားအံမြို့ (၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွင့်လှစ်သည်။)
မြဝတီမြို့ (၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွင့်လှစ်သည်။)
ကြာအင်းဆိပ်ကြီးမြို့၊ ကျိုက်ဒုံ၊ ဘုရားသုံးဆူ၊ မြိုင်ကြီးငူ (ဆိုင်းငံ့ထားဆဲ)။

## ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁။ | ၂၆-၁၀-၁၁ | မုတ္တမ၊ သထုံခရိုင်၊ မွန်ပြည်နယ် | ဗိုလ်မှူးချုပ် မိုးရွေ | ဦးသိန်းဇော် | ပဏာမ ဆွေးနွေးပွဲ<br><br>အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး မောင်မောင်သိန်း နှင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်မှ ဝန်ကြီးချုပ်များ တက်ရောက်ကြသည်။ |
| ၂။ | ၀၃-၁၁-၁၁ | ဘားအံ၊ ကရင်ပြည်နယ် | ဗိုလ်မှူးချုပ် မိုရွေး | ဗိုလ်မှူးကြီး အောင်လွင် နယ်စပ်ရေးရာ နှင့် လုံခြုံရေး ဝန်ကြီး ကရင်ပြည်နယ် | ပြည်နယ်အဆင့် ဆွေးနွေးပွဲ<br><br>အချက် ၅ ချက်ပါ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးသည်။<br><br>နှစ်ဖက်စလုံးက ကိုယ်စားလှယ် ၄ ဦးပါ အဖွဲ့တက်ရောက်ကြသည်။ |
| ၃။ | ၁၁-၁၂-၁၁ | ဘားအံ၊ ကရင်ပြည်နယ် | စောလားပွယ် နှင့် အဖွဲ့ဝင် ၆ ဦး | ဦးအောင်သောင်း နှင့် အဖွဲ့ဝင် ၇ ဦး | ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး သဘောတူညီချက် လက်မှတ်ရေးထိုးသည်။ |
| ၄။ | ၂၂-၀၁-၁၃ | မြဝတီ၊ ကရင်ပြည်နယ် | စောလားပွယ်နှင့် အဖွဲ့ဝင် ၈ ဦး | ဦးအောင်မင်း၊ ဗိုလ်ချုပ် မောင်မောင်အုန်း နှင့် အခြား ၉ ဦး | ၃ ချက် သဘောတူညီကြသည်။ ထိန်းချုပ်နယ်မြေ သတ်မှတ်မှု၊ ဆက်ဆံရေးရုံးများ ဖွင့်လှစ်မှုနှင့် DKBA သို့ အထောက်အပံ့များ ပေးအပ်ရေး ကိစ္စများ ဖြစ်သည်။ |

## ဖြစ်ပေါ်တိုးတက်မှုများ

သဘောတူညီချက်များ

၁။ ဆုံဆည်းမြိုင်ဒေသ တစ်ဝိုက်တွင် ကလိုဘောထူးတပ်ဖွဲ့များကို ယာယီနေရာချထားခွင့်ပြုရန်။

၂။ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အစိုးရနှင့် ပူးတွဲဆောင်ရွက်ရန်။ ဆုံဆည်းမြိုင်ဒေသကို အခြေပြု၍ တည်ဆဲ ဥပဒေများအောက်တွင် ရှိုးခလိဒေသရှိ ပြည်သူများ၏ လူမှုရေး-စီးပွားရေး အခြေအနေတိုးတက်လာစေရန် ဆောင်ရွက် ရန်။

၃။ ကလိုဘောထူးအဖွဲ့၏ အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိသားစုများကို ပြန်လည်နေရာချထားပေးရန်။

၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများ တိုက်ဖျက်ရန်။

၂၀၁၂ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် မြဝတီမြို့ကို မူးယစ်ဆေးကင်းစင်ဇုန်အဖြစ် ကြေညာခဲ့သည်။

## ထိတွေ့ တိုက်ပွဲဖြစ်ပွားမှုများ

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် မြန်မာ့တပ်မတော်၊ နယ်ခြားစောင့်တပ် (BGF) ပူးပေါင်းတပ်ဖွဲ့များက DKBA စစ်အခြေစိုက်စခန်းကို တစ်ခုဝင်ရောက်သိမ်းပိုက်ကြသည်။ ဒီကေဘီအေအဖွဲ့ ပိုင်ဆိုင်သည်ဟုဆိုသော အေကေ-၄၇၊ အေအာရ် ၁၅ မောင်းပြန်ရိုင်ဖယ်များ၊ RPG အပါအဝင် လက်နက်များ သိမ်းဆည်းရမိခဲ့သည်ဟု ဆိုသည်။ (DKBA အဖွဲ့မှ ၃ ဦး သေဆုံး ၂ ဦး ဒဏ်ရာရရှိသည်။)

## ထုတ်ပြန်ကြေညာချက်များ

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်။ နယ်ခြားစောင့်တပ် (BGF) က ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် သိမ်းယူ သွားသည့် ၎င်းတို့၏လက်နက်များ ပြန်လည်အပ်နှံခြင်းမရှိပါက၊ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဖျက်သိမ်း မည်ဟု DKBA က ခြိမ်းခြောက်ခဲ့သည်။
၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်။ DKBA အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးစန်းအောင်က KIO အဖွဲ့ကို ထိုးစစ် ဆင်နေမှု များ မရပ်ဆိုင်းမချင်း၊ ငြိမ်းချမ်းရေး ရရှိမည်မဟုတ်ဟု ပြောဆိုခဲ့သည်။
၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်။ လက်ပံတောင်းတောင်အရေး ချေမှုန်းမှုတွင် သံဃာများ ဒဏ်ရာရရှိသည့်အပေါ် ကန့်ကွက်ဆန္ဒပြသည့်အနေနှင့် DKBA အဖွဲ့က လက်နက်များကိုင်ဆောင်၍ မြဝတီမြို့တွင် စီတန်းဆန္ဒပြခဲ့သည်။ အစိုးရက ဤကိစ္စအပေါ် တောင်းပန်ရန်နှင့် ကချင်ပြည်နယ်တွင် ထိုးစစ်များ ရပ်ဆိုင်းရန် တောင်းဆိုခဲ့သည်။
၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်။ ကချင်ပြည်နယ်နှင့် မြောက်ပိုင်းရှမ်းပြည်နယ်တွင် အစိုးရက ထိုးစစ်များ ပြုလုပ်နေမှု အပေါ် DKBA က ပြစ်တင်ရှုံ့ချသည့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

(၁)။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ အားလုံးသည် ဆွေမျိုးသားချင်းများ ဖြစ်ကြသည်။ အစိုးရက လက်ရှိ KIA အပေါ် ထိုးစစ်ဆင်တိုက်ခိုက်နေမှုသည် မိမိတို့အပေါ် တိုက်ရိုက် ရာရောက်သည်။ KIA အပေါ် ထိုးစစ်ဆင်နေမှုအပေါ် မိမိတို့က ပြင်းပြင်းထန်ထန် ဆန့်ကျင် ကန့်ကွက်သည်။ မိမိတို့ DKBA နှင့် အခြားသော အဖွဲ့အစည်းများအားလုံး၊ ပြည်သူ များ အားလုံးက အစိုးရအပေါ် ယုံကြည်မှု ကျဆင်းစေသည်။ အကယ်၍ အစိုးရက KIA ကို ဆက်လက် ထိုးစစ် ဆင်နေပါက အစိုးရအနေဖြင့် မကြာသေးမီက ရရှိထားသော အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများ ဆုံးရှုံးရမည်ဟု ဖော်ပြထားသည်။

http://www.phophtaw.blogspot.com/2013/01/kia-dkba.html
၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်။ BGF အဖွဲ့က သိမ်းပိုက်ထားသည့် လက်နက်များ ပြန်လည်မအပ်နှင်းပါက အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ဖျက်သိမ်းမည်ဟု DKBA အဖွဲ့က ခြိမ်းခြောက်ခဲ့သည်။

## မဟာမိတ်ပြုမှု

DKBA အဖွဲ့က ကရင်အမျိုးသားအစည်းအရုံး (KNU)၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီတို့နှင့် ဆက်ဆံရေး နီးကပ်စေရန် ကြိုးပမ်းလျှက် ရှိနေသည်။ ကရင်အဖွဲ့များသည် ၂၀၁၂ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် တွေ့ဆုံခဲ့ပြီး၊ ယုံကြည်မှုပြန်လည် တည်ဆောက်ရန်၊ ကရင့်အရေးလှုပ်ရှားမှုကို ကရင့်အာဇာနည် စောဘဦးကြီး၏ မှုများနှင့်အညီ ပြန်လည်အင်အားကောင်း လာစေရန် ဆွေးနွေးခဲ့ကြသည်။

http://www.karennews.org/2012/03/knu-dkba-and-knuknla-peace-council-find-strength-n-unity.html/

# ကချင်ပြည် လွတ်လပ်ရေးအဖွဲ့



လက်နက်ကိုင်တပ်ဖွဲ့။ ကချင်လွတ်မြောက်ရေး တပ်မတော်

အစိုးရမှ ခေါ်ဆိုသည့်အမည်။ ကချင်ပြည်နယ် အထူးဒေသ-၂

UNFC အဖွဲ့ဝင် ဖြစ်သည်။

ရခိုင်တပ်မတော် (Arakan Army)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) တို့နှင့် မဟာမိတ်ပြုထားသည်။

အကျဉ်းချုပ်

တည်ထောင်သည့်နေ့စွဲ။ ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်။

ဌာနချုပ်။ လိုင်ဇာ၊ ကချင်ပြည်နယ်။

လှုပ်ရှားဒေသ။ ကချင်ပြည်နယ်တစ်ဝှမ်းနှင့် မြောက်ပိုင်း ရှမ်းပြည်နယ်တွင် တပ်မဟာ ၅-ခု ရှိသည်။

ခန့်မှန်းအင်အား။ ၇, ၀၀၀ မှ ၁၀, ၀၀၀ (KIO ၏ MHH နှင့် MKM အရပ်သား ပြည်သူ့စစ်များကို ဖယ်၍ ရေတွက်ထားခြင်း ဖြစ်သည်။)

ခေါင်းဆောင်။ လန်ယော် ဇောင်းဟရား (ဥက္ကဋ္ဌ)၊ အဲန် ဘန်လ (ဒု-ဥက္ကဋ္ဌ)၊ ဂေါ်ရီ ဇော်ဆိုင်း (ဒု-ဥက္ကဋ္ဌ)၊ ဗိုလ်ချုပ် ဂမ်ရှောင် (စစ်ဦးစီးချုပ်)၊ ဗိုလ်ချုပ် ဂွမ်မော် (ဒု-စစ်ဦးစီးချုပ်)၊ ဒေါက်တာ လဂျာ (အထွေထွေ အတွင်းရေးမှူး)၊ ဆင်ဝါး (ဒု အထွေထွေ အတွင်းရေးမှူး ၁)၊ ဦးလနန် (ဒု အထွေထွေအတွင်းရေးမှူး ၂/ ပြောရေးဆိုခွင့်ရှိသူ)

KIO ၏ လက်နက်ကိုင်တပ်ဖွဲ့ ကချင်လွတ်လပ်ရေး တပ်မတော် (KIA) သည် မြန်မာနိုင်ငံတွင် ဒုတိယ အင်အားအကြီးမားဆုံး တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့ဖြစ်သည်။ KIO က ဖော်ပြပြောဆိုရာ၌ လက်နက်ကိုင်တပ်ဖွဲ့ဝင် ၁၀, ၀၀၀ နှင့် အရံ တပ်ဖွဲ့ဝင် အခြားပြည်သူ ၁၀,၀၀၀ တို့ တိုက်ပွဲဝင်ရန် အသင့်ရှိနေသည်ဟု ဆိုကြသည်။ ကချင်ပြည်နယ်၏ ကြွယ်ဝ သည့် သယံဇာတများမှ KIO က ဘဏ္ဍာဝင်ငွေ ရရှိနေသည်။ သို့အတွက်ကြောင့်လည်း အင်အားကောင်းသည့် စစ်တပ်ကို ထူထောင်ထားနိုင်ခြင်း ဖြစ်သည်။ ထို့အပြင် တရုတ်-မြန်မာနယ်စပ်တလျှောက် (ဥပမာအားဖြင့်- လိုင်ဇာ နှင့် မိုင်ဂျားယန်) တို့တွင် ကုန်သွယ်ရေးစင်တာများလည်း ထူထောင်ထားသည်။

ပြီးခဲ့သည့် ၁၇-နှစ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည်၊ နှစ်ပေါင်းများစွာကြာပြီးနောက် မြန်မာနိုင်ငံတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် သူပုန်အဖွဲ့တို့အကြား တစ်ခုတည်းသော စာဖြင့်ရေးထိုးထားသည့် သဘောတူညီချက်ဖြစ်ပြီး၊ အမည်အရ အရပ်သားအစိုးရတက်လာပြီး ၃ လ အကြာတွင် ပျက်ပြယ်ခဲ့သည်။ လက်နက်ကိုင်တိုက်ပွဲများ ပြန် လည်ဖြစ်ပွားရသည့်အကြောင်းမှာ KIO က နယ်ခြားစောင့်တပ် (BGF) အဖြစ် ပူးပေါင်းရန် ငြင်းပယ်ခြင်းနှင့် ဧရာဝတီမြစ်ဆုံ ဆည် တည်ဆောက်ရေးစီမံကိန်းအပေါ် ကန့်ကွက်မှုများကြောင့် ဖြစ်သည်။ ဤဆည်တည်ဆောက်လျှင် KIO ထိန်းချုပ်ရာ ဒေသအတော်များများကို ရေလွှမ်းမိုးသွားလိမ့်မည်ဖြစ်ရာ၊ ဤအချက်များကြောင့် တင်းမာမှုများ

ဖြစ်ပေါ်ခဲ့ရသည်။ ၂၀၀၉-၂၀၁၀ ခုနှစ်များမှစ၍မြန်မာအစိုးရပိုင် သတင်းမီဒီယာများက KIO ကိုတရားမဝင်အဖွဲ့ အစည်းဟု စတင်ခေါ်ဆိုလာခဲ့သော် လည်း အစိုးရတပ်များက KIO ၏ ဆန့်ကျင်စခန်းကို ၂၀၁၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့၌ စတင် မတိုက်ခိုက်မီ အချိန်ထိ အပစ် အခတ် ရပ်စဲရေး တည်မြဲနေခဲ့သည်။

## ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ (CEC)

ဥက္ကဋ္ဌ- လန်ယော် ဇောင်းဟရား

ဒု- ဥက္ကဋ္ဌ ၁- အဲန် ဘန်လ

ဒု- ဥက္ကဋ္ဌ ၂- ဂေါ်ရီ ဇော်ဆိုင်း

ဒု-ဥက္ကဋ္ဌ ၃- ဗိုလ်ချုပ် ဂမ်ရှောင် (စစ်ဦးစီးချုပ်)

အထွေထွေ အတွင်းရေးမှူး- ဒေါက်တာလဂျာ

ဒု အထွေထွေအတွင်းရေးမှူး ၁- ဆင်ဝါး

ဒု အထွေထွေအတွင်းရေးမှူး ၂- လနန် (ပြောရေးဆိုခွင့်ရှိသူ)

စစ်ဦးစီးချုပ်- ဗိုလ်ချုပ် ဂမ်ရှောင်

ဒုစစ်ဦးစီးချုပ်- ဗိုလ်ချုပ် ဂွမ်မော်

## ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

အကြို ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ

အပစ်အခတ် ရပ်စဲထားမှု မရှိသေး။

၂၀၁၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်။ အရေအတွက် အတိအကျ မသိရ။

ယခင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်။ ၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်။

## တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးမှု ကိုယ်စားလှယ်အဖွဲ့

အလှည့်ကျ ဖြစ်သည်။

## ဆက်ဆံရေးရုံးများ

ယခင်က ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များအတွင်း ၁၉၉၄ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ဆက်ဆံရေး ရုံး ၂၂ ရုံး ရှိသည်။ မြစ်ကြီးနားနှင့် ဗန်းမော်တွင် ဆက်ဆံရေးရုံး ရှိသည်။ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလတွင် ဆက်ဆံရေးရုံးများ အားလုံးကို ပိတ်ပစ်ရန် အမိန့်ပေးခဲ့သည်။

## KIO ၏ တရားမျှတမှုနှင့် စေ့စပ်ဆွေးနွေးရေး စင်တာ (Kachin Justice and Negotiation Center)

တည်နေရာ။ ကချင်ပြည်နယ်၊ လွယ်ဂျယ်မြို့နယ်၊ ပရန်ဂေါင် (Prang Ngawn) ကျေးရွာတွင် တည်ရှိသည်။ လုပ်ငန်းဆောင်တာများ။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ပတ်သက်၍ပြည်သူအများသိရှိနိုင်သည့် သတင်းရင်းမြစ်များမှနေ

၍ မှတ်တမ်းများ၊ အစည်းအဝေး မှတ်တမ်းမှတ်ရာများကို သိမ်းဆည်းထားသည်။ ၎င်းတို့ကို လာမည့် အစိုးရနှင့် KIO ဆွေး နွေးပွဲများတွင် ပြန်၍အသုံးချနိုင်ရန် ရည်ရွယ်သည်။ အကြံပြုလိုသူများနှင့် ၎င်းတို့၏အမြင်ကို တင်ပြလိုသူများကိုလည်း ဖိတ်ခေါ်ထားသည်။

## ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့ (Peace Creation Group)

website: http://peace-talkcreationgroup.com/
Facebook: https://www.facebook.com/PeaceTalkCreationGroup
E-mail: welcometopcg@gmail.com

ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့ (Peace Creation Group) သည် ဆွေးနွေးပွဲများ ဖြစ်မြောက်စေရန် ကူညီပေးနေသော ကချင် စီးပွားရေးလုပ်ငန်းရှင်များနှင့် တည်ထောင်ထားသည်။ သူတို့က အစိုးရနှင့် KIO အကြား ဆွေးနွေးပွဲများ ညှိနှိုင်းပေး ခြင်း၊ ချိန်းဆိုပေးခြင်းနှင့် အခြားစီစဉ်မှုများကို လုပ်ဆောင်ပေးသည်။ သူတို့က ရံဖန်ရံခါ ဆွေးနွေးပွဲများအတွက် ငွေကြေး လည်း ကမကထပြု ကူညီပေးသည်။

အဖွဲ့ဝင်များတွင် -
Jadeland ကုမ္ပဏီမှ ယုဇော်ခေါင်
လမိုင် ဂွမ်ဂျာ
ခါပရာ ခွန်အောင်
အဲန်ရှန်ဆန်းအောင် တို့ ပါဝင်ကြသည်။
ဤအဖွဲ့တွင် တရားဝင် မှတ်တမ်းတင်ရန် အဖွဲ့ဝင် ၇ ဦးလည်း ရှိသေးသည်။

## ဆွေးနွေးပွဲများ

| စဉ်။ | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁။ | ၁၇-၆-၁၁ | လိုင်ဇာ၊ ကချင် ပြည်နယ် | | ကချင် အမျိုးသား အတိုင်ပင်ခံ ကော်မီတီ (KNCA) မှ ၄ ဦး | အစိုးရက အပစ်အခတ်ရပ်စဲရန် KIO ကို နှုတ်ဖြင့် ကမ်းလှမ်းသည်။ KIO ဖက်ကမူ အပစ်အခတ်ရပ်စဲရေး ဆွေး နွေးပွဲများ တစ်စုံတရာ မစတင်မီတွင် သူတို့၏ နိုင်ငံရေးအခွင့်အရေး များ ကို အသိအမှတ်ပြုရန် လိုအပ်သည်ဟု ဆိုသည်။ စာတမ်းတစ်စောင် ပြင် ဆင်ရေးသားပြီး မြန်မာအစိုးရ ထိပ် တန်းအရာရှိများနှင့် စစ်တပ်ခေါင်း ဆောင်များထံ ပေးပို့သည်။ သို့သော် လည်း ၎င်းတို့က လက်မှတ်ရေးထိုး ခြင်း မရှိပေ။ ဤအချက်များကို ဆွေး နွေးပွဲများတွင် အသေးစိတ်ဆွေးနွေး ရမည်ဟု သူတို့က KIO ထံ အကြောင်းပြန်ကြားသည်။ KIO က နိုင်ငံရေးဆွေးနွေးပွဲများကို နိုင်ငံ အတွင်း ကျင်းပခြင်းကို လုံးဝ လက်မခံနိုင်ဟု ဆိုသည်။ နိုင်ငံခြားက ကြားဝင်ဖြန်ဖြေပေးသူများ ပါဝင် သည့် တတိယနိုင်ငံတစ်ခုတွင် ပြုလုပ်သင့်သည်ဟု KIO က ပြော သည်။ KIO ၏ တောင်းဆိုချက်ကို အစိုးရက ငြင်းပယ်သည်။<br><br>KNCA ကိုယ်စားလှယ်များမှာ- ဆွန်ဖောင်ဆင်ဝါး (Tsum Hpawng Sin Wa)၊ လဘန် ဂမ်အောင်၊ ဒိန်ယောင် ဇော်အင်တို့ကို ဦးသိန်းဇော် (လွှတ်တော်အမတ်နှင့် ယခင်ဗိုလ် ချုပ်ဟောင်း) က စေလွှတ်ခဲ့ခြင်း ဖြစ်သည်။ |
| ၂။ | ၁-၈-၁၁ | လဂျားယန် ကျေးရွာ၊ ကချင် ပြည်နယ် | ဂွမ်မော်၊ လနန် | ဗိုလ်မှူးကြီး သန်းအောင် | အစိုးရအနေနှင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အပစ်အခတ် ရပ်စဲရန်၊ တိုင်းရင်းသား အင်အားစု များ အားလုံးနှင့် ဆွေးနွေးညှိနှိုင်း မှုပြုရန် KIO က တောင်းဆိုသည်။ အစိုးရက KIO ကို အပစ်အခတ် ရပ်စဲရေး လက်မှတ်ရေးထိုးစေ လို သည်။<br><br>သဘောတူညီမှု မရပေ။ သို့သော် လည်း နှစ်ဖက်စလုံးက ဆက်လက် ဆွေးနွေးရန် သဘောတူညီကြသည်။ |

| စဉ်။ | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၃။ | ၁-၁၁-၁၁ | ရွှေလီ၊ တရုတ်နိုင်ငံ | ဆွမ်လွတ်ဂမ် | ဦးအောင်မင်း | အစိုးရက KIO ကို အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးရန် ဆက်လက်တိုက်တွန်းသော်လည်း၊ KIO က ငြင်းပယ်သည်။ ဆွေးနွေးပွဲ ၂-နာရီ ကြာမြင့်သည်။ |
| ၄။ | ၁၉-၁၁-၁၁ | မယ်ဆိုင်၊ ထိုင်းနိုင်ငံ | အဲန်ဘန်လ | ဦးအောင်မင် | အလွတ်သဘော တွေ့ဆုံမှုဖြစ် သည်။<br><br>အခြားပါဝင်ဆွေးနွေးကြသူများတွင် မြန်မာ အီးဂရက်စ်အဖွဲ့မှ ဦးနေဝင်းမောင်၊ ဒေါက်တာကျော်ရင် လှိုင်၊ ဦးတင်မောင်သန်း၊ မြန်မာ ပညာရှင်များ၊ ဘရပ်ဆဲ အခြေစိုက် ယူရို-ဘာမားရုံး၏ အမှုဆောင် ဒါရိုက်တာ ဦးဟန်ညောင်ဝေတို့ ပါဝင်သည်။ |
| ၅။ | ၂၉-၁၁-၁၁ | ရွှေလီ၊ တရုတ်နိုင်ငံ | လန်ယော် ဇောင်းဟရား | ဦးအောင်မင် | ကိုယ်စားလှယ် အပြည့်အစုံပါဝင်သည့် နှစ်ဖက်ဆွေးနွေးမှု ဖြစ်သည်။ မည်သည့်သဘောတူညီချက်မှ ရရှိ ခြင်း မရှိပေ။<br><br>အခြား KIO ကိုယ်စားလှယ်များမှာ ဗိုလ်မှူးကြီး လဖိုင်ဇော်ရော်၊ ဒု-ဗမက လဖိန်ဂျီနောင်၊ ဒု-ဗမက မရန် ဇော်တောင်၊ ဆမ်လွတ် ဂန်၊ လမား ဂမ်ဖန် တို့ ပါဝင်သည်။ |
| ၆။ | ၁၈-၁-၁၂ | ရွှေလီ၊ တရုတ်နိုင်ငံ | လနန် | ဦးအောင်သောင်း | မည်သည့်သဘောတူညီချက်မှ ရရှိ ခြင်း မရှိပေ။<br><br>စကားပြောဆိုဆွေးနွေးနေစဉ်တွင် မြန်မာအစိုးရတပ်များက သူတို့၏ ရှေ့တန်းစခန်းများကို တိုက်ခိုက် သည်ဟု KIO က ပြောဆိုသည်။ |
| ၇။ | ၈-၃-၁၂ | ရွှေလီ၊ တရုတ်နိုင်ငံ | ဆွမ်လွတ်ဂမ် | | ၃-ရက်ကြာ ဆွေးနွေးပွဲ ဖြစ်သည်။ မည်သည့်သဘောတူညီချက်မှ ရရှိ ခြင်း မရှိပေ။ သို့သော် ပူးတွဲကြေညာချက်ထုတ်ပြန်နိုင်ပြီး၊ ယေဘုယျအား ဖြင့် အချက် ၅-ချက်ကို သဘောတူ ညီကြသည်။ ၎င်းတို့မှာ- နိုင်ငံရေး ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ရန်၊ ယုံကြည်မှု တည်ဆောက်ရန်၊ တပ်အင်အား လျှော့ချရန်၊ ပဋိပက္ခဖြစ်ပွား နေသော ဇုန်အတွင်း စစ်ရေး လှုပ်ရှားမှုများ တွင် ပူးပေါင်းဆောင်ရွက်မှု များ လုပ်ရန်တို့ ပါဝင်ကြသည်။ |

| စဉ်။ | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၈။ | ၁၂-၃-၁၂ | ရွှေလီ၊ တရုတ်နိုင်ငံ | ဂွမ်မော် | ဦးအောင်သောင်း | မည်သည့်သဘောတူညီချက်မှ ရရှိ ခြင်း မရှိပေ။ |
| ၉။ | ၂၁-၀၅-၁၂ | ချင်းရိုင်၊ ထိုင်းနိုင်ငံ | ဂွမ်မော် | ဦးအောင်မင်း | အလွတ်သဘော တွေ့ဆုံမှု ဖြစ်သည်။ |
| ၁၀။ | ၂၀-၆-၁၂ | မိုင်ဂျာယန်၊ ကချင် ပြည်နယ် | ဂွမ်မော် | ဦးအောင်မင်း | နောက်တစ်ကြိမ်ဆွေးနွေးပွဲတွင် ဒုတိယ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း အပါ အဝင်၊ အဓိပ္ပါယ်ရှိသည့် ဆွေးနွေးမှု များ ဆက်လက်ပြုလုပ်သွားရေး အတွက် သဘောတူညီကြသည်။ ဦးအောင်မင်းက စစ်တပ် ၂-ခု အကြား ခြားနားစေရန်၊ စစ်တပ် အခြေစိုက်စခန်းများ ရွှေ့ပြောင်း နေရာချထားရေး အစီအစဉ်ကို အဆိုပြု တင်ပြခဲ့သည်။ |
| ၁၁။ | ၃၀-၁၀-၁၂ | ရွှေလီ၊ တရုတ်နိုင်ငံ | ဆွမ်လွတ်ဂမ် | ဦးအောင်မင်း | ဆက်လက်ဆွေးနွေးရန်၊ နောက်ထပ် နိုင်ငံရေးအရ ဆွေးနွေးမှုများပြုလုပ် သွားရန် သဘောတူ ညီမှုရသည်။ |
| ၁၂။ | ၄-၂-၁၃ | ရွှေလီ၊ တရုတ်နိုင်ငံ | ဆွမ်လွတ်ဂမ် | ဦးအောင်မင်း | ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဆက်လက် ပြုလုပ်ရန် ပူးတွဲကြေညာချက် ထုတ် ပြန်နိုင်သည်။ တရုတ်အစိုးရ အရာရှိ များပါဝင် တက်ရောက်သည်။ |

## တွေ့ဆုံဆွေးနွေးရေး ဖိတ်ကြားခဲ့မှုအပေါ် ငြင်းပယ်မှုများ

၂၀၁၁ ခုနှစ်၊ ဖွန်လ ၁ ရက်။ KIO က နိုင်ငံရေးအရ ဆွေးနွေးမှုများပြုလုပ်ရန် တောင်းဆိုပြီး၊ KIA ထိန်းချုပ်ဒေသနှင့် နီးစပ်သည့်ဒေသများမှ အစိုးရတပ်များ ရုပ်သိမ်းပေးရန်ကိစ္စကို နောက်ထပ်ဆွေးနွေးပွဲများမတိုင်မီ ကြိုတင် သတ်မှတ်ချက် အနေ နှင့် တောင်းဆိုသည်။ အစိုးရ ကိုယ်စားလှယ်အဖွဲ့က ပယ်ချသည်။

၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၉ ရက်။ KIO က ဗန်းမော်တွင် စီစဉ်ထားသည့် ဆွေးနွေးပွဲသို့ တက်ရောက်ရန် ငြင်းပယ်သည်။ အကြောင်းမှာ ၎င်းရက်သတ္တပတ်အတွင်း အစိုးရက လိုင်ဇာအနီး ထိုးစစ်များပြုလုပ်လာသည့်အတွက်ကြောင့် ဖြစ်သည်။ တပ်မတော် (ကြည်း) ဒု- ဦးစီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းလည်း ၎င်းဆွေးနွေးပွဲကို တက်ရောက်ရန် ရှိသည်။

၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့။ နေပြည်တော်တွင် အစိုးရငြိမ်းချမ်းရေး ဆွေးနွေးရန် ကမ်းလှမ်းမှုကို KIO က ပယ်ချခဲ့သည်။ ၎င်းတို့၏ ဌာနချုပ်ဝိုင်းပတ်ခံနေရသည့်အချိန်တွင် နိုင်ငံ၏မြို့တော်တွင် ဆွေးနွေးရန် မဖြစ်နိုင်ဟု ဆိုသည်။

၂၀၁၂ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့၊ မြစ်ကြီးနားတွင် စတုတ္ထအကြိမ် ဆွေးနွေးပွဲကို ငြင်းပယ်သည်။ ပြောရေးဆိုခွင့်ရှိသူ ဦးလနန်က ပြောကြားရာ၌၊ အစိုးရက ၎င်းတို့၏ဒေသအတွင်း စစ်ရေးအရှိန်အဟုန်မြှင့်လာသည့် အခြေအနေ၊ KIO ၏ ဌာနချုပ် လိုင်ဇာအနီး အစိုးရတပ်အင်အားဖြည့်တင်းလာနေသည့် အခြေအနေ၌ မြစ်ကြီးနားတွင် တွေ့ဆုံဆွေးနွေးရန်

မဖြစ်နိုင်ဟု ဆိုသည်။ KIO ရှေ့တန်းစခန်းများကို တိုက်ခိုက်ရန် ပြင်ဆင်နေသည်ဟု ဆိုသည်။

## ဖြစ်ပေါ်တိုးတက်မှုများ

KIO အဖွဲ့က UNFC မှတဆင့် အစိုးရနှင့် ဆက်လက်ဆွေးနွေးရန်နှင့် မြန်မာနိုင်ငံပြင်ပ အစိုးရထိန်းချုပ်ဒေသ ပြင်ပတွင် ဆက်လက်ဆွေးနွေးရန် သဘောတူညီသည်။ (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

သူတို့က တရားဝင် နိုင်ငံရေးအရ ဆွေးနွေးပွဲများကို အလိုရှိပြီး၊ အပစ်အခတ် ရပ်စဲရေးဆွေးနွေးပွဲများတွင် မပါဝင်လိုကြပေ။ KIO တို့က ၁၉၄၇ ခုနှစ်တွင် ကျင်းပခဲ့သည့် ပင်လုံညီလာခံကဲ့သို့သော တိုင်းရင်းသားအားလုံး ပါဝင်မှုရှိသည့် တိုင်းရင်းသား ညီလာခံကြီးတစ်ရပ်အတွက် တိုက်တွန်းတောင်းဆိုနေကြပြီး၊ ကျယ်ပြန့်သော တိုင်းရင်းသားအရေး ပြဿနာများ၊ နိုင်ငံရေး ပြဿနာများကို ၎င်းညီလာခံတွင် အစိုးရနှင့် ဆွေးနွေးနိုင်ကြမည် ဖြစ်သည်။ ဤသို့ဆွေးနွေးရာတွင် နှစ်ဖက်ရှိနေသည့် အကျဉ်းသားများ ပြန်လွှတ်ပေးရေးနှင့် ရေရှည်ပြည်တွင်းစစ်ကြောင့် အိုးအိမ်အခြေမဲ့ရသည့်ရွာများကို ပြန်လည်နေရာချ ထားရေး ကိစ္စများလည်း ဆွေးနွေးနိုင်မည်ဟု မျှော်လင့်ထားသည်။

၂၀၁၂ ခုနှစ်၊ ဇူလိုင်လတွင် သတင်းများအရ အစိုးရက ပုဒ်မ ၁၇/၁ KIO ကို မတရားအသင်းအဖြစ် ကြေညာထားခြင်းကို ပြန်လည်ရုပ်သိမ်းပေးရန် ဆုံးဖြတ်ခဲ့သည်ဟု သိရသည်။ သို့သော်လည်း စစ်တပ်နှင့် ရဲအရာရှိများက လူများကို ပုဒ်မ ၁၇/၁ နှင့် ဆက်လက်ဖမ်းဆီးနေဆဲ ဖြစ်ပြီး ဤသို့ စွပ်စွဲခံရပါက ပြန်လည်လွတ်မြောက်သည်ဟူ၍ မရှိကြပေ။

KIO နှင့် မြန်မာအစိုးရနှင့် နီးစပ်သူ ငြိမ်းချမ်းရေးအကျိုးဆောင်များက လွယ်ဂျယ်မြို့နယ်၊ ပရန်ဂေါင်ကျေးရွာတွင် "တရားမျှတမှုနှင့် တွေ့ဆုံဆွေးနွေးရေး စင်တာ" (Justice and Negotiation Center) ကို ဖွင့်လှစ်ခဲ့ကြပြီး၊ ၎င်းစင်တာမှာ နောက်နောင် ဆွေးနွေးပွဲများတွင် အသုံးချနိုင်ရန် ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ပတ်သက်သည့် မှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းပေးထားကြမည် ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ လူတိုင်းက လာရောက်အကြံပြုနိုင်မည့် နေရာ ဌာနတစ်ခုလည်း ဖြစ်သည်။ (၁၈-၉-၂၀၁၂) သို့သော်လည်း ၎င်းစင်တာကို ငြိမ်းချမ်း ရေးဆွေးနွေးပွဲများအတွက် အသုံးမပြု ကြရသေးပေ။

## ထိတွေ့ တိုက်ပွဲများ

KIO အဖွဲ့၏ အဆိုအရ ထိတွေ့တိုက်ပွဲပေါင်း (၂၄၀၀) ဖြစ်ပွားခဲ့ပြီး၊ အစိုးရဖက်ကမူ ၁၀၉၅ ကြိမ် ရှိသည်ဟု ဆိုသည်။

- ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလမှစ၍ KIO စစ်သားပေါင်း ၇၀၀ ခန့် ကျဆုံးခဲ့ရသည်ဟု ဆိုသည်။ (အစိုးရနှင့် နီးစပ်သည့် အမည်မဖော်လိုသည့် သတင်းရင်းမြစ်ထံမှ ပြောဆိုခြင်း ဖြစ်သည်။) ယုံကြည်ရသည်မှာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် လိုင်ဇာဌာနချုပ်အနီး KIO စခန်းများကို ထိုးစစ်အကြီးအကျယ် ဆင်နွှဲစဉ် ထိခိုက်ကျဆုံးရဖွယ် ရှိ သည်။ KIO ၏ တရားမဝင်ခန့်မှန်းချက်အရ အစိုးရတပ်သား ကျဆုံးမှု ၅၀၀၀ မှ ၁၀၀၀၀ အကြား ရှိနိုင်သည်ဟု ဆိုသည်။ (အမည်မဖော်လိုသည့် KIO နှင့် နီးစပ်သူ သတင်းရင်းမြစ်မှ ပြောဆိုခြင်း ဖြစ်သည်။)

- (အစိုးရ ကိန်းဂဏန်းများအရ) အစိုးရစစ်သား ၃၅ ဦး သေဆုံးပြီး ၁၉၀ ဦး ဒဏ်ရာရရှိသည်။

- အထွေထွေသော သတင်းရင်းမြစ်များအရ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းစခန်းများတွင် ရွှေ့ပြောင်း ဒုက္ခသည် IDPs တစ်သိန်းခန့် ရှိနေသည်။

- မန္တလေး-မြစ်ကြီးနား ရထားလမ်းကို တိုက်ခိုက်မှု ၅၆ ကြိမ် ရှိသည်။ မြစ်ကြီးနား- ဆွမ်ပရာဘွမ်လမ်းကို တိုက်ခိုက်

မှ ၁၅ ကြိမ်နှင့် မြစ်ကြီးနား-ဗန်းမော်လမ်းတွင် တိုက်ခိုက်မှု ၄၂ ကြိမ် ရှိသည်။ (အစိုးရသတင်းရင်းမြစ်)

- ဆက်သွယ်ရေး တာဝါတိုင်များကဲ့သို့သော အခြေခံယန္တယားများကို တိုက်ခိုက်မှု၊ လျှပ်စစ် ကောင်းကင်ကြိုးတန်း ဂရစ်အပေါ် တိုက်ခိုက်မှု ၁ ကြိမ်၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံအပေါ် တိုက်ခိုက်မှု ၁ ကြိမ် ရှိခဲ့သည်။ (အစိုးရ သတင်းရင်းမြစ်)

## မဟာမိတ်ဖွဲ့စည်း ဆောင်ရွက်မှု

၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်များက KIO/KIA ထိပ်တန်းခေါင်းဆောင်များနှင့် လိုင်ဇာတွင် တွေ့ဆုံဆွေးနွေးမှု ပြု ခဲ့သည်။ (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)

နိုင်ငံတကာ လေ့လာစောင့်ကြည့်သူများ
Euro Burma Office (ယူရို ဘားမားရုံး) မှ ဟန်ညောင်ဝေ နှင့် ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် Center for Humanitarian Dialogue (လူသားချင်းစာနာမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများကိစ္စ ဗဟိုဌာန) မှ အခြားကိုယ်စားလှယ်များက အချို့သော ဆွေးနွေးပွဲများတွင် လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြသည်။

## ထုတ်ပြန်ကြေညာချက်များ

- နိုင်ငံတကာ အဖွဲ့အစည်းများ ရှေ့မှောက်တွင် သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် တောင်းဆိုသည်။ ဂျပန်နိုင်ငံက နိုင်ငံတကာကြားဝင်ဖြန်ဖြေသူအဖြစ် အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ဝင်ရောက်ပေးရန် တောင်းဆိုသည်။ (၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

- အစိုးရနှင့် ကချင်သူပုန်များက မြန်မာနိုင်ငံ မြောက်ပိုင်းဒေသတွင် ဖြစ်ပွားနေသည့် စစ်ပွဲများအတွက် အပြန် အလှန် စွပ်စွဲတိုက်ခိုက်မှုများ ပြုနေကြပြီး၊ သူပုန်ထိန်းချုပ်ရာ ဒေသများကို လေကြောင်းမှ တိုက်ခိုက်မှုမလုပ်ပါဟု အစိုးရက ငြင်းဆိုသည်။

- KIO အဖွဲ့က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံသို့ ကချင်ပြည်နယ် ပဋိပက္ခများတွင် ကြားဝင်ဖြန်ဖြေပေးပါရန် တောင်းဆိုခဲ့သည်။ ခန့်မှန်း အရေအတွက် ၇၅,၀၀၀ မျှရှိမည့် ပြည်တွင်းဒုက္ခသည်များ အတွက် လူသားချင်းစာနာမှု အကူအညီများ ပို့ပေးပါရန် တိုက်တွန်းခဲ့သည်။ (၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်၊ ၂၀၁၂ ခုနှစ် မေလ ၁ ရက်၊ ၂၀၁၂ ခုနှစ် မေလ ၁၅ ရက်)။ သူတို့က ပါဝင်ပတ်သက်နေသည့် အင်အား စုများ အားလုံးနှင့် နိုင်ငံတကာမိသားစုမှ ယခုပဋိပက္ခအပေါ် ဝိုင်းဝန်းအဖြေရှာကြပါရန် တောင်းဆိုခဲ့သည်။

- ထိုးစစ်များ ရပ်ဆိုင်းရန် တောင်းဆိုသည်။ (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နှင့် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

- အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဟန်ပြလုပ်ရပ်သာဖြစ်ကြောင်း၊ သူတို့က စစ်အင်အားများ ဆက်လက်ဖြည့် တင်းနေကြောင်း ပြောဆိုသည်။ (၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်)

- KIO အရာရှိတစ်ဦးက ပြောကြားရာ၌၊ ဆွေးနွေးပွဲများ ပျက်ပြားရသည့် အကြောင်းသည် မြန်မာအစိုးရ၏ ဝန်ကြီး အနေဖြင့် ယခု အင်အားစု ၂-ခုအကြား ဖြစ်နေသည့် တိုက်ပွဲများသည် နိုင်ငံရေးပြဿနာဟု လက်မခံသည့် အတွက်ကြောင့် ဖြစ်ကြောင်း ပြောဆိုသည်။ (၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် နှင့် ၂၀၁၂ ခုနှစ်၊

ဧပြီလ ၁၉ ရက်)

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်။ ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများနှင့် ပတ်သက်၍ KIO ၏ ထုတ်ပြန် ကြေညာချက်
http://www.myitkyina.blogspot.com/2013/02/01/%E1%80%BDstatement/

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်။ သမ္မတရုံး ထုတ်ပြန်ကြေညာချက်အပေါ် KIO က တုံ့ပြန်မှုဖြစ်ပြီး၊ ကချင်ပြည်နယ် အတွင်း ပဋိပက္ခများ ရပ်စဲနိုင်ရန် မြန်မာဖက်မှ ရပ်ဆိုင်းရမည်ဟု ဆိုသည်။
http://jingphawkasa.blogspot.com/2013/01/blog-post_5920.html

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်။ KIO က မြန်မာနိုင်ငံ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းထွန်းနောင် ၏ သတိပေးချက်ကို တုံ့ပြန်ခြင်း။
http://jingphawkasa.blogspot.com/2012/12/blog-post_25.htm

# ကရင်နီအမျိုးသား တိုးတက်ရေးပါတီ



လက်နက်ကိုင်တပ်ဖွဲ့။ ကရင်နီတပ်မတော်

အစိုးရက ခေါ်ဆိုသောအမည်။ KNPP

UNFC အဖွဲ့ဝင် ဖြစ်သည်။

အကျဉ်းချုပ်

တည်ထောင်သည့်နေ့စွဲ။ ၁၉၅၇ ခုနှစ်။

ဌာနချုပ်။ ညာမူ၊ ရှားတောမြို့နယ်၊ ကယားပြည်နယ်။ (ကရင်နီပြည်နယ်ဟုလည်း သိကြသည်။)

လှုပ်ရှားဒေသ။ လွိုင်ကော်၊ ရှားတော၊ ဟိုယာ (ဖရူးဆိုးမြို့နယ်)၊ ဒေါတမကြီး (ဒီမောဆိုးမြို့နယ်)။

ခန့်မှန်းအင်အား။ ၆၀၀+

ခေါင်းဆောင်။ ဒု-ဥက္ကဋ္ဌ အေဘယ် တွဲဒ်

KNPP ၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် ကရင်နီတပ်မတော်နှင့် မြန်မာအစိုးရတပ်တို့အကြား စစ်ပွဲများကြောင့်၊ လူထောင်ပေါင်းများစွာ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ကြရသည်။ ပြည်သူအများစုက ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ခိုလှုံနေထိုင်ကြရသည်။ နှစ် ၃၀ ကျော်ကြာ ရေရှည်ပြည်တွင်းစစ်ကြောင့် မိမိတို့မွေးရပ်ဒေသသို့ ပြန်ရန် မျှော်လင့်ချက်များကို လူအချို့ က စွန့်ပစ်ခဲ့ကြပြီး၊ တတိယနိုင်ငံများသို့ သွားရောက် အခြေချနေထိုင်ခဲ့ကြသည်။

## ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ (CEC)

ဒု-ဥက္ကဋ္ဌ- အေဘယ် တွဲဒ်
အတွင်းရေးမှူး ၁- ခူး ဦးရယ်
အတွင်းရေးမှူး ၂- ဦးအောင်ဆန်းမြင့်
စစ်ဦးစီးချုပ်- ဗိုလ်ချုပ် ဘီထူး
ဒု-စစ်ဦးချုပ်- ဗိုလ်ချုပ်အောင်မြတ်

အဖွဲ့ဝင်များ-
ခူးထဲဘူး
ခူး ဒဲနီရယ်
ခူး ရှားရဲ
ဦးရွှေမျိုးသန့်
ဒေးဒေးဖော

## ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

အပစ်အခတ် ရပ်စဲရေး သဘောတူညီမှုအသစ်။ မတ်လ ၇ ရက်၊ ၂၀၁၂ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးသော ၁၀ ဖွဲ့မြောက် အဖွဲ့ဖြစ်သည်။
အဆင့် ၂။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ။

## တရားဝင် ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

အလှည့်ကျ ဖြစ်သည်။

## ဆက်ဆံရေးရုံးများ

၁။ လွိုင်ကော် (၂၅-၇-၂၀၁၂)
၂။ ရှားတော (၁-၈-၂၀၁၂)
၃။ ဖားဆောင်း (၂၇-၇-၂၀၁၂)

## ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁။ | ၁၉-၁၁-၁၁ | ချင်းရိုင်၊ ထိုင်းနိုင်ငံ | ဗိုလ်ချုပ်ဘီထူး၊ ခူးဦးရယ် | ဦးအောင်မင်း | အလွတ်သဘော ပဏာမတွေ့ဆုံ ဆွေးနွေးမှု ဖြစ်ပြီး၊ ကယားပြည်နယ် လွိုင်ကော်တွင် နောက်ထပ်တွေ့ဆုံ ဆွေးနွေးမှုများ ပြုနိုင်ရန် စီစဉ်ကြခြင်း ဖြစ်သည်။<br><br>အကျိုးဆောင်များ- ဦးနေဝင်းမောင်၊ ဒေါက်တာကျော်ရင်လှိုင်၊ ဦးတင်မောင်သန်း၊ ဦးဟန်ညောင်ဝေ။ |
| ၂။ | ၁-၁၂-၁၁ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | ခူးဦးရယ် | ဦးအောင်မင်း | အကြို ပဏာမသဘောတူညီချက်ကို ဆွေးနွေးကြသည်။ |
| ၃။ | ၁-၂-၂၀၁၂ | လွိုင်ကော် | ခူးဦးရယ် | ဦးအောင်မင်း | ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရေး၊ KNPP အဖွဲ့ဝင်များ လွတ်လပ်စွာ သွားလာခွင့်ရှိရေးနှင့် ရွှေ့ပြောင်း ဒုက္ခသည်များ ပြန်လည်နေရာချထား ရေးကိစ္စများ ဆွေးနွေးကြသည်။ |

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၄။ | ၇-၃-၂၀၁၂ | လွိုင်ကော် | ခူးဦးရယ် | ဦးအောင်မင်း | ပြည်နယ်အဆင့် အချက် ၃ ချက်ပါ အပစ်အခတ်ရပ်စဲရေး သဘောတူညီ ညီချက် လက်မှတ်ထိုးသည်။<br><br>KNPP မှ ကိုယ်စားလှယ်များ-<br><br>စစ်ဦးစီးချုပ် ဘီထူး၊ ဗိုလ်မှူးကြီးဖုန်း နိုင်၊ သံဃာ ၇ ပါးနှင့် ခရစ်ယာန် သင်းအုပ်ဆရာတော် ၇ ဦး၊<br><br>နိုင်ငံတကာ အကျိုးဆောင်များ-<br><br>US မှ စစ်သံမှူး အင်ဒရူး ဝက်ဘ်စတာ၊ ဗြိတိသျှသံရုံး ဒု အတွင်းဝန် ဂျိုး ဖစ်ရှာ နှင့် ကုလ သမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာ မင်းကြီးရုံးမှ ကိုယ်စားလှယ် ဟာန်းစ် တင်ဖီးလ်ဒ် (Hans Ten Feld) |
| ၅။ | ၂၁-၀၄-၂၀၁၂ | မယ်ဟောင် ဆောင်၊ ထိုင်းနိုင်ငံ | ဒု-ဥက္ကဋ္ဌ အေဘယ် တွိဒ်၊ ခူးဦးရယ် | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် ပဏာမအကြို ဆွေးနွေးမှု |
| ၆။ | ၉-၆-၂၀၁၂ | လွိုင်ကော် | ခူးဦးရယ် | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် အချက် ၁၄ ချက်ပါ သဘော တူညီချက် လက်မှတ်ရေးထိုးသည်။<br><br>စစ်ရေးနှင့် ပတ်သက်၍ သဘော တူညီချက် ရရှိနိုင်ခြင်း မရှိ။<br><br>KNPP မှ ကိုယ်စားလှယ်များ-<br><br>စစ်ဦးစီးချုပ် ဘီထူး၊ ဗိုလ်မှူးကြီး ဖုန်းနိုင်၊ ခူးထဲဘူး နှင့် ဦးအောင်ဆန်းမြင့်။<br><br>အစိုးရကိုယ်စားလှယ်များ-<br><br>ရထားဝန်ကြီး ဦးအောင်မင်း၊ စွမ်းအင် ဝန်ကြီး ဦးသန်းဌေး၊ လျှပ်စစ်ဝန်ကြီး ဦးခင်မောင်စိုး၊ ပြည်ထောင်စုအဆင့် ဒု- တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နယ်စပ်ရေးရာဝန်ကြီး ဗိုလ်ချုပ်ဇော် ဝင်း၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ရှမ်း အရှေ့ပိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးထွန်း၊ ဒကစ (လွိုင်ကော်) မှူး ဗိုလ်မှူးချုပ် ဝင်းမြင့်၊ စစ်ဦးစီး-ပထမတန်း ဒု ဗိုလ်မှူးကြီး ဝင်းထွန်းလင်း။ |

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်<br>အဖွဲ့<br>ကိုယ်စားလှယ် | အစိုးရ<br>ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၇။ | ၁၀-၁၁-<br>၂၀၁၂ | ချင်းမိုင်<br>ထိုင်းနိုင်ငံ | အေဘာယ် တွိဒ် | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲ<br><br>လာမည့်ဆွေးနွေးပွဲအတွက် အလွတ်သဘောဆွေးနွေးမှု ဖြစ်သည်။<br><br>KNPP ကိုယ်စားလှယ်များ-<br><br>အထွေထွေ အတွင်းရေးမှူး ခူးဦးရယ်၊ ဒု-အထွေထွေ အတွင်းရေး မှူး ဦးအောင်ဆန်းမြင့်၊ စစ်ဦးစီးချုပ် ဘီထူး။<br><br>(အစိုးရနှင့် ဆက်စပ်သည့်) အကျိုးဆောင်များ-<br><br>ဦးလှမောင်ရွှေ၊ ဦးညိုအုန်းမြင့် |

## ဖြစ်ပေါ်တိုးတက်မှုများ

သဘောတူညီသည့် အချက်များ

ပြည်နယ်အဆင့်

၁။ အပစ်အခတ် ရပ်စဲရေး

၂။ ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရေး

၃။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် တရားဝင်ကိုယ်စားလှယ်အဖွဲ့ ဖွဲ့စည်းခြင်း။ ရက်၊ အချိန်၊ နေရာများ သတ်မှတ်ခြင်း။

## ပြည်ထောင်စုအဆင့်

၁။ ထိန်းချုပ်ရာ နေရာများ သတ်မှတ်ခြင်း၊ စစ်စခန်းအခြေပြုရာ နေရာများ၊ တပ်ရွှေ့ပြောင်းသွားလာမှုနှင့် ပတ်သက်၍ ဆွေးနွေးသွားရန်။

၂။ ပင်လုံစာချုပ်ပါ အချက်များကို လိုက်နာသွားရန်။

၃။ တိုင်းရင်းသား အပစ်အခတ်ရပ်စဲရေး အဖွဲ့များ၊ အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ဆွေးနွေးသွားရန်။

၄။ နှစ်ဖက်စလုံးမှ လက်ခံနိုင်သော ပုဂ္ဂိုလ်များဖြင့် ဒေသခံ အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာရေး ဒေသခံအဖွဲ့ ဖွဲ့စည်းသွားရန်။

၅။ နှစ်ဖက်စလုံးမှ လက်ခံနိုင်သော ပုဂ္ဂိုလ်များနှင့် လေ့လာသူများအဖွဲ့ ဖွဲ့စည်းသွားရန်။

၆။ ကယားပြည်နယ် နေရာအားလုံးတွင် တိုက်ခိုက်မှုများ ရပ်ဆိုင်းရန် သဘောတူညီသည်။

၇။ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဖွံ့ဖြိုးရေး ကိစ္စများတွင် နိုင်ငံတကာ အဲန်ဂျီအိုများ၊ ဒေသခံ အဲန်ဂျီအိုများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ ကယားပြည်နယ်အစိုးရနှင့် ဆက်သွယ်ဆောင်ရွက်သွားရန်။

၈။ ကယားပြည်နယ်အစိုးရက လေ့လာသူအဖွဲ့ ဖွဲ့စည်း၍ အစိုးရ စစ်သင်တန်းကျောင်း ဆောက်လုပ်မည့်ကိစ္စအပေါ် ပြည်သူ လူထုသဘောထားကို လေ့လာစစ်တမ်းကောက်ယူသွားရန်။

၉။ KNPP အဖွဲ့ဝင်များနှင့် ဆက်စပ်၍ ဖမ်းဆီးခံထားရသူများအားလုံးကို လွှတ်ပေးရန်။

၁၀။ KNPP အနေဖြင့် အစိုးရ၏ လူ့အခွင့်အရေးကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပြီး၊ နှစ်ဖက်စလုံးအနေဖြင့် ဒေသ ဆိုင်ရာ လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအုပ်စုများကို ဖွဲ့စည်းသွားရန် သဘောတူညီသည်။

၁၁။ ပြည်နယ်၊ ပြည်ထောင်စုအဆင့် အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်၍ မူးယစ်ဆေးဝါး ထုတ်လုပ်မှုများကို နှိမ်နင်းသွားမည်။ မူးယစ်ဆေးဖြတ် ပြန်လည်ထူထောင်ရေးစခန်းများကို အကောင်အထည်ဖော်သွားမည်။

၁၂။ နှစ်ဖွဲ့စလုံးက ပြည်တွင်းဒုက္ခသည်များ စနစ်တကျ ပြန်လည်နေရာချထားနိုင်ရေးအတွက် ဆွေးနွေးသွားမည် ဖြစ်သည်။ အစိုးရက KNPP မိသားစုဝင်များ ပြန်လည်နေရာချထားရေးအတွက် ကူညီပံ့ပိုးသွားမည်၊ စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန် ကူညီသွားမည် ဖြစ်သည်။

၂၀၁၂ ခုနှစ်၊ မတ်လတွင် KNPP က အချက် ၂၀ ပါ ၎င်းတို့၏ရပ်တည်ချက်စာတမ်းကို ပြည်ထောင်စုအစိုးရက စဉ်းစားနိုင်ရန် တင်ပြခဲ့သည်။ မေလတွင် ၎င်းအချက်မှ ၁၄ ချက်ကို မူအရ သဘောတူညီကြသည်။ တပ်ဖွဲ့များ နေရာခွဲခြားချထားရေး ကိစ္စ၊ ကယားပြည်နယ်အတွင်း ဆောက်လုပ်နေသော စီမံကိန်းကြီးများ စသည့် အငြင်းပွားဖွယ်ကိစ္စများလည်း ကျန်ရှိနေသေးသည်။ KNPP ၏ ထုတ်ပြန်ကြေညာချက်တွင် နိုင်ငံရေးအဖွဲ့အစည်းအနေဖြင့် ၎င်းတို့၏နယ်မြေအတွင်းရှိ ပြည်သူများ၏ လူနေမှုဘဝ မြင့်မားရေးအတွက် အလေးပေးဆောင်ရွက်သွားမည် ဖြစ်သည်။

## ဆက်လက် တည်ရှိနေဆဲ ပြဿနာများ

၁။ သံလွင်ဆည် (ရွာသစ် ရေအားလျှပ်စစ်စီမံကိန်း)

၂။ ကယားပြည်နယ်မှ အစိုးရတပ်များ ပြန်လည်ရုပ်သိမ်းရေး

၃။ စစ်တပ် သင်တန်းကျောင်းကို လူမှုရေးစင်တာ ဌာနတစ်ခုအဖြစ်သို့ ပြောင်းလဲသွားရန် KNPP က တောင်းဆိုသည်။

၄။ ပြည်နယ်တွင်း စီမံကိန်းကြီးများကို သေချာစောင့်ကြည့်လေ့လာနိုင်ရန် အရပ်ဖက်လူမှု အဖွဲ့အစည်း (CBO) များက လေ့လာရေးအဖွဲ့များ စုဖွဲ့သွားရေးကိစ္စ။

## ဆက်လက်ဖြစ်ပွားနေဆဲ ထိတွေ့တိုက်ပွဲများ

၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင်၊ အစိုးရတပ်ဖွဲ့များနှင့် KNPP တပ်ဖွဲ့ဝင်များအကြား မော်ချီးဒေသအနီးတွင် ထိတွေ့တိုက်ပွဲ ဖြစ်ပွားသည်။ လာမည့်ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် စစ်ရေးပြဿနာ ဆွေးနွေးသဘောတူညီချက်ရရန် အရေးကြီး ကြောင်း အထင်အရှား ပြသနေသည်။
http://www.bnionline.net/index.php/news/kantarawaddy/13840-karenni-peace-talks-must-include-two-key-points-to-preserve-ceasefire.html

ကယားပြည်နယ်အတွင်းတွင် မြန်မာ့တပ်မတော် တပ်ရင်း ၁၄ ခု အမြဲတမ်း အခြေစိုက်ထားသည်။ ထို့အပြင် အိမ်နီးချင်း ရှမ်းပြည်နယ်မှ အလှည့်ကျလာနေသော တပ်ရင်း ၆ ခုလည်း ရှိသေးသည်။ ထို့အပြင် ရွာသစ်ဆည်အတွက်

လုံခြုံရေး တာဝန်ယူနေသည့် အထူးတပ်ရင်းတစ်ရင်းလည်း ရှိနေသည်။ တိုက်ခိုက်မှုများ ရပ်စဲပြီးသည့်နောက်တွင် အစိုးရစစ်သားများ က သူတို့စခန်းအခြေစိုက်ရာအနီးရှိ ကျေးရွာများသို့ မကြာခဏဆိုသလို ရောက်လာကြသည်။ ယခင်စည်းမျဉ်းများအရ စစ်သားများသည် တာဝန်ချိန်မဟုတ်သော်လည်း နံနက် ၄ နာရီမှ ၉ နာရီအကြား တပ်တွင်း၌ပင် ရှိနေရမည်ဟုပြဌာန်း ထားသည်။ ယခုအခါ စစ်သားများသည် ရွာထဲသို့ ညအိပ်ညနေပင် ရောက်လာတတ်ကြကြောင်း ကျေးရွာသားများက ဖော် ပြကြသည်။ ဤသို့ ဆက်ဆံရေးတိုးများလာမှုကြောင့် ယုံကြည်မှု ပိုမိုတည်ဆောက်နိုင်ဖွယ်ရှိ သော်လည်း၊ တပ်ဖွဲ့များနှင့် ပိုမို ထိတွေ့ဆက်ဆံလာရမှုကြောင့် စိုးရိမ်စိတ်များကိုလည်း တိုးလာစေသည်။ (TBC ၂၀၁၂ ခုနှစ်)

## ထုတ်ပြန်ကြေညာချက်များ

၂၀၁၂ ခုနှစ်၊ မတ်လ ၃ ရက်။ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများနှင့် ပတ်သက်၍ KNPP ၏ ထုတ်ပြန်ကြေညာချက်။
http://www.burmapartnership.org/wp-content/uploads/2012/03/KNPP-Statement-onCFTalks_Page_1-733x1024.jpg

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်။ ဒေါ်အောင်ဆန်းစုကြည်၏ တောင်းဆိုမှုအပေါ် ထုတ်ပြန်ကြေညာချက်
http://www.burmapartnership.org/wp-content/uploads/2011/08/Page-1-from-Statement-onDASSKCall-1.jpg

၂၀၁၂ ခုနှစ်၊ ဖွန်လ ၁ ရက်။ နေပြည်တော်က တင်ပြလာသော "ငြိမ်းချမ်းရေးလမ်းပြမြေပုံ" သည် အောင်မြင်ဖွယ် မရှိကြောင်း KNPP က ပြောဆိုလိုက်သည်။ တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) မှ တင်ပြသည့် မဟာမိတ်အဖွဲ့အစည်းများကို အခြေပြုသည့် မူဝါဒသည်သာ ရေရှည် အပစ်အခတ်ရပ်စဲရေး တည်မြဲစေနိုင်မည် ဖြစ်သည်။
http://www.irrawaddy.org/archives/5810

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ၊ ၃၁ ရက်။ အစိုးရက အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ပြုရန်၊ ပဋိပက္ခများကို ဖြေရှင်းရန်နှင့် တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများနှင့် အပစ်အခတ် ရပ်စဲရေးပြုရန် KNPP က တောင်းဆိုလိုက်သည်။
http://www.burmapartnership.org/2011/07/statement-on-daw-suus-call/

## မဟာမိတ်ဖွဲ့စည်း ဆောင်ရွက်မှုများ

KNPP, KNLP (ကယန်းပြည်သစ်ပါတီ) KNPLF (ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေး တပ်ဦး) တို့ ကျန်းမာရေး အစီအစဉ်များနှင့် ပတ်သက်၍ ပူးတွဲဆောင်ရွက်နေသည်။

စစ်မှန်သည့် ပြည်ထောင်စုထူထောင်နိုင်ရန် ၈၈ မျိုးဆက် ကျောင်းသားများအင်အားစုနှင့် KNPP တို့ ပူးပေါင်းဆောင်ရွက် သွားကြမည် ဖြစ်သည်။ ဤပြည်ထောင်စုတွင် တိုင်းရင်းသားလူမျိုးများအနေဖြင့် သူတို့၏အခွင့်အရေးကို ပြဌာန်းနိုင်ရန် အာဏာအပြည့်အဝ ရှိကြမည် ဖြစ်သည်။ ကိုမြအေး ခေါင်းဆောင်သော ၈၈-မျိုးဆက်ကျောင်းသားအဖွဲ့က KNPP ၏ လွိုင်ကော် ဆက်ဆံရေးရုံး၌ KNPP ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ လက်ရှိနိုင်ငံရေး အခြေအနေများကို ဆွေးနွေးကြသည်။ (၁၁-၉-၁၂)။ အချက် ၆-ချက်ပါ ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့ပြီး၊ ၎င်းတွင် စစ်မှန်သော ငြိမ်းချမ်းရေး ဆွေးနွေးမှုများပြုလုပ်ရန်၊ အစိုးရအနေဖြင့် ကချင်ပြည်နယ်အတွင်း တိုက်ခိုက်နေမှုများ အားလုံး အမြန်ဆုံးရပ်ဆိုင်းရန် တောင်းဆိုထားသည်။ ၎င်းတို့ ၂-ဖွဲ့သည် ဒီမိုကရေစီလိုလားသည့် အင်အားစုများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံအမတ်ကြီး ဒဲရစ်မစ်ချယ် နှင့် ပဋိပက္ခနှင့် တည်ငြိမ်စေရေး ဆောင်ရွက်ရေးဗျူရိုမှ ဒု-လက်ထောက်အတွင်းဝန် ဂျယ်ရီ ဂိုက်တို့သည် လွိုင်ကော်တွင် KNPP ကိုယ်စားလှယ်အဖွဲ့နှင့်

တွေ့ဆုံ၍ အစိုးရနှင့် KNPP အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ တိုးတက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ အမေရိကန် ပြည်ထောင်စုက လူသားချင်းစာနာသည့် အကူအညီများ ပေးအပ်သွားမည်ဟု သံအမတ်ကြီးက ပြောသည်။ ပြည်နယ်အတွင်း မြေမြှုပ်မိုင်းများ ဖယ်ရှားရေးကိစ္စကိုလည်း ဆွေးနွေးခဲ့ကြသည်။ (၂၆-၁၀-၂၀၁၂)

## စီးပွားရေး အခွင့်အလမ်းများ

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလမှ စတင်၍ KNPP က Kayah Land ကုမ္ပဏီ (ခဲထုတ်လုပ်သည်) နှင့် တမော့ထာ ကုမ္ပဏီ (ကျွန်းသစ်ထွက်ကုန်များကို သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်း ဆောင်ရွက်သည်) တို့ကို ထူထောင်ခဲ့သည်။

# ကရင်အမျိုးသား အစည်းအရုံး



အစိုးရက ခေါ်ဆိုသည့်အမည်။ Kayin National Union (KNU)

လက်နက်ကိုင်တပ်ဖွဲ့။ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA)





http://www.karennationalunion.net/

UNFC အဖွဲ့ဝင် ဖြစ်သည်။

## အကျဉ်းချုပ်

တည်ထောင်သည့်နေ့စွဲ။ ၁၉၄၇ ခုနှစ်။

ဌာနချုပ်။ ရွှေပြောင်း ဌာနချုပ်။

လှုပ်ရှားဒေသ။ သံတောင်၊ တောင်ငူ၊ ညောင်လေးပင်၊ လှိုင်းဘွဲ့၊ ဘားအံ၊ ဖာပွန်၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ ကျိုက်ဒုံမြို့နယ်များနှင့် တနင်္သာရီ တိုင်းဒေသကြီး မြောက်ပိုင်းဒေသများ။

ခန့်မှန်းအင်အား။ ၅, ၀၀၀+
ခေါင်းဆောင်။ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး

KNU သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် လက်နက်ကိုင်တိုက်ခိုက်နေပြီး၊ ကမ္ဘာ့အရှည်ကြာဆုံးသော ပြည်တွင်းစစ်ကို ဆင်နွှဲနေသည့် အဖွဲ့ဖြစ်သည်။ ၁၉၄၈ ခုနစ်တွင် မြန်မာနိုင်ငံ ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရပြီးနောက်ပိုင်း၊ ကရင် အမျိုးသား ကာကွယ်ရေးအဖွဲ့ (KNDO) ကို ဖွဲ့စည်း၍ ဗဟိုအစိုးရကို တိုက်ခိုက်ခဲ့သည်။ နောက်ပိုင်းတွင် အမည်ကို ကရင်အမျိုးသားအစည်းအရုံး (KNU) အဖြစ် ပြောင်းလဲခဲ့သည်။

## ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ (CEC)

ဥက္ကဋ္ဌ။ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး
ဒု-ဥက္ကဋ္ဌ။ နော် စီဖိုးရာစိန်
အထွေထွေအတွင်းရေးမှူး။ ဖဒို စောကွယ်ထူးဝင်း
အတွင်းရေးမှူး -၁။ ဖဒို စောသောသီဘွဲ

အတွင်းရေးမှူး-၂။ ဖဒိုမန်း မန်းမန်း
ကာကွယ်ရေးဌာန။ ဗိုလ်မှူး စောရော်ဂျာခင်
စစ်ဦးစီးချုပ်။ ဗိုလ်မှူးချုပ် စောဂျော်နီ
ဒု-စစ် ဦးစီးချုပ်။ ဗိုလ်မှူးချုပ် ဘောကျော်ဟဲ

## အဖွဲ့ဝင်များ

ဖဒို စောသမိန်ထွန်း၊ CEC
ဖဒို မန်းငြိမ်းမောင်၊ CEC
ဖဒို တာဒိုမူး၊ CEC

## ဌာန ခေါင်းဆောင်များ

ဖဒို မန်းဘထွန်း၊ သစ်တောဌာန။
ဖဒို ကော်ကဆာ စောနေစိုး၊ သယ်ယူပို့ဆောင်ရေးဌာန။
ဖဒို စောအယ်ကလူ ရွှေဦး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန။
ဖဒို စောလှထွန်း၊ စည်းရုံးရေးနှင့် သတင်းပြန်ကြားရေးဌာန။
ဖဒို စောလာစေး၊ ပညာရေးနှင့် ယဉ်ကျေးမှုဌာန။
ဖဒို စောမြမောင်၊ မွေးမြူရေးနှင့် ရေဌာန။
ဖဒို စောရော်ဂျာခင်၊ ကာကွယ်ရေးဌာန။
ဖဒို စောကလယ်၊ သတ္တုတွင်းဌာန။
ဖဒို အယ်ကလူစေး၊ တရားရေးဌာန။
ဖဒို စောဒေးဗစ် သာကပေါ၊ မဟာမိတ်ဆက်ဆံရေး ဌာန။
ဖဒို စောအောင်ဝင်းရွှေ၊ နိုင်ငံခြားရေးဌာန။
ဖဒို စောအားတိုး၊ ပြည်ထဲရေးနှင့် ဘာသာရေးဌာန။
ဖဒို စောခေးဆာ၊ ဘဏ္ဍာရေးဌာန။
ဖဒို စောဒွေါလေးမူ၊ စိုက်ပျိုးရေးဌာန။
ဖဒို စောဒွေါလေးမူ၊ တရားသူကြီးချုပ်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေး အသစ်သဘောတူညီချက်။ ဇန်နဝါရီလ ၁၂ ရက်၊ ၂၀၁၂ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့် ၆-ခုမြောက်အဖွဲ့ ဖြစ်သည်။
အဆင့် ၂။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ။

## တရားဝင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကိုယ်စားလှယ်အဖွဲ့

နိုဝင်ဘာလ ၂၀၁၁ ခုနှစ်။
ဥက္ကဋ္ဌ။ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး
ဒု-ဥက္ကဋ္ဌ။ နော် စီဖိုးရာစိန်
အထွေထွေအတွင်းရေးမှူး။ ဖဒို စောကွယ်ထူးဝင်း
အတွင်းရေးမှူး -၁။ ဖဒို စောသောသီဘွဲ
အတွင်းရေးမှူး-၂။ ဖဒိုမန်း မန်းမန်း
စစ်ဦးစီးချုပ်။ ဗိုလ်မှူးချုပ် စောဂျော်နီ
ကာကွယ်ရေးဌာန။ ဗိုလ်မှူး စောရော်ဂျာခင်

## ဆက်ဆံရေးရုံးများ

၁။ ဘားအံ (၂၉-၀၉-၂၀၁၂)
၂။ ဘုရားသုံးဆူ (၁၅-၅-၂၀၁၂)
၃။ ထားဝယ် (၁၀-၄-၂၀၁၂)
၄။ မြဝတီ (၁၈-၈-၂၀၁၂)
၅။ ကျောက်ကြီး (၉-၄-၂၀၁၂)

## KNU ငြိမ်းချမ်းရေးပံ့ပိုး ကူညီမှုအဖွဲ့ Peace Support Team

ဧပြီလ ၈ ရက်၊၂၀၁၂ ခုနှစ်
လိပ်စာ။ အမှတ် ၄၃၀၊ တတိယလမ်း (တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်၊ မြန်မာနိုင်ငံ။
တယ်လီဖုန်းနံပါတ်။ + 0095-5-8575 225
ဆက်သွယ်ရန် ပုဂ္ဂိုလ်။ ၁။ Rev မက်သရူးအေး၊ Karen Peace Support Team ၏ ပူးပေါင်းညှိနှိုင်းရေး တာဝန်ခံ၊ ၂။ ဆူဆန်နာ လှလှစိုး၊ Karen Peace Support Team ၏ ပူးပေါင်းညှိနှိုင်းရေး ပူးတွဲ တာဝန်ခံ၊
အသေးစိတ် အချက်အလက်များကို-
KPST’s Role in Peace Negotiation တွင် ကြည့်ပါ။
၁။ (ပြည်တွင်းနှင့် နိုင်ငံတကာ) သတင်းမီဒီယာများကို စည်းရုံးရန်။
၂။ လေ့လာသူများ။
၃။ အစည်းအဝေးများ ဖြစ်မြောက်စေရန် လှုံ့ဆော်စည်းရုံးပေးခြင်း။
၄။ ပြည်သူလူထု ပါဝင်လာစေရန် ဆောင်ရွက်ပေးခြင်း။

## အဖွဲ့ဝင်များ

၁။ ဂုဏ်ထူးဆောင် ကြီးကြပ်သူ။ ပါမောက္ခ စောထွန်းအောင်ချိန်၊ တသီးပုဂ္ဂလ
၂။ ပူးပေါင်းညှိနှိုင်းရေး တာဝန်ခံ။ Rev မက်သရူးအေး၊ ကရင်ဖွံ့ဖြိုးရေး ကွန်ရက် (Karen Development Network)
၃။ ပူးတွဲ - ပူးပေါင်းညှိနှိုင်းရေး တာဝန်ခံ။ နန့် ခင်အေးဦး၊ (ဘဏ္ဍာရေးမှူး ပူးတွဲ)၊ ကရင်ဖွံ့ဖြိုးရေး ကော်မီတီ
၄။ ပူးတွဲ - ပူးပေါင်းညှိနှိုင်းရေး တာဝန်ခံ။ နော်ဆူဆန်နာ လှလှစိုး။ Karen Women’s Action Group

၅။ အဖွဲ့ဝင်။ စော ထရူး ဘလဒ်။ တသီးပုဂ္ဂလ
၆။ အဖွဲ့ဝင်။ စော ကဲနက် ဝေသော်။ တသီးပုဂ္ဂလ
၇။ အဖွဲ့ဝင်။ စောအလန် စောဦး။ တသီးပုဂ္ဂလ
၈။ အဖွဲ့ဝင်။ မန်းကျော်ညွှန့်။ တသီးပုဂ္ဂလ
၉။ အဖွဲ့ဝင်။ စောကျော်စွာ။ Karen Affairs Committee
၁၀။ အဖွဲ့ဝင်။ နန်းမြင့်တင်။ Karen Affairs Committee
၁၁။ သတင်း ဖြန့်ဝေပြန်ကြားသူ။ ညောညော (အတွင်းရေးမှူးလုပ်ငန်းတာဝန်လည်း ပံ့ပိုးထမ်းဆောင်ပေးသည်။) တသီး ပုဂ္ဂလ။

## ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁။ | ၃၀-၉-၂၀၁၁ | မဲဆောက် ထိုင်းနိုင်ငံ | | ဗိုလ်မှူးကြီး အောင်လွင်၊ နယ်စပ်ရေးရာ ဝန်ကြီး | အကြိုညှိနှိုင်းဆွေးနွေးပွဲ။<br><br>KNU ခေါင်းဆောင်များက အစိုးရ ကိုယ်စားလှယ်အဖွဲ့ထံသို့ သူတို့အနေနှင့် ပြည်နယ်အဆင့် အရာရှိများဖြင့် ငြိမ်းချမ်းရေး မဆွေးနွေးလိုကြောင်း၊ အကြောင်းမှာ သဘောတူညီချက် ရနိုင်ရန် လုပ်ပိုင်ခွင့်အာဏာ မရှိသည့်အတွက်ကြောင့် ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ အစည်းအဝေးသို့ ခရစ်ယာန် လူမှုအဖွဲ့အစည်း ခေါင်းဆောင်များ၊ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၊ လွှတ်တော်အမတ် စောဘိုးနီတို့ လည်း တက်ရောက်ခဲ့ကြသည်။ |
| ၂။ | ၁၉-၁၁-၂၀၁၁ | မဲဆိုင်၊ ထိုင်းနိုင်ငံ | | ဦးအောင်မင်း | တရားဝင်မဟုတ်သည့် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်<br><br>အကျိုးဆောင်များတွင်- ဦးနေဝင်း မောင်၊ ဒေါက်တာကျော်ရင်လှိုင်၊ ဦးတင်မောင်သန်းနှင့် ဦးဟန်ညောင် ဝေတို့ ပါဝင်သည်။ |

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၃။ | ၂၁-၁၂-၂၀၁၁ | မဲဆောက် ထိုင်းနိုင်ငံ | ဒေးဗစ် တာကပေါ | ဦးအောင်မင်း | ပဏာမအကြိုဆွေးနွေးပွဲ ဖြစ်သည်။<br><br>ဆွေးနွေးပွဲတွင် လက်နက်ကိုင်တပ်ဖွဲ့များအပေါ် သက်ရောက်စေမည့် ဥပဒေများနှင့် သဘောတူညီချက်များကို ဆွေးနွေးကြသည်။ အခြားကရင် ကိုယ်စားလှယ်များ တွင် - KNU စစ်ဦးစီးချုပ် ဗိုလ်ချုပ် မူတူး စေးဖိုး၊ ဖဒို စောဒေးဗစ်ထော၊ ဖဒို အားတိုး၊ ဖားအံခရိုင် ဥက္ကဋ္ဌ စော အောင်မော်အေး၊ KNU ကျန်းမာရေး ဌာန တာဝန်ခံ ဖဒိုစောရော်ဂျာခင်၊ KNU ဗဟိုကော်မတီဝင် စောသောသီခို တို့ တက်ရောက်ကြသည်။ အကျိုးဆောင်များတွင် ဒေါက်တာ နေဝင်းမောင်နှင့် ဦးလှမောင်ရွှေတို့ ပါဝင်သည်။ |
| ၄။ | ၁၂-၁-၂၀၁၂ | ဘားအံ၊ ကရင်ပြည်နယ် | မူတူးစေးဖိုး | ဦးအောင်မင်း | ပြည်နယ်အဆင့် အချက် ၁၁-ချက်ပါ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးသည်။ |
| ၅။ | ၅-၄-၂၀၁၂ | ဘားအံ၊ ကရင်ပြည်နယ် | နော်စီဖိုးရာစိန် | ဦးအောင်မင်း | အပစ်အခတ်ရပ်စဲရေး ကြီးကြပ်ရေး ဥပဒေများနှင့် ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရေး ဆွေးနွေးသည်။ |
| ၆။ | ၇-၄-၂၀၁၂ | ရန်ကုန် | နော်စီဖိုးရာစိန် | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် အချက် ၁၃ ချက်ပါ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးသည်။ |
| ၇။ | ၉-၄-၂၀၁၂ | နေပြည်တော် | Zipporah Sein | သမ္မတ ဦးသိန်းစိန် | ဆန္ဒကောင်းဖြင့် တွေ့ဆုံလည်ပတ်မှု ဖြစ်သည်။ |

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၈။ | ၁၀-၄-၂၀၁၂ | ဘားအံ၊ ကရင် ပြည်နယ် | နော်စီဖိုးရာစိန် | ဦးအောင်မင်း | အပစ်အခတ်ရပ်စဲမှု ဆက်လက်ထိန်းသိမ်းရေးနှင့် ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရေး ကိစ္စများ ဆွေးနွေးကြသည်။ ဖားအံနှင့် ထားဝယ်ရှိ ကေအဲန်ယူ ဆက်ဆံရေးရုံးများတွင် အသုံးပြုရန် မော်တော်ယာဉ် ၂ စီး ပေးအပ်သည့် အခန်းအနားလည်း ကျင်းပသည်။<br>KNU ကိုယ်စားလှယ်များတွင်- စစ်ဦးစီးချုပ် စောမူတူးစေးဖိုးလည်း တက်ရောက်သည်။ အစိုးရကိုယ်စားလှယ်များတွင်- ပြည်ထောင်စု အဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့မှ ဦးခင်ရီ၊ ကရင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်ဝန်ကြီးများ၊ အခြား အရာရှိများ တက်ရောက်ကြ သည်။ |
| ၉။ | ၂၆-၆-၂၀၁၂ | မဲဆောက် ထိုင်းနိုင်ငံ | နော်စီဖိုးရာစိန် | ဦးအောင်မင်း | ဆက်သွယ်ရေး ပိုမိုကောင်းမွန်လာ စေရန် ဆက်ဆံရေးရုံးများ ဖွင့်လှစ် ရေးကိစ္စ၊ KNU နှင့် အစိုးရအကြား စေ့စပ်ညှိနှိုင်းရေးကိစ္စများ ဆွေးနွေး ကြသည်။ KNU အနေဖြင့် အပစ် အခတ်ရပ်စဲရေးကို ဆက်လက်ထိန်း သိမ်းနိုင်မည်၊ မြန်မာစစ်တပ်က လယ်ယာမြေများသိမ်းဆည်းနေမှု ပြဿနာများကို ဖြေရှင်းပေးနိုင်မည် ဟု ယုံကြည်သည်။ |
| ၁၀။ | ၆-၈-၂၀၁၂ | မြဝတီ | နော်စီဖိုးရာစိန် | ဦးအောင်မင်း | ဘားအံတွင် အပစ်အခတ်ရပ်စဲရေး လိုက်နာရမည့်ကျင့်ထုံးများ၊ အစိုးရတပ်များ ရုပ်သိမ်းပေးရန် ကိစ္စများနှင့် ပတ်သက်၍ ဩဂုတ်လ ၂၇ ရက် နေ့မှစတင်ကာ၊ ၃ ရက် ကြာ ဆွေးနွေးရန် သဘောတူညီကြ သည်။<br>ကရင်ကိုယ်စားလှယ်များတွင်- ဖဒို စောသောသီဘွဲ၊ နော်မေဦးနှင့် စောအောင်ဝင်းရွှေတို့ တက်ရောက် ကြသည်။ အစိုးရကိုယ်စားလှယ်များတွင်- ပြည်ထဲရေးဝန်ကြီး ဦးခင်ရီ၊ ဦးစိုးသိန်း နှင့် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းတို့ ပါဝင်သည်။<br>အကျိုးဆောင်များ- မြန်မာ အီး ဂရက်စ်မှ ဒေါက်တာ ကျော်ရင်လှိုင်၊ ဦးလှမောင်ရွှေ၊ ဦးတင်မောင်သန်း၊ Dawei Princess Company မှ ဦးငွေစိုး၊ ဦးကိုကိုမောင်နှင့် ဇနီး မစု တို့ တက်ရောက်ကြသည်။ |

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁၁။ | ၃-၉-၂၀၁၂ | ဘားအံ၊ ကရင်ပြည်နယ် | နော်စီဖိုးရာစိန် | ဦးအောင်မင်း | အချက် ၃၄ ချက်ပါ ကျင့်ထုံးများ (code of conduct) ကို မူအရ သဘောတူညီသည်။ အစိုးရ ကိုယ်စားလှယ် များတွင်- ပြည်ထဲရေး ဝန်ကြီး ဦးခင်ရီ၊ ဦးစိုးသိန်း နှင့် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းတို့ ပါဝင်သည်။ အကျိုးဆောင်များတွင်- ပြည်တွင်းမှ ၄ ဦးနှင့် နိုင်ငံခြားသား ၃ ဦး ပါဝင် သည်။ ဦးလှမောင်ရွှေလည်း တက်ရောက်သည်။ |
| ၁၂။ | ၅/၆-၁-၂၀၁၃ | နေ ပြည်တော် | မူတူးစေးဖိုး | ဦးသိန်းစိန်၊ ဦးအောင်မင်း၊ ဒု-သမ္မတ စိုင်းမောက်ခမ်းနှင့် ကာချုပ် မင်းအောင်လှိုင် | ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ဆက်လက်ဆွေးနွေးမှုများနှင့် ငြိမ်းချမ်းရေး သဘောတူညီမှု အကောင်အထည်ဖော်ရေးကိစ္စ များ |

## ဖြစ်ပေါ်တိုးတက်မှုများ

သဘောတူညီသည့် အချက်များ

ကျယ်ကျယ်ပြန့်ပြန့် တိုင်းရင်းသားပေါင်းစုံ ဆွေးနွေးမှု

- တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရန်။ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ရန်။

လေ့လာစောင့်ကြည့်ရေး

- စောင့်ကြည့်လေ့လာရေး၊ စိစစ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အသိအမှတ်ပြုရန်အတွက် လိုအပ်သည့် လုပ်ငန်းများ စတင် ဆောင်ရွက်ရန်။
- ကရင် ဘက်ပတစ် ကွန်ဗင်းရှင်း (မြန်မာနိုင်ငံ) က KNU နှင့် ထိုင်း-မြန်မာနယ်စပ်ရှိ ရပ်ရွာအခြေပြု အဖွဲ့အစည်း ခေါင်းဆောင်များကို ဖိတ်ခေါ်၍ အစိုးရနှင့် လက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများအကြောင်း ရှင်းပြ စေသည်။ (၁၇-၁၁-၂၀၁၂)။

နိုင်ငံရေး

- အသက်ရှင်သန်ခွင့်၊ လုံခြုံမှုနှင့် ကြောက်ရွံ့နေရခြင်းမှ ကင်းဝေးစေရေးအတွက် အာမခံချက်ပေးရန်။
- ကရင်လူမျိုးများအကြား ယုံကြည်မှုတည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်က ခွင့်ပြုပေးရန်။
- ကျေးရွာလူထုများကို အဓမ္မလုပ်အားခိုင်းစေခြင်း၊ အတင်းအကျပ် အခွန်ကောက်ခြင်း၊ ငွေတောင်းခံခြင်းများကို ရပ်ဆိုင်းရန်။
- နိုင်ငံရေး အကျဉ်းသားများ လွှတ်ပေးရန်နှင့် အရပ်သားများအတွက် ပြန်လည်နေရာချထားရေး၊ မြေမြုပ်မိုင်း ပြဿနာများကို ဖြေရှင်းပေးရန်။

♦ ၁၉-၃-၂၀၁၂ နေ့တွင် မြန်မာအစိုးရက KNU ဗဟိုကော်မီတီဝင် မန်းငြိမ်းမောင်ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သည်။

## ပြန်လည်နေရာချထားရေး

- နိုင်ငံသား စိစစ်ရေးကဒ်များ ထုတ်ပေးရန်။
    - ♦ စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။

## စစ်ရေး

- အပစ်အခတ်ရပ်စဲရေး လိုက်နာရမည့် ကျင့်ထုံးများ အချက် ၃၄ ချက်။

## ဆက်လက်တည်ရှိနေသည့် ပြဿနာများ

- အစိုးရတပ်များ ပြောင်းရွှေ့ပေးရေး
  ♦ ၀၇-၀၉-၂၀၁၂ နေ့တွင် KNU က ၎င်းတို့ထိန်းချုပ်ရာဒေသများအတွင်း စစ်အခြေစိုက်စခန်း ၃၀၀ တည်ရှိနေသည့် အနက်မှ ၉၀ ကို ပြောင်းရွှေ့ပေးရန် တောင်းဆိုခဲ့သည်။
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံအဆင့် သတင်းမီဒီယာများကို ပါဝင်ခွင့်ပေးရန်။ ဖြစ်ပေါ်တိုးတက်မှုများကို အမှန်အတိုင်း သတင်းထုတ်ပြန်ပေးနိုင်ရန်။
- ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးရန်နှင့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများတွင် ဒေသခံများ ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် ၎င်းတို့၏ထောက်ခံမှု အပြည့်အဝ ရယူရန်။
- စစ်မှန်သည့် ငြိမ်းချမ်းရေး ဖြစ်ပေါ်လာစေရန် သက်ဆိုင်သူများ အားလုံးအတွက် ရှင်းလင်းတိကျသည့် လိုက်နာရမည့် စံနှုန်းစည်းမျဉ်းများ သတ်မှတ်ပေးရန်။
- ဆွေးနွေးမှုများတွင် ပါဝင်သော တရားဝင်ကိုယ်စားလှယ်များကို ၎င်းတို့ ၏ သက်ဆိုင်ရာ အဖွဲ့အစည်း၊ ပြည်သူများနှင့် တိုင်ပင်အကြံဉာဏ်ရယူနိုင်ရေးအတွက် အချိန် လုံလောက်စွာပေးရန်၊ တတိယ အင်အားစုများ အတွက် တိကျရှင်းလင်းသည့် အခန်းကဏ္ဍ သတ်မှတ်ပေးရန်။
- ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ဖြစ်ပေါ်လာစေရန် အာမခံသည့် တိုးတက်မှုများ ဖြစ်ပေါ်လာစေရန် အတွက်၊ ပျော့ပြောင်း ကိစ္စများကို အကောင်အထည်ဖော်ရန်။ သက်ဆိုင်သူများ အားလုံးက လွတ်လပ် ပွင့်လင်းစွာ ပြောဆိုကြရန်နှင့် အထင်အမြင်လွဲမှားမှု ဖြစ်စေနိုင်သည့်၊ တလွဲအသုံးချနိုင်မည့် စကားလုံးများ ပြောဆိုခြင်းကို ရှောင်ကျဉ်ကြရန်။

## ဘေးထွက်ဆိုးကျိုးများ

အဖွဲ့အစည်းအတွင်း ပဋိပက္ခ - KNLA စစ်ဦးစီးချုပ် ဗိုလ်ချုပ်မူတူးစေးဖိုးနှင့် ဗဟိုကော်မီတီဝင် စောဒေးဗစ်ထော၊ စောရော်ဂျာခင် တို့ကို ဘားအံသို့ ဆက်ဆံရေးရုံး ဖွင့်လှစ်ရန် ပြီးခဲ့သည့်အပတ်က သွားရောက်ခဲ့သည့် အတွက်၊ အဖွဲ့၏စည်းမျဉ်းများကို ချိုးဖောက် သည်ဟုဆိုကာ KNU မှ ထုတ်ပယ်ခဲ့သည်။ (၂-၁၀-၂၀၁၂) သို့သော်လည်း KNU အလုပ်အမှုဆောင် ကော်မီတီက ငြိမ်းချမ်းရေး ဆွေးနွေးပွဲများမှ ဖြစ်ပေါ်လာသည့် သဘောထားကွဲလွဲချက်များကို KNU ဗဟိုအမြဲတမ်းကော်မီတီ အစည်းအဝေး (၂၇-၁၁-၂၀၁၂) တွင် ပြေလည်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ မူတူးစေးဖိုးနှင့် စောရော်ဂျာခင်တို့ နှစ်ဦးစလုံးကို ပြန်၍ လက်ခံပြီး ယခင်တာဝန်များ ပြန်လည်ပေးအပ်ခဲ့သည်။ နောက်ဆုံးတွင် မူတူးစေးဖိုးမှာ ကေအဲန်ယူ ဥက္ကဋ္ဌအဖြစ် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ တွင် ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။ (၂၁-၁၂-၀၁၂) စောဒေးဗစ်ထောမှာမူ ထုတ်ပယ်ခံရပြီး များမကြာမီမှာပင် ကျန်းမာရေး ဆိုးရွားလာပြီး ကွယ်လွန်သွားခဲ့သည်။

## ထိတွေ့တိုက်ပွဲများ

အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု အသစ်နှင့် ဆွေးနွေးပွဲများ ဆက်လက်၍ ဆောင်ရွက်နေမှုကြောင့် ထိတွေ့တိုက်ပွဲများ လျော့နည်းကျဆင်းသွားသော်လည်း ကရင်ပြည်နယ်အတွင်း၌ အစိုးရတပ်များ များပြားစွာ နေရာယူထားဆဲ ဖြစ်သောကြောင့် ရံဖန်ရံခါ KNLA နှင့် မြန်မာတပ်မတော်အကြား တိုက်ပွဲများ ဖြစ်ပွားလေ့ရှိသည်။

| | | | |
|---|---|---|---|
| KNU | တိုက်ပွဲ ၅ ကြိမ် | ဖာပွန်၊ လှိုင်းဘွဲ့၊ ဘီးလင်းမြို့နယ်များ | စစ်သား ၈ ဦးသေဆုံး၊ ၂ ဦး ဒဏ်ရာရ |

အစိုးရက ကရင်ပြည်နယ်မြောက်ပိုင်း KNLA တပ်မဟာ-၅ အခြေစိုက်ရာ ဒေသကို ထိုးစစ်ဆင်မည်ဟု သတင်းများ ထွက်ပေါ်နေခဲ့သည်။ အကြောင်းမှာ ၎င်းတပ်မဟာက KNU ထိန်းချုပ်ရာဒေသအတွင်း ရွှေမိုင်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နေမှုများကို တားမြစ်ပိတ်ပင်ခဲ့သောကြောင့် ဖြစ်သည်။ (၃-၁-၂၀၁၃)

KNU က ပြောဆိုရာတွင် အစိုးရစစ်တပ်များက ကရင်အရပ်သားများကို ပြည်သူ့စစ်သင်တန်းများသို့ အတင်းအကျပ်တက် ရောက်ခိုင်းနေသည်၊ သို့ဆိုလျှင် လက်ရှိငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ထိခိုက်စေလိမ့်မည်ဟု ဆိုသည်။ (၂၁-၁၁-၂၀၁၂)

## မဟာမိတ်ရေးရာကိစ္စများ

KNU ခေါင်းဆောင် နော်စီဖိုးရာစိန်က NLD အတိုက်အခံပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ရန်ကုန်တွင် တွေ့ဆုံခဲ့သည်။ (၈-၄-၂၀၁၂)

ကရင်လူထု အခြေစိုက် လူမှုအဖွဲ့အစည်းများ (CBOs) နှင့်လည်း တွေ့ဆုံခဲ့သည်။

## အကျိုးဆောင်များ

ထားဝယ်မင်းသမီးကုမ္ပဏီ (Dawei Princess Co.) က KNU နှင့် မြန်မာအစိုးရအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖြစ် ပေါ်လာစေရန် ကြားဝင်စေ့စပ်ဆောင်ရွက်ပေးနေသည်။ ကုမ္ပဏီပိုင်ရှင် ဦးကိုကိုမောင်နှင့် စီမံခန့်ခွဲမှု ဒါရိုက်တာ ဦးငွေစိုး တို့က KNU နှင့် မြန်မာအစိုးရအကြား ဆွေးနွေးပွဲများအားလုံးကို တက်ရောက်ခဲ့သည်။ ထားဝယ်မင်းသမီးကုမ္ပဏီက အစည်းအဝေးများ စီစဉ်ခြင်း၊ မြန်မာအစိုးရ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်များကို စီစဉ်နေရာချထားပေးခြင်း၊ ငွေကြေး ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ KAREN NEWS မှ သတင်းဖော်ပြရာတွင် ထားဝယ်မြို့တွင် KNU ဆက်ဆံရေး ရုံး ဖွင့်လှစ်ရန် စရိတ်များနှင့် ကုန်ကျစရိတ်များကိုလည်း ထောက်ပံ့ပေးနေသည်ဟု ဆိုသည်။ ထားဝယ်မင်းသမီး ကုမ္ပဏီ (ဟိန်းရတနာမိုး ကုမ္ပဏီဟုလည်း သိကြသည်) သည် ဒေါ်လာ ၆၀ ဘီလီယံ တန်ဖိုးရှိ ထားဝယ် အထူး စီးပွားရေးဇုန် စီမံကိန်းတွင် လက်ခွဲ ကန်ထရိုက်တာ တစ်ဦး လည်းဖြစ်သည်။ ဤစီမံကိန်း၏ အချို့သောနေရာများသည် KNU ထိန်းချုပ်ရာ ဒေသများတွင် တည်ရှိနေ ကြသည်။

## နိုင်ငံတကာ မိတ်ဖက်ပြုမှုများ

MPSI

ကျောက်ကြီးစီမံကိန်း၊ စမ်းသပ်စီမံကိန်း။ ၂၀၁၀ ခုနှစ်မှ လက်ရှိကာလအထိ။

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်တွင် ဒေါ်လာ ၅ သန်းတန် စမ်းသပ်စီမံကိန်းကို စတင်ခဲ့သည်။ ၎င်းစီမံကိန်းမှာ

ခန့်မှန်း အရေအတွက် တစ်သန်းခွဲမျှရှိမည့် ရွှေ့ပြောင်းကရင်ဒုက္ခသည်များကို ပြန်လည်နေရာချထားရေးအတွက် အဓိက ဆောင်ရွက်မှု ဖြစ်သည်။ ထို့အပြင် ဤစီမံချက်ကို နောက်တွင် အစားအစာရရှိရေး၊ လယ်ယာသုံး ကရိယာများ ထောက်ပံ့ပေးရေး၊ မြေမြုပ်မိုင်း ရှင်းလင်းရေး၊ ဆက်ဆံရေးရုံးများ ထူထောင်ရေးကိစ္စများအတွက် အသုံးပြုသွားမည် ဖြစ်သည်။ နော်ဝေ ပြည်သူများ အကူအညီ (Norwegian People’s Aid - NPA) မှ ရရှိလာသည့် ရန်ပုံငွေများကို အသုံးပြု၍ ကေအဲန်ယူနှင့် ပတ်သက်သည့် ပြည်တွင်းဒုက္ခသည်များကို အကူအညီပေးနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် CIDKP (ကရင် ပြည်တွင်း ဒုက္ခသည်များဆိုင်ရာ ကော်မီတီ) က အကူအညီလိုအပ်နေမှု စိစစ်အကဲဖြတ်ချက်များကို ဆောင်ရွက်သွားကြမည် ဖြစ်သည်။ အလားတူ သတ်မှတ်ထားသည့်နေရာများတွင် မြေမြုပ်မိုင်းများအခြေအနေကို ကနဦး နည်းပညာပိုင်းဆိုင်ရာမဟုတ်သည့် စစ်တမ်းကောက်ယူမှုများလည်း ပါဝင်မည် ဖြစ်သည်။ လက်ရှိအခြေအနေ- စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်မှု ဆောင်ရွက်နေသည်။ (ဇန်နဝါရီလ ၁၅၊ ၂၀၁၃ ခုနှစ်)။ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ထိ CIDKP က ကျေးရွာလူထုများထံ ဆန်အိတ် ၅၁၇ အိတ် ပေးဝေခဲ့သည်။ လာမည့် လအနည်းငယ်တွင် အခြားသောစားနပ် ရိက္ခာများ၊ ခြင်ထောင်များ၊ ချက်ပြုတ်ရန် အိုးခွက်များ ထပ်မံပေးဝေသွားအုံးမည်ဟု ယူဆသည်။

http://www.emb-norway.or.th/News_and_events/MPSI/The-Kyauk-Kyi-Pilot-Project-in-Bago-Region/

KNU ခေါင်းဆောင်များက မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စု သံအမတ်ကြီး ဒဲရစ်မစ်ချယ်နှင့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ တွင် ဘားအံ၌ တွေ့ဆုံခဲ့သည်။ လက်ရှိနိုင်ငံရေးအခြေအနေနှင့် ဆောင်ရွက်နေသော အပစ်အခတ်ရပ်စဲရေး ကိစ္စများကို ဆွေးနွေးခဲ့သည်။

နော်ဝေငြိမ်းချမ်းရေးအသင်း (Norwegian Peace Association) - အစားအသောက်များ၊ အဝတ်အထည်များ၊ ပညာရေး သင်ထောက်ကူ ပစ္စည်းများကို MPSI နှင့် ပူးပေါင်းဆောင်ရွက်၍ ထောက်ပံ့ပေးနေသည်။

နိပွန်ဖောင်ဒေးရှင်း - ပြည်တွင်းဒုက္ခသည်များအတွက် ဆန်ထောက်ပံ့ပေးရန် သဘောတူညီထားသည်။

## ထုတ်ပြန်ကြေညာချက်များ

မြန်မာအစိုးရ၏ လက်ရှိကြိုးပမ်းဆောင်ရွက်နေမှုများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်နေမှုများကို KNU က လေးလေးနက်နက် ကြိုဆိုကြောင်း ထပ်မံအတည်ပြုသည်။ (၀၄-၁၂-၂၀၁၂)

နိုင်ငံ၏ လက်ရှိအခြေအနေနှင့် ပတ်သက်၍ KNU ၏ ရပ်တည်ချက် ထုတ်ပြန်ကြေညာချက် (၀၄-၁၂-၂၀၁၂) http://www.burmapartnership.org/2012/12/position-statement-of-knu-on-current-situation-in-the-country/

KNU က သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရန် တောင်းဆိုကြောင်း ထုတ်ပြန်ကြေညာသည်။ သို့မှသာ တိုင်းရင်းသား အင်အားစုများအားလုံးနှင့် နိုင်ငံရေးပါတီများအားလုံးမှ ကိုယ်စားပြုပါဝင်နိုင်မည်ဖြစ်ပြီး ကျေကျေလည်လည် သဘောတူညီ မှုကိုလည်း ရရှိနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံအတွက် တည်ငြိမ်သည့် အခြေခံအုတ်မြစ်နှင့် စစ်မှန်သည့် ငြိမ်းချမ်းရေးကို တည် ဆောက်နိုင်မည်လည်း ဖြစ်သည်။ (၂၁-၀၉-၂၀၁၂)

ကချင်ပြည်နယ်ရှိ မြန်မာစစ်တပ်မှာ လုပ်ဆောင်နေသော စစ်ဆင်ရေးများ အားလုံးကို ချက်ချင်းရပ်ဆိုင်းရန် တောင်းဆိုလိုက်သည်။ (၂၁-၀၉-၂၀၁၂)

KNU ဥက္ကဋ္ဌ တာမလာဘောက "တိုင်းရင်းသား အင်အားစုများနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရန် အစိုးရ၏ ပြောဆိုချက်သည်၊ မိမိ၏ သုံးသပ်ချက်တွင် နိုင်ငံရေးအနှစ်သာရအရ ငြိမ်းချမ်းရေးဆွေးနွေးရန်ထက်စာလျှင် စီးပွားရေးကိစ္စများအတွက် ဦးတည်ဆောင်ရွက်ခြင်းသာ ဖြစ်ကြောင်း" ပြောဆိုသည်။ (၀၉-၀၈-၂၀၁၂)

KNU ဒု-ဥက္ကဋ္ဌ ဒေးဗစ်သာကပေါက ပြောဆိုရာ၌ နိုင်ငံတကာအဲန်ဂျီအိုများသည် အစိုးရနှင့် စကားပြောဆိုရန် KNU ကို ဖိအားပေးနေသည်ဟု ဆိုသည်။ (၀၂-၀၇-၂၀၁၂)

KNU အကြီးအကဲက မြန်မာနိုင်ငံကို အနီးကပ်စောင့်ကြည့်နေရန် တောင်းဆိုလိုက်သည်။ (၁၄-၀၅-၂၀၁၂)

ငြိမ်းချမ်းရေးကော်မီတီတွင် သမ္မတ၊ ဒု-သမ္မတနှင့် ထိပ်တန်းစစ်ခေါင်းဆောင်များ ပါဝင်လာသည့်အတွက်ကြောင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများသည် ပိုမိုထိရောက်လာဖွယ်ရှိကြောင်း KNU က ထုတ်ဖော်ပြောဆိုသည်။ (၁၀-၀၅-၂၀၁၂)

KNU က ပြောဆိုရာ၌ အစိုးရနှင့် သမ္မတဦးသိန်းစိန်သည် ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ရိုးသားမှုရှိပုံရကြောင်း ပြောဆိုသည်။ (၀၃-၀၅-၂၀၁၂ နှင့် ၀၈-၀၄-၂၀၁၂)

အပစ်အခတ် ရပ်စဲရေးသည် ငြိမ်းချမ်းရေး မဟုတ်။ KNU က မြန်မာနိုင်ငံတွင် ရေရှည်ငြိမ်းချမ်းရေး ရရှိရန် အရေးပါသည့် အဆင့်တခုသို့ တက်လှမ်းခဲ့သည်။ (၂၂-၀၂-၂၀၁၂)

KNU ထိန်းချုပ်ရာဒေသများတွင် အစိုးရတပ်ဖွဲ့များ ရုပ်သိမ်းရန် အချက် ၄-ချက်ပါသည့် တောင်းဆိုချက်ကို ထုတ်ပြန်လိုက်သည်။ ပထမအဆင့်တွင် အပစ်အခတ်ရပ်စဲရေး၊ ဒုတိယအဆင့်တွင် အပစ်အခတ်ရပ်စဲရေးကို ပိုမိုခိုင်မာအောင် ပြုလုပ်ရေး၊ တတိယတွင် နိုင်ငံရေးဆွေးနွေးမှုနှင့် စတုတ္ထအဆင့်တွင် နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှုများ ပါဝင်သည်။ (၂၂-၀၂-၂၀၁၂)

KNU ဥက္ကဋ္ဌ တာမလာဘောက မြန်မာအစိုးရနှင့် မကြာသေးမီက ရရှိခဲ့သည့် သဘောတူညီချက်သည် ငြိမ်းချမ်းရေးသို့ လျှောက်ရာလမ်းတွင် "ကနဦးအစပျိုး" အဆင့်သာဖြစ်ကြောင်း၊ ကရင်ပြည်သူများအနေဖြင့် ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိရေး အတွက် ဆက်လက်လုပ်ဆောင်ကြစေလိုကြောင်း ပြောကြားခဲ့သည်။ (၃၁-၀၁-၂၀၁၂)

ဇန်နဝါရီလ ၉ ရက်၊ ၂၀၁၃ ခုနှစ်။ ကရင်အမျိုးသား အစည်းအရုံး ဦးသိန်းစိန်နှင့် တွေ့ဆုံသည့်အပေါ် ထုတ်ပြန်ကြေညာ ချက်
http://karennationalunion.net/index.php/burma/news-and-reports/new-stories/the-communique-of-karen-national-union-on-meeting-with-president-u-thein-se

ဇန်နဝါရီလ ၃ ရက်၊ ၂၀၁၃ ခုနှစ်။ သမ္မတဦးသိန်းစိန်နှင့် ပတ်သက်၍ KNU ၏ ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/118763242/KNU-Statement-3-1-2013/

ဒီဇင်ဘာလ ၂၇ ရက်၊ ၂၀၁၂ ခုနှစ်။ ၁၅-ကြိမ်မြောက် ကရင်အမျိုးသားအစည်းအရုံး ကွန်ဂရက် ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/statement-of-karen-national-union-15th-congress

ဒီဇင်ဘာလ ၄ ရက်၊ ၂၀၁၂ ခုနှစ်။ နိုင်ငံတွင်း လက်ရှိအခြေအနေများနှင့် ပတ်သက်၍ KNU ၏ ရပ်တည်ချက်ကို ထုတ်ပြန် ကြေညာခြင်း
http://karennationalunion.net/index.php/burma/news-and-reports/news-stories/position-statement-of-knu-on-current-situation-in-the-country

နိုဝင်ဘာလ ၂၁ ရက်၊ ၂၀၁၂ ခုနှစ်။ ၁၄ ကြိမ်မြောက် ကွန်ဂရက်၊ ၄-ကြိမ်မြောက် ဗဟိုအမြဲတမ်းကော်မီတီ အစည်းအဝေး ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/statement-of-4-th-meeting-of-central-standing-committee-of-14-th-congress

အောက်တိုဘာလ ၂၇ ရက်၊ ၂၀၁၂ ခုနှစ်။ KNU ဗဟိုအမြဲတမ်းကော်မီတီ အထူးအရေးပေါ် အစည်းအဝေးမှ ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/position-statement-of-the-knu-central-standing-committee-special-emergency-

စက်တင်ဘာလ ၂၇ ရက်၊ ၂၀၁၂ ခုနှစ်။ ဖားအံတွင် ဗဟိုအဆင့် ဆက်ဆံရေးရုံးဖွင့်လှစ်ကြောင်း KNU ဌာနချုပ်၏ ထုတ်ပြန် ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/statement-of-knu-supreme-headquarters-on-opening-of-central-level-liaison-o

စက်တင်ဘာလ ၂၁ ရက်၊ ၂၀၁၂ ခုနှစ်။ နိုင်ငံတကာငြိမ်းချမ်းရေးနေ့အတွက် KNU ၏ ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-statement-on-international-day-of-peace3

ဩဂုတ်လ ၃၁ ရက်၊ ၂၀၁၂ ခုနှစ်။ လက်ချည်ပွဲအတွက် KNU မှ ပေးပို့သည့် သဝဏ်လွှာ
http://karennationalunion.net/index.php/burma/news-and-reports/news-stories/letter-of-felicitation-by-knu-to-the-wrist-tying-ceremony

ဩဂုတ်လ ၂၈ ရက်၊ ၂၀၁၂ ခုနှစ်။ တတိယအကြိမ်ဆွေးနွေးပွဲအတွက် ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် မြန်မာအစိုးရတို့က ဆွေးနွေးပွဲရက်ပြန်လည် သတ်မှတ်ခြင်း။
http://karennationalunion.net/index.php/burma/news-and-reports/news-stories/karen-national-union-knu-and-the-burmese-government-set-the-new-dates-for-t

ဩဂုတ်လ ၂၅ ရက်၊ ၂၀၁၂ ခုနှစ်။ တတိယအကြိမ် ဆွေးနွေးပွဲ KNU နှင့် ကျင်းပရန် မြန်မာအစိုးရက ရက်ရွှေ့ဆိုင်းခြင်း

http://karennationalunion.net/index.php/burma/news-and-reports/news-stories/statement-on-the-burmese-governments-postponement-of-the-third-round-of-neg

ဩဂုတ်လ ၈ ရက်၊ ၂၀၁၂ ခုနှစ်။ ၆၂ ကြိမ်မြောက် အာဇာနည်နေ့တွင် KNU ဥက္ကဋ္ဌ စောတာမလာဘော ပြောကြားသည့် မိန့်ခွန်း
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-president-saw-tamla-baws-address-on-62nd-anniversary-of-martyrs-day

ဇွန်လ ၈ ရက်၊ ၂၀၁၂ ခုနှစ်။ KNU ဗဟိုကော်မီတီ တတိယအကြိမ် အရေးပေါ်အစည်းအဝေး ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/statement-of-knu-central-committee-third-emergency-meeting

ဧပြီလ ၈ ရက်၊ ၂၀၁၂ ခုနှစ်။ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံမှုအပေါ် KNU ၏ သတင်းထုတ်ပြန်ချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-press-release-on-meeting-with-daw-aung-san-suu-kyi

ဧပြီလ ၇ ရက်၊ ၂၀၁၂ ခုနှစ်။ KNU ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ပထမ အကြိမ်တွေ့ဆုံမှုအပေါ် KNU သတင်းထုတ်ပြန်ချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/the-knu-press-release-on-1st-meeting-between-knu-delegation-and-union-level

ဧပြီလ ၇ ရက်၊ ၂၀၁၂ ခုနှစ်။ KNU နှင့် မြန်မာနိုင်ငံ သမ္မတ ဦးသိန်းစိန် တွေ့ဆုံမှုအပေါ် သတင်းထုတ်ပြန်ချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/karen-national-union-knu-and-myanmar-president-u-thein-sein-meeting

ဧပြီလ ၄ ရက်၊ ၂၀၁၂ ခုနှစ်။ KNU နှင့် မြန်မာအစိုးရတို့ ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲဆက်လက်ကျင်းပခြင်း
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-and-the-burmese-government-continued-state-level-ceasefire-talks

ဧပြီလ ၄ ရက်၊ ၂၀၁၂ ခုနှစ်။ မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ဆက်လက်ဆွေးနွေးရန် KNU အဖွဲ့ခရီးထွက်ခွာခြင်း
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-leaves-to-continue-talks-on-ceasefires-with-the-burmese-government

မတ်လ ၂၆ ရက်၊ ၂၀၁၂ ခုနှစ်။ ဖဒိုမန်းငြိမ်းမောင်ကို ပြန်လွှတ်ပေးသည့်အပေါ် KNU ၏ ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-statement-on-the-release-of-padoh-mahn-nyein-maung

ဖေဖော်ဝါရီလ ၁၈ ရက်၊ ၂၀၁၂ ခုနှစ်။ ကေအဲန်ယူ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက ဆောင်ရွက်သည့် ဘာသာ ရေးအဖွဲ့အစည်းများ စည်းဝေးပွဲ ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/statement-of-seminar-of-religious-organizations-organized-by-knu-home-and-r

ဖေဖော်ဝါရီလ ၁၁ ရက်၊ ၂၀၁၂ ခုနှစ်။ ၆၄ နှစ်မြောက် ကရင်အမျိုးသားနေ့တွင် ကေအဲန်ယူဥက္ကဋ္ဌ ဗိုလ်ချုပ်တာမလာဘော ပြောကြားသော မိန့်ခွန်း
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-president-general-saw-tamlabaws-address-on-64th-anniversary-of-karen-na

ဖေဖော်ဝါရီလ ၅ ရက်၊ ၂၀၁၂ ခုနှစ်။ ၆၅ ကြိမ်မြောက် ကေအဲန်ယူနေ့တွင် ကေအဲန်ယူ ဥက္ကဋ္ဌ ဗိုလ်ချုပ်တာမလာဘော၏ မိန့်ခွန်း
http://karennationalunion.net/index.php/burma/news-and-reports/news-stories/address-of-knu-president-gen.-tamlabaw-on-65th-anniversary-of-knu-day

ဇန်နဝါရီလ ၃၁ ရက်နေ့၊ ၂၀၁၂ ခုနှစ်။ ၆၃ ကြိမ်မြောက် ကရင်အမျိုးသား တော်လှန်ရေးနေ့တွင် ပြောကြားသည့် ကေအဲန်ယူဥက္ကဋ္ဌ ဗိုလ်ချုပ်တာမလာဘော၏ မိန့်ခွန်း
http://karennationalunion.net/index.php/burma/news-and-reports/news-stories/address-of-knu-president-saw-tamla-baw-on-63rd-anniversary-of-karen-nationa

ဇန်နဝါရီလ ၂၆ ရက်၊ ၂၀၁၂ ခုနှစ်။ ကေအဲန်ယူ ဗဟိုကော်မီတီ ဒုတိယအကြိမ် အရေးပေါ်အစည်းအဝေး ထုတ်ပြန်ကြေညာ ချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/statement-of-knu-central-committee-2nd-emergency-meeting

ဇန်နဝါရီလ ၁၃ ရက်၊ ၂၀၁၂ ခုနှစ်။ ကေအဲန်ယူနှင့် မြန်မာအစိုးရအကြား ပဏာမသဘောတူညီချက်အပေါ် ထုတ်ပြန် ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/statement-on-initial-agreement-between-knu-and-burmese-government

ဇန်နဝါရီလ ၁၁ ရက်၊ ၂၀၁၂ ခုနှစ်။ ကေအဲန်ယူနှင့် မြန်မာအစိုးရအကြား ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့် ပတ်သက်၍ ကေအဲန်ယူ၏ ရပ်တည်ချက်အပေါ် ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/position-statement-on-peace-talks-between-the-knu-and-the-burmese-governmen

ဒီဇင်ဘာလ ၂၂ ရက်၊ ၂၀၁၁ ခုနှစ်။ ကရင်အမျိုးသား နှစ်သစ်ကူးနေ့တွင် ကေအဲန်ယူဥက္ကဋ္ဌ ဗိုလ်ချုပ်တာမလာဘော၏ မိန့်ခွန်း
http://karennationalunion.net/index.php/burma/news-and-reports/news-stories/address-of-knu-president-gen-saw-tamla-baw-on-karen-new-year-day

နိုဝင်ဘာလ ၂၄ ရက်၊ ၂၀၁၁ ခုနှစ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ပတ်သက်၍ ကေအဲန်ယူ၏ ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-statement-on-peace-talks

နိုဝင်ဘာလ ၂ ရက်၊ ၂၀၁၁ ခုနှစ်။ ကုလသမဂ္ဂ နှင့် ဒီမိုကရေစီနိုင်ငံများသို့ ကေအဲန်ယူ၏ မေတ္တာရပ်ခံတောင်းဆိုချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-statement-appealing-un-and-democratic-countries

စက်တင်ဘာလ ၁၅ ရက်၊ ၂၀၁၁ ခုနှစ်။ နိုင်ငံတကာ ငြိမ်းချမ်းရေးနေ့တွင် ကေအဲန်ယူက တစ်နေ့တာ အပစ်အခတ်ရပ်စဲထားမည်။
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-to-observe-one-day-ceasefire-on-international-day-of-peace

ဩဂုတ်လ ၂၅ ရက်၊ ၂၀၁၁ ခုနှစ်။ ကရင့်ရိုးရာ လက်ချည်ပွဲသို့ ကေအဲန်ယူမှ ပေးပို့သည့် သဝဏ်လွှာ

http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-letter-of-felicitation-to-karen-traditional-wrist-tying-ceremony

ဩဂုတ်လ ၉ ရက်၊ ၂၀၁၁ ခုနှစ်။ ၆၁ ကြိမ်မြောက် ကရင့်အမျိုးသား အာဇာနည်နေ့တွင် ကေအဲန်ယူဥက္ကဋ္ဌ ဗိုလ်ချုပ်တာမလာဘော၏ မိန့်ခွန်း
http://karennationalunion.net/index.php/burma/news-and-reports/news-stories/address-of-knu-president-saw-tamla-baw-on-61st-anniversary-of-martyrs-day

မေလ ၂၉ ရက်၊ ၂၀၁၁ ခုနှစ်။ ၈-ကြိမ်မြောက် ကရင်သွေးစည်းညီညွတ်ရေး အစည်းဝေးပွဲ ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/statement-of-8th-karen-unity-seminar

မေလ ၂၆ ရက်၊ ၂၀၁၁ ခုနှစ်။ ကရင်ပြည်သူများကို မြန်မာစစ်တပ်က အဓမ္မလုပ်အားခိုင်းစေနေမှုနှင့် လူသားဒိုင်းအဖြစ် အသုံးပြုနေမှုအတွက် ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/statement-on-the-use-of-karen-civilians-for-forced-labor-and-as-human-shiel

မေလ ၁၉ ရက်နေ့၊ ၂၀၁၁ ခုနှစ်။ မြန်မာ စစ်အာဏာရှင်တို့၏ မြို့တော်အနီး ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-statement-on-bombing-near-capital-of-burmas-dictators

မေလ ၁၄ ရက်၊ ၂၀၁၁ ခုနှစ်။ ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ (UNFC) ၏ နိုင်ငံရေးခေါင်းဆောင်မှု ဘုတ်အဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင် ကော်မီတီ တိုးချဲ့အစည်းအဝေး ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/statement-of-expanded-meeting-of-the-political-leading-board-and-central-ex

ဧပြီလ ၄ ရက်၊ ၂၀၁၁ ခုနှစ်။ စစ်အစိုးရအသစ်နှင့် တိုင်းရင်းသားများ အရေးနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/statement-on-new-military-government-concerns-of-ethnic-nationalities

ဖေဖော်ဝါရီလ ၂၈ ရက်၊ ၂၀၁၁ ခုနှစ်။ မြန်မာနိုင်ငံတွင် တိုက်ခိုက်မှုများ ရပ်ဆိုင်းစေရန် ကရင်အရပ်သား ၈၄,၀၀၀ က ဘန်ကီမွန်းထံ တောင်းဆိုလိုက်ခြင်း
http://karennationalunion.net/index.php/burma/news-and-reports/news-stories/84000-karen-civilians-call-on-ban-ki-moon-to-help-stop-attacks-in-burma1

ဖေဖော်ဝါရီလ ၂၄ ရက်၊ ၂၀၁၁ ခုနှစ်။ (နအဖ) ၏ မခိုင်လုံသည့် စွပ်စွဲချက်များအပေါ် ကေအဲန်ယူ၏ ထုတ်ပြန်ကြေညာချက်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ် ရပ်စဲရန် တောင်းဆိုလိုက်ခြင်း။

http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-statement-on-baseless-accusation-by-spdc-and-call-for-nationwide-ceasef
ဖေဖော်ဝါရီလ ၂၀ ရက်၊ ၂၀၁၁ ခုနှစ်။ တိုင်းရင်းသားလူမျိုးစုများ ညီလာခံ ထုတ်ပြန်ကြေညာချက်

http://karennationalunion.net/index.php/burma/news-and-reports/news-stories/statement-of-ethnic-nationalities-conference
ဖေဖော်ဝါရီလ ၁၀ ရက်၊ ၂၀၁၁ ခုနှစ်။ ၆၃ ကြိမ်မြောက် ကရင်အမျိုးသားနေ့တွင် ကေအဲန်ယူဥက္ကဋ္ဌ ဗိုလ်ချုပ်တာမလာဘော၏ မိန့်ခွန်း

http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-president-saw-tamla-baws-message-on-63rd-anniversary-of-karen-national-

ဖေဖော်ဝါရီလ ၈ ရက်၊ ၂၀၁၁ ခုနှစ်။ SPDC စစ်အစိုးရ၏ လွှတ်တော်နှင့် အစိုးရအပေါ် KNU ၏ သဘောထား ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-statement-on-spdc-parliament-government

ဖေဖော်ဝါရီလ ၇ ရက်၊ ၂၀၁၁ ခုနှစ်။ ဟတ်ကြီးဆည် တည်ဆောက်ရေးကြောင့် ထိခိုက်မှုများကို KNU မှ နောက်ဆုံးအခြေ အနေများ အသိပေးခြင်း
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-update-on-impacts-resulting-from-hatgyi-dam-construction

ဖေဖော်ဝါရီလ ၅ ရက်၊ ၂၀၁၁ ခုနှစ်။ ၆၄ ကြိမ်မြောက် KNU နေ့အတွက် KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်တာမလာဘော၏ မိန့်ခွန်း
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-president-gen.-saw-tamla-baws-address-on-64th-anniversary-of-knu-day

ဇန်နဝါရီလ ၂၇ ရက်၊ ၂၀၁၁ ခုနှစ်။ ၆၂ ကြိမ်မြောက် ကရင်တော်လှန်ရေးနေ့တွင် ပြောကြားသည့် KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်တာမလာဘော၏ မိန့်ခွန်း
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-president-gen.-saw-tamla-baws-address-on-64th-anniversary-of-knu-day

ဇန်နဝါရီလ ၁၀ ရက်၊ ၂၀၁၁ ခုနှစ်။ လွတ်မြောက်ရေးတိုက်ပွဲ အခြေအနေ (ဒု-ဥက္ကဋ္ဌ ဒေးဗစ်တာကပေါ်၏ ဆောင်းပါး)
http://karennationalunion.net/index.php/burma/news-and-reports/news-stories/state-of-freedom-struggle

ဒီဇင်ဘာလ ၁၀ ရက်၊ ၂၀၁၀ ခုနှစ်။ သက္ကရာဇ် ၂၇၅၀ မြောက် ကရင်နှစ်သစ်ကူးနေ့အတွက် KNU ဥက္ကဋ္ဌဗိုလ်ချုပ်တာမလာဘော၏ မိန့်ခွန်း
http://karennationalunion.net/index.php/burma/news-and-reports/news-stories/address-of-knu-president-saw-tamlabaw-on-karen-new-year-day-of-2750-ke

ဒီဇင်ဘာလ ၂၁ ရက်၊ ၂၀၁၀ ခုနှစ်။ ၂၀၁၀ ပြည့်နှစ်၊ ၁၄ ကြိမ်မြောက် ကေအဲန်ယူ ကွန်ဂရက် တတိယအကြိမ် ဗဟိုအမြဲတမ်းကော်မီတီ အစည်းအဝေး ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/fourteenth-knu-congress-3rd-csc-meeting-statement

နိုဝင်ဘာလ ၁၇ ရက်၊ ၂၀၁၀ ခုနှစ်။ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာသည့်အပေါ် KNU ၏ သဘောထား ထုတ် ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-statement-concerning-release-of-daw-aung-san-suu-kyi

နိုဝင်ဘာလ ၁၀ ရက်၊ ၂၀၁၀ ခုနှစ်။ ၂၀၁၀ ပြည့်နှစ်၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍ နယ်စပ်ဒေသများတွင် အကြမ်းဖက်မှု များကို ရှုံ့ချကြောင်း KNU ၏ ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-statement-condemning-election-related-violence-in-burmas-border-areas

နိုဝင်ဘာလ ၇ ရက်၊ ၂၀၁၀ ခုနှစ်။ (နအဖ) စစ်အစိုးရ၏ ၂၀၁၀ ရွေးကောက်ပွဲသည် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်အောင် စီစဉ်ဆောင်ရွက်ခြင်းသာ ဖြစ်သည်။

http://karennationalunion.net/index.php/burma/news-and-reports/news-stories/statement-on-spdcs-2010-election-designed-to-perpetuate-military-dictatorsh

အောက်တိုဘာလ ၂၁ ရက်၊ ၂၀၁၀ ခုနှစ်။ ကရင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ လစဉ် KNU ၏ သတင်းပေးပို့ချက် (ဩဂုတ်လ ၂၀၁၀ ခုနှစ်)
http://karennationalunion.net/index.php/burma/news-and-reports/news-stories/monthly-knu-report-on-human-rights-violations-in-karen-state-burma-august-2

စက်တင်ဘာလ ၁၅ ရက်၊ ၂၀၁၀ ခုနှစ်။ နိုင်ငံတကာငြိမ်းချမ်းရေးနေ့တွင် KNU က တစ်ရက်တာ အပစ်အခတ်ရပ်စဲမည်။
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-to-observe-one-day-ceasefire-on-international-day-of-peace1

စက်တင်ဘာလ ၃ ရက်၊ ၂၀၁၀ ခုနှစ်။ ကရင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ လစဉ် KNU ၏ သတင်းပေးပို့ချက် (ဇူလိုင်လ ၂၀၁၀ ခုနှစ်)
http://karennationalunion.net/index.php/burma/news-and-reports/news-stories/monthly-knu-report-on-human-rights-violations-in-karen-state-burma-july-201

ဩဂုတ်လ ၁၁ ရက်၊ ၂၀၁၀ ခုနှစ်။ ခုနှစ်။ ၆၀ နှစ် မြောက် အာဇာနည်နေ့အတွက် KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်တာမလာဘော၏ မိန့်ခွန်း
http://karennationalunion.net/index.php/burma/news-and-reports/news-stories/address-of-knu-president-saw-tamlabaw-on-60th-anniversary-of-martyrs-day

ဇူလိုင်လ ၂၇ ရက်၊ ၂၀၁၀ ခုနှစ်။ ရွေးကောက်ပွဲမတိုင်မီ နအဖ စစ်အစိုးရက ထိုးစစ်ဆင်နွှဲနေခြင်း
http://karennationalunion.net/index.php/burma/news-and-reports/news-stories/pre-election-military-operations-by-spdc

ဇူလိုင်လ ၂၇ ရက်၊ ၂၀၁၀ ခုနှစ်။ ကရင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ လစဉ် KNU ၏ သတင်းပေးပို့ချက် (ဇွန်လ ၂၀၁၀ ခုနှစ်)
http://karennationalunion.net/index.php/burma/news-and-reports/news-stories/monthly-knu-report-on-human-rights-violations-in-karen-state-burma-july-201

ဇူလိုင်လ ၇ ရက်၊ ၂၀၁၀ ခုနှစ်။ ကရင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ လစဉ် KNU ၏ သတင်းပေးပို့ချက် (ဧပြီလ ၂၀၁၀ ခုနှစ်)
http://karennationalunion.net/index.php/burma/news-and-reports/news-stories/monthly-knu-report-on-human-rights-violations-in-karen-state-burma-april-20

ဇွန်လ ၂၆ ရက်၊ ၂၀၁၀ ခုနှစ်။ ကရင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ လစဉ် KNU ၏ သတင်းပေးပို့ချက် (မတ်လ ၂၀၁၀ ခုနှစ်)
http://karennationalunion.net/index.php/burma/news-and-reports/news-stories/monthly-knu-report-on-human-rights-violations-in-karen-state-burma-march-20

ဇွန်လ ၂၆ ရက်၊ ၂၀၁၀ ခုနှစ်။ ကရင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ လစဉ် KNU ၏ သတင်းပေးပို့ချက် (ဖေဖော်ဝါရီလ ၂၀၁၀ ခုနှစ်)
http://karennationalunion.net/index.php/burma/news-and-reports/news-stories/monthly-knu-report-on-human-rights-violations-in-karen-state-burma-february

ဇွန်လ ၂၆ ရက်၊ ၂၀၁၀ ခုနှစ်။ ကရင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ လစဉ် KNU ၏ သတင်းပေးပို့ချက် (ဇန်နဝါရီလ ၂၀၁၀ ခုနှစ်)

http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-report-on-human-rights-violations-in-karen-state-burma-january-2010

မတ်လ ၃၁ ရက်၊ ၂၀၁၀ ခုနှစ်။ NLD ၏ ဆုံးဖြတ်ချက်အပေါ် KNU က အပြည့်အဝ ထောက်ခံကြောင်း ထုတ်ပြန်ကြေညာ ချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-statement-affirming-full-support-for-decision-of-nld

မတ်လ ၁၆ ရက်၊ ၂၀၁၀ ခုနှစ်။ (နအဖ) စစ်အစိုးရ၏ ရွေးကောက်ပွဲဥပဒေနှင့် ပတ်သက်၍ KNU ၏ ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-statement-on-spdcs-2010-election-law

မတ်လ ၁၄ ရက်၊ ၂၀၁၀ ခုနှစ်။ ကုလသမဂ္ဂ လူ့အခွင့်အရေး သတင်းပေးပို့သူ၏ အကြံပြုချက်များနှင့်ပတ်သက်၍ KNU ၏ သတင်းထုတ်ပြန်ချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-press-release-on-recommendation-of-un-special-rapporteur

မတ်လ ၁၃ ရက်၊ ၂၀၁၀ ခုနှစ်။ စစ်အုပ်စု၏ ရွေးကောက်ပွဲဥပဒေအပေါ် မြန်မာနိုင်ငံ အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု (NDF) ၏ ထုတ်ပြန်ကြေညာချက်

http://karennationalunion.net/index.php/burma/news-and-reports/news-stories/ndf-statement-on-military-cliques-election-laws

မတ်လ ၄ ရက်၊ ၂၀၁၀ ခုနှစ်။ ကရင်အရပ်သားများအပေါ် (နအဖ) စစ်အစိုးရ ထိုးစစ်ဆင်တိုက်ခိုက်နေမှုများ ရပ်ဆိုင်းရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံသို့ KNU မှ မေတ္တာရပ်ခံတောင်းဆိုသည့် ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-statement-requesting-un-sg-to-call-on-spdc-to-stop-attacks-against-kare

ဖေဖော်ဝါရီလ ၁၆ ရက်၊ ၂၀၁၀ ခုနှစ်။ ကရင်တို့အပေါ် အသစ်တဖန်ထိုးစစ်ဆင် တိုက်ခိုက်နေမှုများတွင် နိုင်ငံတကာက တုံ့ပြန်ဆောင်ရွက် ရန်လိုအပ်နေပြီ ဖြစ်ကြောင်း
http://karennationalunion.net/index.php/burma/news-and-reports/news-stories/new-attacks-on-karen-require-international-response

ဖေဖော်ဝါရီလ ၁၁ ရက်၊ ၂၀၁၀ ခုနှစ်။ ၆၂ ကြိမ်မြောက် ကရင်အမျိုးသားနေ့အတွက် KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်တာမလာဘော ၏ မိန့်ခွန်း

http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-president-saw-tamla-baws-address-on-62nd-anniversary-of-karen-national-

ဖေဖော်ဝါရီလ ၅ ရက်၊ ၂၀၁၀ ခုနှစ်။ ၆၃ ကြိမ်မြောက် KNU နေ့အတွက် KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်တာမလာဘော၏ မိန့်ခွန်း

http://karennationalunion.net/index.php/burma/news-and-reports/news-stories/president-gen.-saw-tamla-baws-address-on-63-anniversary-of-knu-day1

ဖေဖော်ဝါရီလ ၄ ရက်၊ ၂၀၁၀ ခုနှစ်။ ဒုက္ခသည်များအရေးနှင့် ပတ်သက်၍ KNU ၏ သဘောထားထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-position-on-refugees

ဇန်နဝါရီလ ၃၁ ရက်၊ ၂၀၁၀ ခုနှစ်။ ၆၁ ကြိမ်မြောက် ကရင့်တော်လှန်ရေးနေ့အတွက် KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်တာမလာဘော ၏ မိန့်ခွန်း
http://karennationalunion.net/index.php/burma/news-and-reports/news-stories/address-by-knu-president-saw-tamlabaw-on-61st-anniversary-of-karen-revoluti

ဇန်နဝါရီလ ၂၈ ရက်၊ ၂၀၁၀ ခုနှစ်။ မိုင်းလားခေါင်းဆောင် လုပ်ကြံသတ်ဖြတ်ခံရမှုနှင့် ပတ်သက်၍ အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု (NDF) ၏ ထုတ်ပြန်ကြေညာချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/ndf-statement-on-assassination-of-mongla-leader

ဇန်နဝါရီလ ၂၈ ရက်၊ ၂၀၁၀ ခုနှစ်။ ပဲခူးတိုင်း၊ ကျောက်ကြီးမြို့တွင် ဗုံးကွဲမှုနှင့်ပတ်သက်၍ KNU အပေါ် စွပ်စွဲထားခြင်းကို တုံ့ပြန်ခြင်း
http://karennationalunion.net/index.php/burma/news-and-reports/news-stories/bomb-blast-in-kyaukkyi-bago-division-and-blame-against-knu

ဇန်နဝါရီလ ၁၅ ရက်၊ ၂၀၁၀ ခုနှစ်။ (နအဖ) စစ်အစိုးရမှ မူးယစ်ဆေးဝါးများ စနစ်တကျဖြန့်ဖြူးနေမှုအပေါ် KNU ၏ ထုတ်ပြန် ကြေညာချက်နှင့် ပြည်သူသို့ တိုက်တွန်းအကြံပြုချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/knu-statement-on-systematic-distribution-of-narcotic-drugs-by-spdc-advice-t

ဇန်နဝါရီလ ၁ ရက်၊ ၂၀၁၀ ခုနှစ်။ နှစ်သစ်ကူး နှုတ်ခွန်းဆက် သဝဏ်လွှာနှင့် KNU မှ ကရင်အမျိုးသား သွေးစည်းညီညွတ် ရေးအတွက် တောင်းဆိုချက်
http://karennationalunion.net/index.php/burma/news-and-reports/news-stories/new-year-greetings-call-for-national-unity-by-knu

# ကေအဲန်ယူ–ကေအဲန်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီ

http://www.karenpeacecouncil.com/

## အကျဉ်းချုပ်

တည်ထောင်သည့်နေ့စွဲ။ ၂၀၀၇ ခုနှစ်။ ဇန်နဝါရီလ ၃၁ ရက်။

ဌာနချုပ်။ ထိုးကော့ကိုး၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်။

လှုပ်ရှားဒေသ။ ထိုးကော့ကိုးကျေးရွာ၊ ကော့ကရိတ်မြို့နယ်နှင့် မဲလထကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်။

ခန့်မှန်းအင်အား။ ၂၀၀ အောက်။

ခေါင်းဆောင်။ ဗိုလ်မှူးချုပ် ဌေးမောင် (ဗိုလ်မှူးချုပ် ထိန်မောင်ဟုလည်း သိရှိကြသည်။)

KNU/KNLA ငြိမ်းချမ်းရေးကောင်စီသည် ၂၀၀၇ ခုနှစ်တွင် ကေအဲန်ယူ ဗဟိုကော်မီတီ၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ မြန်မာ စစ်တပ်နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်သောကြောင့် KNU တပ်မဟာ-၇ တပ်မှူး ဗိုလ်မှူးချုပ် ဌေးမောင်ကို ထုတ်ပယ်ပြီးနောက်ပိုင်းတွင် ပေါ်ပေါက်လာခဲ့သည်။

ဗိုလ်မှူးချုပ်ဌေးမောင်က သူ၏ တပ်မဟာ-၇ နှင့်အတူ KNU/KNLA ငြိမ်းချမ်းရေးကောင်စီကို ထိုနှစ် ဇန်နဝါရီလ ၃၁ ရက် နေ့တွင် ထူထောင်လိုက်သည်။ မြန်မာစစ်အစိုးရနှင့် ငြိမ်းချမ်းရေးသဘောတူညီမှုရပြီဟု သူကပြောဆိုခဲ့ပြီး၊ ကရင်ပြည် နယ်၊ ကော့ကရိတ်မြို့နယ်၊ ထိုးကော့ကိုးကျေးရွာသို့ ပြန်သွားခဲ့သည်။

## ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ (CEC)

ဥက္ကဋ္ဌ။ စောဌေးမောင် ခေါ် စောထိန်မောင်။<br>
နိုင်ငံခြားရေးဌာန။ ဒေါက်တာ တင်မိုသီ လက်လမ်း

## ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အသစ်။ ဖေဖော်ဝါရီလ ၇ ရက်၊ ၂၀၁၂ ခုနှစ်။

အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့် ၉-ခုမြောက် အဖွဲ့ ဖြစ်သည်။

အဆင့် ၁။ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ

ယခင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်။ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်။

## တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

စောဌေးမောင်၊ ဒေါက်တာ တင်မိုသီ လက်လမ်း၊ စောရေနု၊ ဒေါက်တာ နော်ကဖောထူး၊ စောအယ်ကော်ထူး၊ စောဂျိုးဇက်ဖ်၊ ဒေါက်တာစောအောင်သန်း၊ နော်ကရင်နာ။

## ဆက်ဆံရေးရုံးများ

မြဝတီ၊ ဘုရားသုံးဆူ၊ ကော့ကရိတ်၊ မော်တောင်းနှင့် ကော့သောင်းမြို့များ။

## ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | Details |
|---|---|---|---|---|---|
| ၁။ | ၇-၂-၂၀၁၂ | နေပြည် တော် | စောဌေးမောင် | ဦးအောင်သောင်း | အချက် ၇-ချက်ပါ ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူ ညီချက် လက်မှတ်ရေးထိုးသည်။<br><br>KPC ကိုယ်စားလှယ်များ-<br><br>ဗဟိုကော်မီတီဝင်များနှင့် ဒေါက်တာ တင်မိုသီ ဦးစောရင်နု၊ ဒေါက်တာနော်ကဖော ထူး၊ ဦးစောအယ်လ်ကော်ထူး၊ ဦးစောဂျိုးဇက်ဖ်၊ ခရစ်ယန် ဘုန်းတော်ကြီး ဒေါက်တာစောအောင်သန်း နှင့် နော်ကရင်နာ။ အစိုးရ ကိုယ်စားလှယ်များ-ဦးသိန်းဇော်၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ခရမ်းမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမောင် မောင်သိန်း၊ ဒု-ဝန်ကြီး ဗိုလ်ချုပ် ဇော်ဝင်း၊ ဒု-ရှေ့နေချုပ် ဦးထွန်းထွန်း ဦး၊ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ ဒု-ဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးနှင့် သစ်တောရေးရာ ဝန်ကြီး ဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင် နှင့် ငြိမ်းချမ်းရေး အကျိုးတော်ဆောင် ဦးစောခင်စိုး တို့ တက်ရောက်သည်။ |
| ၂။ | ၂၁-၁-၂၀၁၃ | ဘားအံ၊ ကရင် ပြည်နယ် | စောဌေးမောင် | ဦးအောင်မင်း | အစိုးရက KPC ကို နိုင်ငံရေးပါတီ တစ်ခု ထူထောင်ရန်၊ လက်နက်ချ ရန် တိုက်တွန်းသည်။ သို့သော် လည်း KPC က ငြင်းပယ်၍ ဤကိစ္စ များကို နောက်ပိုင်းတွင် ဆက်လက် ဆွေးနွေးသွားမည် ဖြစ်သည်။ |

## ဖြစ်ပေါ်တိုးတက်မှုများ

သဘောတူညီသည့် အချက်များ
- KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အဖွဲ့ဝင်များကို မဲလထနှင့် ထိုးကော့ကိုးကျေးရွာများတွင် ဆက်လက်တည်ရှိနေထိုင်ခွင့်ပြုသည်။
- ကြိုတင်ဆွေးနွေးပြီးနောက်တွင် သတ်မှတ်ထားသော နယ်စပ်ကိုဖြတ်ကျော်၍ လက်နက်ဖြင့် သွားလာနိုင်သည်။
- "ဒေသဆိုင်ရာ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးတပ်ဖွဲ့များ" အတွက် နေထိုင်စရာများ သတ်မှတ်ပေးရန်။
- ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်သည့်တိုင်သည်အထိ ဆက်လက်ဆွေးနွေးသွားရန်။
- အစိုးရက မိမိဘာသာ ကိုယ်ထူကိုယ်ထ ရပ်တည်နိုင်ရေးအတွက် ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး၊ အခြေခံလိုအပ်ချက်များ၊ ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ ရေနှင့် လျှပ်စစ်မီး ထောက်ပံ့ပေးနိုင်ရေးအတွက် အမြန် ဆုံး ဖြည့်ဆည်းပေးသွားမည်။ အခြားနိုင်ငံများတွင် အခြေချနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ ပြန်လည် အခြေချနိုင်ရေး အစီအစဉ်များကို ပံ့ပိုးပေးသွားမည်။

## တောင်းဆိုသည့် အချက်များ
- ဒေသတွင်း အစိုးရက စစ်ဆင်ရေးများ ရပ်စဲပေးရန်။
- နယ်စပ်ကုန်သွယ်ရေး နှင့် ဒေသတွင်း အခြေခံ အဆောက်အဦများ ပိုမိုဖွံ့ဖြိုးစေရန်။
- ထိုင်းနိုင်ငံမှ ခေါင်းပုံဖြတ်နေမှုကို ရှောင်လွှဲနိုင်ရန် ကျွန်းနှင့် သဘာဝသတ္တုများ ပိုမိုရှာဖွေ၊ ထုတ်လုပ်ရေး၊ ကုန်သွယ်ခွင့်လိုင်စင်များ ချပေးရန်။
- ခရီးသွားလာရေး လုပ်ငန်း။

အပစ်အခတ်ရပ်စဲရေး၏ ပြင်ပတွင်-
အစိုးရကမိုးပွင့်စီမံချက်ကို စတင်အကောင်ထည်ဖော်နေပြီး နိုင်ငံသားစိစစ်ရေးကဒ်ပြားများ ထုတ်ပေးမည် ဖြစ်သည်။
(၂၀၁၂ ခုနှစ်မှ စတင်သည်။)

## ထုတ်ပြန်ကြေညာချက်များ

ဖေဖော်ဝါရီလ ၁၀ ရက်၂၀၁၂ ခုနှစ်။ KNU/KNLA Peace Council မှ ဒေါ်အောင်ဆန်းစုကြည်သို့ ပေးစာ
http://www.karenpeacecouncil.com/statements/letter_to_aung_san_suu_kyi

ဧပြီလ ၂၈ ရက်၊ ၂၀၁၀ ခုနှစ်။ KNU/KNLA Peace Council မှနေ၍ အစိုးရအဆင့်အသီးသီးသို့ ကြွယ်ဝဖွံ့ဖြိုးသည့် အနာဂတ် ဖြစ်ပေါ်လာစေရေး လုပ်ဆောင်ပါရန် တောင်းဆိုချက် (KNU/KNLA ငြိမ်းချမ်းရေး ကောင်စီနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲသို့ ပဏာမတင်ပြဆွေးနွေးချက်)

http://digitalzoo.asia/karenpeacecouncil/pdf/statements/KPC_Proposal_in_Burmese_Complete_.pdf
http://www.karenpeacecouncil.com/statements/knu_knla_peace_council_statement_28_04_2010

ဧပြီလ ၇ ရက်၊ ၂၀၁၀ ခုနှစ်။ KNU/KNLA Peace Council ၏ မြန်မာ့တပ်မတော်နှင့် ဧပြီလ ၂၂ ရက်နေ့ နောက်ဆုံးထား၍ ပူးပေါင်းရန် တောင်းဆိုချက်အပေါ် ပြန်ကြားချက်
http://www.burmapartnership.org/2010/04/knuknla-peace-council%E2%80%99s-response-to-22nd-april-deadline-of-merger-with-burma-army/

ဧပြီလ ၄ ရက်၊ ၂၀၁၀ ခုနှစ်။ နယ်ခြားစောင့်တပ်ဖွဲ့(BGF) ကိစ္စ ငြင်းပယ်ရခြင်း အကြောင်းအချက်များ
www.karenpeacecouncil.com/statements/knu_knla_peace_council_statement_no_004_2010

## မဟာမိတ်ပြုမှုများ

၁၀-၂-၂၀၁၂ KNU/KNLA ငြိမ်းချမ်းရေးကောင်စီက ဒေါ်အောင်ဆန်းစုကြည်ထံ သွားရောက်တွေ့ဆုံသည်။
၁၀-၃-၂၀၁၂ KNU/KNLA ငြိမ်းချမ်းရေးကောင်စီက KNU ၏ တွဲဖက် အတွင်းရေးမှူး ဗိုလ်မှူးစောလှငွေနှင့် တွေ့ဆုံသည်။

# အမျိုးသား ဒီမိုကရေစီ သွေးစည်း ညီညွတ်ရေးတပ်မတော်

အစိုးရက ခေါ်ဆိုသည့်အမည်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ (၄)
အခြားအမည်။ မိုင်းလားအဖွဲ့။



## အကျဉ်းချုပ်

တည်ထောင်သည့်နေ့စွဲ။ ၁၉၈၉ ခုနှစ်။
ဌာနချုပ်။ မုန်းလား၊ ရှမ်းပြည်နယ် အရှေ့ပိုင်း။
ထိန်းချုပ်ဒေသ။ မုန်းလား၊ ရှမ်းပြည်နယ် အရှေ့ပိုင်း (အထူးဒေသ-၄)
ခန့်မှန်းအင်အား။ ၃, ၀၀၀+
ခေါင်းဆောင်။ စိုင်းလင်း (ဦးစိုင်းလင်း သို့မဟုတ် လင်မင်းရှန် Lin Mingxian ဟုလည်း သိရှိကြသည်။)

အမျိုးသား ဒီမိုကရေစီ သွေးစည်းညီညွတ်ရေး တပ်မတော်- အရှေ့ပိုင်း ရှမ်းပြည်နယ် (NDAA-ESS) သည် မုန်းလားအခြေစိုက် တိုင်းရင်းသား အပစ်အခတ် ရပ်စဲရေးအဖွဲ့တစ်ခု ဖြစ်သည်။ ဗမာပြည် ကွန်မြူနစ်ပါတီမှ တပ်များခွဲထွက်ပြီးနောက်ပိုင်း ၁၉၈၉ ခုနှစ်တွင် မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ရယူခဲ့သည်။ ယခင် CPB လက်အောက်ခံတပ်များဖြစ်ခဲ့သည့် MNDAA, UWSA, NDA-K တို့နှင့် နီးစပ်သောဆက်ဆံရေး ရှိသည်။

## ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ (CEC)

ဥက္ကဋ္ဌ။ စိုင်းလင်း ခေါ် Sai Leun
ဒု-ဥက္ကဋ္ဌ။ စံဖဲ/ Hsan Per
အထွေထွေ အတွင်းရေးမှူး။ စဝ်ဆဲန်လ။

## ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အသစ်။ စက်တင်ဘာလ ၇ ရက်၊ ၂၀၁၁ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး အပစ်အခတ်ရပ်စဲရေး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးသည့် ဒုတိယမြောက် အဖွဲ့ဖြစ်သည်။
အဆင့် ၂။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ
ယခင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်။ ဇွန်လ ၃၀ ရက်၊ ၁၉၈၉ ခုနှစ်။

## တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

အလှည့်ကျ ဖြစ်သည်။

## ဆက်ဆံရေးရုံးများ

ရန်ကုန်၊ တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်နှင့် မန္တလေး (အသစ်ပြန်လည် ဖွင့်လှစ်ခြင်း ဖြစ်သည်။)

ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁။ | ၇-၉-၂၀၁၁ | ကျိုင်းတုံ၊ ရှမ်းပြည်နယ် | စံဖဲ | ဦးအောင်သောင်း | အချက် ၇-ချက်ပါ ပြည်နယ်အဆင့် သဘောတူညီချက် လက်မှတ်ရေးထိုးသည်။ |
| ၂။ | ၈-၁၀-၂၀၁၁ | ကျိုင်းတုံ၊ ရှမ်းပြည်နယ် | စံဖဲ | ဦးအောင်သောင်း | မိုင်းလားအဖွဲ့ကို ၎င်း၏ ဆက်ဆံရေးရုံးများ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်။ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အထူးဒေသ ၄ အတွင်း ပိုမိုကောင်းမွန်စေရန် ဝန်ထမ်းများ ပြန်လည်ခန့်အပ်ပေးမည်။ တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းကို တိုက်ဖျက်မည်စသည့် သဘောတူညီချက်များကို လက်မှတ်ရေးထိုးသည်။<br><br>အခြားအစိုးရ ကိုယ်စားလှယ်များ-<br><br>ဦးသိန်းဇော်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ရှမ်း ပြည်နယ် လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ ရှမ်းပြည်နယ် ရှေ့နေချုပ် ဦးမောင်မောင် |
| ၃။ | ၂၇-၁၂-၂၀၁၁ | မိုင်းလား၊ ရှမ်းပြည်နယ် | စိုင်းလင်း | ဦးအောင်သောင်း | အချက် ၆-ချက်ပါ ပြည်ထောင်စု အဆင့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။<br>အခြားသော NDAA ကိုယ်စားလှယ်များ-<br>ဒု-ဥက္ကဋ္ဌ ဦးစံဖဲနှင့် အတွင်းရေးမှူး ဦးခမ်းမောင်<br>အခြားအစိုးရ ကိုယ်စားလှယ်များ-<br>ဦးသိန်းဇော်၊ ပြည်ထောင်စု ဝန်ကြီး ဦးအုန်းမြင့်နှင့် ဦးဝင်းထွန်းက အထူးဒေသ (၄) ဥက္ကဋ္ဌ ဦးစိုင်းလင်း၊ ဒု-ဥက္ကဋ္ဌ ဦးစံဖဲ၊ အတွင်းရေးမှူး ဦးခမ်းမောင်တို့နှင့် တွေ့ဆုံကြသည်။ |
| ၄။ | ၆-၁၀-၂၀၁၂ | ကျိုင်းတုံ၊ ရှမ်းပြည်နယ် | စိုင်းလင်း | ကာချုပ် မင်းအောင်လှိုင် | မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီသည်။ |

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၅။ | ၃-၁၂-၂၀၁၂ | မိုင်းလား၊ ရှမ်းပြည်နယ် | စိုင်းလင်း | ဦးအောင်မင်း | ကျွန်းသစ် တန်ချိန် (၁၀,၀၀၀) ထုတ်လုပ်ရန် တောင်းဆိုသည့် အနက်မှ တန် ၁,၀၀၀ ထုတ်လုပ်ခွင့် ပေးသည်။ ရေအားလျှပ်စစ် တည်ဆောက်ရန်နှင့် သတ္တုတွင်း လုပ်ငန်းများ လုပ်ကိုင်ရန် ခွင့်ပြု သည်။<br><br>အခြား အစိုးရကိုယ်စားလှယ်များ- ဦးသိန်းဇော်၊ သမ္မတရုံး ဝန်ကြီး ဦးစိုးသိန်း၊ နယ်စပ်ရေးရာ ဝန်ကြီး ဒုဗိုလ်ချုပ်ကြီးသိန်းဌေး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ရှမ်း ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ၊ တြိဂံတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထွန်းဦး၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်စိုး တို့ ဆွေးနွေးပွဲသို့ တက်ရောက်သည်။ |

## ဖြစ်ပေါ်တိုးတက်မှုများ

သဘောတူညီမှုများ

၁။ နိုင်ငံတော် ကာကွယ်ရေးတွင် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆက်လက်ဆွေးနွေးသွားကြရန် သဘောတူညီသည်။

၂။ NDAA ဒေသအတွင်း ခရီးသွားလုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်း၊ လျှပ်စစ်ထုတ်လုပ်ငန်းများ တိုးတက်လာစေရေး ပူးပေါင်း ဆောင်ရွက်သွားရန်။

တောင်းဆိုချက်များ-

(က) ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံမှ ခရီးသွားဧည့်သည်များအတွက် ခရီးသွားဇရိယာများ ဖွင့်လှစ်သွားရန်။

(ခ) NDAA အဖွဲ့ကို သတ္တုတွင်းလုပ်ငန်း၊ ကျောက်မီးသွေးနှင့် ရွှေတူးဖော် ထုတ်လုပ်ရေး လုပ်ငန်းများ ခွင့်ပြုရန်။

(ဂ) ပြင်ပမှ စီးပွားရေးအုပ်စုများ NDAA ဒေသအတွင်း လာရောက် ရင်းနှီးမြှုပ်နှံခွင့်ပြုရန်။

(ဃ) သဘာဝ သယံဇာတများကို စူးစမ်းလေ့လာနိုင်ရန် သုတေသနပညာရှင်များ စေလွှတ်ပေးရန်။

(င) ကျွန်းသစ် တန်ချိန် ၁၀, ၀၀၀ ထုတ်ယူရောင်းချခွင့်ပြုရန်။ အခြားသစ်မာ တန်ချိန် ၁၀,၀၀၀ ကိုလည်း ထုတ်ယူ ရောင်းချခွင့်ပြုရန်။

(စ) NDAA က ထိန်းချုပ်သည့် နယ်စပ်ဂိတ် ဖွင့်လှစ်ခွင့်ပြုရန်နှင့် နယ်ခြားဂိတ် အခွန်အခများ ခံစားခွင့်ပြုရန်။

(ဆ) ဒေသဖွံ့ဖြိုးရေးအတွက် NGOs နှင့် ကုလသမဂ္ဂအေဂျင်စီများကို သွားရောက်ခွင့်ပြုရန်။

(ဇ) NDAA ဒေသသို့ ဆန်၊ လောင်စာဆီနှင့် ငွေကြေး ထောက်ပံ့ပေးရန်။

၃။ NDAA ထိန်းချုပ်ဒေသတွင် ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ NDAA ထိန်းချုပ်ဒေသတွင် ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ပူးပေါင်းဆောင်ရွက်သွားရန်။

၄။ NDAA ဒေသတွင်း အစိုးရရုံးများ လည်ပတ်နိုင်ရေးအတွက် အစိုးရအရာရှိများ စေလွှတ်ပေးသွားရန်နှင့် NDAA ဆက်ဆံ ရေးရုံးများတွင် အလုပ်လုပ်ကိုင်နိုင်ရန် အဖွဲ့ဝင်များကို အစိုးရထိန်းချုပ်ဒေသများသို့ စေလွှတ်သွားနိုင်ရန်။

၅။ အစိုးရ၏ ၁၅-နှစ် မူးယစ်ဆေး ကင်းစင်စေရေး အစီအစဉ် (၁၉၉၉-၂၀၁၄) တွင် NDAA မှ ပါဝင်ဆောင်ရွက်သွားရန်။

## တောင်းဆိုထားသည့် အချက်များ

၁။ ရှမ်းပြည်နယ် အရှေ့ပိုင်း NDAA ထိန်းချုပ်ဒေသနေ ပြည်သူများကို နိုင်ငံသားစိစစ်ရေးကဒ် ထုတ်ပေးရန်။

၂။ NDAA ဒေသနေ ပြည်သူများကို မော်တော်ယာဉ်လိုင်စင် ထုတ်ပေးရန်။

## ထုတ်ပြန်ကြေညာချက်များ

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်။ NDAA, UWSA နှင့် SSPP/SSA တို့က အစိုးရအနေဖြင့် KIO?KIA အပေါ် ထိုးစစ်ဆင်နေမှု ရပ်ဆိုင်းရန်နှင့် နိုင်ငံရေးအရ ဆွေးနွေးဖြေရှင်းမှုပြုရန် ပူးတွဲထုတ်ပြန်ကြေညာသည်။

## မိတ်ဖက်ပြုမှုများ

"ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း" အမည်ရှိ ရှမ်းညီလာခံတစ်ခုကို ရန်ကုန်မြို့၊ ရွှေဂုံတိုင်ရှိ တော်ဝင်နှင်းဆီ ခန်းမတွင် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ကျင်းပခဲ့သည်။ ဝန်ကြီးဦးအောင်မင်းက အဖွင့်အမှာစကား ပြောကြားသည်။ ဝန်ကြီးဦးအောင်မင်းနှင့် ဦးစိုးသိန်းတို့လည်း အစည်းအဝေး တက်ရောက်ကြ သည်။ SNLD, SNDP, TNDP, RCSS/SSA-S, SSPP/SSA, NDAA တို့မှ ရှမ်းတိုင်းရင်းသား ကိုယ်စားလှယ် ၁၅၀ ခန့် တက်ရောက်ခဲ့သည်။

SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးသည် မိုင်းလားသို့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၆-၉ ရက်တိုင် လာရောက်လည်ပတ်ပြီး၊ မိုင်းလားအဖွဲ့ ခေါင်းဆောင် ဦးစိုင်းလင်းနှင့် တွေ့ဆုံခဲ့သည်။ ဦးခွန်ထွန်းဦးနှင့်အတူ RCSS/SSA ခေါင်းဆောင်များလည်း လိုက်ပါလာခဲ့ သည်။

# မွန်ပြည်သစ်ပါတီ



လက်နက်ကိုင်တပ်ဖွဲ့။ မွန်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (MNLA)

http://www.nmsp.info/

UNFC အဖွဲ့ဝင် ဖြစ်သည်။

## အကျဉ်းချုပ်

တည်ထောင်သည့်နေ့စွဲ။ ၁၉၅၈ ခုနှစ်။ ဇူလိုင်လ။
ဌာနချုပ်။ ရေးချောင်းဖျား၊ မွန်ပြည်နယ်။

လှုပ်ရှားဒေသ။ သထုံ၊ ပေါင်၊ ချောင်းဆုံ၊ မော်လမြိုင်၊ ဘားအံ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ ရေဖြူ၊ ဘုရားသုံးဆူ၊ မြိတ်-ထားဝယ်၊ ကျိုက်မရော မြို့နယ်များ။

ခန့်မှန်းအင်အား။ ၈၀၀+ (အရံအင်အား ၂, ၀၀၀ ခန့်ရှိသည်။)

ခေါင်းဆောင်။ နိုင်ထောမွန်

မွန်ခွဲထွက်ရေး လိုလားသူများက မွန်ပြည်သူ့တပ်ဦး (MPF) ကို ထူထောင်ခဲ့ကြသည်။ ဤအဖွဲ့ကို နောက်ပိုင်းတွင် ပြန်လည် စုဖွဲ့၍ မွန်ပြည်သစ်ပါတီ (NMSP) ဟု ခေါ်တွင်ခဲ့သည်။ ၁၉၄၉ ခုနှစ်မှစ၍ မွန်ပြည်နယ်၏ အရှေ့ပိုင်း တောင်တန်းဒေသများနှင့် တနင်္သာရီတိုင်း၏ အချို့သောဒေသများတွင် မွန်ပြည်သစ်ပါတီက ထိန်းချုပ်လှုပ်ရှားနေခဲ့သည်။ ၁၉၉၅ ခုနှစ်တွင်၊ မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီနိုင်ခဲ့သည်။

မွန်ပြည်သစ်ပါတီက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများလုပ်ရန် ၂၀၀၈ ခုနှစ်ထိတိုင် အမျိုးသားညီလာခံအတွင်းမှ ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ နယ်ခြားစောင့်တပ်ဖွဲ့ရန် အစိုးရက တောင်းဆိုမှုအပေါ် ငြင်းဆန်ခဲ့ပြီးနောက် ၂၀၁၀ ခုနှစ် ဧပြီလနောက်ပိုင်းတွင် စစ်အစိုးရနှင့် ဆက်ဆံရေးပြတ်တောက်သွားခဲ့သည်။ သို့သော်လည်း လက်နက်ကိုင်တိုက်ပွဲများ ပြန်လည်ဖြစ်ပေါ်သည်အထိ အခြေအနေ မဆိုးရွားသွားခဲ့ပေ။ ယမန်နှစ်က ဆွေးနွေးမှုများမှစတင်၍ နောက်ထပ်အသစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အသစ် လက်မှတ်ရေးထိုး နိုင်ခဲ့သည်။ ပြည်နယ် အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်နှင့် အစိုးရထံမှ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအားလုံးနှင့် ၂၀၁၂ ခုနှစ် မကုန်မီတွင် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ပါမည်ဟူသည့် ကတိကဝတ်ကို ရရှိနိုင်ခဲ့သည်။ ထို့ကြောင့် ပြည်ထောင်စု အဆင့်တွင် အင်အားစုအားလုံး ပါဝင်သည့် နိုင်ငံရေးဓေ့စပ်ဆွေးနွေးမှုများ စတင်နိုင်မည် ဖြစ်သည်။

မြန်မာစစ်တပ်က ဤအုပ်စုကို မွန်ပြည်နယ်အတွင်း စစ်စခန်း ၁၂ ခု သတ်မှတ်၍ ထိန်းချုပ်မှုအခွင့်အရေး တစုံ တရာ ယခင်က ပေးခဲ့သည်။ အထူးသဖြင့် ရေးမြစ်တလျှောက်ရှိ စခန်းများနှင့် သထုံခရိုင်မြောက်ပိုင်းတွင် တစ်ခု၊ မော်လမြိုင်ခရိုင်အတွင်း တစ်ခု ဖြစ်သည်။ ထို့အပြင် စီးပွားရေးလုပ်ငန်း ၁၇ ခုကိုလည်း လုပ်ကိုင်ခွင့်ပေးခဲ့သည်။ ဥပမာအားဖြင့် သစ်ထုတ်လုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ ပြည်တွင်းပို့ဆောင်ရေးနှင့် ရွှေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများအပြင် မလေးရှားနှင့် စက်ဘူ ကုမ္ပဏီများနှင့်လည်း ကုန်သွယ်ရေး ပြုလုပ်ခွင့် စသည်တို့ကို ခွင့်ပြုပေးခဲ့သည်။

မြန်မာ-ထိုင်းနယ်စပ်တွင် ဒုက္ခသည်စခန်း ၃-ခု တည်ထောင်ထားခြင်းကိုလည်း မြန်မာအစိုးရက အသိအမှတ်ပြုထားသည်။ ဤစခန်းများသည် ဟလော့ခနီ၊ ဘီးရီးနှင့် ထားဝယ်တို့တွင် အခြေပြုထားသည်။ မွန်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေး ကော်မီတီ (MDRC) က ရန်ပုံငွေ ရှာဖွေ ထောက်ပံ့နေပြီး၊ ထိုင်းနယ်စပ် တလျှောက် ဒုက္ခသည်များဆိုင်ရာ

ကူညီပံ့ပိုးရေး အဖွဲ့ကြီး (TBBC) က နယ်စပ်ဖြတ်ကျော်၍ ကူညီထောက်ပံ့ပေးနေသည်။ ယခုအခါ နယ်စပ်တလျှောက် ကူညီထောက်ပံ့ရေးအသင်း (TBC) အဖြစ် အမည် ပြောင်းလဲခဲ့သည်။

မွန်ပြည်သစ်ပါတီ၏ နိုင်ငံရေးဦးဆောင်အဖွဲ့အနေဖြင့် စီမံခန့်ခွဲမှုများ လုပ်ဆောင်နိုင်ရန် မြန်မာစစ်တပ်က မွန်ပြည်သစ်ပါတီကို ကျပ် ၄ သန်း (အမေရိကန်ဒေါ်လာ ၃၅၀၀ ခန့်) လစဉ် စီးပွားရေးအကူ အညီအဖြစ် ထောက်ပံ့ရန် မူလက သဘောတူညီထားခဲ့သည်။ သို့သော်လည်း ၂၀၀၅ ခုနှစ်တွင် မွန်ပြည်သစ်ပါတီက အမျိုးသားညီလာခံကို သပိတ်မှောက်ပြီးနောက်ပိုင်း ဖြတ်တောက်လိုက်သည်။ ကျန်စီးပွားရေးလုပ်ပိုင်ခွင့်များလည်း ပြန်လည်ရုပ်သိမ်းခဲ့သည်။ ဥပမာအားဖြင့်- အမြတ်အစွန်းကြီးသည့် သစ်ထုတ်လုပ်ငန်းကို ၁၉၉၇ ခုနှစ်တွင် မွန်ပြည်သစ်ပါတီက NLD ကို ထောက်ခံထားသည့် မဲသရောထာ ထုတ်ပြန်ကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့သည့်အတွက်ကြောင့် သစ်ထုတ်လုပ်ခွင့် ရပ်ဆိုင်းခံခဲ့သည်။

မွန်ပြည်သစ်ပါတီက KNU နှင့်အတူ လက်တွဲတိုက်ပွဲဝင်နေပြီး၊ တိုင်းရင်းသား တပ်ပေါင်းစုအတော်များများတွင်လည်း အဖွဲ့ဝင် ဖြစ်သည်။ ၎င်းတို့မှာ အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု (NDF)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဒီမိုကရက်တစ်မဟာမိတ်များ အဖွဲ့ချုပ် (DAB)၊ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) တို့ ဖြစ်သည်။ DAB နှင့် NCUB တို့တွင် ဒီမိုက ရေစီ အုပ်စုများလည်း ပါဝင်ဖွဲ့စည်းထားသည်။

၂၀၀၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့ (မွန်တော်လှန်ရေးနေ့) တွင် နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်း ဖွဲ့စည်းမည် မဟုတ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

## အမှုဆောင်ကော်မီတီဝင်များ

ဥက္ကဋ္ဌ။ နိုင်ထောမွန်
ဒု-ဥက္ကဋ္ဌ။ နိုင်ရော့စ (ခေါ်) နိုင်ရဿ
အထွေထွေအတွင်းရေးမှူး။ နိုင်ဟံသာ (ခေါ်) နိုင်ဟောင်းဆာ
တွဲဖက် အတွင်းရေးမှူး (၁)။ နိုင်အောင်မင်း
တွဲဖက် အတွင်းရေးမှူး (၂)။ ဗိုလ်ချုပ်ဇေယျ
စစ် ဦးစီးချုပ်။ ဗိုလ်ချုပ်ဇေယျ
ဒု- စစ်ဦးစီးချုပ်။ ဗိုလ်မှူးချုပ် လယီကောင်း။

## ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အသစ်။ ဖေဖော်ဝါရီလ ၁ ရက်၊ ၂၀၁၂ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့် ၈-ခုမြောက် အဖွဲ့ဖြစ်သည်။
အဆင့် ၂။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ
ယခင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်။ ၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်။
နယ်ခြားစောင့်တပ် အစီအစဉ်ကို ငြင်းပယ်မှု။ ဧပြီလ၊ ၂၀၁၀ ခုနှစ်။

## တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

နိုင်ငံပြင်ပတွင် တရားဝင် ဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့။ နိုင်ဟံသာ၊ နိုင်တလညီ၊ နိုင်ဟွန်ဆာဘွန်ထိုင်း။

နိုင်ငံတွင်းတွင် တရားဝင် ဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့။ နိုင်ထောမွန်၊ နိုင်ရဿ၊ နိုင်တလညီ၊ ဗိုလ်ချုပ်ဇေယျ၊ နိုင်အောင်မင်း (အတွင်းရေးမှူး-၁) နှင့် ဗိုလ်မှူးချုပ် လယီကောင်း။

## ဆက်ဆံရေးရုံးများ

မွန်ပြည်သစ်ပါတီက (နဝတ) စစ်အစိုးရနှင့် ၁၉၉၅ ခုနှစ်တွင် အပစ်အခတ် ရပ်စဲရေးသဘောတူညီပြီးနောက်၊ ဆက်ဆံရေး ရုံးများ ဖွင့်လှစ်ခဲ့သည်။ ၂၀၁၀ ခုနှစ်၊ ဧပြီလတွင် ၎င်းတို့ကို မွန်ပြည်သစ်ပါတီက နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်း ရန် ငြင်းပယ်ခဲ့ပြီးနောက်ပိုင်း၊ ပိတ်လိုက်ရသည်။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် အပစ်အခတ်ရပ်စဲရေး သဘောတူညီ ချက်အသစ် ရေးထိုးပြီးနောက်တစ်နေ့တွင် ဆက်ဆံရေးရုံးများအားလုံး ပြန်၍ ဖွင့်ခဲ့သည်။ (အပစ်အခတ်ရပ်စဲရေး သဘော တူညီချက်အရ ၎င်းရုံးများကို နှစ်ဖက်စလုံးက သဘောတူညီသည့် နေရာများ၌သာ ဖွင့်လှစ်ခွင့်ရှိသည်။)

၁။ မော်လမြိုင် *
၂။ မုဒုံ
၃။ သံဖြူဇရပ်
၄။ ရေး
၅။ ရေဖြူ (ရားဖူးကျေးရွာ)
၆။ ဘုရားသုံးဆူ *
၇။ ကျိုက်မရော
၈။ ဇင်းကျိုက် (ပေါင်မြို့နယ်)
၉။ မြိတ်
၁၀။ မြဝတီ *
* စီးပွားရေးရုံးများ ဖြစ်သည်။

## ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁။ | ၆-၁၀-၁၁ | ရေးမြို့နယ်၊ ခလရ (၆၁) တပ်ဝင်း | နိုင်တလညီ၊ နိုင် ဗညားလယ်၊ ဒု- ဗိုလ်မှူးကြီး ဟွန်ဆာ | မွန် ပြည်နယ် လုံခြုံရေး နှင့် နယ်စပ် ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဌေး မြင့်အောင် | ပဏာမအကြိုဆွေးနွေးပွဲ ဖြစ်သည်။ အစိုးရအနေနှင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အပစ်အခတ်ရပ် စဲကြောင်းကြေညာရန်၊ တိုင်းရင်း သားများ စုဖွဲ့ထားသည့် UNFC တပ်ပေါင်းစုနှင့် နိုင်ငံရေးပြဿနာ များကို ဖြေရှင်းဆွေးနွေးရန် အကြံ ပြုခဲ့သည်။<br>အခြား မွန်ပြည်သစ်ပါတီ ကိုယ်စား လှယ်များ- နိုင်ဗညားလယ်၊ ဒု-ဗိုလ်မှူး ကြီး နိုင်ဟွန်ဆာ အခြား အစိုးရဖက်မှ ကိုယ်စား လှယ်များ- အရှေ့တောင်တိုင်း စစ် ဌာနချုပ်မှ ဗိုလ်မှူးကြီး ထွန်းထွန်း ညီ နှင့် မွန်ပြည်နယ် မြူနီစီပါယ် အရာရှိများ။ |

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၂။ | ၁၃-၁၁-၂၀၁၁ | ရေး ချောင်းဖျား၊ မွန် ပြည်သစ် ပါတီ ဌာနချုပ် | နိုင်ထောမွန် (ဥက္ကဋ္ဌ)၊ နိုင်ရသာ (ဒု-ဥက္ကဋ္ဌ)၊ နိုင်ဟံသာ (ထွေတွင်းမှူး) | မွန်ပြည်နယ် အစိုးရမှ စေလွှတ်သည့် ကိုယ်စားလှယ် ၅ ဦးပါအဖွဲ့ (ငြိမ်းချမ်းရေး အကျိုးဆောင်) | ပဏာမအကြိုဆွေးနွေးပွဲ ဖြစ်သည်။<br><br>သက်ဆိုင်ရာတပ်များ အချင်းချင်း အကြား ထိတွေ့မှုများ ရှောင်ရှား ရေး၊ ဆက်ဆံရေးရုံးများ ဖွင့်လှစ် ရေး၊ ပြည်နယ်တွင်း စီးပွားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် ရေးကိစ္စများကို ဆွေးနွေးခဲ့ကြ သည်။ အခြား တပ်ဖွဲ့ထိန်းချုပ် သည့်နေရာသို့ အခြားတစ်ဖက်မှ လက်နက်ဖြင့် ဝင်ရောက်မည်ဆို လျှင် ကြိုတင်အသိပေးရန် သဘောတူညီမှု ရရှိခဲ့သည်။<br>အခြားတက်ရောက်သူများ-<br>ယခင် မွန်ပြည်သစ်ပါတီ ဗဟို အလုပ်အမှုဆောင် နိုင်တင်အောင် နှင့် ဗဟိုကော်မီတီဝင်ဟောင်း နိုင်စိုးမြင့်၊ မွန်ဒီမိုကရေစီအဖွဲ့ချုပ် (NMDF) မှ ဗဟိုအလုပ်အမှုဆောင် နိုင်သက်လွင်၊ ဒေါက်တာ မင်းကြည်ဝင်း၊ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ဆရာတော် ဘဒ္ဒန္တကေတုမာလာ။ |
| ၃။ | ၂၂-၁၂-၂၀၁၁ | စံခလပူရီ၊ ထိုင်းနိုင်ငံ | နိုင်ဟံသာ၊ နိုင်ဟွန်ဆာ ဘွန်ထိုင်း၊ နိုင် ဗညားလယ်၊ နိုင် ရွှေသိန်း | ဦးအောင်မင်း | ပဏာမအကြိုဆွေးနွေးပွဲ ဖြစ်သည်။ |
| ၄။ | ၁-၂-၂၀၁၂ | မော်လမြိုင်၊ မွန်ပြည်နယ် | နိုင်ရသာ၊ ဗိုလ်မှူးချုပ် လ ယီကောင်း၊ နိုင် တလညီ၊ ဗိုလ်မှူး စန်းအေး၊ နိုင်အဂ္ဂ | ဦးအောင်မင်း | အချက် ၅-ချက်ပါ ပြည်နယ်အဆင့် သဘောတူညီချက် ရရှိသည်။<br><br>အစိုးရဖက်မှ အခြားကိုယ်စားလှယ် များ- ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်း စစ် ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် တင် မောင်ဝင်း၊ မွန်ပြည်နယ် လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူး ကြီး ငွေးမြင့်အောင်၊ စစ်ဦးစီး ပထမ တန်း (ပြည်သူ့စစ်)၊ မွန်ပြည်နယ် ရှေ့နေချုပ်၊ မွန်ပြည်နယ်အစိုးရ အတွင်းရေးမှူးနှင့် အရာရှိများ။ |

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၅။ | ၂၅-၂-၂၀၁၂ | မော်လမြိုင်၊ မွန်ပြည်နယ် | နိုင်ရသာ၊ ဗိုလ်မှူးချုပ် လယီကောင်း၊ နိုင်တလညီ၊ ဗိုလ်မှူး စန်းအေး၊ နိုင်အာကာ | ဦးအောင်မင်း | အချက် ၄ ချက်ပါ ပြည်ထောင်စု အဆင့် သဘောတူညီချက် ရရှိသည်။<br><br>အစိုးရဖက်မှ အခြားကိုယ်စားလှယ် များ- ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်း စစ် ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် တင် မောင်ဝင်း၊ နယ်စပ်ရေးရာ ဝန်ကြီး ဌာန ဒု-ဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင်၊ စစ်ဦးစီး ပထမ တန်း ကာချုပ် (ကြည်း) ရုံး၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ စစ်ဦးစီး ပထမတန်း (ပြည်သူ့စစ်)၊ မွန်ပြည်နယ် ရှေ့နေချုပ်နှင့် အရာရှိများ။ |
| ၆။ | ၁၁-၀၄-၁၂ | မော်လမြိုင်၊ မွန်ပြည်နယ် | နိုင်အောင်မင်း နိုင်တလညီ | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲ အပစ်အခတ် ရပ်စဲရေး အကောင် အထည်ဖော်ရေး ဆွေးနွေးပွဲ<br><br>အစိုးရဖက်မှ အခြားကိုယ်စားလှယ် များ- ပြည်ထောင်စုအဆင့် ငြိမ်း ချမ်းရေးဖော်ဆောင်ရေး အဖွဲ့ဝင် ဦးခင်ရီ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်း စစ် ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် တင် မောင်ဝင်း၊ ကာချုပ်ရုံးမှ ဒု-ဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ မွန်ပြည် နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင်၊ မွန်ပြည်နယ် ရှေ့နေချုပ်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ ဒု-ဗိုလ်မှူးကြီး ကျော်မြင့်၊ မွန်ပြည် နယ် အစိုးရ အတွင်းရေးမှူးနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးရေး စောင့်ကြည့် လေ့လာရေးရုံးမှ ဦးရွှေသောင်း။ |

# ဖြစ်ပေါ်တိုးတက်မှုများ

## သဘောတူညီချက်များ

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ-

၁။ အပစ်အခတ် ရပ်စဲပြီးနောက်ပိုင်း ၄၅ ရက်အတွင်း နိုင်ငံရေးဆွေးနွေးမှု စတင်ရန်။
၂။ ဆွေးနွေးပွဲများတွင် လေ့လာသူများကို တက်ရောက်ခွင့်ပြုရန်။
၃။ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ၏ ကိုယ်စားလှယ်များနှင့် အစိုးရကိုယ်စားလှယ်တို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရပြီးနောက် နိုင်ငံရေးဆွေးနွေးမှု စတင်ရန်။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတိုင်အောင် ကျန်တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများ အားလုံးနှင့် အပစ်အခတ်ရပ်စဲရေး မရရှိနိုင်ပါက လက်ရှိအပစ်အခတ် ရပ်စဲထားသည့် အဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် အစိုးရကိုယ်စားလှယ်တို့အကြား နိုင်ငံရေးဆွေးနွေးမှု စတင်ရန်။
၄။ ပြည်တွင်း နိုင်ငံရေးပါတီများ၊ ဒီမိုကရေစီအင်အားစုများမှ ကိုယ်စားလှယ်များနှင့် နိုင်ငံရေး အပေးအယူပြုမှုအပေါ် အခြေခံ၍ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဆက်လက်ဆွေးနွေးသွားရန်။
၅။ တွေ့ဆုံဆွေးနွေးပွဲများမှ ရရှိလာသည့် သဘောတူညီချက်များကို ချက်ချင်းအကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းစဉ်များ စတင်ဆောင်ရွက်သွားရန်။
၆။ မွန်ပြည်နယ်အတွင်းနှင့် ဆက်စပ်ဒေသများတွင် စစ်တပ်အင်အား ထပ်မံမတိုးချဲ့ရန်။
၇။အပစ်အခတ်ရပ်စဲရေး၏ အသီးအပွင့်များ အမှန်တကယ် အကျိုးဖြစ်ထွန်းစေရန် ဒေသတွင်းရှိ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများတွင် တည်ငြိမ် ဖွံ့ဖြိုးမှု ရရှိလာစေရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ၊ လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အစိုးရအကြား အတူတကွ လက်တွဲ လုပ်ဆောင်သွားရန်။
၈။ ပြည်သူများနှင့် ထိတွေ့ဆက်ဆံခွင့်ရှိရန်နှင့် အပြန်အလှန် ကူညီနိုင်ရန်။
၉။ ပြည်တွင်းရှိ နိုင်ငံရေးပါတီများနှင့် ဆက်သွယ်ခွင့် ရရန်။
၁၀။ သတင်းမီဒီယာများ၊ သတင်းဌာနများနှင့် ဆက်သွယ်ခွင့် ရရန်။
၁၁။ နိုင်ငံရေး ဆွေးနွေးညှိနှိုင်းမှုများကို အခြေအနေ လိုအပ်ချက်နှင့်အညီ ရလဒ်များကို ပြည်သူသို့ တင်ပြအသိပေးနိုင်ရန်။
၁၂။ တွေ့ဆုံဆွေးနွေးပွဲ မတိုင်မီတွင် နိုင်ငံခြား သံတမန်များနှင့် ဆက်သွယ်ခွင့် ရရန်။
၁၃။ မွန်ပြည်သစ်ပါတီမှ အကျဉ်းချခံထားရသူများနှင့် ကျန်ရှိနေသည့် နိုင်ငံရေးအကျဉ်းသားများ အားလုံးကို စာနာထောက် ထားမှုဖြင့် ပြန်လွှတ်ပေးရန်။
၁၄။ စေတနာ့ဝန်ထမ်း လုပ်အားပေးခြင်းမှအပ နစ်ဖက်စလုံးမှ အဓမ္မလုပ်အားခိုင်းစေမှုများကို ရှောင်ရှားရန်။ မြန်မာစစ်တပ် က လယ်ယာမြေသိမ်းဆည်းထားသည့် ပြဿနာများအပေါ် ဖြေရှင်းပေးရန်။

## တောင်းဆိုချက်များ

• နိုင်မျိုးသွေးနှင့် နိုင်ယက္ခအပါအဝင် အကျဉ်းကျခံနေရသော ပါတီအဖွဲ့ဝင်များအား ပြန်လွှတ်ပေးရန်။
• နိုင်ငံရေးအရ ဆွေးနွေးမှု ပြုလုပ်ရန်။

## ထုတ်ပြန်ကြေညာချက်များ

အကယ်၍ နေပြည်တော်ရှိ အစိုးရက တိုင်းရင်းသားအဖွဲ့အစည်းများ အားလုံးနှင့် ယခုနှစ်ကုန် နောက်ဆုံးထား၍ နိုင်ငံရေး ဆွေးနွေးမှုမရှိပါက၊ မွန်ပြည်သစ်ပါတီက အစိုးရနှင့်ချုပ်ဆိုထားသည့် ၄-လကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ပြန်လည်ချိုးဖောက်မည်ဟု ခြိမ်းခြောက်ကြောင်း ပါတီအတွင်းရေးမှူးက ပြောဆိုသည်။ (၁၉-၆-၂၀၁၂)

မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌက ကချင်များကို ဆက်လက် ထိုးစစ်ဆင်နေသမျှ ကာလပတ်လုံး၊ သူတို့အဖွဲ့အနေဖြင့်

အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးမည်မဟုတ်ဟု ထုတ်ဖော်ပြောဆိုသည်။ (၀၈-၀၂-၂၀၁၂)
မွန်ပြည်သစ်ပါတီက ကချင်ပြည်နယ်တွင် တိုက်ပွဲများ ပြင်းထန်နေမှုအပေါ် ထုတ်ပြန်ကြေညာချက် ထုတ်ခဲ့သည်။
http://www.democracyforburma.wordpress.com/2013/01/30/new-mon-state-party-nmsp-statement-for-kachin-conflict-burmese/

## မဟာမိတ်ပြုမှုများ

မွန်ပြည်သစ်ပါတီ၏ အထွေထွေအတွင်းရေးမှူး နိုင်ဟံသာက ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ (UNFC) တွင်လည်း အထွေထွေအတွင်းရေးမှူး ဖြစ်သည်။ သူက မဇ္ဈိမသတင်းဌာနသို့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလတွင် ပြောကြားရာ၌ အစိုးရအနေဖြင့် ဆွေးနွေးမှုများအားလုံးကို UNFC ဖြင့်သာ ဆောင်ရွက်စေလိုသည်ဟု ပြောသည်။ သို့သော် အစိုးရက မွန်ပြည်သစ်ပါတီကို သီးခြားခွဲ၍ ဆွေးနွေးလိုသည်ဟု ဖော်ပြသည်။

မွန်ပြည်သစ်ပါတီ ခေါင်းဆောင်နှင့် အခြားတိုင်းရင်းသား ခေါင်းဆောင်များ ၂၀၁၂ ခုနှစ်တွင် အလွတ်သဘောတွေ့ဆုံမှုများ ရှိခဲ့သည်။

မွန်ပြည်သစ်ပါတီ ကိုယ်စားလှယ်က ၈၈-မျိုးဆက်ကျောင်းသားများအဖွဲ့ ခေါင်းဆောင်များ မွန်ပြည်နယ် လာရောက်လည်ပတ်စဉ်တွင် တွေ့ဆုံခဲ့သည်။ (နိုဝင်ဘာလ ၁၁ ရက်၊ ၂၀၁၂ ခုနှစ်)

## နိုင်ငံတကာ မဟာမိတ်ပြုမှုများ

MPSI

နိပ္ပွန် ဖောင်ဒေးရှင်း - UNFC နှင့် နိပ္ပွန်ဖောင်ဒေးရှင်းတို့၏ သဘောတူညီချက်အရ အမေရိကန်ဒေါ်လာ ၇၀, ၀၀၀ လူသား ချင်းစာနာထောက်ထားမှု အကူအညီကို မွန်ပြည်သစ်ပါတီက လက်ခံရရှိခဲ့သည်။ "အရေးပေါ် လူသားချင်းစာနာမှု အကူအညီ ပေးအပ်ပွဲ အခမ်းအနား" ကို မော်လမြိုင်မြို့တွင် ကျင်းပခဲ့ပြီး၊ နိပ္ပွန်ဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌ မစ္စတာ ယိုဟေး ဆာဆာကာဝါ (Yohei Sasakawa) ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် တက်ရောက်ခဲ့သည်။

# နာဂ အမျိုးသားဆိုရှယ်လစ် ကောင်စီ (ကပ်ပလန်)



အစိုးရမှ ခေါ်ဆိုသည့်အမည်။ NSCN-K

## အကျဉ်းချုပ်

တည်ထောင်သည့်နေ့စွဲ။ ၁၉၈၀ ခုနစ်။ ဇန်နဝါရီလ ၁ ရက်။ဌာနချုပ်။ မသိရှိရ။
လှုပ်ရှားဒေသ။ စစ်ကိုင်းတိုင်းဒေသကြီးရှိ လဟယ်၊ လေရှီး၊ ခန္တီး၊ နန်းယွန်းဒေသများ။
ခန့်မှန်းအင်အား။ ၅၀၀ အောက်။
ခေါင်းဆောင်။ အက်စ် အက်စ် ကပ်ပလန် (SS Kaplan)

NSCN-K အဖွဲ့သည် အိန္ဒိယအရှေ့မြောက်ပိုင်း ပြည်နယ်များနှင့် မြန်မာနိုင်ငံ၊ စစ်ကိုင်းတိုင်းရှိ နာဂလူမျိုးများနေထိုင်ရာ ဒေသများကို ပြည်ထောင်စု တည်ဆောက်နိုင်ရေး တိုက်ပွဲဝင်နေခြင်း ဖြစ်သည်။ ၁၉၈၈ ခုနစ်တွင် နာဂအဖွဲ့ ၂-ဖွဲ့ ကွဲသွားသည်။ NSCN-K ကို အက်စ် အက်စ် ကပ်ပလန်က ဦးဆောင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး မြောက်ပိုင်းရှိ လဟယ်နှင့် နန်းယွန်း မြို့နယ်များတွင် အခြေစိုက်သည်။ NSCN-IM မှာမူ အိုက်ဆက် ချီဆီ ဆု (Isak Chisi Swu) နှင့် သူယန် ဂလန်းမွေဟ (Thuingaleng Muivah) က ဦးဆောင်၍ အိန္ဒိယနိုင်ငံထဲတွင် အခြေစိုက်သည်။ ၂၀၀၈ ခုနစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်ကိုင်းတိုင်းဒေသကြီးရှိ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်များကို နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ် ပေးခဲ့သည်။ ၂၀၁၀ ခုနစ်မှစ၍ မြန်မာအစိုးရတပ်များနှင့် NSCN-K တို့အကြား လက်နက်ကိုင်တိုက်ခိုက်မှုများ မရှိခဲ့ပါ။ ၂၀၁၂ ခုနစ်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီပြီးနောက်ပိုင်း၊ ၎င်းတို့၏ရဲဘော်အများအပြား တပ်မှထွက်ပြေးကြသည်။

## ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ

ဥက္ကဋ္ဌ။ အက်စ် အက်စ် ကပ်ပလန် (SS Kaplan)
အထွေထွေ အတွင်းရေးမှူး။ ဒါလီ မန်းဂရူး အို (Dali Mangru Ao)
စစ်ဦးစီးချုပ်။ ခိုလီး ကွန်းရက် (Khole Konyak)
CEC အဖွဲ့ဝင်။ ဦးကျော်ဝမ်းစိန်

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အသစ်။ ဧပြီလ ၉ ရက်၊ ၂၀၁၂ ခုနစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့် ၁၂-ခုမြောက် အဖွဲ့ဖြစ်သည်။
အဆင့် ၁။ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ။

## တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

မသိရှိရ။

## ဆက်ဆံရေးရုံးများ

စစ်ကိုင်းတိုင်းဒေသကြီးရှိ ခန္တီး။

## ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁။ | ၉-၄-၂၀၁၂ | ခန္တီး၊ စစ်ကိုင်းတိုင်း ဒေသကြီး | Y. Wangtin Naga (ဝိုင် ဝမ်းတင် နာဂနှင့် အခြား ၆ ဦး) | စစ်ကိုင်း တိုင်း လုံခြုံရေး နှင့် နယ်စပ် ရေးရာ ဝန်ကြီး | ပြည်နယ်အဆင့် ဆွေးနွေးပွဲ။ အချက် ၅-ချက်ပါ အပစ်အခတ်ရပ်စဲ ရေး သဘောတူညီချက် လက်မှတ် ရေးထိုးသည်။<br><br>အစိုးရ အခြားကိုယ်စားလှယ်များ- စစ်ကိုင်းတိုင်း ဝန်ကြီးချုပ် ဦးသာအေး |
| ၂။ | ဖေဖော်ဝါရီ ၂၀၁၃ | | | | နှစ်ဘက်တွေ့ ဆုံရန် စီစဉ်ထားသည်။ |

## ဖြစ်ပေါ်တိုးတက်မှုများ

အချက် ၅-ချက်ပါ သဘောတူညီချက်မှာ အောက်ပါတို့ ဖြစ်သည်။

၁။ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှစတင်၍ မြန်မာ့တပ်မတော်နှင့် လက်နက်ကိုင်တိုက်ခိုက်မှုများ ရပ်ဆိုင်းသည်။

၂။ KSCN-K က ခန္တီးတွင် ဆက်ဆံရေးရုံးဖွင့်လှစ်၍ နောက်ထပ် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်။

၃။ သဘောတူညီထားသည့် နယ်နိမိတ်ကို ကျော်လွန်၍ လက်နက် ကိုင်ဆောင်သွားလာပါက၊ နှစ်ဘက် ပူးပေါင်း ဆောင်ရွက်မှု ပြုသွား မည်။

၄။ လက်နက်မကိုင်ဆောင်ထားသည့် NSCN-K အဖွဲ့ဝင်များ မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာသွားလာခွင့် ရှိသည်။

၅။ ရေရှည်တည်တံ့သည့် အပစ်အခတ် ရပ်စဲရေးကို ဖော်ဆောင်ရန်။

# ပအိုဝ်း အမျိုးသား လွတ်မြောက်ရေး အဖွဲ့

www.pnlo.org

UNFC အဖွဲ့ဝင် ဖြစ်သည်။



## အကျဉ်းချုပ်

တည်ထောင်သည့်နေ့စွဲ။ ၁၉၄၉ ခုနှစ်။
ဌာနချုပ်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟိုမိန်းဒေသ။
လှုပ်ရှားဒေသ။ ရှမ်းပြည်နယ်ရှိ ဆီဆိုင်၊ ဟိုပုန်း၊ မောက်မယ်ဒေသများ။
ခန့်မှန်းအင်အား။ ၂၀၀+
ခေါင်းဆောင်။ ဗိုလ်မှူးကြီး ခွန်ဥက္ကာ။

PNLO ကို ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့ လွတ်မြောက်ရေးအဖွဲ့ (SNPLO) မှ ပအိုဝ်နှင့် ရှမ်းမျိုးချစ်ခေါင်းဆောင် အချို့နှင့် အခြားတိုင်း ရင်းသားများဖြင့် စတင်တည်ထောင်ခဲ့ကြပြီး နောက်ပိုင်းတွင် အစိုးရထံ လက်နက်ချခဲ့ကြသည်။ အခြားအဖွဲ့များ မှာ SNLO, PPLO, PNO တို့ ဖြစ်ကြသည်။ လက်ရှိ PNLO ၏ ဌာနချုပ်မှာ မဲဟောင်ဆောင် (ထိုင်းနိုင်ငံ) နှင့် ကပ်လျှက် နယ်စပ်တွင် တည်ရှိသည်။

## ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ

ဥက္ကဋ္ဌ။ ဗိုလ်မှူးကြီး ခွန်ဥက္ကာ။
အထွေထွေ အတွင်းရေးမှူး။ ဗိုလ်မှူးချုပ် ခွန်တီဆောင်။
အထွေထွေ အတွင်းရေးမှူး။ ခွန်မြင့်ထွန်း
အတွင်းရေးမှူး-၁။ ဗိုလ်မှူးကြီး ခွန်သူရိန်
အတွင်းရေးမှူး-၂။ ခွန်မျိုး
စစ်ဦးစီးချုပ်။ ဗိုလ်မှူးကြီး ခွန်သူရိန်
ဒု-စစ်ဦးစီးချုပ်။ ဗိုလ်မှူးကြီး အောင်ကျော်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အသစ်။ ဩဂုတ်လ ၂၅ ရက်၊ ၂၀၁၂ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့် ၁၃-ခုမြောက် အဖွဲ့ဖြစ်သည်။
အဆင့် ၁။ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ။Official delegation team

## တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

PNLO ငြိမ်းချမ်းရေး တည်ဆောက်ရေးအဖွဲ့
၁။ ခေါင်းဆောင်။ ခွန်မြင့်ထွန်း
၂။ ဒု-ခေါင်းဆောင်။ ဗိုလ်မှူးကြီး ခွန်သူရိန်
၃။ ပအိုဝ်း လူငယ်များအဖွဲ့ (PYO) အထွေထွေ အတွင်းရေးမှူး -ခွန်ချန်းခဲ (ခေါ်) ခွန်ထွန်းတင်။

## ဆက်ဆံရေးရုံးများ

၁။ တောင်ကြီး (၂၆-၁-၂၀၁၃)
၂။ မောက်မယ် (ဆိုင်းငံ့ထားဆဲ)
၃။ ဆီဆိုင် (ဆိုင်းငံ့ထားဆဲ)

## ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စား လှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁။ | ၂၃-၁၂-၂၀၁၁ | ဘန်ကောက်၊ ထိုင်းနိုင်ငံ | ခွန်ဥက္ကာ | ဦးအောင်မင်း | PNLO၊ UNFC နှင့် အစိုးရတို့ အကြား အကြိုပဏာမ ငြိမ်းချမ်းရေး ဆွေးနွေးရေး အတွက် အလွတ်သဘောဆွေးနွေးမှု ဖြစ်သည်။<br><br>PNLO ဥက္ကဋ္ဌ ခွန်ဥက္ကာက ပြောရာ တွင် UNFC အဖွဲ့ဝင်များဖြစ်သည့် အခြားတိုင်းရင်းသားအဖွဲ့များ အစိုးရ နှင့် တွေ့ဆုံဆွေးနွေးရာတွင်လည်း ၎င်းတို့က လေ့လာမည်ဟု ဆိုသည်။ အစိုးရနှင့်လည်း သီးခြားတွေ့ဆုံမည်။ အခြားအဖွဲ့များ တင်ပြသည့် ပြဿနာများကို သိရှိနိုင်ရန် ဖြစ် သည်။ |
| ၂။ | ၂၂-၄-၂၀၁၂ | ဖုန်းဖြင့် | ခွန်ဥက္ကာ (ချင်းမိုင်) | ဦးအောင်မင်း (ဘန်ကောက်) | အကြိုပဏာမ ဆွေးနွေးမှု ဖြစ်သည်။<br><br>နှစ်ဖက်စလုံးက တရားဝင် ပြည်နယ် အဆင့် ဆွေးနွေးပွဲကို လာမည့်လတွင် ပြုလုပ်ရန် သဘောတူကြသည်။ |
| ၃။ | ၂၇-၆-၂၀၁၂ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | ခွန်ဥက္ကာ၊ ခွန်မြင့်ထွန်း၊ ခွန်သူရိန် | ဦးအောင်မင်း | အကြိုပဏာမ ဆွေးနွေးမှု ဖြစ်သည်။အချက် ၇-ချက်ပါ သဘောတူညီ ချက် မူကြမ်းကို လက်မှတ်ရေးထိုးကြ သည်။ PNLO အဖွဲ့ အခြားကိုယ်စားလှယ် များ- ခွန်မြင့်ထွန်း အစိုးရဖက်မှ အခြားကိုယ်စားလှယ် များ- လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ဦးခင်ရီ |

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စား လှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၄။ | ၂၈-၇-၂၀၁၂ | ရန်ကုန် | ခွန်မြင့်ထွန်း နှင့် ခွန်သူရိန် ဦးဆောင် သည့် PNLO ကိုယ်စားလှယ် အဖွဲ့ | ဦးအောင်မင်း | အကြိုပဏာမ ဆွေးနွေးမှု ဖြစ်သည်။<br><br>လာမည့် ပြည်နယ်အဆင့် တရားဝင် ဆွေးနွေးပွဲ သဘောတူညီချက် အတွက် ကိစ္စများကို ဆွေးနွေးကြ သည်။ ၎င်းအစည်းအဝေး နောက်ပိုင်း တွင် PNLO ငြိမ်းချမ်းရေး ကိုယ်စား လှယ်အဖွဲ့က နိုင်ငံတွင်းသို့ လေ့လာ ရေးခရီးစဉ် တစ်ခု ပြုခဲ့သည်။ (တောင်ကြီးနှင့် သထုံမြို့နယ်) |
| ၅။ | ၂၅-၈-၂၀၁၂ | တောင်ကြီး၊ ရှမ်းပြည်နယ် | Pခွန်မြင့်ထွန်း နှင့် ခွန်သူရိန် ဦးဆောင် သည့် PNLO ကိုယ်စားလှယ် အဖွဲ့ | ဦးအောင်မင်း | ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲ ရေး သဘောတူညီချက် လက်မှတ် ရေးထိုးသည်။ အစိုးရဖက်မှ အခြားကိုယ်စားလှယ် များ- ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်မှ ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် စဝ်အောင် မြတ်နှင့် အစိုးရအရာရှိများ၊ အရှေ့ ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးထွဋ်နှင့် အဆင့်မြင့် စစ် အရာရှိများ။ |

## ဖြစ်ပေါ်တိုးတက်မှုများ

- ဩဂုတ်လ ၂၅ ရက်၊ ၂၀၁၂ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့သည်။
- တောင်ကြီး၊ မောက်မယ်နှင့် ဆီဆိုင်မြို့(ယခုအခါ တောင်ကြီးတွင် ဖွင့်လှစ်ထားပြီး) တွင် ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရန်။ ဆက်ဆံရေးရုံးများမှတဆင့် ပိုမိုဆွေးနွေးသွားနိုင်ရန်နှင့် အပစ်အခတ်ရပ်စဲရေးကို အားဖြည့်ပေးနိုင်ရန်။
- ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲကို UNFC မှတဆင့်သာ ဆောင်ရွက်ရန်။ *

## စစ်ရေး

- PNLO/PNLA တပ်ဖွဲ့နေရာများကို ဆက်လက်ထိန်းသိမ်းထားရန်။
- သတ်မှတ်နေရာများတွင်သာ နေထိုင်ရန် နှစ်ဖက်စလုံးက သဘောတူညီကြသည်။
- သတ်မှတ်ဧရိယာပြင်ပသို့ လက်နက်ကိုင်ဆောင်သွားလာခြင်းမပြုရန် နှစ်ဖက်စလုံးက သဘောတူညီကြသည်။
- လက်မှတ်ရေးထိုး သဘောတူညီထားသည့် ကျင့်ထုံးလုပ်နည်းများ ချိုးဖောက်မှုရှိပါက၊ နှစ်ဖက်ဆွေးနွေးကြရမည် ဖြစ်သည်။
- တပ်ဖွဲ့များ၏ စားနပ်ရိက္ခာ၊ အဝတ်အထည်နှင့် အမိုးအကာများ ထောက်ပံ့ပေးရေးကို ပူးတွဲစီမံရန်။

## စီးပွားရေး

စိုက်ပျိုးရေးစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်သွားရန်။

## နိုင်ငံရေး

- ပအိုဝ် သတင်းမီဒီယာ ထူထောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်။

  ♦ သီးခြားလွတ်လပ်သည့် ပအိုဝ်သတင်းနှင့် မီဒီယာအဖွဲ့အစည်း ထူထောင်နိုင်ရေးအတွက် တောင်းဆိုထားသည်။

- ပြည်သူများ လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်။

  ♦ *၂၂-၇-၂၀၁၂။ ဦးအောင်မင်း၏ ဖိတ်ကြားမှုကြောင့် PNLO ၏ အဖွဲ့ဝင် ၇ ဦးပါ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ၁၀-ရက်ကြာ (ဇူလိုင် ၂၂ မှ ၃၁ အထိ) အလည်အပတ်သွားရောက်ခဲ့သည်။ တသီးပုဂ္ဂလများ၊ ပြည်နယ်ရှိ ပအိုဝ်နိုင်ငံရေးပါတီများ၊ ဘာသာရေး ခေါင်းဆောင်များ၊ ပအိုဝ် တက်ကြွလှုပ်ရှားသူများနှင့်လည်း ဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ပြီး တိုင်ပင် အကြံဉာဏ်ရယူနိုင်ခဲ့သည်။ ၎င်းတို့သည် PNO (ပအိုဝ်အမျိုးသားအဖွဲ့ချုပ်) နာယက ဦးအောင်ခမ်းထီနှင့် PNO ဥက္ကဋ္ဌ၊ အခြား အဆင့်မြင့် PNO ခေါင်းဆောင်များထံ သွားရောက်တွေ့ဆုံခဲ့ကြသည်။ PNO ဌာနချုပ်တွင် ပအိုဝ် အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံကာ တိုင်ပင်အကြံဉာဏ်ရယူနိုင်ခဲ့သည်။ တောင်ကျောင်းကြီးဆရာတော်ကိုလည်း ဖူးမျှော်တွေ့ဆုံခဲ့သည်။ မွန်ပြည်နယ်၊ သထုံ မြို့သို့သွား၍ ပအိုဝ်လူထုများ၊ ပအိုဝ် ဘုန်းတော်ကြီးများ၊ သထုံရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD-သထုံ) နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

## မူးယစ်ဆေးဝါးဆိုင်ရာ

- မူးယစ်ဆေးဝါး ပြဿနာ ဖြေရှင်းနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်။

  ♦ မူးယစ်ဆေးစွဲမှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် KNPP/ ABSDF တို့နှင့် အလွတ်သဘော ပူးပေါင်း ဆောင်ရွက်မှု ရှိသည်။

## မိတ်ဖက်ပြုမှုများ

နိပွန်ဖောင်ဒေးရှင်းက PNLO သို့ ဆန် ၁,၂၀၀ အိတ် လှူဒါန်းခဲ့သည်။ (ဇန်နဝါရီလ ၂၀၁၃ ခုနှစ်)

## ထုတ်ပြန်ကြေညာချက်များ

ဇန်နဝါရီလ ၁ ရက်၊ ၂၀၁၂ ခုနှစ်။ PNLO ၏ နှစ်သစ်ကူး ထုတ်ပြန်ကြေညာချက်။
http://scribd.com/doc/76859548/PNLO-2012-New-Year-Statement

ဇန်နဝါရီလ ၃၁ ရက်၊ ၂၀၁၁ ခုနှစ်။ PNLO နှစ်ပတ်လည် အစည်းအဝေး ထုတ်ပြန်ကြေညာချက်
http://scribd.com/doc/47900957/Statement-of-PNLO-Annual-Meeting-31-1-2011

စက်တင်ဘာလ ၂၁ ရက်၊ ၂၀၁၀ ခုနှစ်။ နိုင်ငံတကာ ငြိမ်းချမ်းရေးနေ့အတွက် PNLO ထုတ်ပြန်ကြေညာချက်
http://scribd.com/doc/37909451/PNLO-Statement-on-International-Day-of-Peace

ဖေဖော်ဝါရီလ ၂၇ ရက်၊ ၂၀၁၀ ခုနှစ်။ ပအိုဝ်းအမျိုးသားနေ့အတွက် PNLO ၏ ထုတ်ပြန်ကြေညာချက်
http://scribd.com/doc/27593480/PNLO-Statement-on-Pa-Oh-National_Day-2010

ဖေဖော်ဝါရီလ ၂၇ ရက်၊ ၂၀၁၀ ခုနှစ်။ ပအိုဝ်း အမျိုးသားနေ့အတွက် ဂုဏ်ပြုသဝဏ်လွှာ
http://scribd.com/doc/27593484/PNLO-Honorable-Message-for-Pa-Oh-National-Day-2010

# သျှမ်းပြည် တိုးတက်ရေးပါတီ



သျှမ်းပြည်တပ်မတော် (မြောက်ပိုင်း)

အစိုးရကခေါ်ဆိုသည့် အမည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ-၃

UNFC အဖွဲ့ဝင် ဖြစ်သည်။

## အကျဉ်းချုပ်

တည်ထောင်သည့်နေ့စွဲ။ ၁၉၆၄/၁၉၈၉ ခုနှစ်။

ဌာနချုပ်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျေးသီးမြို့နယ် ဝမ်ဟိုင်းတွင် ဌာနချုပ်အခြေစိုက်သည်။

လှုပ်ရှားဒေသ။ ရှမ်းပြည်နယ်ရှိ နမ့်ခမ်း၊ ခိုလန်၊ သီပေါ၊ ကျောက်မဲ၊ မိုင်းရှူး၊ တန့်ယန်း၊ မုန်းယိုင်၊ ကျေးသီး၊ လားရှိုးမြို့နယ်များ။

ခန့်မှန်းအင်အား။ ၄, ၀၀၀+

ခေါင်းဆောင်။ ဗိုလ်ချုပ်ပန်ဖ။

ယခင်စစ်အစိုးရကို ၁၉၈၉ ခုနှစ်အထိ ဆန့် ကျင်တိုက်ခိုက်ခဲ့သည်။ သျှမ်းပြည်တိုးတက်ရေးပါတီ (သျှမ်းပြည်တပ်မတော်) အဖြစ် ၁၉၉၆ ခုနှစ်တွင် ပြန်လည်ခေါ်တွင်သည်။ လက်နက်နှင့် ကျည် ထောက်ပံ့ပေးခဲ့သော တရုတ်နယ်စပ် အခြေစိုက် ဗမာပြည် ကွန်မြူနစ် ပါတီပြိုကွဲပြီးနောက် သျှမ်းပြည်တပ်မတော် မြောက်ပိုင်း ကအစိုးရနှင့် အပစ်ခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် အစိုးရက သျှမ်းပြည်တပ်မတော် မြောက်ပိုင်းကို ပြည်သူ့စစ်အဖွဲ့ သို့ အသွင်ပြောင်း ဖွဲ့စည်းရန် ဖိအားပေးခဲ့သည်။ သျှမ်းပြည်တပ်မတော် မြောက်ပိုင်း အဖွဲ့မှ တပ်မဟာ ၃ နှင့် ၇ တို့သည် ပြည်သူ့ စစ်တပ်ဖွဲ့ သို့ အသွင်ပြောင်းခဲ့ကြသော်လည်း ဒုဗိုလ်ချုပ်ကြီး ပန်ဖ ဦးဆောင်သော တပ်မဟာ ၁ ကမူ ပြည်သူ့စစ် အသွင်ပြောင်းရေးကို လက်မခံ ငြင်းဆန်ခဲ့ကြသည်။ နောက်ဆုံးတွင် ဒုဗိုလ်ချုပ်ကြီး ပန်ဖ ဦးဆောင်သော သျှမ်းပြည်တပ်မတော် မြောက်ပိုင်း အဖွဲ့က အစိုးရနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဇန်နဝါရီလ ၂၈ ရက် ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

## ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ

အထွေထွေ အတွင်းရေးမှူး ။ ခွန်ဆိုင်း

။ စဝ်ခေးတိုင်း

ပြောခွင့်ရပုဂ္ဂိုလ် ။ ဗိုလ်မှူး စိုင်းလ

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အသစ်။ ဇန်နဝါရီလ ၂၈ ရက်၊ ၂၀၁၂ ခုနှစ်။

အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့် ၇-ခုမြောက် အဖွဲ့ဖြစ်သည်။

အဆင့် ၂။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ

ယခင် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်။ စက်တင်ဘာလ ၂ ရက်၊ ၁၉၈၉ ခုနှစ်။

တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့။
အလှည့်ကျ ဖြစ်သည်။

## ဆက်ဆံရေးရုံးများ

၁။ လားရှိုး (ဖွင့်ပြီး၊ တာဝန်ခံ- ကိုလတ်)

၂။ တောင်ကြီး (ဖွင့်ပြီး၊ တာဝန်ခံ- စိုင်းကျော်ဇော)

၃။ ခိုလမ် (ဖွင့်ပြီး၊ တာဝန်ခံ- စိုင်းကျော်လင်း)

၄။ မူဆယ် (မဖွင့်ရသေး)

၅။ တာချီလိတ် (မဖွင့်ရသေး)

## ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁။ | ၂၉-၁၀-၂၀၁၂ | နေပြည်တော် | စဝ်နော်လိတ် | ဦးအောင်မင်း | SSPP/SSA က မြန်မာအစိုးရကို ဝမ်ဟိုင်းအနီးရှိ နေရာ ၄-ခုမှ တပ်များ ရုပ်သိမ်းပေးရန် တောင်းဆိုသည်။ အစိုးရက စဉ်းစားပေးမည် ဟု အကြောင်းပြန်သည်။<br><br>အစိုးဖက်မှ အခြားကိုယ်စားလှယ်- လွှတ်တော်အမတ် ဦးသိန်းဇော် |
| ၂။ | ၂၈-၁-၂၀၁၂ | တောင်ကြီး | ဗိုလ်မှူးကြီး ခွန်ဆိုင်း | ဦးအောင်သောင်း | ပြည်နယ်အဆင့်နှင့် ပြည်ထောင်စု အဆင့်တွေ့ ဆုံပွဲ။<br><br>အခြား SSA-N ၏ ကိုယ်စားလှယ်များ - စဝ်ခေးတိုင်း  အစိုးရဖက်မှ အခြားကိုယ်စားလှယ် များ- လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ ရှမ်း ပြည်နယ်အစိုးရမှ အရာရှိ ၄ ဦး။ |
| ၃။ | ၂၂-၆-၂၀၁၂ | မန္တလေး | မသိရ | မသိရ | SSA နှင့် မြန်မာအစိုးရတပ်တို့ အကြား အပြင်းအထန်တိုက်ပွဲဖြစ် ပွားပြီးနောက် အရေးပေါ်အစည်း အဝေးကို ဇွန်လ ၁၇၊ ၂၀၁၂ တွင် ကျင်းပသည်။<br><br>SSPP/SSA အခြေစိုက်စခန်း ၂-ခုမှ အစိုးရတပ်များ ပြန်ဆုတ်ပေးရန် သဘောတူညီသည်။ ရှမ်းပြည်နယ် တောင်ပိုင်း၊ မိုင်းရှူးမြို့နယ် တွင်းရှိ ကွန်နမိုင်နှင့် လွယ်ဖဖွန်း ဒေသများ ပါဝင်သည်။ |

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၄။ | ၁၀-၁၀-၂၀၁၂ | အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ လားရှိုးမြို့ ။ | ဗိုလ်မှူးကြီး ခွန်ဆိုင်း | ဦးအောင်မင်း | SSPP/SSA မိသားစုဝင်များနှင့် ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည်များ အတွက် ကျေးရွာသစ်များကို ပူးပေါင်းဆောင်ရွက်ရန် နှစ်ဖက် စလုံးက သဘောတူညီသည်။ SSPP/SSA က ဖမ်းမိထားသော မြန်မာအစိုးရစစ်သားများကို ပြန် လွှတ်ပေး၍ လဲလှယ်နိုင်ရေးအတွက် စီစဉ် ဆောင်ရွက်သွားမည်။<br><br>အစိုးရက ကျေးရွာဖွံ့ ဖြိုးတိုးတက် ရေးအတွက် ဆန်အိတ် ၁,၀၀၀ နှင့် လက်တွန်းထွန်စက် ၂-လုံးကို ကူညီ ထောက်ပံ့သည်။<br><br>အစိုးရဖက်မှ အခြားကိုယ်စားလှယ် များ- ဦးသိန်းဇော်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် စဝ်အောင်မြတ်၊ ဗိုလ်မှူးချုပ် အောင်စိုး၊ ဗိုလ်ချုပ် မင်းနောင်၊ ဒု-ဝန်ကြီး ဗိုလ်ချုပ် ဇော်ဝင်း၊ ဦးအုန်းသန်းနှင့် ဦးအေးမြင့်မောင်၊ ဒု-ရှေ့နေချုပ် ဦးထွန်းထွန်းဦး၊<br><br>အကျိုးဆောင် (အစိုးရဖက်မှ)- ဦးလှမောင်ရွှေ။ |
| ၅။ | ၃၁-၁၀-၂၀၁၂ | ခိုလမ်၊ ရှမ်းပြည်နယ် အရှေ့ အလယ် ပိုင်းတိုင်း စစ်ဌာနချုပ် | ဗိုလ်မှူးကြီး ခွန်ဆိုင်း | အရှေ့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မင်းနောင် | အောက်ပါအချက်များအပေါ်တွင် သဘောတူညီကြသည်။ SSPP/SSA က ခိုလမ်တွင် ဆက်ဆံရေးရုံးပြန် ဖွင့်မည်။ SSPP စခန်းအနေဖြင့် တ-ဆမ်ပူး လေ့ဆိပ်နေရာမှ ရွှေ့ပြောင်း ရန် မလိုအပ်ပေ။ မိုင်းရှူးဧရိယာ တွင် ခဲနှင့် ပတ္တမြား တူးဖော်ခွင့်ပြု သည်။<br>အခြား SSA-N ကိုယ်စားလှယ်များ- စဝ်နော်လိတ်၊ စိုင်းကျော်ဝင်း၊ ဗိုလ်မှူးခေးမောဝ်<br>အစိုးရဖက်မှ အခြားကိုယ်စားလှယ် များ- စဝ်ဦးစီး ပထမတန်း မျိုးထွဋ်ဦး၊ ဗိုလ်မှူးရဲရင့်ဝင်း၊ ဗိုလ်မှူး ကောင်းကျော် (ထောက်လှမ်းရေး) |

## ဖြစ်ပေါ်တိုးတက်မှုများ

၎င်းတို့၏ ခေါင်းဆောင် ဗိုလ်ချုပ်ဆေထင်နှင့် ခွန်ထွန်းဦး အပါအဝင် အခြား ရှမ်းအမျိုးသားခေါင်းဆောင်များကို ပြန်လွှတ်ပေးပြီးနောက်၊ SSPP က ဆွေးနွေးရန် သဘောတူသည်။

## သဘောတူညီသည့် အချက်များ

အပစ်အခတ် ရပ်စဲရေး
တောင်ကြီး၊ လားရှိုး၊ ခိုလမ်တို့တွင် ဆက်ဆံရေးရုံးများ ဖွင့်လှစ်သွားမည် ဖြစ်သည်။ အခြားနေရာများတွင်လည်း ဆက်ဆံရေးရုံးများကို ဖွင့်ခွင့်ပြုသွားမည်။

ပင်လုံစာချုပ်ပါ သဘောတူညီချက်များ၊ ပင်လုံစာချုပ်၏ အနှစ်သာရဖြစ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုအတွက် ခွဲခြားဆက်ဆံမှု မရှိစေရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အသိအမှတ်ပြုခြင်း။

## စစ်ရေး

SSPP/SSA စစ်သားများကို ဝမ်ဟိုင်းနှင့် အခြားယာယီနေရာများတွင် အခြေစိုက်ရန် ခွင့်ပြုသည်။

နှစ်ဖက်စလုံး ဆွေးနွေးညှိနှိုင်းပြီးနောက် လက်နက်များကိုင်ဆောင် သွားလာခြင်းကို ခွင့်ပြုမည်။

ဒေသဆိုင်ရာ ငြိမ်းချမ်းရေးကိစ္စများ၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တပ်ဖွဲ့များ ရှင်သန်ရပ်တည်နိုင်ရေး၊ ဒေသတွင်း ရေရှည် ငြိမ်းချမ်းရေး တည်တံ့စေရေးအတွက် ဆက်လက်၍ ဆွေးနွေးသွားမည်။

## မူးယစ်ဆေးဝါးဆိုင်ရာ

မူးယစ်ဆေးဝါး ပပျောက်ရေး ပူးပေါင်းဆောင်ရွက်သွားမည်။

## ပြန်လည်နေရာချထားရေး

သျှမ်းပြည် ဖွံ့ဖြိုးတိုးတက်ရေးပါတီ အဖွဲ့ဝင်နှင့် ၎င်းတို့မိသားစုဝင်များ၏ လူနေမှုဘဝ တိုးတက်စေရေးအတွက် ဥပဒေနှင့် အညီ၊ ပြန်လည်နေရချထားရေး အစီစဉ်များကို အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

- SSPP/SSA မိသားစုဝင်များ အပါအဝင်၊ လူ ၃, ၅၀၀ ကို မိုင်းရှူးမြို့နယ်၊ မိုင်းကောင်းမြို့နယ်ခွဲသို့ ပြန်လည်နေရာ ချထားပေးမည်။ သူတို့က မိသားစုဝင်များ သက်မွေးဝမ်းကျောင်းကိစ္စများ၊ သယ်ယူပို့ဆောင်ရေးကိစ္စများ၊ နေထိုင် မှု အဆင့်အတန်း ပိုမိုကောင်းမွန်စေရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ အလားတူပင် ဆွေးနွေးမှုခေါင်းစဉ်များ တွင် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မြေလွတ်မြေရိုင်း ဖော်ထုတ်ရေးကိစ္စများ၊ ရေရှည် သီးပင်၊ စားပင် စိုက်ပျိုးရေး ကိစ္စများ ပါဝင်သည်။

## ဆက်လက် တည်ရှိနေဆဲ ပြဿနာများ

- ဟိုနမ်-တောင်ဟီယိုဒေသတွင် မိသားစု ၃၅၀ အတွက် ကျေးရွာသစ်တည်ထောင်ရေးကိစ္စ ဆက်လက်လုပ်ဆောင်သွားရန်။
- အစိုးရက ရှမ်းပြည်နယ် မြောက်ပိုင်း၊ ရွှေသဘာဝဓာတ်ငွေ့ ပိုက်လိုင်းတလျှောက် ဖြစ်ပေါ်နေသည့် ပဋိပက္ခများနှင့် ပတ်သက်၍ ဆွေးနွေးရန် ငြင်းဆန်သည်။ အလားတူပင် နစ်ဖက်စလုံးက ပန်မြစ်ပေါ်တွင် တည်ဆောက်မည့် တာဆန်းပူဆည်နှင့် ပတ်သက်၍လည်း ပြောဆိုခြင်းမရှိကြပေ။ သို့သော်လည်း မြန်မာစစ်တပ်က SSPP/SSA ကို ၎င်းဒေရိယာမှ ဆုတ်ပေးရန် တောင်းဆိုသည်။
- SSPP/SSA နှင့် နောက်ထပ် ထိတွေ့တိုက်ပွဲဖြစ်မှုများ ရှောင်ရှားနိုင်ရန် မြန်မာအစိုးရ စစ်တပ် ဒေသဆိုင်ရာ တပ်မှူးများနှင့် ပို၍ ထိတွေ့ဆက်ဆံမှုများ လိုအပ်သည်။

## တွေ့ဆုံ တိုက်ပွဲများ/ အပစ်အခတ် ရပ်စဲရေးချိုးဖောက်မှုများ

| | | |
|---|---|---|
| အပစ်အခတ်ရပ်စဲချိန်မှစ၍ တိုက်ပွဲ ၄၀ ကြိမ်အောက်။ | ရှမ်းပြည်နယ် မြောက်ပိုင်းရှိ လန်းခို၊ ကျောက်မဲ၊ သီပေါ၊ မိုးမိတ် (မုန်ငိုး)၊ မိုင်းရှူး၊ ကျေးသီး၊ တန့်ယန်း၊ | အပစ်အခတ်ရပ်စဲရေး မတိုင်မီက ပြည်တွင်း ရွှေ့ ပြောင်း ဒုက္ခသည်ပေါင်း ၃၀, ၀၀၀ ကျော် ကျေးသီး၊ မိုင်းရှူး မြို့နယ်များတွင် ရှိသည်။ |

## မဟာမိတ်ပြုမှုများ

"ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း" အမည်ရ ရှမ်းတိုင်းရင်းသား ညီလာခံတစ်ခုကို ရန်ကုန်၊ ရွှေဂုံတိုင်ရှိ တော်ဝင်နှင်းဆီ ခန်းမတွင် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်နေ့၌ ကျင်းပသည်။ အစိုးရ၏ ငြိမ်းချမ်းရေး တွေ့ဆုံ ဆွေးနွေးရေး အဖွဲ့ ခေါင်းဆောင် ဦးအောင်မင်း က အဖွင့်အမှာစကား ပြောကြားသည်။ ဝန်ကြီး ဦးအောင်မင်းနှင့် အတူ ဦးစိုးသိန်းလည်း တက်ရောက် သည်။ SNLD, SNDP, TNDP, RCSS/SSA, SSPP/SSA, NDAA တို့မှ ကိုယ်စားလှယ် ၁၅၀ ခန့် လည်း ၎င်းအစည်းအဝေးကို တက်ရောက်ခဲ့ကြသည်။

ထုတ်ပြန်ကြေညာချက်များ

ဇန်နဝါရီလ ၂၂ ရက်၊ ၂၀၁၂ ခုနှစ်။ SSPP/SSA အစည်းအဝေး ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/79087244/Shan-State-Progress-Party-sspp-statement-22-1-2012

ဇူလိုင်လ ၁၉ ရက်၊ ၂၀၁၁ ခုနှစ်။ SSPP/SSA အထွေထွေ အစည်းအဝေ ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/60622458/Shan-State-Progress-Party-SSPP-General-July-2011

မတ်လ ၂၉ ရက်၊ ၂၀၁၁ ခုနှစ်။ ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ (UNFC) ၏ ထုတ်ပြန်ကြေညာချက်။
http://www.scribd.com/doc/51794295/United-Nationalities-Federal-Council-Union-Burma-UNFC-Statement

# သျှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ



သျှမ်းပြည်တပ်မတော် (တောင်ပိုင်း)

http://www.rcssanc.org

အစိုးရက ခေါ်ဆိုသည့် အမည်။ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း)

## အကျဉ်းချုပ်

တည်ထောင်သည့်နေ့စွဲ။ ၁၉၆၄/၁၉၉၆ ခုနှစ်။

ဌာနချုပ်။ လွယ်တိုင်းလျှန်း ဒေသ၊ ရှမ်းပြည်နယ်တောင်ပိုင်း။

လှုပ်ရှားဒေသ။ ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ မိုင်းတုံ၊ မိုင်းဆတ်၊ ရှမ်းပြည်နယ် တောင်ပိုင်းရှိ မိုင်းပန်၊ မိုးနဲ၊ လဲချား၊ ကွန်ဟိန်း၊ ရပ်စောက်၊ မောက်မယ်၊ မိုင်းကောင်၊ နမ့်ဆမ် ဒေသများ။ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ကျောက်မဲ၊ နမ့်ခမ်း ဒေသများ။

ခန့်မှန်းအင်အား။ ၆, ၀၀၀+

ခေါင်းဆောင်။ ဒုဗိုလ်ချုပ်ကြီး ယွက်စစ်။

SSA-S ကို သျှမ်းပြည် ညီညွတ်သော တော်လှန်ရေး တပ်မတော် (SURA) မှ ဒုဗိုလ်ချုပ်ကြီးယွက်စစ်က ဖွဲ့စည်းခဲ့သည်။ ပင်မ SSA (ယခုအခါ SSA-N ဟုလည်း ခေါ်သည်) က မြန်မာစစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ပြုသွားသည်ကို သူတို့က ဆန့်ကျင်၍ ရပ်တည်ခဲ့ကြသည်။ SURA သည် မူးယစ်ရာဇာ ခွန်ဆာဦးဆောင်သည့် မောင်တိုင်းတပ်မတော် (Mong Tai Army - MTA) မှ ခွဲထွက်လာသည့် အုပ်စုဖြစ်ပြီး၊ မူလက သျှမ်းပြည်တပ်မတော်မှ ဖြစ်သည်။

ဆက်နွယ်နေမှုများ။ ဗမာပြည်ကွန်မြူနစ်ပါတီ (CPB)၊ သျှမ်းပြည် ညီညွတ်သော တော်လှန်ရေး တပ်မတော် (SURA)၊ မောင်တိုင်းတပ်မတော် (MTA)။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အသစ်။ ဒီဇင်ဘာလ ၂ ရက်၊ ၂၀၁၁ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့် ၄-ခုမြောက်အဖွဲ့ ဖြစ်သည်။
အဆင့် ၂။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ

## တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

ဗိုလ်မှူးချုပ် ပေါင်ခေး (Pawng Kherh)- အဓိက ဦးဆောင်ဆွေးနွေးသူ

## ဆက်ဆံရေးရုံးများ

၁။ တောင်ကြီး (၂၂-၂-၂၀၁၂)
၂။ ကျိုင်းတုံ (၂၂-၂-၂၀၁၂)
၃။ တာချီလိတ် (၂၉-၂-၂၀၁၂)
၄။ မိုင်းဆတ် (၂၉-၂-၂၀၁၂)
၅။ ခိုလမ် (၂၁-၃-၂၀၁၂)
၄။ မူဆယ် *
၅။ နမ့်ခမ်း *

## ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁။ | ၁၉-၁၁-၂၀၁၁ | ထိုင်း-ရှမ်း နယ်စပ် | စဝ်ယွက်စစ် | ဦးအောင်မင်း | တရားမဝင် အပစ်အခတ်ရပ်စဲမှု SSA-S ၏ အခြားကိုယ်စားလှယ် များ- စဝ်ခွန်ဆိုင်း အကျိုးဆောင်များ- ဦးနေဝင်းမောင်၊ ဒေါက်တာကျော်ရင်လှိုင်၊ ဦးတင်မောင်သန်း၊ ဦးဟန်ညောင်ဝေ။ |
| ၂။ | ၂-၁၂-၂၀၁၁ | တောင်ကြီး | စိုင်းလူး | ဦးအောင်မင်း | အချက် ၈-ချက်ပါ ပြည်နယ်အဆင့် အပစ်အခတ် ရပ်စဲရေး သဘော တူညီချက် လက်မှတ်ရေးထိုးသည်။<br><br>အစိုးရ၏ အခြား ကိုယ်စားလှယ် များ- ဦးခင်မောင်စိုး၊ ဗိုလ်မှူးကြီး အောင်သူ (ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး)၊ ရှမ်းပြည် နယ် တရားသူကြီးချုပ်- ဦးမောင်မောင်၊ စစ်ဦးစီး-ပထမ တန်း တြိဂံတိုင်း စစ်ဌာနချုပ်- ဒုဗမက ဇော်ထွန်းမြင့် |
| ၃။ | ၁-၁-၂၀၁၂ | တောင်ကြီး | | ဦးခင်မောင်စိုး | ပြင်ဆင်ရေး အစည်းအဝေး |

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၄။ | ၁၆-၁-၂၀၁၂ | တောင်ကြီး | စဝ်ပေါင်ခေး | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် အချက် ၁၁- ချက်ပါ သဘောတူညီချက် သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။<br><br>အစိုးရဖက်မှ အခြားကိုယ်စားလှယ်များ- သစ်တောဝန်ကြီး ဦးဝင်းထွန်း၊ အမှတ် ၂- လျှပ်စစ်ဝန်ကြီး ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်- ဦးစဝ်အောင်မြတ်၊ ဒုတိယ ကာကွယ်ရေးဝန်ကြီး ဦးဇော်ဝင်း၊ ရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး ကျော်စိုးလင်း၊ တြိဂံတိုင်း စစ်ဦးစီး ပထမတန်း ဒုဗိုလ်မှူးကြီး ဇော်ထွန်း မြင့်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ဦးစီး-ပထမတန်း ဗိုလ်မှူးကြီး ဇော်မင်းအေး။ |
| ၅။ | ၁၉-၅-၂၀၁၂ | ကျိုင်းတုံ | စဝ်ယွက်စစ် | ဦးအောင်မင်း | ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို လမ်းကြောင်းတည့်နိုင်ရန်။ အချက် ၁၂ ချက်ပါ သဘောတူညီချက်ရရှိသည်။ မြန်မာနိုင်ငံ ဒု-ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်သည်။<br><br>စွမ်းအင်ဝန်ကြီး ဦးသန်းဌေး၊ အမှတ် ၂ လျှပ်စစ် ဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်စိုး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် စဝ်အောင်မြတ်၊ ရပခ တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်၊ အရှေ့ အလယ်ပိုင်းတိုင်း တိုင်းမှူး ဗမခ ထွန်းထွန်းနောင်၊ တြိဂံ တိုင်းမှူး ဗခ သန်းထွန်းဦး၊ ဒုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရှမ်းပြည်နယ် နယ်စပ်ရေးရာလုံခြုံရေးဝန်ကြီး ဗမက အောင်သူ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဗမက ကျော်စိုးဝင်း တို့ လည်း ဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။ |
| ၆။ | ၂၈-၁၀-၂၀၁၂ | တာချီလိတ် | စဝ်ပေါင်ခေး | ဗိုလ်မှူးကြီး အောင်သူ (ရှမ်းပြည်နယ် နယ်စပ်ရေးရာ လုံခြုံရေး ဝန်ကြီး) | သုံးပွင့်ဆိုင် ၉-ချက်ပါ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး သဘောတူညီချက် ကို လက်မှတ်ရေးထိုးသည်။<br><br>လေ့လာသူ။ ဂျေဆင် အီးလေး (Jason Eligh) (UNODC-Myanmar) |

## ဖြစ်ပေါ်တိုးတက်မှုများ

ယခုတိုင် ဒေသဆိုင်ရာ စောင့်ကြည့်ကြီးကြပ်ရေး အဖွဲ့ကို ဖွဲ့စည်းရခြင်း မရှိသေးပေ။ ထိုအဖွဲ့အစည်းအတွက် ဥပဒေ၊ နည်း ဥပဒေများကို ရေးဆွဲပြုစုနေဆဲဖြစ်သည်ဟု ဦးအောင်မင်းက အစောပိုင်းတွင် ပြောသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပထမအဆင့်အတွက် အဆိုပြုထားသည့် အချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

| ဦးအောင်မင်း | RCSS |
|---|---|
| ၁။ အပစ်အခတ် ရပ်စဲရန် | ၁။ အပစ်အခတ် ရပ်စဲရန် |
| ၂။ ကိုယ်စားလှယ်အဖွဲ့ ဖွဲ့စည်းရန်နှင့် ဆက်သွယ်ရေး အတွက် ရုံးများဖွင့်ရန် | ၂။ နိုင်ငံရေး ဆွေးနွေးနိုင်ရန် |
| ၃။ အဖွဲ့အစည်း ၂-ခု၏ ဧရိယာအတွင်းသို့ လက်နက်မပါဘဲ သွားလာခွင့်ပြုရန်။ | ၃။ ဖွံ့ဖြိုးရေးဒေသ ထူထောင်ရန် |
| ၄။ နေပြည်တော်အဆင့် ဆွေးနွေးပွဲအတွက် ရက်စွဲနှင့် နေရာ သတ်မှတ်ရန် | ၄။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက် ရန်။ |

## ဆက်ဆံရေး ရုံးများ

တောင်ကြီး၊ ကျိုင်းတုံ၊ ခိုလမ်၊ တာချီလိတ် နှင့် မိုင်းတုံ။

စောင့်ကြည့် ကြီးကြပ်ရေး

• နှစ်ဖက် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ရန်။

• နှစ်ဖက်အဖွဲ့အစည်းက သင့်တော်သည့်သူများ ရွေးချယ်ပြီးနောက်ပိုင်းတွင် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လကုန်ပိုင်း၌ စောင့်ကြည့် ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းရန်။

♦ ရှမ်းပြည်နယ်မှ ပညာရှင်များဖြင့် RCSS က အစည်းအဝေးတစ်ခု ၂၂-၂၃ ဩဂုတ်လ၊ ၂၀၁၂ ခုနှစ်တွင် ကျင်းပ၍ အဖွဲ့ဝင် ၁၉ ဦး ပါဝင်သော အပစ်အခတ်ရပ်စဲရေး စောင့်ကြည့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

♦ SSA ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ခေါင်းဆောင် ဗိုလ်ချုပ် ပေါင်းခေးက SHAN သတင်းစာသို့ ပြောကြားရာ၌၊ ရှမ်းပြည်နယ် အတွင်း လူအများ ရိုသေလေးစားကြသူများ ပါဝင်သည့် အဖွဲ့ဝင် ၁၉ ဦးသည်၊ ငြိမ်းချမ်းရေး စောင့်ကြည့်ကြီးကြပ်သူများအဖြစ် စေတနာ့ဝန်ထမ်း ဆောင်ရွက်ကြကြောင်း၊ သူတို့က အစိုးရစစ်တပ်များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ချိုးဖောက်မှုများကို စောင့်ကြည့် ကြီးကြပ်ကြမည် ဟု ဆိုသည်။

♦ အစိုးရဖက်မှ အဓိကဦးဆောင်ဆွေးနွေးသူ ဦးအောင်မင်းက ဇူလိုင်လ ၁ ရက်နေ့က ပြောကြားရာ၌ ငြိမ်းချမ်းရေး စောင့်ကြည့် ကြီးကြပ်သူများအတွက် စည်းမျဉ်းများ မူကြမ်းရေးဆွဲနေဆဲ ဖြစ်ကြောင်း၊ ၎င်းအဖွဲ့တွင် အစိုးရဖက်မှ အဆို ပြုသူ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင်ဖက်မှ အဆိုပြုသူများ၊ သတင်း မီဒီယာများလည်း ပါဝင်မည်ဖြစ်ကြောင်း ပြောသည်။

## စစ်ရေး

- ဆွေးနွေးညှိနှိုင်းထားသည့် ဧရိယာပြင်ပသို့ လက်နက်များ သယ်ဆောင်သွားလာမည် ဆိုပါက နှစ်ဘက် အပြန်အလှန်အကြောင်းကြားပြီး ပူးပေါင်းဆောင် ရွက်ရန်။
- နှစ်ဖက်သဘောတူညီထားသည့် နေရာများတွင်သာ နှစ်ဖက်တပ်များ တပ်ချနေထိုင်ကြရန်။
- ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲတွင် တပ်နေရာ ချထားရေး ကိစ္စများ ဆက်လက်ဆွေးနွေးမည်။

## ပြန်လည် နေရာချထားရေး

- RCSS/SSA အဖွဲ့ဝင်များ လုံလောက်စွာ ဝင်ငွေရရှိရန် အစိုးရက ကူညီပံ့ပိုးမည်။
- အဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် RCSS/SSA ထိန်းချုပ်ဒေသတွင် နေထိုင်သူများကို နိုင်ငံသား စိစစ်ရေး ကဒ်ပြားများ ထုတ်ပေးမည်။

## စီးပွားရေး

- RCSS ထိန်းချုပ်ဒေသတွင် အထူးစီးပွားရေးဇုံ တည်ဆောက်မည်။
- အဲန်ဂျီအို အဖွဲ့များ၊ နိုင်ငံတကာ အဲန်ဂျီအို အဖွဲ့များနှင့် ပူးပေါင်း၍ RCSS/SSA က အကူအညီများ ရရှိအောင် ဆောင် ရွက်သည်ကို ခွင့်ပြုသည်။
  - နိုင်ငံတွင်းသို့ ၁၀-ရက်ကြာ လာရောက်လေ့လာမှုကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ မှ ၂၄ ရက်နေ့အထိ ဆောင် ရွက်ခဲ့သည်။ ၎င်းကာလအတွင်း ရှမ်းနိုင်ငံရေးပါတီများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများ၊ ပြည် ထောင်စုအဆင့် လုံခြုံရေးနှင့် ဖွံ့ဖြိုးရေး သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခဲ့သည်။ သျှမ်း ပြည်တပ်မတော် (RCSS/SSA) ခေါင်းဆောင်များက ၇-ရက်ကြာ စီးပွားရေး လေ့လာရေးခရီးလည်း လာရောက်ခဲ့ သည်။ ရထားဝန်ကြီး ဦးအောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့၏ ဖိတ်ကြားချက်အရ အဖွဲ့ဝင် ၇ ဦးပါ RCSS/SSA အဖွဲ့သည် ရန်ကုန်၊ မန္တလေးသို့ သွားရောက်ခဲ့ကြပြီး၊ အဖွဲ့ဝင် ၃ ဦးပါအဖွဲ့သည် ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့သို့ သွားရောက်ခဲ့ကြသည်။
- ရှမ်းတောင်တန်းချယ်ရီ အမည်ဖြင့် ကုမ္ပဏီ ၆-ခုကို ၂၀၁၂ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် တည်ထောင် ခွင့်ပြုသည်။ ၎င်းတို့က ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ ကျောက်မျက်ရတနာနှင့် ကုန်သွယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ် ငန်း၊ ကုန်ထုတ်လုပ်ရေးနှင့် ဟိုတယ်လုပ်ငန်းများ လုပ်ဆောင်ကြမည် ဖြစ်သည်။

## လူမှုရေး

- အစိုးရက RCSS/SSA ကို ရှမ်းစာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး လုပ်ငန်းများတွင် ကူညီပံ့ပိုးသွားမည်။
- RCSS/SSA ကို "ရှမ်းလွတ်မြောက်ရေး သတင်းအေဂျင်စီ" (Tai Freedom News Agency) ဖွင့်လှစ်နိုင်ရေးအတွက်၊ မီဒီယာဥပဒေ အသစ်ထွက်ရှိ ပြီးသည့်နောက်တွင် ခွင့်ပြုသွားမည်။

## နိုင်ငံရေး

- အကျဉ်းချ ခံထားရသည့် RCSS/SSA အဖွဲ့ဝင်များနှင့် ထောက်ခံသူများကို (ရာဇဝတ်မှုနှင့် ကျခံနေရသူများမှ လွဲ၍) ပြန်လွှတ်ပေးမည်။

- RCSS/SSA ကို တရားမဝင် အဖွဲ့အစည်းအဖြစ်မှ လုံးဝ ပယ်ဖျက်ရုပ်သိမ်းနိုင်ရေးအတွက်၊ နှစ်ဖက်အကြား ယုံကြည်မှု တည်ဆောက်သွားမည်။

- RCSS/SSA သည် နိုင်ငံအနှံ့အပြားရှိ တသီးပုဂ္ဂလပြည်သူများ၊ အုပ်စုများ၊ ရပ်ရွာများနှင့် လွတ်လပ်စွာ တိုင်ပင်အကြံအဉာဏ် ရယူနိုင်သည်။

  ♦ အွန်ဆစ် (Awng Hseuk) ဦးဆောင်သော ရှမ်းပြည်တပ်မတော်မှ အဖွဲ့ငယ်တဖွဲ့ က ထိုင်း-မြန်မာနယ်စပ်မှ မြောက်ပိုင်း ၁၆-ကီလို မီတာ အကွာတွင် ရှိသည့် ပုန်ပါကျင်တွင် လူထု အစည်းအဝေး ပြုလုပ်ပြီး၊ သာမာန် ပြည်သူ များထံမှ အခွန်ကောက် ခြင်း၊ စစ်သားစုဆောင်းခြင်းကို SSA က ဆောင်ရွက်တော့မည် မဟုတ်ဟု ကြေညာခဲ့သည်။ (၁၉-၀၁-၂၀၁၂)

  ♦ လာမည့် ၂၀၁၃ ခုနှစ်အတွင်း အစိုးရနှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပြည်သူများ ပါဝင်ဆောင်ရွက်နိုင်ရေး အတွက် RCSS/SSA က တိုက်တွန်းဆောင်ရွက်သွားမည် ဖြစ်သည်။ (၁၄-၁၂-၂၀၁၂)

## မူးယစ်ဆေးဝါးဆိုင်ရာ

- မိုးနဲနှင့် မိုင်းပန်မြို့နယ်များတွင် အစိုးရ၊ RCSS နှင့် UNODC တို့က ကွင်းဆင်းစစ်တမ်းကောက်ခြင်းကို ဆောင်ရွက်သွားမည်။
- ဘိန်းအစားထိုးသီးနှံစိုက်ပျိုးခြင်း စမ်းသပ်စီမံချက်နေရာများကို ရွေးချယ်သွားမည်။
- ဘိန်းအစားထိုးသီးနှံစိုက်ပျိုးခြင်း စမ်းသပ်စီမံချက်ကို ပူးပေါင်းရေးဆွဲသွားမည်။ ပြည်သူများကို ဆွေးနွေးရှင်းပြပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။
- ဖြစ်နိုင်သမျှ ဆောလျှင်စွာ ရွေးချယ်ထားသည့်နေရာများတွင် အစိုးရ၊ RCSS နှင့် UNODC တို့က ဘိန်းအစားထိုး သီးနှံ စိုက်ပျိုးခြင်း စမ်းသပ်စီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။ *
- အစိုးရနှင့် RCSS ၏ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးခြင်း စမ်းသပ်စီမံချက်များကို UNODC က လိုအပ်သည့် နည်းပညာပိုင်း ဆိုင်ရာကိစ္စများ ပံ့ပိုးသွားမည် ဖြစ်ပြီး၊ ၎င်းစီမံချက်အတွက် လိုအပ်သည့် ရံပုံငွေများရရှိရေးအတွက် နိုင်ငံတကာ အလှူရှင်များနှင့် ဆွေးနွေးသွားမည်။
- RCSS က ဒေသခံပြည်သူများနှင့် အဖွဲ့ဝင်များကို မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး၊ လျှော့ချရေး နှင့် ဘိန်းစိုက်ပျိုးမှု ပပျောက်စေရေးအတွက် ဆောင်ရွက်သွားမည်။ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးနှင့် အစားထိုး သီးနှံစိုက်ပျိုးခြင်း စမ်းသပ်စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။
- CCDAC ကို ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့နှင့် RCSS တို့က ဆက်သွယ်ရန်ပုဂ္ဂိုလ်များ ခန့်အပ်၍ အီးမေးလ်၊ တယ်လီဖုန်းနှင့် အခြားသင့်လျော်ရာ နည်းလမ်းများဖြင့် သတင်းများ ဖလှယ် ဆောင်ရွက်သွားမည်။
- CCDAC-UNODC ပူးတွဲစီမံချက်နှင့် RCSS ၏ အစားထိုးသီးနှံစိုက်ပျိုးခြင်း စမ်းသပ်စီမံချက်နေရာရှိ လုံခြုံရေး ပြဿနာများကို အထက် အာဏာပိုင်များထံ တင်ပြဆောင်ရွက်သွားမည်။

## ထိတွေ့ တိုက်ပွဲများ၊ အပစ်အခတ် ရပ်စဲရေးချိုးဖောက်မှုများ

| | | |
|---|---|---|
| တိုက်ပွဲပေါင်း ၆၈<br>အစိုးရတပ်- ၄၄<br>PMFs -၂၄ | ကျောက်မဲ၊ မိုင်းကောင်၊ မိုးနဲ၊ မိုင်းတုံ၊ တာချီလိတ်၊ မောက်မယ်၊ ကွန်ဟိန်း၊ လဲချား မိုးပျင်း၊ မိုင်းယောင်း | RCSS/SSA က မောင်းပြန်သေနတ် ၆၉ လက် သိမ်းဆည်းရမိပြီး၊ ၁၁၃ ဦး သတ်ဖြတ်နိုင်ခဲ့သည်။ ၁၂၉ ဦး ဒဏ်ရာ ရရှိ |

SSA-S လှုပ်ရှားနေသော ရှမ်းပြည်နယ် တောင်ပိုင်းရှိ လဲချားမြို့နယ်တွင် မြန်မာအစိုးရ စစ်တပ်အာဏာပိုင်များက၊ SSA တပ်များ ဖယ်ရှားရှင်းလင်းပေးရန်၊ မပတ်ပါက တရားမဝင်အသင်းဥပဒေ (ပုဒ်မ ၁၇/၁) ဖြင့် အရေးယူခံရမည်ဟု သတိပေး ပြောကြားသည်။ (၂၂-၁၀-၂၀၁၂)

၂၀၁၂ ခုနှစ် ဖွန်လလယ်ပိုင်းတွင် RCSS-SSA နှင့် UWSA တပ်များအကြား တင်းမာမှုများ ရှိခဲ့သည်။ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ မိုင်းဆတ်မြို့နယ်၊ လွယ်ကော်ဝမ်းရှိ SSA တပ်စခန်းကို UWSA တပ်များက ဝိုင်းထားခဲ့သည်။ အကြောင်းမှာ SSA တပ်ဖွဲ့ဝင်များက ဝဒေသထဲသို့ နယ်မြေကျူးကျော် ဖြတ်သန်းခဲ့ကြသည့်အတွက်ကြောင့် ဖြစ်သည်။ နယ်စပ်ပြဿနာ ကို ဖြေရှင်းနိုင်ရန် ၎င်းနှစ်ဖွဲ့တို့က ဆက်လက် ဆွေးနွေးမှုများပြုသွားရန်ရှိသည်။ သို့မှသာ နောက်ထပ် ထိပ်တိုက်ရင်ဆိုင်တွေ့ မှုများကို ရှောင်ရှားနိုင်မည် ဖြစ်သည်။ အဖွဲ့နှစ်ခုမှ ကိုယ်စားလှယ်များ၏ ညှိနှိုင်းအစည်းအဝေး ၂၀၁၂ ခုနှစ်၊ ဩဂုတ်လတွင် ပြုလုပ်ခဲ့ပြီးနောက် UWSA က RCSS/SSA စစ်သား ၂၀ ကို ပြန်လွှတ်ပေးခဲ့သည်။

## ထုတ်ပြန်ကြေညာချက်များ

ဇန်နဝါရီလ ၁၉၊ ၂၀၁၃ ခုနှစ်။ ဌာနချုပ် လွယ်တိုင်းလျှန်းတွင် ၁၃ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး RCSS ၏ ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/121601629/RCSS-STATEMENT-13th-Annual-Meeting-Headquarters-Loi-Tai-Leng-English

အစိုးရစစ်တပ်၏ နောက်ထပ် အပစ်အခတ်ရပ်စဲရေး ချိုးဖောက်မှုများကြောင့် သဘောတူညီချက် ပျက်သွားနိုင်သည်။ ဗိုလ်ချုပ်ယွက်စစ် က သတိပေးလိုက်ခြင်း။ (၀၈-၁၁-၂၀၁၂)

RCSS-SSA က SNLD ၏ ရပ်တည်ချက်အပေါ် ထောက်ခံခြင်း ကြေညာချက်ထုတ်ပြန်ခြင်း။ (၁၉-၁၀-၂၀၁၂)

RCSS-SSA တပ်မှူးက ပြောကြားရာ၌ အစိုးရက အမှန်တကယ် အပစ်အခတ်ရပ်စဲရေး လုပ်ဆောင်နေမှုများအပေါ် စိတ်ပျက်မိကြောင်း၊ နေပြည်တော်နှင့်သာ အပစ်အခတ်ရပ်စဲမှု ဖြစ်ပြီး၊ မြန်မာ့တပ်မတော်နှင့် အပစ်အခတ်ရပ်စဲမှု မရရှိကြောင်းဆိုသည်။ (၁၂-၀၉-၂၀၁၂)

တစ်လကြာ RCSS-SSA ၏ ကွင်းဆင်းလေ့လာမှုမှ ထုတ်ပြန်သည့် မကြာသေးခင်က အစီရင်ခံစာအရ၊ အစိုးရစစ်တပ်နှင့် မကြာခဏ ဆိုသလို ထိတွေ့တိုက်ပွဲများ ရှိနေသော်လည်း၊ လူများစုက နိုင်ငံရေးအရ ပြေလည်မှုရရှိသည်အထိ ဆက်လက် ဆွေးနွေးမှု ပြုလုပ်ရန်တိုက်တွန်းမှုများ ရှိကြောင်း၊ ၎င်းသည်သာ လက်ရှိအခြေအနေတွင် အကောင်းဆုံး ရွေးချယ်ရာလမ်း ဖြစ်ကြောင်း ဖော်ပြထားသည်။ (၂၄-၀၈-၂၀၁၂)

အဓိပ္ပါယ်ရှိသော အောင်မြင်သည့် နိုင်ငံရေးဆွေးနွေးမှု ဆိုသည်မှာ နှစ်ဖက်စလုံးက အပေးအယူပြုလိုသည့် ဆန္ဒရှိရန် လိုအပ်သည်ဟု ဗိုလ်ချုပ်ယွက်စစ်က ပြောသည်။ (၂၆-၁၀-၂၀၁၂)

ဗိုလ်မှူးချုပ် ပေါင်းခေးက ပြောရာ၌ မတရားအသင်းဥပဒေ ပုဒ်မ ၁၇/၁ ဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကူညီဆောင်ရွက်နေ သူ မည်သူ့ကိုမဆို အရေးယူလိုပါက၊ ပထမဦးဆုံး အရေးယူရမည့်သူမှာ နေပြည်တော်မှ ၎င်းတို့နှင့် ဆွေးနွေးဖက် ဦးအောင်မင်းပင် ဖြစ်သည်ဟု ဆိုသည်။ (၁၃-၁၂-၂၀၁၂)

RCSS/SSA က အပစ်အခတ်ရပ်စဲရေး တစ်နှစ်မြောက်နေ့တွင် ၎င်းတို့၏ အနာဂတ်နိုင်ငံရေးအတွက် ရည်ရွယ်ချက် ၅-ရပ် ကို ထုတ်ပြန်လိုက်သည်။ (၁၄-၁၂-၂၀၁၂)

အောက်တိုဘာလ ၂၉ ရက်၊ ၂၀၁၂ ခုနှစ်။ RCSS ၏ ရပ်တည်ချက်အပေါ် ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/111586763/RCSS-Statement-Standpoint-SNLD-English

ဇူလိုင်လ ၂ ရက်၊ ၂၀၁၂ ခုနှစ်။ ရှမ်းပြည်နယ်ရှိ ပြည်သူများသို့ တိုက်တွန်းနိုးဆော်ချက်
http://www.scribd.com/doc/99425105/RCSS-Stm-2-Urge-the-People-register-personal-identity-cards-Eng

မတ်လ ၂၁ ရက်၊ ၂၀၁၂ ခုနှစ်။ အပစ်အခတ်ရပ်စဲရေးကာလအတွင်း အကောင်အထည်ဖော်ရမည့် မူဝါဒ။ RCSS ထုတ်ပြန် ကြေညာချက်
http://www.scribd.com/doc/87319320/RCSS-Statement-Policy-to-be-implemented-during-ceasefire-thai-engl-Shan

ဇန်နဝါရီလ ၂၇ ရက်၊ ၂၀၁၂ ခုနှစ်။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/79848346/RCSS-Statement-on-Union-Level-Peace-Negotiation-27-January-2012-engl

ဇန်နဝါရီလ ၁၃ ရက်၊ ၂၀၁၂ ခုနှစ်။ စဝ်ခွန်ထွန်းဦးနှင့် နိုင်ငံရေးအကျဉ်းသားများကို မြန်မာအစိုးရက ပြန်လွှတ်ပေးသည့် အပေါ် ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/78520773/RCSS-Statement-on-the-release-of-Sao-Khun-Htoon-Oo-and-political-prisoners

ဒီဇင်ဘာလ ၁၀ ရက်၊ ၂၀၁၁ ခုနှစ်။ မြန်မာအစိုးရနှင့် RCSS/SSA အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအပေါ် ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/75445627/RCSS-Statement-on-Ceasefire-English

အောက်တိုဘာလ ၂၀ ရက်၊ ၂၀၁၁ ခုနှစ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်နိုင်ခြေအတွက် RCSS က အမြင်များ၊ အကြံပြု ချက်များ တောင်းခံခြင်း ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/69740898/RCSS-Statement-Seeking-Opinion-and-Suggestions-possibility-of-peace-talks-engl

ဩဂုတ်လ ၁၅ ရက်၊ ၂၀၁၁ ခုနှစ်။ မြန်မာအစိုးရ၏ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ကျင်းပသည့် သတင်းစာ ရှင်းလင်းပွဲတွင် စွပ်စွဲထားချက်အပေါ် RCSS/SSA ၏ ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/62395101/Statement-RCSS-SSA-by-Burmese-Government-engl-Shan-Bur

ဇွန်လ ၂၆ ရက်၊ ၂၀၁၁ ခုနှစ်။ ကမ္ဘာ့ မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးနေ့အတွက် ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/59040519/RCSS-Statement-on-the-World%E2%80%99s-Anti-Drugs-Day-26-June-2011-eng

မတ်လ ၂၇ ရက်၊ ၂၀၁၁ ခုနှစ်။ ရှမ်းပြည်နယ်အရှေ့ပိုင်း လွယ်မွေ၊ တာချီလိတ်နှင့် ကျိုင်းတုံတို့တွင် ပြင်းထန်သည့် မြေငလျှင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများအပေါ် ဝမ်းနည်းကြောင်း ထုတ်ပြန်ကြေညာချက်။
http://www.scribd.com/doc/51720181/RCSS-Condolence-Statement-Earth-quake-engl

မတ်လ ၄ ရက်၊ ၂၀၁၁ ခုနှစ်။ နမ့်ဆမ်မြို့နယ်၊ ဝန်ဖစ်ကျေးရွာအုပ်စုရှိ ပြည်သူ့စစ် လက်နက်ကိုင် တပ်ဖွဲ့များ၏ မူးယစ်ဆေး စက်ရုံကို ဝင်ရောက်စီးနင်းသည့်အပေါ် သျှမ်းပြည်နယ်တပ်မတော်၏ ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/50017601/statementn-SSA-Army-to-raid-on-the-drug-refinery-engl

နိုဝင်ဘာလ ၉ ရက်၊ ၂၀၁၀ ခုနှစ်။ DKBA နှင့် (နအဖ) အစိုးရအကြား တိုက်ပွဲများနှင့် ပတ်သက်၍ RCSS ၏ ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/41909913/RCSS-Statement-on-the-battles-between-DKBA-and-SPDC-engl

နိုဝင်ဘာလ ၇ ရက်၊ ၂၀၁၀ ခုနှစ်။ ရွေးကောက်ပွဲနှင့် ပတ်သက်၍ RCSS ၏ ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/42041218/RCSS-Statement-to-7-November-Election-11-11-2010

သြဂုတ်လ ၂၁ ရက်၊ ၂၀၁၀ ခုနှစ်။ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံချင်း ဆွေးနွေးမှုများပြုပါရန် ကုလသမဂ္ဂသို့ အိပ်ဖွင့်ပေးစာ
http://www.scribd.com/doc/69745598/RCSS-Letter-to-UN-For-bilateral-dialogue-regarding-Union-of-Burma-engl

ဇွန်လ ၂၆ ရက်၊ ၂၀၁၀ ခုနှစ်။ ကမ္ဘာ့ မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးနေ့အတွက် ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/33596144/Restoration-Council-of-the-Shan-State-RCSS-Statement-on-World-Anti-Drugs-Day

ဧပြီလ ၃၀ ရက်၊ ၂၀၁၀ ခုနှစ်။ SSA-North က နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းမှုအပေါ် RCSS ၏ ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/31198278/RCSS-Statement-on-SSA-North%E2%80%99s-Transformation-into-Home-Guard-Force

ဇန်နဝါရီလ ၁၈ ရက်၊ ၂၀၁၀ ခုနှစ်။ RCSS အစည်းအဝေး ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/25420805/RCSS-Meeting-Statement

## မဟာမိတ်ပြုမှုများ

မူးယစ်ဆေးဝါး နှိမ်နင်းရေးနှင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးအတွက် RCSS နှင့် UWSA တို့ ဒုတိယအကြိမ် အစည်းအဝေးကို ဒီဇင်ဘာလ ၂၈-၂၉ တွင် ကျင်းပပြုလုပ်သည်။ (ပထမအကြိမ် အစည်းအဝေး)

"ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း" အမည်ရ ရှမ်းတိုင်းရင်းသား ညီလာခံတစ်ခုကို ရန်ကုန်၊ ရွှေဂုံတိုင်ရှိ တော်ဝင်နှင်းဆီ ခန်းမတွင် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်နေ့၌ ကျင်းပသည်။ အစိုးရ၏ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရေး တာဝန်ခံ ဦးအောင်မင်းမှ အဖွင့်အမှာစကား ပြောကြားသည်။ ဝန်ကြီး ဦးအောင်မင်းနှင့် ဦးစိုးသိန်းတို့လည်း တက်ရောက်ခဲ့သည်။ SNLD, SNDP, TNDP, RCSS/SSA, SSPP/SSA, NDAA တို့မှ ကိုယ်စားလှယ်

၁၅၀ ခန့် ၎င်းအစည်းအဝေးကို တက်ရောက်ခဲ့ ကြသည်။

SNLDဥက္ကဋ္ဌဦးခွန်ထွန်းဦးသည် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၆-၉ ရက်တွင် မိုင်းလားသို့ သွားရောက် လည်ပတ်ခဲ့ပြီး၊ မိုင်းလား အဖွဲ့ ခေါင်းဆောင် ဦးစိုင်းလင်းနှင့် တွေ့ဆုံခဲ့သည်။ ၎င်းခရီးစဉ်တွင် RCSS/SSA ဆက်ဆံရေး ခေါင်းဆောင်များလည်း လိုက်ပါလာခဲ့သည်။

## PNLO မူးယစ်ဆေးဝါး တိုက်ဖျက်ရေး မဟာမိတ်ပြု ဆောင်ရွက်မှု

မတ်လ ၂၇ ရက်၊ ၂၀၁၁ ခုနှစ်။ ရှမ်းပြည်နယ်အရှေ့ပိုင်း လွယ်မွေ၊ တာချီလိတ်နှင့် ကျိုင်းတုံတို့တွင် ပြင်းထန်သည့် မြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများအပေါ် ဝမ်းနည်းကြောင်း ထုတ်ပြန်ကြေညာချက်။
http://www.scribd.com/doc/51720181/RCSS-Condolence-Statement-Earth-quake-engl

ဧပြီလ ၃၀ ရက်၊ ၂၀၁၀ ခုနှစ်။ SSA-North က နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းမှုအပေါ် RCSS ၏ ထုတ်ပြန် ကြေညာချက်

http://www.scribd.com/doc/31198278/RCSS-Statement-on-SSA-North%E2%80%99s-Transformation-into-Home-Guard-Force

## နိုင်ငံတကာ မဟာမိတ်ပြု ဆောင်ရွက်မှု

UNODC (ကုလသမဂ္ဂ မူးယစ်ဆေးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး) - ၃ ပွင့်ဆိုင် သဘောတူညီချက်။

## MPSI (မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ကူညီပံ့ပိုးရေး ကြိုးပမ်းဆောင်ရွက်မှု)

စက်တင်ဘာလ ၂ ရက်၊ ၂၀၁၂ ခုနှစ်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပံ့ပိုးဆောင်ရွက်မှု အဖွဲ့ (MPSI)၊ နော်ဝေနိုင်ငံ ဒုက္ခသည် ကောင်စီ၊ သျှမ်းပြည် တပ်မတော် (တောင်ပိုင်း)/သျှမ်းပြည် ပြန်လည်တည်ဆောက်ရေးကောင်စီ၊ ရှမ်းပြည် ကယ်ဆယ် ရေးနှင့် ဖွံ့ဖြိုးရေးကော်မီတီတို့မှ ကိုယ်စားလှယ်များ တွေ့ဆုံ၍ MPSI သို့ အဆိုပြုထားသည့် စမ်းသပ်စီမံချက်များနှင့်ပတ် သက်၍ ဆွေးနွေးခဲ့ကြသည်။ ပြည်တွင်း၌ ရွှေ့ပြောင်းထွက်ပြေးနေကြရသည့် ဒုက္ခသည်စခန်းများ၌ အကဲဖြတ်လေ့လာမှု များ ပြုလုပ်ရန် အားလုံးက သဘောတူညီကြသည်။ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများ၊ လိုအပ်ချက်များ၊ အနာဂတ်အတွက် လို လားမျှော်မှန်းချက်များကို လေ့လာသွားကြမည် ဖြစ်သည်။ "လိုအပ်ချက်" ဆိုသည်မှာ လက်ရှိ နေထိုင်နေသည့်နေရာရှိ လတ်တလောလိုအပ်ချက်များနှင့် ပြန်လည်အခြေချမည့်နေရာတွင် လိုအပ်မည့်လိုအပ်ချက်များ ပါဝင်သည်။ ယခု စစ်တမ်းကောက်ယူ လေ့လာမှုကို ၂၀၁၂ ခုနှစ်၊ မိုးရာသီအကုန် ခန့်မှန်း အောက်တိုဘာလခန့်တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသခံရှမ်းလူမှု အဖွဲ့အစည်းများက လေ့လာဆောင်ရွက်သွားမည် ဖြစ်သည်။

http://www.emb-norway.or.th/News_and_events/MPSI/Myanmar-Peace-Support-initiative-Memorandum-2nd-September-2012/

# တအောင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော်



www.palaungland.org/eng

www.nawwhment.blogspot.com

နိုင်ငံရေးအဖွဲ့အစည်း။ PSLF (နောက်ဆုံး ပလောင်နိုင်ငံရေးအုပ်စုဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် လက်နက်ချသွားခဲ့သည့် ပလောင်ပြည် လွတ်မြောက်ရေးပါတီ (PSLP) နှင့် အမှတ်မမှားရန်။)

## အကျဉ်းချုပ်

တည်ထောင်သည့်နေ့စွဲ။ ဇန်နဝါရီလ ၁၉၉၂ ခုနှစ်။

ဌာနချုပ်။ ရွှေပြောင်း ဌာနချုပ်။

လှုပ်ရှားဒေသ။ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ နမ့်လမ်၊ လားရှိုး၊ ကွတ်ခိုင်၊ နမ္မတူ၊ မန်တုံ၊ မန်ဆန်၊ မန်းပန်ဒေသများ။

ခန့်မှန်းအင်အား။ ၁၀၀၀+

ခေါင်းဆောင်။ တာအိုက်ဖုန်း (ဥက္ကဋ္ဌ)။ တာဘုန်းကျော် (အထွေထွေ အတွင်းရေးမှူး)

ယခင် ပလောင်ပြည်လွတ်မြောက်ရေးပါတီ သည် ၁၉၉၁ ခုနှစ်တွင် အစိုးရထံသို့ လက်နက်ချ သွားခဲ့ပြီးနောက် ၎င်းတပ်ကို အစိုးရက ၂၀၀၅ ခုနှစ်တွင် လက်နက် ဖြုတ်သိမ်းလိုက်သည်။ ပလောင် ခေါင်းဆောင် တာအိုက်ဖုန်းနှင့် တာဘုန်းကျော်တို့က ပလောင်ပြည်နယ် လွတ်မြောက်ရေး တပ်ဦး (PSLF) ကို လစ်လပ်သွားသော ပလောင် တော်လှန်ရေးကို ဖြည့်ဆည်းရန်နှင့် မြန်မာစစ်အစိုးရကို ဆက်လက် ဆန့်ကျင်အံတု တိုက်ပွဲဝင်ရန်အတွက် PSLF ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ TNLA သည် PSLF ၏ လက်နက်ကိုင်တပ်ဖွဲ့ ဖြစ်သည်။ လက်ရှိတွင် TNLA က KIA ၊ SSPP/SSA တို့နှင့် လက်တွဲ၍ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အစိုးရကို ဆန့်ကျင်တိုက်ခိုက်လျက် ရှိသည်။

၂၀၁၀ ခုနှစ် ရွေးကောက်ပွဲပြီးသည့်နောက်ပိုင်းတွင်၊ အစိုးရက ရှမ်းပြည်မြောက်ပိုင်းရှိ ပလောင် (တအောင်းဟုလည်းခေါ် ဆိုသည်) တို့၏ နေထိုင်ရာဒေသများကို အသိအမှတ်ပြု၍ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ သတ်မှတ်ပေးခဲ့သည်။ သို့သော် လည်း ဤဒေသသည် ဖွံ့ဖြိုးမှု အလွန်နေးကွေးဆဲဖြစ်၍၊ ဆေးရုံနှင့် ကျောင်းများ အနည်းငယ်သာ ရှိကြသည်။

## ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ

ဥက္ကဋ္ဌ။ တာအိုက်ဖုန်း

အထွေထွေ အတွင်းရေးမှူး။ တာဘုန်းကျော်

စစ်ဦးစီးချုပ်။ တာဟွိုင်ပလန် (Tar Hoi Plarn)

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် မရရှိသေးသော အဖွဲ့ ဖြစ်သည်။
တိုက်ပွဲများ- အတိအကျ မသိရှိရ။

## တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

မရှိပါ။

## ဆက်ဆံရေးရုံးများ

မရှိပါ။

## ဖြစ်ပေါ်တိုးတက်မှုများ

PSLF ဗဟိုကော်မီတီ အစည်းအဝေး (ဩဂုတ်လ ၆-၈၊ ၂၀၁၂ ခုနှစ်) မှ တောင်းဆိုချက်များ

၁။ တအောင်းဒေသတွင် ထိုးစစ်ဆင်နေမှုများ ရပ်စဲရန်။

၂။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲကြောင်း ကြေညာရန်။

၃။ တိုင်းရင်းသားအင်အားစု အားလုံးပါဝင်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန်။

## ထုတ်ပြန်ကြေညာချက်များ

ဇန်နဝါရီလ ၁၈ ရက်၊ ၂၀၁၃ ခုနှစ်။ အကြိမ် ၅၀ မြောက် ရွှေရတု ပလောင် အမျိုးသား တော်လှန်ရေးနေ့အတွက် ထုတ်ပြန် ကြေညာချက် http://www.scribd.com/doc/120929419/Pa-Laung-Statement

ဇန်နဝါရီလ ၁၂ ရက်၊ ၂၀၁၃ ခုနှစ်။ အကြိမ် ၅၀ မြောက် ရွှေရတု ပလောင် အမျိုးသားတော်လှန်ရေးနေ့အတွက် ထုတ်ပြန် ကြေညာချက် http://www.palaungland.org/media/statements/St%20of%2050%20Anny%20T%20N%20R%20Day%202013%20/St%20of%2050%20Anny%20TNR%20Day%202013%20%20in%20Eng.pdf

စက်တင်ဘာလ ၂၃ ရက်၊ ၂၀၁၂ ခုနှစ်။ ငြိမ်းချမ်းရေးအတွက် ပလောင်အဖွဲ့အစည်းများ၏ ထုတ်ပြန်ကြေညာချက် http://www.palaungland.org/media/Report/palaung%20%28peace%29%20group%20statement%20on%20current%20situation.pdf

အောက်တိုဘာလ ၁၅ ရက်၊ ၂၀၁၂ ခုနှစ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ PSLF က ပလောင်ပြည်သူများသို့ တိုက်တွန်းနှိုးဆော်ချက် http://www.palaungland.org/statements/2379-2012-10-16-07-36-22.html

ဇန်နဝါရီလ ၁၂ ရက်၊ ၂၀၁၂ ခုနှစ်။ ၄၉ ကြိမ်မြောက် ပလောင် အမျိုးသားတော်လှန်ရေးနေ့အတွက် PSLF ၏ ထုတ်ပြန် ကြေညာချက် http://www.palaungland.org/statements/1789-2012-05-20-12-15-58.html

# ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ကောင်စီ

## အကျဉ်းချုပ်

တည်ထောင်သည့်နေ့စွဲ။ ဖေဖော်ဝါရီလ ၁၆ ရက်၊ ၂၀၁၁ ခုနှစ်။

ဌာနချုပ်။ ချင်းမိုင်။ ထိုင်းနိုင်ငံ။

UNFC သည် နောက်ဆုံးဖွဲ့စည်းသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ တပ်ပေါင်းစု ဖြစ်သည်။ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွဲ့စည်းခဲ့သည့် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး ကော်မီတီ (CEFU) ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီး အမည်ပြောင်း၍ UNFC အဖြစ်ပေါ်ထွက်လာခြင်း ဖြစ်သည်။ UNFC က မြန်မာအစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ အားလုံးကို ကိုယ်စားပြု၍ ဆောင်ရွက်လိုသည်။

## ယခင်ဖွဲ့စည်းသည့် မဟာမိတ်အဖွဲ့များ

- အမျိုးသား ဒီမိုကရက်တစ် တပ်ဦး (NDF) ၁၉၇၆- လက်ရှိ
- တိုင်းရင်းသားလူမျိုးစုများ ကောင်စီ (ENC) ၂၀၀၁-လက်ရှိ။

## ဦးတည်ချက်

UNFC က မြန်မာနိုင်ငံတွင် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်လိုသည်။ ၎င်းတို့က တိုင်းရင်းသားဒေသများကို ခုခံကာ ကွယ်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် (FUA) ကို တည်ထောင်ထားပြီး ဖြစ်သည်။

## အဖွဲ့ဝင် ၁၁ ဖွဲ့ပါဝင်သော မဟာမိတ်အဖွဲ့ ဖြစ်သည်။

UNFC အဖွဲ့ဝင်များ (CEFU တွင်လည်း ပါဝင်ကြသည်။)

- ကချင် လွတ်မြောက်ရေး အဖွဲ့(KIO)
- မွန်ပြည်သစ် ပါတီ (NMSP)
- သျှမ်းပြည်တပ်မတော် (မြောက်ပိုင်း) (SSPP/SSA)
- ကရင်အမျိုးသား အစည်းအရုံး (KNU)
- ကရင်နီ အမျိုးသားတိုးတက်ရေး ပါတီ (KNPP)
- ချင်း အမျိုးသား တပ်ဦး (CNF)

## အဖွဲ့ဝင်သစ် ၅ ဖွဲ့

- လားဟူ ဒီမိုကရက်တစ် ယူနီယံ (LDU)
- ရခိုင်ပြည်နယ် အမျိုးသားညီညွတ်ရေးပါတီ (NUPA)/ ရခိုင် အမျိုးသားကောင်စီ (ANC)
- ပအိုဝ်း အမျိုးသား လွတ်မြောက်ရေးအဖွဲ့ (PNLO)
- တအောင်း အမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) (ပလောင် ပြည်သူ့လွတ်မြောက်ရေး တပ်ဦး PSLF ဟုလည်းခေါ်သည်။)
- ဝ အမျိုးသား အဖွဲ့ချုပ် (WNO)

## ဖွဲ့စည်းပုံ

အဖွဲ့ဝင် တဖွဲ့စီတိုင်းမှ ကိုယ်စားလှယ် ၂ ဦးမှ ၄ ဦး အထိ UNFC ကောင်စီ တွင် ကိုယ်စားပြုခွင့်ရှိသည်။ ယခုလက်ရှိ UNFC ကောင်စီတွင် ကိုယ်စားလှယ် ၂၂ ဦး ရှိသည်။ ၎င်းတို့အထဲမှ ကိုယ်စားလှယ် ၁၀ ဦးမှာ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည်။

## ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

အကြို ပဏာမ ဆွေးနွေးပွဲများ ရှိသည်။

MPSI ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် တိုင်းရင်းသား အင်အားစုများ အကြား ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် ပူးတွဲလုပ် ဆောင်နေသည်။

## တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

ယခုတိုင် ဖွဲ့စည်းရခြင်း မရှိသေးပါ။

ဖက်ဒရယ်ပြည်ထောင်စု တပ်မတော် (Federal Union Army) (၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းသည်။)

## ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ (၂၀၁၁ ခုနှစ်)

| | | |
|---|---|---|
| ဥက္ကဋ္ဌ | ဒုဗိုလ်ချုပ်ကြီး အင်ဘန်လ | KIO |
| ဒု-ဥက္ကဋ္ဌ (၁) | ဒုဗိုလ်ချုပ်ကြီး ဂေါ်ရီဇော်ဆိုင်း | KIO |
| ဒု-ဥက္ကဋ္ဌ (၂) | ခွန် အေဘယ်လ်တွိဒ် | KNPP |
| အထွေထွေ အတွင်းရေးမှူး | နိုင်ဟောင်းဆာ (ခ) နိုင်ဟံသာ | NMSP |
| တွဲဖက် အတွင်းရေးမှူး (၁) | ဗိုလ်မှူးကြီး ခွန်ဥက္ကာ | PNLO |
| တွဲဖက် အတွင်းရေးမှူး (၂) | ရွှေမျိုးသန့် | KNPP |
| အဖွဲ့ဝင် | မန်းငြိမ်းမောင် | KNU |
| အဖွဲ့ဝင် | ဒေါက်တာ လဂျာ | KIO |
| အဖွဲ့ဝင် | ဒေါက်တာ ရွှေခါး | CNF |
| အဖွဲ့ဝင် | ဘွမ်ဝမ်းလရော် (Bawmwang Laraw) | KNO |

## ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင်များ (၂၀၁၂-၁၃)

| | | |
|---|---|---|
| ဥက္ကဋ္ဌ | ဒုဗိုလ်ချုပ်ကြီး အင်ဘန်လ | KIO |
| ဒု-ဥက္ကဋ္ဌ (၁) | ခွန်အေဘယ်လ်တွိဒ် | KNPP |

| | | |
|---|---|---|
| ဒု-ဥက္ကဋ္ဌ (၂) | စောဒေးဗစ် သာကပေါ | KNU |
| အထွေထွေ အတွင်းရေးမှူး | နိုင်ပေါင်းဆာ (ခ) နိုင်ဟံသာ | NMSP |
| တွဲဖက် အတွင်းရေးမှူး (၁) | စောဒွေါ်လေးမူ | KNU |
| တွဲဖက် အတွင်းရေးမှူး (၂) | ခွန်ဥက္ကာ | PNLO |
| အဖွဲ့ဝင် | ဒေါက်တာ လဂျာ | KIO |
| အဖွဲ့ဝင် | ဒေါက်တာခင်မောင် | NUPA/ANC |
| အဖွဲ့ဝင် | ခူးဦးရယ် | KNPP |
| အဖွဲ့ဝင် | နော်စီဖိုးရာစိန် | KNU |
| အဖွဲ့ဝင် | နိုင်ကွဲဟွန်မွန် | NMSP |

## ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁။ | ၂၃-၁၂-၂၀၁၁ | ဘန်ကောက်၊ ထိုင်းနိုင်ငံ | ခွန်ဥက္ကာ | ဦးအောင်မင်း | အကြိုပဏာမ ဆွေးနွေးပွဲမတိုင်မီ အလွတ်သဘော တွေ့ဆုံမှုဖြစ် သည်။ |
| ၂။ | ၉-၁၁-၂၀၁၂ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | နိုင်ဟံသာ၊ ခွန်ဥက္ကာနှင့် အခြား UNFC ခေါင်းဆောင်များ | ဦးအောင်မင်း | အလွတ်သဘော တွေ့ဆုံမှုဖြစ် သည်။ အကျိုးဆောင် (အစိုးရဖက်မှ) ဦးလှမောင်ရွှေ၊ ဦးညိုအုန်းမြင့် |

## နိုင်ငံရပ်ခြား လှုပ်ရှားမှုများ

စက်တင်ဘာလ ၂၇ ရက်၊ ၂၀၁၂ ခုနှစ်။ အမေရိကန်ပြည်ထောင်စု - KNU အလုပ်အမှုဆောင် အဖွဲ့ဝင် ဒေးဗစ် သာကပေါ နှင့် UNFC တွဲဖက်အတွင်းရေးမှူးနှင့် ပြောရေးဆိုခွင့်ရှိသူ ခွန်ဥက္ကာတို့ ဦးဆောင်ကြသည့်၊ UNFC နှင့် ပြည်ထောင်စုမြန်မာ နိုင်ငံ အမျိုးသားကောင်စီ (NCUB) တို့ ပူးတွဲကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်နိုင်ငံသို့ သွားရောက်ခဲ့ကြသည်။ ၎င်းခရီး စဉ်တွင် ၎င်းတို့က အမေရိကန်ပြည်ထောင်စုနှင့် ကုလသမဂ္ဂမှ အရာရှိများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ်- UNFC နိုင်ငံခြားရေးရာ အဖွဲ့ဝင်များ၊ စဝ်ဆွေမန်ဂရိုင်း၊ UNFC စစ်ရေးရာအဖွဲ့ဝင်များ၊ လအောင် နှင့် NCUB ၏ အမေရိကန်ပြည်ထောင်စု ကိုယ်စားလှယ် ကိုမိုးချမ်းတို့ ပါဝင်ကြသည်။

UNFC နှင့် NCUB တို့၏ "မြန်မာနိုင်ငံနှင့် နိုင်ငံတကာပြန်လည် ထိတွေ့ဆက်ဆံရေးတွင် ထားရှိရမည့် စံပေတံများ" ထုတ် ပြန်ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

ဧပြီလ ၂၄ ရက်၊ ၂၀၁၂ ခုနှစ်။ ဂျပန်နိုင်ငံ၊ တိုကျိုမြို့- UNFC ၏ အလုပ်အမှုဆောင် အဖွဲ့ဝင် ၃ ဦးဖြစ်သော၊ ဒေါက်တာ လဂျာ၊ ခွန်ဥက္ကာနှင့် စောဒေးဗစ် သာကပေါတို့သည် တိုကျိုသို့ သွားရောက်၍၊ ဂျပန်အစိုးရနှင့် ပြောဆိုဆွေးနွေးခဲ့ကြသည်။

UNFC ခေါင်းဆောင်များက မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး အခြေအနေ၊ လက်ရှိ ပဋိပက္ခဖြေရှင်းရေး အဖြေရှာမှုတွင် UNFC ၏ အခန်းကဏ္ဍ၊ မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအကြား ငြိမ်းချမ်းရေး ဆွေးနွေးပွဲကိစ္စများကို ပြောဆိုဆွေးနွေးခဲ့ကြသည်။

## ဖြစ်ပေါ်တိုးတက်မှုများ

တိုင်းရင်းသားအုပ်စုများလိုလားသော နိုင်ငံရေးလုပ်ငန်းစဉ် ၆-ချက်ပါ ငြိမ်းချမ်းရေး လမ်းပြမြေပုံ (၂၇-၀၉-၂၀၁၂)ကို ထုတ်ပြန်ခဲ့သည်။ အစိုးရ၏ ငြိမ်းချမ်းရေး လမ်းပြမြေပုံအပြင် အခြားရွေးချယ်စရာ နောက်ထပ်နည်းလမ်းတစ်ခု ဖြစ်သည်။

၁။ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အမျိုးသမီးနှင့် လူငယ်ထု အပါအဝင် civil societies တို့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြီး "နိုင်ငံရေးဆွေးနွေးပွဲ ဆိုင်ရာ မူဘောင်" (Framework for Political Dialogue) တွင် ပါဝင်မည့် အချက်အလက်များကို သဘောတူ ချမှတ်ရန်။

၂။ ပြည်ထောင်စုအစိုးရ ကိုယ်စားလှယ်များနှင့် လက်နက်ကိုင်တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၏ စုစည်းထားသော ကိုယ်စားလှယ်များအကြား တွေ့ဆုံဆွေးနွေး၍ "တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ မူဘောင်သဘောထား" (The Framework of Political Dialogue) သဘောတူညီချက် ရရှိရန်။

ထိုသို့ပြုလုပ်ရာတွင် -

(က) ဘက်နှစ်ဘက်မှ လက်ခံနိုင်သောနေရာတွင် ဆွေးနွေးရန်။

(ခ) ဆွေးနွေးစဉ်နှင့် သဘောတူညီချက်များကို အကောင်အထည်ဖော်ရာတွင် ဘက်မလိုက်သော နိုင်ငံတကာ လေ့လာ

စောင့်ကြည့်ရေး အဖွဲ့ထားရှိရန်နှင့် သဘောတူညီချက်များကို အများပြည်သူသိရှိအောင် လွတ်လပ်သော မီဒီယာများမှ တဆင့် ပူးတွဲထုတ်ပြန်ရန်။

၃။ ပြည်ထောင်စုအစိုးရနှင့် လက်နက်ကိုင်တိုင်းရင်းသား တော်လှန်ရေးအင်အားစုများ အကြား တွေ့ဆုံဆွေးနွေးပွဲမှ "တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ မူဘောင်သဘောထား" (The Framework of Political Dialogue) သဘောတူညီချက် ရရှိပြီးမှ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သော်လည်းကောင်း၊ လူမျိုးအလိုက် သော်လည်းကောင်း တိုင်းရင်းသားတို့၏ ညီလာခံများကျင်းပပြီး ရှင်းလင်း ညှိနှိုင်း သဘောထား ရယူသွားရန်။

၄။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တိုင်းရင်းသားများ၏ လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အမျိုးသမီးနှင့် လူငယ်အဖွဲ့အစည်းများ အပါအဝင် civil societies အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော တိုင်းရင်းသားလူမျိုးစုံ ညီလာခံ တစ်ခုကို ခေါ်ယူကျင်းပသွားရန်။

၅။ တိုင်းရင်းသား အင်အားစုများ၏ ကိုယ်စားလှယ်များ၊ ဒီမိုကရေစီနည်းအရ လှုပ်ရှားနေကြသော နိုင်ငံရေး အင်အားစုများ၏ ကိုယ်စားလှယ်များ၊ အစိုးရကိုယ်စားလှယ်များ အချိုးညီပါဝင်ပြီး အင်အားစု သုံးစုစလုံး လက်ခံနိုင်သော ပုံစံဖြင့် ပင်လုံစိတ်ဓာတ်ကို အခြေခံသော ပြည်ထောင်စုညီလာခံကြီးတစ်ရပ် ကျင်းပသွားရန်။ ထိုညီလာခံကြီးမှ ချမှတ်သော သဘောတူညီချက်များကို "တိုင်းရင်းသား လူမျိုးများဆိုင်ရာ ပြည်ထောင်စု သဘောတူညီချက်"(Union Accord) အဖြစ် သဘောတူလက်မှတ် ရေးထိုးရန်။

၆။ "တိုင်းရင်းသား လူမျိုးများဆိုင်ရာ ပြည်ထောင်စုသဘောတူညီချက်" (Union Accord) ကို အချိန်အတိအကျ သတ်မှတ် ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

## တောင်းဆိုချက်များ

UNFC က အဓိကပြဿနာ ၄-ရပ်ကို ဆွေးနွေးရန် တောင်းဆိုထားသည်။

၁။ UNFC နှင့် အစိုးရတို့ ဂျပန်နိုင်ငံတွင် နိပ္ပွန်ဖောင်ဒေးရှင်း၏ စောင့်ကြည့်ကူညီမှုအောက်တွင် ဆွေးနွေးပွဲတစ်ခု ကျင်းပ နိုင်ရေး စီစဉ်ရန်။
၂။ ရခိုင်ပြည်နယ်တွင် လူအုပ်စုများ အချင်းချင်း အကြား ဖြစ်ပွားနေသည့် ပဋိပက္ခဖြေရှင်းရေးအတွက် နည်းလမ်းအဖြေရှာရန်။
၃။ UNFC ၏ အချက် ၆-ချက်ပါ ငြိမ်းချမ်းရေး လမ်းပြမြေပုံကို အကောင်အထည်ဖော်ရန်။
၄။ ကချင် လွတ်မြောက်ရေး အဖွဲ့နှင့် မြန်မာစစ်တပ်အကြား ဖြစ်ပွားနေသော လက်နက်ကိုင်တိုက်ပွဲများ ရပ်ဆိုင်းရန်။

## အလွတ် သဘောတူညီချက်

၁။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်။

၂။ နိုင်ငံရေးဆွေးနွေးပွဲကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တစ်လုံးတစ်စည်းတည်း ဆွေးနွေးရန်။ ခွဲခြား ဆွေးနွေးမှု မပြုရန်။

၃။ လာမည့်လတွင် ရန်ကုန်မြို့၌ တည်ထောင်ထားသော မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဖော်ဆောင်မှုအဖွဲ့ (Myanmar Peace Center) တွင် စီစဉ်ထားသည့် ဆွေးနွေးပွဲ၌၊ တရားဝင် ဆွေးနွေးကြသည့်အခါ အောက်ဖော်ပြပါ ခေါင်းစဉ်များဆွေးနွေးရန်။ နိုင်ငံရေးဆွေးနွေးပွဲအတွက် အခြေခံမူဘောင်၊ အချိန်ဇယား၊ နည်းပညာ ပံ့ပိုးကူညီမှု နှင့် ထောက်ပံ့ရေး ကိစ္စများ။

## ထုတ်ပြန်ကြေညာချက်များ

ဇန်နဝါရီလ ၂၁ ရက်၊ ၂၀၁၃ ခုနှစ်။ သမ္မတ ဦးသိန်းစိန်၏ ကချင်ပြည်နယ်ထိုးစစ်အပေါ် UNFC နှင့် NCUB တို့က ပြစ်တင် ရှုံ့ချခဲ့ကြပြီး၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးတွင် နောက်ပြန်ဆုတ်သည့် ခြေလှမ်းဖြစ်သည်ဟု ဖော်ပြခဲ့သည်။

http://www.karennews.org/2013/01/govt-uses-ceasefire-as-trait-to-deflect-international-concerns.html/

ဇန်နဝါရီလ ၂၀ ရက်၊ ၂၀၁၃ ခုနှစ်။ UNFC ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန သတင်းထုတ်ပြန်ကြေညာချက်

http://www.english.panglong.org/index.php?option=com_content&view=article&id=5201:statement-unfc-public-relation-and-news-unit&catid=mailbox&itemid=279

ဇန်နဝါရီလ ၁၀ ရက်၊ ၂၀၁၂ ခုနှစ်။ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၏ နှစ်ပတ်လည်အစည်းအဝေး ထုတ်ပြန်ကြေညာချက်

http://www.scribd.com/doc/119923883/UNFC-STATEMENT-ANNUAL-MEETING-10-JAN-2013-ENGLISH

ဇန်နဝါရီလ ၁ ရက်၊ ၂၀၁၂ ခုနှစ်။ ဗမာ့တပ်မတော်မှ ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) အပေါ် ထိုးစစ်ဆင်နေမှုနှင့် ပတ်သက်ပြီး ညီညွတ်သော တိုင်းရင်းသား ဖက်ဒရယ်ကောင်စီ (UNFC) ၏ သဘောထားထုတ်ပြန် ကြေညာချက်

http://www.scribd.com/doc/118656921/January-2-UNFC-%E1%81%8F%E1%80%9E%E1%80%B1%E1%80%98%E1%80%AC%E1%80%91%E1%80%AC%E1%80%B8%E1%80%91%E1%80%AF%E1%80%90%E1%80%B9%E1%80%BB%E1%80%95%E1%80%94%E1%80%B9%E1%80%B1%E1%82%80%E1%80%80%E1%80%8A%E1%80%AC%E1%80%81%E1%80%BA%E1%80%80%E1%80%B9

နိုဝင်ဘာလ ၁၅ ရက်၊ ၂၀၁၂ ခုနှစ်။ သမ္မတအိုဘားမားထံသို့ UNFC မှ ပေးစာ

http://pnlo.org/2012/11/18/unfc-letter-to-president-obama/

နိုဝင်ဘာလ ၁ ရက်၊ ၂၀၁၂ ခုနှစ်။ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ပတ်သက်၍ UNFC နှင့် NCUB တို့၏ ပူးတွဲ ထုတ်ပြန်ကြေညာချက်

http://www.pnlo.org/2012/11/02/unfc-and-nucb-release/

မေလ ၁၀ ရက်၊ ၂၀၁၂ ခုနှစ်။ မြန်မာစစ်အစိုးရက ဆက်လက် ထိုးစစ်ဆင်နွှဲနေမှုများကို အင်အားစုအားလုံးက စုပေါင်း ခုခံ ကြရန်နှင့် ဦးသိန်းစိန်ဦးဆောင်သည့် အစိုးရသစ်၏အမှားများကို ပြုပြင်ကြရန် UNFC ၏ အင်အားစုအားလုံးသို့ တိုက်တွန်း တောင်းဆိုချက်။

www.chinland.org/wp-content/uploads/2012/05/UNFC-Statement-May-2012_-Eng1.pdf

ဧပြီလ ၁၉ ရက်၊ ၂၀၁၂ ခုနှစ်။ မြန်မာနိုင်ငံ လက်ရှိနိုင်ငံရေး၊ လူမှုရေးအခြေအနေများနှင့် ပတ်သက်၍ UNFC ၏ သတင်း ထုတ်ပြန်ချက်

http://www.chinland.org/wp-content/uploads/2012/05/UNFC-press-release-Burmese-.pdf

ဧပြီလ ၃ ရက်၊ ၂၀၁၂ ခုနှစ်။ ၂၀၁၂၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ကြားဖြတ်ရွေးကောက်ပွဲတွင် ဒေါ်အောင် ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သို့ အနိုင်ရရှိခြင်းအပေါ် UNFC က ဂုဏ်ပြုချီးကျူးကြောင်း ထုတ်ပြန် ကြေညာချက်

http://www.chinland.org/wp-content/uploads/2012/05/UNFC-Statement-to-Congratulate-DASSK_NLD.pdf

ဒီဇင်ဘာလ ၄ ရက်၊ ၂၀၁၁ ခုနှစ်။ UNFC ၏ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးခြင်းနှင့် သက်ဆိုင်သော သဘောထား ထုတ်ပြန်ကြေညာချက်

http://www.scribd.com/doc/74761354/UNFC-Stmt-on-Internal-Peace-4Dec11-burmese

အောက်တိုဘာလ ၈ ရက်၊ ၂၀၁၁ ခုနှစ်။ စစ်မှန်သော ဆွေးနွေးပွဲအမြန်ပေါ်ပေါက်လာရန် ပြည်သူများနှင့် နိုင်ငံတကာသို့ ပြန်ကြားချက်

http://www.scribd.com/doc/68210132/United-Nationalities-Federal-Council-UNFC-Statement-08-10-2011

ဩဂုတ်လ ၂၈ ရက်၊ ၂၀၁၁ ခုနှစ်။ မြန်မာအစိုးရသို့ UNFC မှ ပေးစာ
http://www.scribd.com/doc/63560129/UNFC-Letter-to-Burmese-Government-28-08-2011

ဩဂုတ်လ ၂၇ ရက်၊ ၂၀၁၁ ခုနှစ်။ UNFC ဥက္ကဋ္ဌမှ အဖွဲ့ဝင်များထံ ပေးစာ
http://www.scribd.com/doc/63484508/UNFC-United-Nationalities-Federal-Council-Chairperson-Letter

ဩဂုတ်လ ၁၅ ရက်၊ ၂၀၁၁ ခုနှစ်။ UNFC မှ သမ္မတဦးသိန်းစိန်ထံ ပေးစာ။
http://www.scribd.com/doc/62811085/United-Nationalities-Federal-Council-UNFC-Letter-to-President-U-Thein-Sein

ဩဂုတ်လ ၅ ရက်။ UNFC မှ ဒေါ်အောင်ဆန်းစုကြည်သို့ အိတ်ဖွင့်ပေးစာဖြင့် အကြောင်းပြန်ကြားခြင်း
http://www.scribd.com/doc/61679321/United-Nationalities-Federal-Council-Union-Burma-UNFC-Reply-to-DASSK-Bur


မေလ ၁၄ ရက်၊ ၂၀၁၁ ခုနှစ်။ မြန်မာနိုင်ငံ နိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍ UNFC ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/55947718/UNFC-Statement-on-Burma-s-political-situation

မတ်လ ၂၉ ရက်၊ ၂၀၁၁ ခုနှစ်။ ရှမ်းပြည် တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော်အား ထိုးစစ်ဆင်တိုက်ခိုက်ခြင်းကို အမြန် ရပ်တန့်ပေးရန် သဘောထား ထုတ်ပြန်ကြေညာချက်။
http://www.chinland.org/wp-content/uploads/2012/05/UNFC-Statement.pdf

မတ်လ ၂၉ ရက်၊ ၂၀၁၁ ခုနှစ်။ ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ (မြန်မာနိုင်ငံ) ၏ ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/51794295/United-Nationalities-Federal-Council-Union-Burma-UNFC-Statement

ဖေဖော်ဝါရီလ ၁၇ ရက်၊ ၂၀၁၁ ခုနှစ်။ တိုင်းရင်းသားတပ်ပေါင်းစု UNFC ၏ ထုတ်ပြန်ကြေညာချက်
http://www.scribd.com/doc/49189260/UNFC-Ethnic-Alliance-Statement-12-16-Feb-2011

# ဝပြည် သွေးစည်းညီညွတ်ရေး ပါတီ



နိုင်ငံရေးအဖွဲ့အစည်း။ ဝ ပြည် သွေးစည်းညီညွတ်ရေး ပါတီ (UWSP)

အစိုးရမှ ခေါ်ဆိုသည့်အမည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ-၂

လက်နက်ကိုင်တပ်ဖွဲ့။ ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA)

## အကျဉ်းချုပ်

တည်ထောင်သည့်နေ့စွဲ။ ၁၉၈၉ ခုနှစ်။

ဌာနချုပ်။ ပန်ခမ်း (ပန်ဆန်းဟုလည်း ခေါ်ဆိုကြသည်။)

လှုပ်ရှားဒေသ။ ပန်ဆန်း၊ မိုင်းမော၊ ပန်ဝိုင်၊ နားဖန်း၊ မိုင်းပေါက်၊ မိုင်းယန်း၊ ဟိုပန် ဒေသများ။

ခန့်မှန်းအင်အား။ ၃၀, ၀၀၀။

ခေါင်းဆောင်။ ပေါက်ယူချန်း (Bao You Xiang)

UWSP က ၂၀၀၈ ဖွဲ့စည်းပုံအရ ပြဋ္ဌာန်းထားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဝတိုင်း၏ မြို့နယ် ၆-ခုကို စီမံအုပ်ချုပ်နေသည်။ ၎င်းမြို့နယ်များ၏ တရားဝင်အမည်ကို အမိန့်ကြေညာစာဖြင့် ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ UWSP က နယ်ခြားစောင့်တပ်အဖြစ် ဖွဲ့စည်းရန် အစိုးရ၏ တောင်းဆိုချက်ကို ၂၀၀၉ ခုနှစ်တွင် ငြင်းဆန်ခဲ့သည်။ UWSP က တရုတ်နိုင်ငံနှင့် နိုင်ငံရေးအရ၊ စီးပွားရေးအရ နီးကပ်သောဆက်ဆံရေး ရှိသည်။ ထို့အပြင် တရုတ်စာကိုလည်း အဖွဲ့အစည်း၏ တရားဝင် ရုံးသုံးစာအဖြစ် အသုံးပြုနေသည်။

UWSP ၏ လက်နက်ကိုင်တပ်သည် ဝ ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) ဖြစ်ပြီး၊ ခန့်မှန်းအင်အား ၃၀, ၀၀၀ နှင့် အရံပြည်သူ့စစ်အင်အား ၁၀, ၀၀၀ ခန့် ရှိသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသား လက်နက်ကိုင်တပ်များတွင် အင်အား အကြီးဆုံးဖြစ်ပြီး၊ ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွဆေး အမ်ဖီတမင်းများ ကုန်သွယ်ရောင်းဝယ်မှုတွင် အဓိက ပတ်သက်နေသည်ဟုလည်း သတင်းများကဆိုကြသည်။ ၁၉၈၉ ခုနှစ် ဗကပ ပြိုကွဲပြီးနောက်ပိုင်း ဗမာပြည် ကွန်မြူနစ်ပါတီ (ဗကပ) ၏ မူလအဖွဲ့ဝင်များအဖြစ် UWSP ကို ထူထောင်ခဲ့ကြသည်။

## ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ

ဒု-ဥက္ကဋ္ဌ။ ရှောက်မင်းလျံ (Xiao Mingliang a.k.a. Shauk Min Lyan)

## ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အသစ်။ စက်တင်ဘာလ ၆ ရက်၊ ၂၀၁၁ ခုနှစ်။

အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး ပထမဦးဆုံး သဘောတူညီသည့်အဖွဲ့ဖြစ်သည်။

အဆင့် ၂။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ

ယခင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်။ မေလ ၉ ရက်၊ ၁၉၈၉ ခုနှစ်။

၂၀၀၉ ခုနှစ်မှစ၍ မြန်မာအစိုးရစစ်တပ်နှင့် ရံဖန်ရံခါဆိုသလို တိုက်ပွဲငယ်များ ဖြစ်ပွားနေခဲ့သည်။ နှစ်ဖက်စလုံးမှ ထိတွေ့ တိုက်ပွဲ များကို တရားဝင် ထုတ်ပြန်ကြေညာခြင်း မရှိပေ။
၂၀၀၉ ခုနှစ်မှစ၍ မြန်မာအစိုးရစစ်တပ်နှင့် ရံဖန်ရံခါဆိုသလို တိုက်ပွဲများ ဖြစ်ပွားနေခဲ့သည်။ နှစ်ဖက်စလုံးမှ ထိတွေ့တိုက်ပွဲ များကို တရားဝင် ထုတ်ပြန်ကြေညာခြင်း မရှိပေ။

## တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

အလှည့်ကျ ဖြစ်သည်။

## ဆက်ဆံရေး ရုံးများ

၁။ လားရှိုး

၂။ တန့်ယန်း

၃။ မသိရ။

## ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၁။ | ၆-၉-၂၀၁၁ | ကျိုင်းတုံ | ပေါက်ယူလျှံ | ဦးအောင်သောင်း | အသစ်သော ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကိုလက်မှတ်ရေးထိုးသည်။ အခြားအစိုးရကိုယ်စားလှယ်များ- ဦးသိန်းဇော် |
| ၂။ | ၁-၁၀-၂၀၁၁ | လားရှိုး | ရှောက်မင်းလျှံ | ဦးအောင်သောင်း | ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲ။<br><br>UWSP က ပြည်ထောင်စုမှ ခွဲမထွက်ရန် သဘောတူညီသည်။ ဆွေးနွေးသည့်အချက်များတွင်- ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးရုံးများ ပြန်လည်ဖွင့်လှစ်ရန်။ ဝန်ထမ်းများ ပြန်လည်ပို့ထားရန်။ အစိုးရနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးနှိမ်နင်းရေး ဆောင်ရွက်ရန်။ နယ်စပ်ဒေသဖွံ့ဖြိုး ရေး အကောင်အထည်ဖော်လုပ် ဆောင်ရန်။ စက်မှု-စီးပွားရေးဇုန်များ ထူထောင်ရန် တို့ ပါဝင်သည်။<br><br>သက်ဆိုင်ရာ သဘောတူညီချက်များ ကို လက်မှတ်ရေးထိုးကြသည်။ |

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၃။ | ၂၆-၁၂-၂၀၁၁ | ပန်ဆန်း | ရှောက်မင်းလျှံ | ဦးအောင်သောင်း | ပြည်ထောင်စုအဆင့် အချက် ၆-ချက်ပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည်။<br><br>အစိုးရအဖွဲ့ ကိုယ်စားလှယ် ဦးအောင်သောင်းက UWSP ကို လာမည့် နှစ်ဆန်းပိုင်းတွင် ဖြစ်လာနိုင်သည့် ကြားဖြတ်ရွေးကောက်ပွဲ တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် တိုက်တွန်းသည်။ |
| ၄။ | ၉-၅-၂၀၁၂ | ပန်ဆန်း | မသိရ | မသိရ | အစိုးရအရာရှိများက ရှမ်းပြည်နယ်၊ ပန်ဆန်းသို့ လာရောက်ကြပြီး၊ UWSP ခေါင်းဆောင်များနှင့် တွေ့ဆုံ ကြသည်။ |
| ၅။ | ၁၇-၈-၂၀၁၂ | ဝိန်းကောင် နှင့် ပန်ဆန်း | ရှောက်မင်းလျှံ | ဒုတိယ နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်ချုပ် ဇော်ဝင်း | ဗိုလ်ချုပ်ဇော်ဝင်း ဝ ဒေသသို့ တရားဝင် သွားရောက်လည်ပတ် သည်။<br><br>ဩဂုတ်လ ၁၆ ရက်- ဝိန်းကောင် တွင် ဆွန်ပူရေအားလျှပ်စစ် စက် ရုံကို စစ်ဆေးကြည့်ရှုသည်။<br><br>ဩဂုတ်လ ၁၇ ရက်နေ့တွင် ပန်ဆန်း၌ ရှောက်မင်လျှံ၊ ပေါက်ယူရီ၊ ကျောက်ကျုံးတန်း (Zhao Zhongdang)၊ ပေါက်ယူလျှံ၊ အိုက်လုံ၊ ကျောက်ဂေါင်အန်း (Zhao Guo-ang)၊ ဦးအောင်မြင့်၊ ဗိုလိုက်ခမ်း၊ အခြားခေါင်းဆောင်များ နှင့် တွေ့ဆုံသည်။ ကျပ်ငွေ သန်း ၃၀ ထောက်ပံ့ကြေးနှင့် ကျပ် ၆၆ သန်းတန် ဆန်အိတ်များ ထောက်ပံ့ ပေးခဲ့သည်။<br><br>အခြားသော UWSP ဖက်မှ ကိုယ် စားလှယ်များ- ပေါက်ယူရီ၊ ကျောက်ကျုံးတန်း (Zhao Zhongdang)၊ ပေါက်ယူလျှံ၊ အိုက်လုံ၊ ကျောက်ဂေါင်အန်း (Zhao Guo-ang)၊ ဦးအောင်မြင့်၊ ဗိုလိုက်ခမ်း၊ အခြားခေါင်းဆောင်များ။ |
| ၆။ | ၆-၁၀-၂၀၁၂ | ကျိုင်းတုံ | ရှောက်မင်းလျှံ | ကာကွယ်ရေးဦးစီး ချုပ် ဒုဗိုလ်မှူးကြီး မင်းအောင်လှိုင် | နှစ်ဖက်စလုံးက မူးယစ်ဆေးဝါးနှိမ် နင်းရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီကြသည်။ |

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် အချက်အလက်များ |
|---|---|---|---|---|---|
| ၇။ | ၁၆-၁၁-၂၀၁၂ | ပန်ဆန်း | ရှောင်မင်းလျှံ | မြန်မာ စစ်တပ် အရှေ့မြောက် တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူး ချုပ် အောင်စိုး | ဗိုလ်မှူးချုပ်အောင်စိုးက ဒု-ဥက္ကဋ္ဌ ရှောက်မင်လျှံ နှင့် တွေ့ဆုံဆွေးနွေး သည်။ ဗိုလ်မှူးချုပ်က UWSP ၏ ဟုန်ပန်းကုမ္ပဏီ၏ စက်ရုံများသို့ လည်း သွားရောက်လည်ပတ်သည်။ |
| ၈။ | ၄-၁၂-၂၀၁၂ | ပန်ဆန်း | ရှောက်မင်းလျှံ | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲ ဖြစ်သည်။<br><br>ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ဖွံ့ဖြိုး ရေးကိစ္စများကို အဓိကထားဆွေးနွေး ကြသည်။<br><br>UWSA ခေါင်းဆောင်များကို နေပြည် တော်သို့ ဖိတ်ခေါ်၍ ပြည်ထောင်စု လွှတ်တော်ကျင်းပနေသည်ကို လာ ရောက်လေ့လာကြပါရန် ဖိတ်ခေါ်ခဲ့ သည်။ အစိုးရကိုယ်စားလှယ်အဖွဲ့က ငွေသား ထောက်ပံ့ငွေ ကျပ်သန်း ၂၉၀ ကျော်ကို ဒေသဖွံ့ဖြိုးရေး အတွက် ထောက်ပံ့ပေးခဲ့သည်။ မိုင်းမောရှိ ကွန်မြင်တောင် လက်ဖက်စိုက်ခင်းသို့လည်း သွားရောက် လည်ပတ်ခဲ့ကြသည်။<br><br>မုန်းမောဒေသ- အစိုးရဖက်မှ အခြား ကိုယ်စားလှယ်များ<br><br>ဦးသိန်းဇော်၊ သမ္မတရုံးဝန်ကြီး ဦးစိုးသိန်း၊ နယ်စပ်ရေးရာ ဝန်ကြီး ဒု-ဗိုလ်ချုပ်ကြီး သိန်းဌေး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ တြိဂံတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းထွန်းဦး၊ အရှေ့မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်စိုး။ |

## ဖြစ်ပေါ်တိုးတက်မှုများ

သဘောတူညီချက်များ

### စစ်ရေး

နစ်ဖက်တပ်ဖွဲ့များအကြား နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများ ဆက်လက်ဆွေးနွေးသွားရန်။ ပြည်ထောင်စုမှ ခွဲမထွက်ရန် သဘောတူညီသည်။

### လူမှု-စီးပွားရေး

• ရေတို နှင့် ရေရှည် လူမှု-စီးပွား ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်သွားရန် သဘောတူညီသည်။
• ဝ အထူးဒေသရှိ တိုင်းရင်းသားလူငယ်များ အခွင့်အလမ်းများ ဖွံ့ဖြိုးလာစေရေးအတွက် ပြည်ထောင်စုအစိုးရက တိုး၍ ကူညီသွားရန်။

• အသိဉာဏ်နှင့် အတွေးအခေါ်များ ဖွံ့ဖြိုးစေမည့် ပညာရေးကို ဦးစားပေး ဆောင်ရွက်သွားရန်။ လူငယ်များကို သက်မွေးမှု ပညာများ ဖြည့်ဆည်းသွားရန် နှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်။

• ဝ အထူးဒေသ (၂) အတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်အတွက် ပြည်ထောင်စု အစိုးရက ပံ့ပိုးကူညီသွားရန် သဘောတူညီသည်။ ကုသရေး၊ ကြိုတင်ကာကွယ်ရေး၊ ပညာပေးရေး လုပ်ငန်းများ အပါအဝင် ဖြစ်သည်။

### နိုင်ငံရေး

• ဝ အထူးဒေသ (၂) အတွင်း မြို့နယ်များမှ ကိုယ်စားလှယ်များ မြန်မာနိုင်ငံရှိ လွှတ်တော်များအတွင်း ကိုယ်စားပြုနိုင်ရေးအတွက် ဆက်လက်ဆွေးနွေးသွားရန်။ ဝ ဒေသအတွင်း သူတို့၏ ကိုယ်စားလှယ်များ လျော်ကန်စွာ ကိုယ်စားပြုနိုင်ရန်။

### စီးပွားရေး အခွင့်အရေးများ

စီးပွားရေးလုပ်ငန်း။ ဟုန်ပန်း ကုမ္ပဏီ (၁၉၈၉ ခုနှစ်တွင် တည်ထောင်သည်။) သည် ဝ တို့ ပိုင်ဆိုင်သည့်ကုမ္ပဏီ ဖြစ်ပြီး၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေး၊ ကျောက်မျက်၊ သတ္တု၊ လောင်စာဆီ၊ လျှပ်စစ်ပစ္စည်းနှင့် ဆက်သွယ်ရေး လုပ်ငန်းများ၊ ရေသန့်စက်နှင့် ကုန်တိုက်များကို လုပ်ကိုင်ဆောင်ရွက်နေသည်။ ဟုန်ပန်းအုပ်စုသည် ပန်ဆန်းတွင် အခြေပြုပြီး၊ ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ တာချီလိတ် နှင့် မော်လမြိုင်တို့တွင်တွင် ရုံးများဖွင့်လှစ်ထားသည်။

ပေါက်ယူချန်း၏ သားမက်၊ ဟိုချွန်တင် (Ho Chun Ting) [အိုက်ဟော် ခေါ် ရောက်ဟော် ဟုလည်း သိကြသည်။] သည် ဝ လူမျိုးစီးပွားရေး လုပ်ငန်းရှင်တစ်ဦး ဖြစ်ပြီး၊ ရန်ကုန်လေကြောင်းလိုင်း၏ အဓိကပိုင်ဆိုင်သူနှင့် အမှုဆောင်ဒါရိုက်တာလည်း ဖြစ် သည်။ ထို့အပြင် ဟိုတယ်အမြောက်အများ လုပ်ကိုင်နေသည့် တက်ခမ်းကုမ္ပဏီ လီမိတက်၏ ဥက္ကဋ္ဌလည်း ဖြစ်သည်။

### ထုတ်ပြန်ကြေညာချက်များ

ဩဂုတ်လ ၂ ရက်၊ ၂၀၁၂ ခုနှစ်။ SSA-S နှင့် UWSA ဝနှင့် ရှမ်းတပ်မတော် တပ်မှူးများက တောင်ပိုင်းရှမ်းပြည်နယ်တွင် "နားလည်မှုလွဲမှား၍" ဖြစ်ပေါ်ခဲ့ရသော ၎င်းတို့တပ်ဖွဲ့နှစ်ခုအကြား တင်းမာမှုများ လျှော့ကျသွားပြီဖြစ်ကြောင်း ပြောသည်။

ဇွန်လ ၁၆ ရက်။ ၂၀၁၁ ခုနှစ်။ မြန်မာစစ်တပ်နှင့် RCSS/SSA ၊ KIA ၊ KNLA တို့အကြား ဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲ များနှင့် ပတ်သက်၍ UWSA ၏ ထုတ်ပြန်ကြေညာချက်။
http://scribd.com/doc/58441362/UWSA-Statement-16-06-11

www.mmpeacemonitor.org